

# အောက်ခြေမှအထက်သို့ စီမံကိန်းရေးဆွဲတင်ပြခြင်းနှင့် အထက်မှအောက်ခြေသို့ စီမံကိန်းရေးဆွဲခြင်းတို့၏ ဆုံချက်

## မြန်မာနိုင်ငံရှိ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း

ဇူလိုင် ၂၀၁၉




The Asia Foundation

THE WORLD BANK
IBRD • IDA | WORLD BANK GROUP

UKaid
from the British people

# ကျေးဇူးတင်လွှာ

ဤလေ့လာချက်အတွက် အချိန်ပေး၍ အတွေ့အကြုံများ မျှဝေပေးခဲ့ကြပါသော အစိုးရ၊ အရပ်ဘက် အဖွဲ့အစည်း၊ အလှူရှင် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ၊ NGO များမှ မေးခွန်းဖြေကြားပေးခဲ့ကြသူ အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ ပညာရှင်များ အပါအဝင် ကူညီဆောင်ရွက်ပေးခဲ့သူ တစ်ဦးချင်း တစ်ယောက်ချင်းစီအား စာရေးသူနှင့် သုတေသနအဖွဲ့ငယ်မှ ကျေးဇူးတင်ရှိပါသည်။ သုတေသန အောင်မြင်ရေးအတွက် မဖြစ်မနေ အရေးပါသော အကူအညီများ ပေးခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင် ပြောကြားလိုပါသည်။

ဤအစီရင်ခံစာကို ဖတ်ရှုသုံးသပ်ပြီး အဖိုးမဖြတ်နိုင်သော အကြံဉာဏ်နှင့် မှတ်ချက်များ ပေးခဲ့ကြသည့် ကမ္ဘာ့ဘဏ်မှ ဝန်ထမ်းများနှင့်တကွ မြန်မာနိုင်ငံရှိ ပြည်နယ်/တိုင်းဒေသကြီး အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ အသိပညာ ဗဟုသုတများ ရှိကြသူ အခြား သုံးသပ်သူများကိုလည်း ကျေးဇူးတင်ရှိပါသည်။ နိဂုံးချုပ်အနေဖြင့် သုတေသနနှင့် အစီရင်ခံစာရေးသားသည့် တစ်လျှောက်လုံး စဉ်ဆက်မပြတ် ကူညီအားပေးခဲ့ကြသော အာရှဖောင်ဒေးရှင်းမှ Matthew Arnold ၊ Diana Fernandez ၊ Kelsey Atwood တို့နှင့် Roger Shotton တို့ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာပါ အကြောင်းအရာနှင့် စိစစ်လေ့လာမှုပိုင်းတွင် မှားယွင်းမှု တစ်စုံတစ်ရာရှိပါက စာရေးသူနှင့်သာ သက်ဆိုင်ပါသည်။

**စာရေးသူ**
Richard Batcheler

**သုတေသနအဖွဲ့ဝင်များ**
မင်းမင်းဟန်
Roger Shotton
သက်လင်းဝေ
Richard Batcheler

**ဖတ်ရှုသုံးသပ်ပေးသူများ**
ဆွေဆက်
Anki Dellnas
Ildrim Valley

# ဥပေယျာဇဉ်

အစိုးရများ မည်သည့်နေရာ၌ ငွေကြေးသုံးစွဲရန် ရွေးချယ်ဆုံးဖြတ်ခြင်းသည် လွန်စွာအရေးကြီးလှပါသည်။ ဤကိစ္စသည် မြန်မာနိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်နှင့် စီးပွားရေးတိုးတက်မှုဆီသို့ ကူးပြောင်းနေသည့် နိုင်ငံအတွက် အထူးမှန်ကန်လှပြီး၊ အစိုးရ၏ အထောက်အပံ့ရရှိသော သို့မဟုတ် မရရှိသော လူပုဂ္ဂိုလ်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံ၏ အဖိုးတန်ရှားပါးလှသော အရင်းမြစ်များအား အစိုးရမှ မည်သို့အသုံးပြုမည်ကို ကောင်းစွာ ဆုံးဖြတ်နိုင်ရေးအတွက် အလွန်တရာမှ အရေးကြီးလှပါသည်။ သို့သော်လည်း အစဉ်အဆက်အားဖြင့် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ သတင်းအချက်အလက်များနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများအပေါ် ရှင်းလင်းချက်များမှာ တွေ့မြင်ရခဲလှပြီး၊ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း၏ နည်းပညာဆိုင်ရာ သဘောသဘာဝကပါ ထပ်ဆင့်လိုက်သောအခါ အဆိုပါ အရေးကြီးလှသည့် လုပ်ငန်းစဉ်များတွင် အခြားအင်အားစုများ ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်ရေးကို ပို၍ပင် အတားအဆီးဖြစ်စေသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ***မြန်မာနိုင်ငံတိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ အုပ်ချုပ်မှုစနစ်*** အစီရင်ခံစာကို အာရှဖောင်ဒေးရှင်းမှ အသစ်ပြန်လည်တည်းဖြတ် ထုတ်ဝေခဲ့သည်။ အဆိုပါ အစီရင်ခံစာတွင် မြန်မာနိုင်ငံ ပြည်နယ်/တိုင်းဒေသကြီး အုပ်ချုပ်ရေး၏ ပုံသဏ္ဌာန်နှင့် လုပ်ငန်းတာဝန်များဆိုင်ရာ အချက်အလက် မြောက်မြားစွာကို အသစ်မွမ်းမံ ဖြည့်စွက်ထားပြီး၊ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးကြောင့် ပေါ်ပေါက်လာသည့် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အခွင့်အလမ်းနှင့် အခက်အခဲများကို ပိုင်းခြားတင်ပြထားပါသည်။ ဤအစီရင်ခံစာတွင် "အောက်ခြေမှ အထက်သို့" စီမံကိန်းရေးဆွဲတင်ပြ သည့် ပုံစံမျိုးဖြစ်ပေါ်လာစေရန် ကြိုးပမ်းမှု အသစ်များ အပါအဝင် ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်များမှ တိုးတက်မှုများကို မီးမောင်းထိုးပြထားပြီး၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် တာဝန်ခံမှုနှင့် တုံ့ပြန်ဆောင်ရွက်မှု ပိုမိုမြင့်မားစေရန်အတွက်  ပြည်သူ့အသုံးစရိတ် စီမံခန့်ခွဲမှုပိုမိုအားကောင်းစေရေး၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အရင်းမြစ်များ ခွဲဝေရေးတို့ကို အကြံပြုထားပါသည်။ ယခုလေ့လာချက်သည် အဆိုပါအစီရင်ခံစာအတွက် ဖြည့်စွက်ဖြစ်ပြီး မြန်မာနိုင်ငံရှိ စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များ လက်တွေ့၌ မည်သို့ အလုပ်လုပ်ပုံကို မတူညီသော ပြည်နယ်/တိုင်းဒေသကြီးများနှင့် ကဏ္ဍပေါင်းစုံအတွက်ပါမကျန် အသေးစိတ် လေ့လာထားပါသည်။

၂၀၁၉ ခုနှစ် နှစ်ဦးပိုင်း သုံးလအတွင်း ပြည်နယ်သုံးခု၌ ပြုလုပ်ခဲ့သည့် ကွင်းဆင်းလေ့လာမှု အသစ်မှနေ၍ ဤသုတေသနရလဒ်ပေါ်ထွက်လာခဲ့ပြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်း၊ လျှပ်စစ်နှင့် ပညာရေးဟူသော အထူးအရေးပါသည့် ကဏ္ဍလေးရပ်တွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေး ဆွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ မည်သို့ပြုလုပ်လျက်ရှိသည်ကို နားလည်နိုင်ရန် ကြိုးစားထားပါသည်။ သုတေသနကို အာရှဖောင်ဒေးရှင်းမှ ထုတ်ဝေသည့် အစီရင်ခံစာများပါ အထောက်အထား အတော်များများနှင့် **မြန်မာမဟာဗျူဟာ ပံ့ပိုးမှုအစီအစဉ် (MSSP)** မှ ရရှိသည့် အတွေ့ အကြုံ အသီးအပွင့်များအပေါ်လည်း အခြေခံထားပါသည်။ MSSP သည် အာရှဖောင်ဒေးရှင်းနှင့် Renaissance Institute တို့ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အစီအစဉ်တစ်ရပ်ဖြစ်ပြီး လက်ရှိတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများကို အထူးသဖြင့် ပြည့်သူဘဏ္ဍာစီမံခန့်ခွဲမှုနှင့် မြူနီစီပယ်အုပ်ချုပ်ရေးတို့နှင့် စပ်လျဉ်းသည့် နည်းပညာဆိုင်ရာ အကူအညီများပေးအပ်လျက်ရှိပါသည်။

အစီရင်ခံစာတွင် အထူးအရေးပါသည့် ဘာသာရပ်ကို သာမန်စာဖတ်ပရိတ်သတ် နားလည်စေရန် ရည်ရွယ်ရေးသားထားပါသည်။  မြန်မာနိုင်ငံရှိ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ ကိစ္စကို အခြေအတင် ဆွေးနွေးကြရာ၌ အချက်အလက်ပိုမိုပြည့်စုံပြီး၊ ပညာဆိုင်ရာ အခြေခံကျနစွာဖြင့် ပြုလုပ်နိုင်ကြစေရန် လမ်းခင်းပေးခြင်း ဖြစ်ပါသည်။ ပြည်သူများ၏ လိုအပ်ချက်နှင့်အညီ အစိုးရ ဘတ်ဂျက်များမှ တုံ့ပြန်ဆောင်ရွက်မှု အားကောင်းလာစေရေး ရည်ရွယ်၍ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတွင် ပါဝင်ဆက်နွယ်နေသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းအားလုံးအတွက် ရှင်းလင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်စရာရှိသော အကြံပြုချက်များကိုလည်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပါသည်။

ဤအစီရင်ခံစာအတွက် ဗြိတိန် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဌာန (DFID) မှ ပေးအပ်သည့် မြန်မာနိုင်ငံဆိုင်ရာ အလှူရှင်ပေါင်းစုံအဖွဲ့ ရန်ပုံငွေမှ ထောက်ပံ့ ငွေကို ကမ္ဘာ့ဘဏ်မှနေ၍ ရက်ရောစွာ ဘဏ္ဍာငွေ ထောက်ပံ့ပေးခဲ့ပြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကူညီပေးမှုဖြင့်သာ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အစီရင်ခံစာတွင် ဖော်ပြထားသည့် ထင်မြင်ယူဆချက်များမှာ ရေးသားသူများနှင့်သာ လုံးဝသက်ဆိုင်ပြီး၊ အာရှဖောင်ဒေးရှင်း၊ ကမ္ဘာ့ဘဏ်၊ DFID နှင့် မြန်မာနိုင်ငံတော် အစိုးရတို့ကို ကိုယ်စားမပြုပါ။

ဤ ***အောက်ခြေမှအထက်သို့ စီမံကိန်း ရေးဆွဲတင်ပြခြင်းနှင့် အထက်မှအောက်ခြေသို့ စီမံကိန်းရေးဆွဲခြင်းတို့၏ ဆုံချက်- မြန်မာနိုင်ငံရှိ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း*** အစီရင်ခံစာသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ အားလုံး ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်ရာ၌ ခိုင်မာအားကောင်းစေမည့် နည်းလမ်းများအတွက် အသိပညာအခြေခံတစ်ရပ် ပေးစွမ်းနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

**Dr. Matthew B. Arnold**
ဌာနေကိုယ်စားလှယ်
အာရှဖောင်ဒေးရှင်း၊ မြန်မာ
ရန်ကုန်၊ ဇွန်လ ၂၀၁၉ ခုနှစ်

# မာတိကာ

အတိုကောက် ဝေါဟာရများ ၅
အခန်းလမ်းညွှန် ၈

## အခန်း ၁ - မိတ်ဆက် ၁၀
၁.၁။ စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းသည် မြန်မာနိုင်ငံအတွက် အဘယ့်ကြောင့် အရေးကြီးပါသနည်း ၁၀
၁.၂။ ဤအစီရင်ခံစာ၏ ချဉ်းကပ်လေ့လာမှု နည်းလမ်း ၁၁

## အခန်း ၂ - စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းအတွက် မူဘောင်မှာ အဘယ်နည်း ၁၄
၂.၁။ စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း မူဘောင်မှာ အဘယ်နည်း ၁၄
၂.၂။ စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းအတွက် မူဝါဒရေးရာမူဘောင်မှာ အဘယ်နည်း ၁၅

## အခန်း ၃ - မြို့နယ်များတွင် စီမံကိန်း အဆိုပြုလွှာများ သတ်မှတ်ဖော်ထုတ်ပုံ၊ ရေးဆွဲပုံ၊ ဆန်းစစ်ပုံနှင့် ဦးစားပေးပုံတို့မှာ အဘယ်သို့နည်း ၂၆
၃.၁။ မြို့နယ်များတွင်ရှိ စီမံကိန်းအဆိုပြုလွှာများကို မည်ကဲ့သို့ ဖော်ထုတ်ပြီး ရေးဆွဲကြသနည်း ၂၈
၃.၂။ မြို့နယ်များတွင်ရှိ စီမံကိန်း အဆိုပြုလွှာများကို မည်ကဲ့သို့ ဆန်းစစ်ပြီး ဦးစားပေးကြသနည်း ၄၀

## အခန်း ၄ - ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အဆင့်များတွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို မည်သို့ပြုလုပ်ကြသနည်း ၅၀
၄.၁။ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို မည်သို့ ပြုလုပ်မည်နည်း ၅၂
၄.၂။ ပြည်ထောင်စုအဆင့်တွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို မည်သို့ ပြုလုပ်ကြသနည်း ၅၈
၄.၃။ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ၏ အကျိုးဆက်များမှာ အဘယ်နည်း ၆၂

## အခန်း ၅ - နိဂုံး ၆၈
၅.၁။ အဓိကတွေ့ရှိချက်များ ၆၈
၅.၂။ အကြံပြုတင်ပြချက်များ ၇၇

နောက်ဆက်တွဲ ၈၃
အခန်းဆုံးမှတ်စု ၈၆
ကျမ်းကိုးစာရင်း ၉၀

# အတိုကောက်ဝေါဟာရများ

| | |
|---|---|
| **ADB** | Asian Development Bank<br>အာရှဖွံ့ဖြိုးရေးဘဏ် |
| **AVIP** | Annual Village Investment Programme<br>ဘဏ္ဍာရေးနှစ်အလိုက် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် |
| **BOT** | Build-operate-transfer<br>တည်ဆောက်-လည်ပတ်-လွှဲပြောင်း |
| **CDD** | Community Driven Development<br>လူထုဗဟိုပြုစီမံကိန်း |
| **CDF** | Constituency Development Fund<br>မဲဆန္ဒနယ်ဖွံ့ဖြိုးရေးရန်ပုံငွေ |
| **CSO** | Civil Society Organization<br>အရပ်ဘက်အဖွဲ့အစည်း |
| **DAO** | Development Affairs Organization<br>စည်ပင်သာယာရေးအဖွဲ့ |
| **DBE** | Department of Basic Education<br>အခြေခံပညာဦးစီးဌာန |
| **DOH** | Department of Highways<br>လမ်းဦးစီးဌာန |
| **DPIC** | District Plan Formulation and Implementation Committee<br>ခရိုင်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ |
| **DPTSC** | Department of Power Transmission and System Control<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန |
| **DRD** | Department of Rural Development<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **DRRD** | Department of Rural Roads Development<br>ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန |
| **DSC** | Development Support Committee<br>ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ |
| **EAO** | Ethnic Armed Organization<br>တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ |
| **ERLIP** | Enhancing Rural Livelihoods and Income Project<br>ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်း |
| **ESE** | Electricity Supply Enterprise<br>လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း |
| **GAD** | General Administration Department<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| **GRB** | Gender-Responsive Budgeting<br>ကျားမရေးရာအလေးပေး ဘတ်ဂျက်ရေးဆွဲခြင်း |
| **HH** | Household head<br>အိမ်ထောင်ဦးစီး |
| **JICA** | Japan International Cooperation Agency<br>ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ |
| **JPAC** | Joint Public Accounts Committee<br>ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ |
| **KNLA** | Karen National Liberation Army<br>ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် |

| | |
|---|---|
| **KNU** | Karen National Union<br>ကရင်အမျိုးသားအစည်းအရုံး |
| **LDF** | Local Development Fund<br>ဒေသန္တရဖွံ့ ဖြိုးရေးရန်ပုံငွေ |
| **LGBTQI** | Lesbian, Gay, Bisexual, Transgender, Queer, and Intersex<br>လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်ဝိသေသ ခံယူမှု ကွဲပြားနေသူများ |
| **LIFT** | Livelihoods and Food Security Trust Fund<br>အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ |
| **MDRI-CESD** | Myanmar Development Research<br>Institute – Centre for Economic and Social Development<br>မြန်မာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ |
| **MMK** | Myanmar Kyat (National Currency)<br>မြန်မာကျပ် (နိုင်ငံသုံးငွေကြေး) |
| **MOALI** | Ministry of Agriculture, Livestock and Irrigation<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| **MOEE** | Ministry of Electricity and Energy<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| **MONREC** | Ministry of Natural Resources and Environmental Conservation<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန |
| **MOPF** | Ministry of Planning and Finance<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| **MP** | Member of Parliament<br>လွှတ်တော်ကိုယ်စားလှယ် |
| **MSDP** | Myanmar Sustainable Development Plan<br>မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း |
| **MTFF** | Medium Term Fiscal Framework<br>နှစ်လတ် ဘဏ္ဍာရေးမူဘောင် |
| **NCA** | Nationwide Ceasefire Agreement<br>တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် |
| **NCDDP** | National Community Driven Development Project<br>အမျိုးသားအဆင့်လူထုဗဟိုပြုစီမံကိန်း |
| **NECC** | National Economic Coordination Committee<br>နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ |
| **NEP** | National Electrification Plan<br>အမျိုးသားလျှပ်စစ်ဓာတ်အားစီမံကိန်း |
| **NESP** | National Education Strategic Plan<br>အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း |
| **NLD** | National League for Democracy<br>အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် |
| **NPC** | National Planning Commission<br>အမျိုးသားစီမံကိန်းကော်မရှင် |
| **ODA** | Official Development Assistance<br>တရားဝင်ဖွံ့ဖြိုးမှုအကူအညီ |
| **PAC** | Public Accounts Committee<br>ပြည်သူ့ငွေစာရင်းကော်မတီ |
| **PFM** | Public Financial Management<br>ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု |
| **PIC** | Plan Formulation and Implementation Committee<br>စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ဆောင်နိုင်ရေးကော်မတီ |
| **PPP** | Public Private Partnership<br>အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု |

| | |
|---|---|
| **PRA** | Participatory Reflection and Action<br>လူထုပူးပေါင်းပါဝင်သော ပြန်လည်သုံးသပ်ဆန်းစစ်အကဲဖြတ်ခြင်းနည်းနာ |
| **PRF** | Poverty Reduction Fund<br>ဆင်းရဲနွမ်းပါးမှုလျော့ချရေး ရန်ပုံငွေ |
| **PTA** | Parent Teacher Association<br>မိဘဆရာအသင်း |
| **RDF** | Rural Development Fund<br>ကျေးလက်ဒေသဖွံ့ဖြိုးရေးရံပုံငွေ |
| **S/RPIC** | State/Region Plan Formulation and Implementation Committee<br>တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ဆောင်နိုင်ရေးကော်မတီ |
| **TDAC** | Township Development Affairs Committee<br>မြို့နယ်စည်ပင်သာယာရေးကော်မတီ |
| **TDI** | Township Development Index<br>မြို့နယ်ဖွံ့ဖြိုးမှုအညွှန်းကိန်း |
| **TDLGP** | Township Democratic Local Governance Project<br>မြို့နယ် ဒီမိုကရေစီနည်းကျ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် စီမံချက် |
| **TEO** | Township Education Officer<br>မြို့နယ်ပညာရေးမှူး |
| **TPIC** | Township Plan Formulation and Implementation Committee<br>မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ |
| **TRDSP** | Township Rural Development Strategy and Programme<br>မြို့နယ်အဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး နည်းဗျူဟာနှင့် အစီအစဉ် |
| **UFC** | Union Finance Commission<br>ပြည်ထောင်စု ဘဏ္ဍာရေး ကော်မရှင် |
| **UNDP** | United Nations Development Programme<br>ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် |
| **USDP** | Union Solidarity and Development Party<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **VDP** | Village Development Planning<br>ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း |
| **VPSC** | Village Project Support Committee<br>ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ |
| **VTA** | Village Tract Administrator<br>ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး |
| **VTPSC** | Village Tract Project Support Committee<br>ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ |
| **W/VTA** | Ward/Village Tract Administrator<br>ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး |
| **WASH** | Water, Sanitation and Hygiene<br>ရေ၊ မိလ္လာနှင့် သန့်ရှင်းရေး |

# အခန်းလမ်းညွှန်

## ၁။ မိတ်ဆက်

**အကြောင်းအရာ**

- စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း၏ အရေးပါပုံ
- သုတေသနနောက်ခံနှင့် ရည်ရွယ်ချက်များ
- သုတေသနနည်းလမ်း

**အထူးတင်ပြချက်**

> မြန်မာနိုင်ငံရှိ အစိုးရများအနေဖြင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှု ရှိစေရန်၊ ပြည်သူ့ရေးရာဝန်ဆောင်မှု ပေးရာတွင် တိုးတက်ကောင်းမွန်လာစေရန်နှင့် ပဋိပက္ခ ဒဏ်ခံနေရသည့် ဒေသများတွင် ငြိမ်းချမ်းရေးနှင့် ယုံကြည်မှု တည်ဆောက်ရေးဆီသို့ ရှေးရှုရာ၌ အထောက်အပံ့ဖြစ်စေရန် ကြိုးပမ်းရာတွင် ဘတ်ဂျက်သည် အခြေခံကျသော နည်းလမ်း ကိရိယာများအနက် တစ်ခုပင်ဖြစ်သည်။

> ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ခိုင်မာအားကောင်းအောင် ပြုလုပ်လုပ်ရန် လိုအပ်သည် ဟူသောအချက်ကို အသိအမှတ်ပြုကြပြီး "အောက်-အထက်" စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်ကို အကောင် အထည်ဖော်ရန် ကြိုးပမ်းလျက် ရှိကြသည်။ သို့သော်လည်း အသစ်စတင်ကာစ "အောက်-အထက်" စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်နှင့် "အထက်-အောက်" ဘတ်ဂျက်ရေးဆွဲသည့် လုပ်ငန်းစဉ်ကြားတွင် အားပြိုင်မှုတစ်ခုရှိနေသည်။

> စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များကို ပြုပြင်ပြောင်းလဲရာတွင် သက်ဆိုင်သူများ အားလုံးအနေဖြင့် လက်ရှိ လုပ်ငန်းစဉ်များကို သဘောပေါက် နားလည်ရန် လိုအပ်သည်။ ဤသုတေသနတွင် စီမံကိန်းအဆိုပြုလွှာများကို သတ်မှတ်ပုံ၊ ဦးစားပေးပုံနှင့် ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ပုံတို့ကို လေ့လာတင်ပြထားပါသည်။

## ၂။ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းအတွက် မူဘောင်မှာ အဘယ်နည်း

**အကြောင်းအရာ**

- စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲရေး အတွက်ဥပဒေနှင့် စည်းမျဉ်းမူဘောင်
- အစိုးရ စီမံကိန်းနှင့် ဘတ်ဂျက် ရေးဆွဲရေး မူဝါဒ
- ကဏ္ဍအလိုက် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲရေး မူဝါဒ

**အထူးတင်ပြချက်**

> ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စု ဘတ်ဂျက်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်ဂျက်များဟူ၍ ဘတ်ဂျက်နှစ်မျိုး သတ်မှတ်ပေးထားပြီး ယင်းနှစ်မျိုးကြားရှိ တာဝန်များ ပိုင်းခြားသတ်မှတ်မှုကိုလည်း ပုံဖော်ပေးသည်။

> မြန်မာနိုင်ငံအုပ်ချုပ်ရေးစနစ်အတွင်း မြို့နယ်များကဲ့သို့သော အခြားသော အဆင့်များတွင် ၎င်းတို့ကိုယ်ပိုင် ဘတ်ဂျက်ဟူ၍ မရှိဘဲ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရ ရန်ပုံငွေကိုသာ မှီခိုနေကြရသည်။

> မြန်မာနိုင်ငံတွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲသည့် လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းအောင် ဆောင်ရွက်ရန် လိုအပ်သည်ဟူသော အချက်ကို ပြည်ခိုင်ဖြိုးနှင့် ဒီချုပ်အစိုးရတို့မှ ကောင်းစွာ နားလည်သိရှိကြပြီး၊ "အောက်-အထက်" စီမံကိန်းရေးဆွဲရေးပုံစံသို့ ကူးပြောင်းရေး အပါအဝင် ဘတ်ဂျက်များသည် ဒေသန္တရ လိုအပ်ချက်များအပေါ် တုံ့ပြန်ဆောင်ရွက်မှု ရှိစေရေးအတွက် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့ကြသည်။

> အဓိက ဌာနဆိုင်ရာ ရည်မှန်းချက်များ၊ ဦးစားပေးကိစ္စရပ်များဖြင့် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲရေးကို ပုံဖော်ပေးသည့် ကိုယ်ပိုင်မူဝါဒများ အစိုးရ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများတွင် ရှိကြသည်။

## ၃။ မြို့နယ်များတွင် စီမံကိန်း အဆိုပြုလွှာများ သတ်မှတ်ဖော်ထုတ်ပုံ၊ ရေးဆွဲပုံ၊ ဆန်းစစ်ပုံနှင့် ဦးစားပေးပုံတို့မှာ မည်သို့နည်း

**အကြောင်းအရာ**

- မြို့နယ်များအတွင်း စီမံကိန်း ရေးဆွဲရေးဆိုင်ရာ အဆိုပြုလွှာများကို သတ်မှတ်ဖော်ထုတ်ခြင်း
- မြို့နယ်များအတွင်း စီမံကိန်း ရေးဆွဲရေးဆိုင်ရာ အဆိုပြုလွှာများကို ဆန်းစစ်ခြင်းနှင့် ဦးစားပေးခြင်း
- စီမံကိန်းရေးဆွဲရေးဆိုင်ရာ အဆိုပြုလွှာများကို သတ်မှတ် ဖော်ထုတ်ခြင်းနှင့် ဆန်းစစ်ခြင်းတို့ ပြုလုပ်ရာတွင် ရပ်ရွာ၏ ပါဝင် ဆောင်ရွက်မှု

**အထူးတင်ပြချက်**

> "အောက်-အထက်" စီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်တွင် ဘဏ္ဍာငွေရရှိသည့် အဆိုပြုလွှာများစွာကို မြို့နယ် အဆင့်တွင် သတ်မှတ်ဖော်ထုတ်ခြင်းဖြစ်သည်။ သို့သော်လည်း မြို့နယ် ကိုယ်ပိုင် ဘတ်ဂျက်မရှိသည့်အတွက် မည်သည့်အဆိုပြုလွှာများကို ထောက်ပံ့ငွေ ပေးအပ်မည်ဟူသော ဆုံးဖြတ်ချက်အနည်းငယ်ကိုသာ မြို့နယ်များအတွင်း ပြုလုပ်ကြသည်။

> အဆိုပြုလွှာများကို သတ်မှတ်ဖော်ထုတ်ပုံနှင့် ဦးစားပေးပုံမှာ ဦးစီးဌာနများကြား ကွာခြားသည်။ ဦးစီးဌာနအချို့မှာ ရပ်ရွာအစုအဖွဲ့များနှင့် ချိတ်ဆက်မှုများ ပြုလုပ်ထားကြသည်။ အခြားသော ဦးစီးဌာနများအတွက်မူ အဆိုပြုလွှာများသည် ရေရှည်စီမံကိန်း ရေးဆွဲမှုမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

> ကဏ္ဍအားလုံးနှင့် မြို့နယ်အားလုံးတို့တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးများသည် အဆိုပြုလွှာများ သတ်မှတ်ဖော်ထုတ်ရာ၌ တက်ကြွမှုရှိကြပြီး ၎င်းတို့၏ အဆိုပြုလွှာများမှာလည်း ဦးစားပေးမှုကို အများဆုံးခံရနိုင်ဖွယ်ရှိသည်။

> အဆိုပြုလွှာများကို အထက်အဆင့်များသို့ မတင်ပြမီ သုံးသပ်စစ်ဆေးရန် တာဝန်ရှိသည့် TPIC များသည် မတူညီသည့် နည်းလမ်းများစွာဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်ကြသည်။ မြို့နယ်အလိုက် အမြင့်ဆုံးရရှိနိုင်မည့် ဘတ်ဂျက်ကို မသိရှိရခြင်းသည် အဆိုပြုလွှာအရေအတွက်ကို ကန့်သတ်ရန် အဟန့်အတား ဖြစ်စေရုံသာမကဘဲ အထက်အဆင့်များမှ ဆုံးဖြတ်ချက် ချမှတ်မှုများ အပေါ်တွင်လည်း ကော်မတီများမှ ပြည့်ပြည့်ဝဝ ပုံဖော်ခွင့် မရှိသည်ဖြစ်ရာ ခြုံငုံ၍ ဆိုရလျှင် ရေး/ဖော် ကော်မတီများ၏ သက်ရောက်မှုမှာ များစွာ အကန့်အသတ်ရှိသည်။

> အဆိုပြုလွှာများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ဆန်းစစ်ခြင်းတို့ ပြုလုပ်ရာတွင် ရပ်ရွာမှ ပါဝင်ဆောင်ရန် အခွင့်အလမ်း နည်းပါးသည်။ များစွာသော ဦးစီးဌာနများအတွက်မူ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစဉ်တွင် ပိုမိုကျယ်ပြန့်စွာ ပါဝင်လာခြင်းသည် ရပ်ရွာ၏ လိုအပ်ချက်များကို ကိုယ်စားပြုရန် လုံလောက်သည်။

## ၄။ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အဆင့်များတွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို မည်သို့ပြုလုပ်ကြသနည်း

### အကြောင်းအရာ

စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်ရာတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၊ အရာရှိများနှင့် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များ၏ အခန်းကဏ္ဍ

စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်ရာတွင် ပြည်ထောင်စု အစိုးရ၊ အရာရှိများနှင့် ပြည်ထောင်စု လွှတ်တော်၏ အခန်းကဏ္ဍ

### အထူးတင်ပြချက်

- ပြည်နယ်/တိုင်းဒေသကြီး အစိုးရ မူဝါဒသည် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်ကို ဦးစီးဌာနများကြား ခွဲဝေရာ၌ များစွာပုံဖော်ပေးလျက်ရှိသည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် လမ်း၊ လျှပ်စစ်နှင့် ရေပေးဝေရေး အစရှိသည့် ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးကို မောင်းနှင်မည့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးကို များစွာ အာရုံစိုက် ဆောင်ရွက်လျက်ရှိကြသည်။ ဥပမာ ကျေးလက်လမ်းများထက်စာလျှင် မဟာဗျူဟာမြောက် အမြန်လမ်းများကို ပိုမိုဦးစားပေးခြင်းကဲ့သို့ အဆိုပါကဏ္ဍများမှ အဆိုပြုလွှာများမှာ ပို၍ ဦးစားပေး သတ်မှတ်ခြင်း ခံရနိုင်ဖွယ်ရာ ရှိသည်။
- ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများသည် သက်ဆိုင်ရာ ဝန်ကြီးနှင့်အတူ မည်သည့် စီမံကိန်းများသည် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်မှ ဘဏ္ဍာငွေ ရရှိသင့်သည်ကို ဆုံးဖြတ်ပေးသည့်လုပ်ငန်းစဉ်တွင် ဦးဆောင်ပါဝင်ကြသည်။ ပုံမှန်အားဖြင့် ဌာနဆိုင်ရာ အကြီးအကဲများသည် မြို့နယ်အဆင့်မှ တင်ပြလာသည့် (အထူးသဖြင့် လွှတ်တော်အမတ်သို့ ဝန်ကြီးများထံမှ) အဆိုပြုလွှာများကို အလေးထားကြသည်။
- ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များသည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရမှ အဆိုပြုသည့် ဘတ်ဂျက်များနှင့် ဆုံးဖြတ်ချက် ချမှတ်မှုများကို မေးခွန်းထုတ်ရန် လွန်စွာ စိတ်အားထက်သန်ကြသည်။ သို့သော်လည်းကိုယ်စားလှယ်အများစု အာရုံစိုက်သည့်အချက်မှာ လွန်စွာကျဉ်းမြောင်းသည်။ မိမိအဆိုပြုလွှာပါဝင်ရေး သို့မဟုတ် မိမိမြို့နယ်ရှိ စီမံကိန်းအဆိုပြုလွှာများကို သုံးသပ်စစ်ဆေးရေးကိုသာ ဂရုထားကြသည်။
- ပြည်ထောင်စု ဘတ်ဂျက်အတွက်မူ ကဏ္ဍအလိုက် ဦးစီးဌာနတစ်ခုချင်းစီသည် ကိုယ်ပိုင် လုပ်ငန်းစဉ်၊ ကိုယ်ပိုင်စံနှုန်း သတ်မှတ်ချက်၊ ကိုယ်ပိုင်မူဝါဒအတိုင်း လိုက်နာဆောင်ရွက်ကြရာ ဘဏ္ဍာငွေ အကန့်အသတ်နှင့် ကိုက်ညီအောင် အဆိုပြုလွှာများကို ရန်ပုံငွေ လျှော့ချရသည့်အတွက် ၎င်းသည် ဘတ်ဂျက်ရေးဆွဲရာတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ပုံဖော်ပေးသည်။ ဦးစီးဌာနများမှ အဆိုပြုလွှာများကို သက်ဆိုင်ရာ အခြေအနေနှင့် ပတ်သက်သည့် သတင်းအချက်အလက် အနည်းငယ်ဖြင့်သာလည်းကောင်း၊ အဆိုပြုလွှာတစ်ခုချင်းစီ၏ အသေးစိတ် အချက်အလက် အနည်းငယ်ဖြင့်သာ လည်းကောင်း သုံးသပ်စစ်ဆေးသည်။ ဦးစီးဌာနအရာရှိများ၏ ပြောကြားချက်အရ ၎င်းတို့ အလုပ်တွင် အဓိက စိန်ခေါ်မှုမှာ ဌာန၏ မဟာဗျူဟာမြောက် ဦးစားပေးကိစ္စရပ်များနှင့် လွှတ်တော် အမတ်များနှင့် ဝန်ကြီးများ၏ တောင်းဆိုချက်များကို ညှိနှိုင်း ဆောင်ရွက်ရခြင်းဖြစ်သည်။

## ၅။ နိဂုံး

### အကြောင်းအရာ

မြန်မာနိုင်ငံရှိ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ အဓိက တွေ့ရှိချက်များ

အကြံပြုချက်များ

### အထူးတင်ပြချက်

- အစိုးရ၊ လွှတ်တော်များ၊ အရပ်ဘက်အဖွဲ့အစည်း၊ အလှူရှင်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် မိတ်ဖက်များ အပါအဝင် မြန်မာနိုင်ငံ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များမှ သက်ဆိုင်သူများအတွက် ဆုံးဖြတ်ချက် ချမှတ်သည့်အပိုင်းကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်နိုင်စရာ အခွင့်အလမ်းများစွာ ရှိနေပါသည်။
- စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်သော ချိန်ဆက်မှုရှိစေရန်၊ TPIC များ၏ အခန်းကဏ္ဍနှင့် စွမ်းဆောင်ရည်ကို အားကောင်းလာစေရန်၊ အုပ်ချုပ်ရေး အောက်ပိုင်းအလွှာမှ အစုအဖွဲ့များ ၊ ဒေသန္တရနှင့် ပိုမိုနီးစပ်သည့် အဆင့်များမှ ဆုံးဖြတ်ချက် ပြုလုပ်သည့် လုပ်ငန်းစဉ်တွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် ဩဇာလွှမ်းမိုးမှု ပိုမိုရရှိစေရန် ဆောင်ရွက်နိုင်စရာ နေရာရှိနေပါသည်။ ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အစိုးရများအနေဖြင့် ဘတ်ဂျက်များကို လိုအပ်ချက်နှင့် ကိုက်ညီပြီး မျှတမှုရှိစေရေးအတွက် ဆက်လက်ကြိုးပမ်းသွားရန် လိုအပ်ပါသည်။

# အခန်း ၁

# မိတ်ဆက်

## ၁.၁။ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းသည် မြန်မာနိုင်ငံအတွက် အဘယ့်ကြောင့် အရေးကြီးပါသနည်း

အစိုးရချမှတ်သည့် ဆုံးဖြတ်ချက်များအနက် ဘတ်ဂျက်နှင့် သက်ဆိုင် သည့် ကိစ္စရပ်များလောက် အရေးကြီးသည့် ဆုံးဖြတ်ချက်မှာ များစွာ မရှိပေ။ ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များသည် မည်သူမည်သည့်အရာ ရစေဆိုသည့် အချက်ကို သတ်မှတ်ပေးပြီး၊ အစိုးရအသုံးပြု လိုက်သည့်ငွေသည် အပြောင်းအလဲဖြစ်စေနိုင်သော အခြေခံကျသည့် နည်းလမ်းကိရိယာများအနက် တစ်ခုပင်ဖြစ်သည်။ လူမှုစီးပွားရေးဖွံ့ဖြိုးမှု နောင့်နှေးခြင်း၊ ပြည်သူ့ရေးရာ ဝန်ဆောင်မှု အားနည်းခြင်း၊ ပဋိပက္ခများ ဆက်တိုက်ဖြစ်ပွားခြင်းများ ဆယ်စုနှစ်ချီ၍ ဖြစ်ပွားပြီးနောက်တွင် အစိုးရဘတ်ဂျက်များသည် မြန်မာပြည်သူများ၏ လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ရန် ထူးခြားသော အခွင့်အလမ်းများဖြစ်ကာ တိုင်းပြည်ရင်ဆိုင်နေရသည့် အချင်းချင်းဆက်နွယ်လျက်ရှိသော ပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်း လာသည်။

၂၀၁၁ ခုနှစ်နောက်ပိုင်း အာဏာရလာသည့် ပြည်ထောင်စု အစိုးရနှစ်ရပ်လုံးသည် ဘတ်ဂျက်ရေးရာ ဆုံးဖြတ်ချက် ပြုလုပ်ရာ၌ ခိုင်မာအားကောင်းရန် လိုအပ်သည်ဟူသော အချက်ကို သတိပြုမိလာကြသည်။ သမ္မတ ဦးသိန်းစိန် ဦးဆောင်သော ပြည်ခိုင်ဖြိုးအစိုးရလက်ထက်တွင် "ပြည်သူ့ဗဟိုပြု" ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းညွှန်ကြားမှုများပြုလုပ်ခဲ့ပြီး၊ ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများနှင့် ဒေသန္တရ ဖွံ့ဖြိုးရေး ရန်ပုံငွေများ ထူထောင်ပေးခြင်း စသည့် ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ချက်များစွာအပြင် အစိုးရအဖွဲ့အစည်းတစ်ရပ်လုံးရှိ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုပိုင်းတွင်လည်း ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုများစွာကို အစပြုခဲ့သည်။[၁] ဒီချုပ်အစိုးရလက်ထက်တွင်မူ "အောက်ခြေမှ အထက်သို့" စီမံကိန်းရေးဆွဲ တင်ပြသည့် ပုံစံကို ပိုမိုအသားပေးလာပြီး၊ ဤတွင် ဒေသဆိုင်ရာ မြို့နယ်အဆင့်မှ ရေးဆွဲသည့် စီမံကိန်းရေးဆွဲရေး အဆိုပြုလွှာများကို အခြေခံ၍ ဘတ်ဂျက် အသုံးစရိတ် ပမာဏကို တိုးမြှင့်ပေးသည်။

အဆိုပါ ကြိုးပမ်းဆောင်ရွက်မှုများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများမှ အားဖြည့်ကူညီပေးကြသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့်၊ ကိုယ်ပိုင်ဘတ်ဂျက်ရှိသည့် ရွေးကောက်ခံ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် ပြည်ထောင်စု အစိုးရထက်စာလျှင် မဲဆန္ဒရှင်များနှင့် ပိုမိုနီးစပ်ကြသည့်အလျောက် ဘတ်ဂျက်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှု မြင့်မားလာစေရေးအတွက် အခွင့်အလမ်းများ ပိုမိုထွက်ပေါ်လာသည်။ စတင်ဖွဲ့စည်းချိန်မှစ၍ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ ဘတ်ဂျက်များမှာ သုံးဆနီးပါးမျှ တိုးတက်လာခဲ့ပြီး၊ အဆိုပါ ငွေများကို မည်သို့အသုံးပြုကြမည်ဟူသော ကိုယ်ပိုင်ဆုံးဖြတ်ခွင့်လည်း တိုး၍ ရရှိလာခဲ့သည်။[၂] ဒီချုပ်နှင့် ပြည်ခိုင်ဖြိုး အစိုးရနှစ်ရပ်လုံးအနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်များ၏ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များတွင် ဗဟိုချုပ်ကိုင်မှု နည်းပါးသည့် ဆုံးဖြတ်ချက် ချမှတ်မှုများ ဖြစ်ပေါ်စေရန် အားထုတ်ကြိုးပမ်းခဲ့သော်လည်း မြန်မာနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးတွင် အကန့်အသတ်ရှိနေသေးသည်။[၃] လူတွေ့ ဖြေကြားပေးသူတစ်ဦးမှ "အခု ကျွန်တော်တို့မှာ အောက်ခြေမှ အထက်ကို စီမံကိန်း ရေးဆွဲတဲ့ ပုံစံရှိနေပြီဆိုပေမယ့် ဘတ်ဂျက်ကတော့ အထက်ကနေ အောက်ခြေကို သွားတဲ့ ပုံစံမျိုးပဲ ရှိနေပါသေးတယ်" ဟု ပြောကြားခဲ့သည်။[၄] ဤအစီရင်ခံစာတွင် စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းကြားမှ ဆက်နွယ်မှု၊ စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲရာတွင် ပြည်သူလူထု လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်သော၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော စနစ်နှင့် အစိုးရလူနည်းစုမှ ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့ကြား အားပြိုင်မှုကို လေ့လာထားပါသည်။

အစိုးရ ဘတ်ဂျက်များနှင့် မည်သည့်အရေးကိစ္စတွင် ဘတ်ဂျက်အသုံးပြုမည်ဟူသော ဆုံးဖြတ်ချက် ချမှတ်မှုများသည် အရေးကြီးသည်မှန်သော်လည်း နှစ်ပေါင်းများစွာ မျက်ကွယ်ပြု ထားခြင်း ခံရပြီး မြန်မာပြည်သူများအတွက် တန်းတူညီမျှမှုမရှိသော၊ ကျိုးကြောင်းဆီလျော်မှု မရှိသော ဘတ်ဂျက်များကိုသာ သုံးစွဲခဲ့ကြသည်။ စီမံကိန်းနှင့် ဘတ်ဂျက်ရေး ဆွဲခြင်း လုပ်ငန်းစဉ်များ၏ ပြုပြင်ပြောင်းလဲရေး အောင်မြင်စေရန် အတွက် မူဝါဒချမှတ်သူများ၊ နိုင်ငံရေး အစုအဖွဲ့များ၊ အလှူရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် အခြား အကျိုးစီးပွား ဆက်နွယ်သူများအားလုံးအနေဖြင့် လက်ရှိလုပ်ငန်းစဉ်ကို သဘောပေါက်ရေးနှင့်၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၏ အကျိုးသက်ရောက်မှုများကို ဆန်းစစ်လေ့လာနိုင်မည့် အထောက်အထား ရရှိရေးတို့မှာ ဦးစွာပထမ ဆောင်ရွက်ရမည့် အပိုင်းဖြစ်သည်။ ထို့ကြောင့်ပင် ဤသုတေသန၌ ဘတ်ဂျက်

အဆိုပြုလွှာများကို မည်သို့ သတ်မှတ်၊ ဆန်းစစ်ပြီး၊ ဦးစားပေးသည်ဟူသော ကိစ္စနှင့် ဘတ်ဂျက်တွင် ထည့်သွင်းရမည့်အရာများကို မည်သို့ဆုံးဖြတ်ပုံတို့ကို အသေးစိတ် မှတ်တမ်းတင်ထားပါသည်။ အထူးအရေးကြီးသည့်အချက်မှာ "ပြည်သူ့ဗဟိုပြု" ပုံစံ မရှိတော့သည့် အလျောက် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များ အတွင်း ပြည်သူလူထု၏ ပါဝင်ဆောင်ရွက်မှု အတိုင်းအတာကိုလည်း ဤသုတေသနတွင် ဆန်းစစ်လေ့လာထားပါသည်။ ထို့အပြင်လည်း မြန်မာပြည်သူလူထု၏ လိုအပ်ချက်များအပေါ် ပိုမိုတုံ့ပြန်ဆောင်ရွက်မှု ရှိစေရေးနှင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူ ဖြစ်စေရေးအတွက် ဘတ်ဂျက်များကို အသုံးပြုရာတွင် ကြုံတွေ့ရမည့် အခွင့်အလမ်းနှင့် အခက်အခဲများကိုလည်း တင်ပြထားပါသည်။

**ကောက်နုတ်ချက် က**
**အဘယ့်ကြောင့် အစိုးရဘတ်ဂျက်များ အရေးကြီးပါသနည်း။[၅]**

နှစ်စဉ်နှစ်တိုင်း အစိုးရသည် နောင်လာမည့် ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေနှင့် အသုံးစရိတ်များကို ထုတ်ပြန်ပေးသည်။ အဆိုပါ ဘတ်ဂျက်သည် အစိုးရကြေညာချက်၊ မူဝါဒနှင့် ပန်းတိုင်များ အတွက် အခွန်မည်သို့ ကောက်ခံမည်၊ တိုင်းပြည်၏ တန်းတူရည်တူ အရေးကြီးသော လိုအပ်ချက်များကို ပြည့်မီစေရန် အဆိုပါ ငွေများကို မည်သို့သုံးစွဲမည်ဟူသော ဆုံးဖြတ်ချက်များလည်း ဖြစ်သည်။ ၎င်းဘတ်ဂျက်သည် နိုင်ငံတစ်နိုင်ငံအတွင်းရှိ ဘဝများစွာအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သက်ရောက်မှုရှိသည်။ အကြောင်းမှာ အစိုးရသုံးစွဲလိုက်သည့် ငွေကြေးသည် ပြည်သူလူထု (အထူးသဖြင့် ဆင်းရဲနွမ်းပါးပြီး လျစ်လျူရှုခံထားရသော ပြည်သူလူထု) ၏ လိုအပ်ချက်များကို ပြည့်မီအောင် ဆောင်ရွက်ပေးမည့် စွမ်းအားအကြီးဆုံး စီးပွားရေး ကိရိယာဖြစ်သောကြောင့်ပင် ဖြစ်သည်။

# ၁.၂။ ဤအစီရင်ခံစာ၏ ချဉ်းကပ်လေ့လာမှု နည်းလမ်း

## နောက်ခံနှင့် ရည်ရွယ်ချက်များ

၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် အာရှဖောင်ဒေးရှင်းမှ ***မြန်မာနိုင်ငံ တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ အုပ်ချုပ်မှုစနစ်***[၆] ဟူသော အစီရင်ခံစာကို ထုတ်ဝေခဲ့ပါသည်။ ၎င်းမှာ မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အုပ်ချုပ်ရေးစနစ်၏ ရှုထောင့်များနှင့် စပ်လျဉ်း၍ နောက်ဆုံးပေါ် ဆန်းစစ်လေ့လာချက်တစ်ရပ်ဖြစ်ပြီး၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ စတင်ဖွဲ့စည်းသည့် ၂၀၁၁ ခုနှစ်မှ စတင်၍ အရေးကြီးသော ဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်ထားပါသည်။ ဆုံးဖြတ်ချက် ချမှတ်ရာ၌ တာဝန်ခံမှုနှင့် တုံ့ပြန်ဆောင်ရွက်မှု ပိုမို မြင့်မားလာစေရေးအတွက် အဆိုပါ အစီရင်ခံစာတွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များ၏ အရေးပါပုံကို မီးမောင်းထိုးပြထားပြီး၊ လက်ရှိဆောင်ရွက်ဆဲ ပြုပြင်ပြောင်းလဲမှုများကို ဖော်ထုတ်ကာ၊ ပြည်သူ့ဘဏ္ဍာအသုံးစရိတ် စီမံခန့်ခွဲမှု၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အရင်းမြစ်ခွဲဝေပေးခြင်းတို့ကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ရန် အကြံပြုထားပါသည်။

ယင်းအစီရင်ခံစာတွင် ဖော်ပြပါရှိသည့် အခွင့်အလမ်းများနှင့် ပြဿနာရပ်များအရ ဖော်ပြပါ ရည်မှန်းချက်များ ပါရှိသည့် သုတေသန အသစ်တစ်ရပ် ပြုလုပ်ရန် လိုအပ်လာခဲ့သည်။ ၎င်းရည်မှန်းချက်များမှာ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းဆိုင်ရာ လက်ရှိကျင့်ထုံးကို ပြည်နယ်/တိုင်းဒေသကြီး အလိုက်နှင့် ကဏ္ဍအလိုက် ကွာဟချက်များပါမကျန် အသေးစိတ်သိရှိနားလည်ရေး၊ ကောင်းမွန်သော ကျင့်ထုံးများကို ဖော်ထုတ်၍ ပြန်လည်မျှဝေရေးနှင့်၊ ပြည်သူလူထု၏ လိုအပ်ချက်များအလိုက် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှု အားကောင်းစေမည့် အကြံပြုချက်များ ပေးရေးတို့ ဖြစ်ကြပါသည်။ ဤသုတေသနသည် အများပြည်သူပိုင် အရင်းမြစ်တစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးတွင် ပါဝင်သည့် အစုအဖွဲ့များ အားလုံးအတွက် အသိပညာ၊ တွေ့ဆုံဆွေးနွေးရေးနှင့် မူဝါဒချမှတ်ရေး ကိစ္စရပ်များတွင် ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ပါသည်။

ဤအစီရင်ခံစာကို  အာရှဖောင်ဒေးရှင်းမှ ထပ်မံထုတ်ဝေမည့် အခြားသော အစီရင်ခံစာ တစ်ခုနှင့်အတူ ဖြည့်စွက် လေ့လာနိုင်မည် ဖြစ်ပြီး  ၎င်းအစီရင်ခံစာတွင်  ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ အခွန်ကောက်ခံရေး ဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများနှင့် အစိုးရ ဘတ်ဂျက်များအား မည်သို့ငွေကြေးထောက်ပံ့သည်ကို အသေးစိတ် လေ့လာနိုင်လိမ့်မည် ဖြစ်ပါသည်။

## အစီရင်ခံစာတွင် အသုံးပြုသည့် သုတေသန နည်းလမ်း

ဒေသန္တရအဆင့်တွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ အဆိုပြုလွှာများ ရေးသားပုံ၊ သုံးသပ်ပုံနှင့် ဦးစားပေးပုံတို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် ဆုံးဖြတ်ချက်များ ချမှတ်ပုံတို့ကို သဘောပေါက် နားလည်ရန် ကွင်းဆင်း သုတေသန လုပ်ငန်းတစ်ရပ်ကို ပြည်နယ်သုံးခု (ချင်း၊ ကရင်နှင့် ရခိုင်)[၇] ရှိ မြို့နယ် ၁၀ ခုတွင် သုံးလကျော်ကြာ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ပြည်နယ်များကို ရွေးချယ်ခဲ့ရသည့် အကြောင်းမှာ ၎င်းတို့သည် ဖွံ့ဖြိုးတိုးတက်မှု  အလွန်တရာ လိုအပ်လျက် ရှိနေသည်သာမက မတူညီသော လူဦးရေ၊ ပထဝီအနေအထား၊ ပဋိပက္ခ သမိုင်းကြောင်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များရှိနေသည့် အရပ်ဒေသများကြား နှိုင်းယှဉ်မှုပြုနိုင်ရန်လည်း ဖြစ်သည်။ ထို့အပြင်လည်း ပြည်ထောင်စု အဆင့်တွင် ဆုံးဖြတ်ချက်များ မည်သို့ချမှတ်ကြသည်ကို နားလည် သိရှိနိုင်ရန် နေပြည်တော်တွင်လည်း လူတွေ့မေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။

ကဏ္ဍအလိုက် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းပုံစံ မည်သို့ ကွာဟသည်ကို သိရှိနားလည်ရန် ကွင်းဆင်းသုတေသနသည် ပညာရေး၊ လျှပ်စစ်၊ လမ်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဟူသော ကဏ္ဍလေးရပ်နှင့် သက်ဆိုင်ရာ ဦးစီးဌာနများတွင် အလေးထားဆောင်ရွက်ခဲ့ပါသည်။ ယင်းကဏ္ဍများကို ရွေးချယ် ရခြင်းမှာ ၎င်းတို့သည် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ အဓိက ဦးစားပေး ကိစ္စရပ်များ၌ ပါဝင်ပြီး၊ အစိုးရ ဘတ်ဂျက်များမှ အစိုးရအသုံးစရိတ် ပမာဏ မြောက်မြားစွာ ရရှိလျက်ရှိသောကြောင့် ဖြစ်သည့်အပြင်၊ အဆိုပါ ဦးစီးဌာနများသည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသို့ တာဝန်ခံသည့် အဆင့် ကွာဟချက် မျိုးစုံကို ထင်ဟပ်လျက် ရှိသောကြောင့် ဖြစ်သည်။ အဆိုပါ ကဏ္ဍများအကြောင်း နံ့စပ်စွာ သိမြင်နိုင်စေရန် ကွင်းဆင်း လေ့လာချက်တွင် ဖော်ပြပါ ဦးစီးဌာနများကို အထူးအာရုံစိုက် ထားပါသည်။ ယင်းတို့မှာ ပညာရေးကဏ္ဍအတွက် အခြေခံ ပညာရေး ဦးစီးဌာန (DBE)၊ လျှပ်စစ်ကဏ္ဍအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး ရေးလုပ်ငန်း (ESE)၊ လမ်းကဏ္ဍအတွက် လမ်းဦးစီးဌာန (DOH) နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန (DRRD)[၈] နှစ်ခုလုံး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက်  ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (DRD) တို့ ဖြစ်ကြပါသည်။ အဆိုပါ ကဏ္ဍအလိုက် ဦးစီးဌာနများအပြင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များတွင် ဗဟိုချက်ဖြစ်ပြီး ကျန်းမာရေးနှင့် စည်ပင် သာယာရေး (မြူနီစီပယ်) အပါအဝင် အခြားသော ကဏ္ဍများနှင့် ထိတွေ့ဆောင်ရွက်မှု များစွာမရှိသော စီမံကိန်းနှင့် ဘတ်ဂျက်ဆိုင်ရာ ဦးစီးဌာနများကိုလည်း သုတေသနတွင် ထည့်သွင်းထားပါသည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဝန်ကြီးများ၊ ပြည်နယ်/တိုင်း ဒေသကြီးအဆင့် လွှတ်တော်[၉] ကိုယ်စားလှယ်များ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့်များရှိ ဦးစီးဌာန အရာရှိများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အပါအဝင် အကျိုးစီးပွား ဆက်စပ်သူ များစွာ (စုစုပေါင်း ၁၉၂ ဦး) ကိုလည်း  ကွင်းဆင်း သုတေသနတွင်  တစိတ်တပိုင်း ပုံစံချထားသည့် လူတွေ့မေးမြန်း မှုများ (semi-structured interview) ပြုလုပ်ခဲ့ပါသည်။

လူတွေ့မေးမြန်းခြင်းတွင်  စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များကို ပုံဖော်သည့် အခန်းကဏ္ဍများ၊ လုပ်ငန်းတာဝန်များ၊ အဆင့်များ၊ အခက်အခဲနှင့် အခွင့်အလမ်းများဆိုင်ရာ မေးခွန်းများဖြင့် လမ်းကြောင်းချထားပြီး အခြေအနေအလိုက် ထပ်မံဖြည့်စွက် ပြောကြားနိုင်ရန်အတွက်လည်း လမ်းဖွင့်ပေးထားပါသည်။ လူတွေ့မေးမြန်းမှုများအပြင် မူဝါဒဆိုင်ရာ ဆွေးနွေးမှုများကိုလည်း ချင်း၊ ကရင်နှင့် ရခိုင်ပြည်နယ်များတွင် ပြုလုပ်ခဲ့ပြီး၊ ပစ်မှတ်ထား လေ့လာနေသည့် ကဏ္ဍများတွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲ ခြင်းဆိုင်ရာ တာဝန်များ ယူထားကြသည့် အစိုးရအဖွဲ့တွင်းမှ အကျိုးစီးပွား ဆက်နွယ်သူ မြောက်မြားစွာမှလည်း (စုစုပေါင်း ၁၂၇ ဦး) တက်ရောက်ခဲ့ကြပါသည်။ သုတေသနကို အထောက်အကူ ဖြစ်စေရန် ပြုလုပ်ခဲ့သည့် လူတွေ့မေးမြန်းမှုများနှင့် မူဝါဒဆွေးနွေးမှု များကို အသေးစိတ် ဖော်ပြထားသည့် ဇယားကို နောက်ဆက်တွဲ (က) တွင် ဖော်ပြထားပါသည်။

ကွင်းဆင်းသုတေသန အပြင် ပညာရပ်ဆိုင်ရာ စာပေများ၊ သတင်းစာ ဆောင်းပါးများ၊ ဥပဒေပြဋ္ဌာန်းချက်များ၊ အရသုံးခန့်မှန်းစာရင်းဆိုင်ရာ စာရွက်စာတမ်းများနှင့် စီမံကိန်းနှင့် မူဝါဒဆိုင်ရာ စာရွက်စာတမ်း များပါ မကျန် ပါဝင်သည့် စာအုပ်စာတမ်း လေ့လာသုံးသပ်မှု

**ကောက်နုတ်ချက် ခ**
**အစီရင်ခံစာပါ အဓိက မေးခွန်းများမှာ အဘယ်နည်း။**

အောက်ပါ မေးခွန်းသုံးရပ်ဖြင့် သုတေသနကို ပဲ့ကိုင်လမ်းကြောင်းထားပါသည်။

၁။ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ဥပဒေနှင့် အဖွဲ့အစည်း ယန္တရားဆိုင်ရာ မူဘောင်အပြင် အဆိုပါ လုပ်ငန်းစဉ်များတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် မူဝါဒလမ်းကြောင်းတို့မှာ အဘယ်နည်း။

၂။ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းကြောင့် မည်သည့် အကျိုးရလဒ်များ ထွက်ပေါ်လာပြီး၊ အဆိုပါ အကျိုးရလဒ်များမှာ ပြည်နယ် / တိုင်းဒေသကြီးများနှင့် ကဏ္ဍအလိုက် မည်သို့ကွာဟသနည်း။

၃။ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်း တိုးတက်ကောင်းမွန်လာစေရန် မည်သည့် အခွင့်အလမ်းနှင့် အခက်အခဲများ ရှိနေပါသနည်း။

တစ်ရပ်ကိုလည်း ပြုလုပ်ခဲ့ပါသည်။ ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု ဘတ်ဂျက်နှစ်မျိုးလုံးအတွက် ရသုံးမှန်းခြေငွေစာရင်း ဆိုင်ရာ အချက်အလက်များ၏ စိစစ်လေ့လာချက်တစ်ရပ်ကိုလည်း ပြီးပြည့်စုံအောင် ဆောင်ရွက်ခဲ့ပါသည်။

အထက်ဖော်ပြပါ အထောက်အထားများကို လွန်ခဲ့သော ခြောက်နှစ်တာအတွင်း အာရှဖောင်ဒေးရှင်း၊  Renaissance Institute နှင့် မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ် အဖွဲ့အစည်း၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ (MDRI-CESD) တို့ ပူးပေါင်း ထုတ်ဝေခဲ့သည့် အစီရင်ခံစာပါ အထောက်အထား မြောက်မြားစွာဖြင့် အားဖြည့် ထားပါသည်။[၁၀] အာရှဖောင်ဒေးရှင်းနှင့် Renaissance Institute တို့မှ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအတွက် နည်းပညာ ဆိုင်ရာ ကူညီထောက်ပံ့မှုများ (အထူးသဖြင့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍) ပေးအပ်ရာမှ ရရှိခဲ့သည့် အတွေးအမြင်နှင့် အတွေ့အကြုံများကိုလည်း ဤအစီရင်ခံစာတွင် အသုံးပြုထားပါသည်။

## သုတေသနနယ်ပယ်နှင့် အကန့်အသတ်များ

ကွင်းဆင်းသုတေသနအတွက် ပြည်နယ်များ၊ မြို့နယ်များနှင့် ကဏ္ဍများအလိုက်  ကောက်ယူခဲ့သည့် နမူနာအရ မြန်မာနိုင်ငံရှိ မတူညီသော နယ်ပယ်နှင့် ကဏ္ဍမျိုးစုံမှ များပြားစုံလင်လှစွာသော ကျင့်ထုံးများ ထွက်ပေါ်လာခဲ့ပါသည်။ သို့ဖြစ်ပါ၍ ယင်းနမူနာကို မြန်မာနိုင်ငံရှိ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းကိစ္စရပ်ကြီး တစ်ခုလုံးကို ကိုယ်စားပြုသည်ဟု မယူဆသင့်ပါ။ ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသည့် ကွာဟချက်သည် မူဝါဒချမှတ်သူများနှင့် လက်တွေ့လုပ်ကိုင် ဆောင်ရွက်နေကြသူများအနေဖြင့် ဒေသန္တရ အခြေအနေကို နားလည်ရန် လိုအပ်သည်ဟူသောအချက်နှင့် မူဝါဒများ အကောင်အထည်ဖော်နိုင်စရာ နည်းလမ်းပေါင်း မြောက်မြားစွာရှိဟူသည် ဟူသောအချက်တို့ကို သတိပြုမိစေရန်သာ ဖြစ်ပါသည်။

ဤလေ့လာချက်၏ အကန့်အသတ်တစ်ခုမှာ စင်ပြိုင် သို့မဟုတ် အခြားသော အုပ်ချုပ်ရေးစနစ်များနှင့် အဖွဲ့အစည်းယန္တရားကို မလေ့လာထားဘဲ၊ သုတေသန၏ အစိတ်အပိုင်း အများစုကို အစိုးရအုပ်ချုပ်ရေးအောက်တွင် အပြည့်အဝရှိနေသည့် ဒေသများ၌သာ ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ တိုင်းပြည်၏ နေရာဒေသအချို့သည် ၁၉၄၈ ခုနှစ်ကတည်းက စတင်၍ လက်နက်ကိုင် ပဋိပက္ခဒဏ်ကို ဆယ်စုနှစ်များစွာ ခံစားခဲ့ရပြီး အစိုးရအုပ်ချုပ်ရေး လက်လှမ်းမီသည့်နေရာ ပြင်ပတွင်သာ ရှိနေကြပါသည်။ အဆိုပါ ကြာညောင်းလှစွာသော ပဋိပက္ခများကြောင့် စင်ပြိုင် သို့မဟုတ် "စုပေါင်းစပ်ပေါင်း" အုပ်ချုပ်မှု ရှိသည့် ကြီးမားကျယ်ပြန့်သော အရပ်ဒေသများ ပေါ်ထွက်လာစေသည်။ အဆိုပါ စပ်ကြားထိန်းချုပ်နယ်မြေများတွင် ရိုးရာခေါင်းဆောင်၊ နိုင်ငံတော်အစိုးရနှင့် မသက်ဆိုင်သော နိုင်ငံရေး အစုအဖွဲ့များ နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (EAO) အစရှိသည့် အခြားသော လူပုဂ္ဂိုလ် အဖွဲ့အစည်းများသည် ဒေသန္တရ အုပ်ချုပ်ရေး၏ အရေးကြီးသော အခန်းကဏ္ဍများကို ယူထားကြသည်။[၁၁၊ ၁၂] ဤသို့သော အရပ်ဒေသများတွင် နားလည် လက်ခံရန် အရေးကြီးသည့်အချက်မှာ အစိုးရ ဘတ်ဂျက်သုံးစွဲမှုသည် နဂိုရှိရင်းစွဲ တင်းမာမှုများကို မြင့်တက်သွားစေကာ လက်နက်ကိုင် ပဋိပက္ခများ တစ်ကျော့ပြန် ဖြစ်ပွားစေနိုင်သကဲ့သို့၊ ဒေသခံ ရပ်ရွာအသိုင်းအဝန်း၏ အကျိုး စီးပွားဖြစ်ထွန်းမှုကိုလည်း ဦးတည်သွားနိုင်စရာရှိသည်။[၁၃]

ဤလေ့လာချက်သည် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ အုပ်ချုပ်မှုစနစ်တွင်  "အုပ်ချုပ်ရေးဖက်ခြမ်း" ကိုသာ အဓိက အာရုံထားသည့်အတွက် သာမန်ပြည်သူများထက် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတွင် ပါဝင်သည့် ဖွဲ့စည်းပုံများ၊ စနစ်များနှင့် လူပုဂ္ဂိုလ်များကို အထူးပြုလေ့လာပါသည်။ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း ဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းနှင့် ပုဂ္ဂလိက ကဏ္ဍ၏ ရှုထောင့်နှင့် အတွေ့အကြုံများ ထည့်သွင်း ထားသော်လည်း အဆိုပါ အတွေ့အကြုံများအပေါ် စနစ်တကျသုံးသပ်လေ့လာရန် လိုအပ်လျက်ရှိနေပါသေးသည်။

## အစီရင်ခံစာ ရေးသားသည့်ပုံစံ

ဤမိတ်ဆက်သည့် အခန်းပြီးသည့်နောက် အခန်း ၂ တွင် မြန်မာနိုင်ငံ၏ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်  ပြုလုပ်ဆောင်ရွက်ရသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် မူဝါဒဆိုင်ရာ မူဘောင်ကို အထူးအသားပေး တင်ပြထားပါသည်။ အခန်း ၃ ၌မှ ဒေသန္တရအဆင့်များတွင် အဆိုပြုလွှာများကို သတ်မှတ်ပုံ၊ ရေးသားပုံနှင့် ဆန်းစစ် လေ့လာပုံတို့ကို ရပ်ရွာ၏ ပါဝင်ဆောင်ရွက်မှု အခြေအနေနှင့်တကွ အသေးစိတ် တင်ပြထားပါသည်။ အခန်း ၄ တွင် ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အဆင့်တို့ရှိ ပုဂ္ဂိုလ်များမှ ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များ မည်သို့ ပြုလုပ်သည်ကို ရေးသားဖော်ပြထား ပါသည်။ အခန်း ၅ တွင်မှ အစီရင်ခံစာ၏ ကောက်ချက်များကို အဓိက တွေ့ရှိချက်များနှင့် နောင်လာမည့် နှစ်များတွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်း ခိုင်မာအားကောင်းစေမည့် အကြံ ပြုချက်များနှင့်တကွ ဖော်ပြပေး ထားပါသည်။

## အခန်း - ၂

# စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းအတွက် မူဘောင်မှာ အဘယ်နည်း

## ၂.၁။ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း မူဘောင်မှာ အဘယ်နည်း

### ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ

မြန်မာနိုင်ငံ၏ အခြေခံအကျဆုံးသော ဥပဒေဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် မြန်မာနိုင်ငံရှိ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းအတွက် မူဘောင်ကို ချမှတ်ပေးသည်။[၃၄] ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ပြည်ထောင်စု ဘတ်ဂျက်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်ဂျက်ဟူ၍ နှစ်မျိုးနှစ်စား ချမှတ်ပေးထားသည်။ မြန်မာနိုင်ငံ အစိုးရနစ်အတွင်းရှိ အခြားသော အဆင့်များမှာ[၃၅] အုပ်ချုပ်ရေး ယူနစ်များ (ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် / ကျေးရွာအုပ်စု) ဖြစ်ကြပြီး ကိုယ်ပိုင်ဘတ်ဂျက်မရှိကြသည့်အတွက် ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရ၏ ငွေကြေးထောက်ပံ့မှုကိုသာ အပြည့်အဝ မှီခိုနေ ကြရသည်။ အဆိုပါ ဘတ်ဂျက်စနစ်၏ အခြေခံအကျဆုံးသော သရုပ်မှန်ကြောင့် "အထက်-အောက်" တွန်းအားတစ်ရပ် ပေါ်ထွန်း လာရပြီး ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အစိုးရများ တွင်သာ အပြီးသတ် ဆုံးဖြတ်ချက်ချပိုင်ခွင့်အာဏာ ရှိနေပါသည်။ သို့တိုင် မဲဆန္ဒနယ်ဖွံ့ဖြိုးရေး ရန်ပုံငွေ (CDF) ကဲ့သို့ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများ အစရှိသည့် ဘတ်ဂျက်ဆိုင်ရာ လုပ်ပိုင်ခွင့်အချို့ကို ပြည်ထောင်စု သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး အဆင့်မှ အပ်နှင်းသည့် ခြွင်းချက်အနည်းငယ် ရှိပါသည်။ (CDF အကြောင်း အောက်တွင် အသေးစိတ် ဖော်ပြထားပါသည်)

ပြည်ထောင်စုအစိုးရအဖွဲ့သည် နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်သို့ မတင်သွင်းမီ ဥပဒေကြမ်းပြင်ဆင်ရေးဆွဲရမည့် တာဝန်ရှိသည် (အခြေခံဥပဒေ ပုဒ်မ ၁၀၃ နှင့် ၂၂၁)။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရသည် နှစ်စဉ် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေကြမ်းကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းရမည့် တာဝန်ရှိသည် ( အခြေခံဥပဒေ ပုဒ်မ ၁၉၃ နှင့် ၂၅၂)။ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များရှိ လွှတ်တော်များ၏ ဘတ်ဂျက် အတည်ပြုပေးရသည့် အခန်းကဏ္ဍကို ကြည့်ခြင်းဖြင့် လွှတ်တော် ကိုယ်စားလှယ်များသည် ဘတ်ဂျက်ရေး ဆွဲသည့် လုပ်ငန်းစဉ်တွင် လွန်စွာ အရေးကြီးသော အစိတ်အပိုင်းမှ ပါဝင်လျက်ရှိသည်ကို တွေ့ရသည်။ ၂၀၁၈ ခုနှစ်တွင် ပြင်ဆင်ချက် ပြုလုပ်ပြီးသည့် နောက်ပိုင်း ဘဏ္ဍာနှစ်အစသည် ဧပြီလမှ အောက်တို ဘာလသို့ ပြောင်းလဲခဲ့သည်။[၃၆]

နှစ်စဉ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများအပြင် ပြည်နယ်/ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အစိုးရများသည် နှစ်စဉ် စီမံကိန်း ဥပဒေများ ထုတ်ပြန်ပြီး လာမည့် ဘဏ္ဍာနှစ်အတွက် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုများကို အသေးစိတ် ဖော်ပြပါသည်။[၃၇] ဘဏ္ဍာနှစ် မကုန်ဆုံးမီ ဖြည့်စွက်သုံးငွေနှင့် ရငွေများကို ပြဋ္ဌာန်းပေးရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အပိုဒ် ၁၀၃ (င) အရ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ တင်သွင်းရန် ခွင့်ပြုထားသည်။

ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် ကိုယ်ပိုင်ဘတ်ဂျက် များကို သတ်မှတ်ကြရာ၌ ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အပေါ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှ အရေးကြီးသော ကန့်သတ်ချက်များ ချမှတ်ပေးထားသည်။ ဆိုလိုသည်မှာ အပိုဒ် ၂၃၀ (ခ) အရ ပြည်နယ်/ တိုင်းဒေသကြီး ဘတ်ဂျက်များကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြနိုင်ရန် ဒုတိယ သမ္မတတစ်ဦး၏ ဦးဆောင်စိစစ်မှု လိုအပ်သည်။ နှစ်ခုလုံးသည် ပြည်ထောင်စု အစိုးရ၏ အစိတ်အပိုင်း ဖြစ်သည်။

ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များအကြား အသုံးစရိတ် တာဝန်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေက ပိုင်းခြား သတ်မှတ်ပေးထားသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ဇယား ၂ သည်

**ကောက်နုတ်ချက် ၈**
**ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အစိုးရတို့၏ ဘတ်ဂျက်များအကြား အသုံးစရိတ်တာဝန်များကို မည်သို့ ပိုင်းခြားသတ်မှတ်ပါသနည်း။**

အခြေခံဥပဒေ၏ ဇယား ၁ နှင့် ၂ တို့အရ ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု ဘတ်ဂျက်များကြား တာဝန်များ ခွဲဝေသတ်မှတ်ရန် တိကျမှုအားနည်းသည့် အခြေခံတစ်ရပ် ပေါ်ထွက်လာသည်။ လက်တွေ့တွင်မူ အသုံးစရိတ်ဆိုင်ရာ တာဝန်များအား ခွဲဝေသတ်မှတ်ပုံနှင့် ရှင်းလင်းတိကျမှုအဆင့်မှာ ငွေသုံးစွဲသည့် ကဏ္ဍပေါ်တွင် မူတည်လျက်ရှိသည်။ အချို့သော ကဏ္ဍများတွင်မူ တာဝန်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေမှ ရှင်းလင်းတိကျစွာ ပိုင်းခြားပေးသည်။ ဥပမာ စည်ပင်သာယာ ဝန်ဆောင်မှုများကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရများမှသာ ငွေကြေးထောက်ပံ့ပြီး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အသုံးစရိတ်များကိုမူ ပြည်ထောင်စု အစိုးရမှသာ ငွေကြေး ထောက်ပံ့သည်။

အခြားသော ကဏ္ဍများတွင်မူ အသုံးစရိတ် တာဝန်များကို ဝန်ကြီးဌာန၏ စည်းမျဉ်းစည်းကမ်းများ၊ ယခင်လုပ်ထုံးများနှင့် သဘော တူညီချက်များအရ ပိုင်းခြား သတ်မှတ်ပေးသည်။ ဥပမာ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အရ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် "မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ထားခြင်းမရှိသော . . . အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး" လုပ်ငန်းအတွက် တာဝန်ရှိသည်ဟု ဆိုသော်လည်း၊ လက်တွေ့တွင်မူ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ ဘတ်ဂျက်များကို မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများသို့ ချိတ်ဆက်ပေးသည့် ၁၁ ကီလိုဝပ် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးကွန်ယက် တိုးချဲ့ရေးတွင်သာ အဓိကအသုံးပြုနေခြင်း ဖြစ်သည်။

အခြားသော ကဏ္ဍများတွင်မူ အသုံးစရိတ် တာဝန်များကို ခွဲဝေသတ်မှတ်ရာတွင် ပြင်လွယ်ပြောင်းလွယ်ရှိပြီး ဒေသန္တရ အခြေအနေပေါ် မူတည်၍ ဘဏ္ဍာငွေ စီစဉ်ထားရှိမှုကို သင့်သလို ညှိနှိုင်းဆောင်ရွက်နိုင်သည်။ ဥပမာ လမ်းကဏ္ဍတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု လမ်းများကို ပိုင်းခြား သတ်မှတ်ပေးထားသော်လည်း လိုက်နာဆောင်ရွက်ရမည့် လက်တွေ့ တာဝန်များကိုမူ အတိအကျ မဖော်ပြထားချေ။ အကျိုးဆက်အနေဖြင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ပြည်ထောင်စု လမ်းများအတွက် အသုံးစရိတ် ပမာဏအချို့ကို ညှိနှိုင်းပြီး ဘဏ္ဍာငွေ ပူးတွဲထောက်ပံ့ရသည်။ ဥပမာ- အချို့လမ်းများသည် ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု နှစ်ခုစလုံးတို့မှ ဘတ်ဂျက်ကို ရရှိတည်ဆောက်ထားခြင်းဖြစ်သည်။

ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ အခန်းကဏ္ဍနှင့် တာဝန်များကို သတ်မှတ်ပေးရာ၌ (အပိုဒ် ၁၈၈ နှင့် ၂၄၉ အရ)[၁၈] အခရာကျပြီး ဇယား ၁ တွင် ပြည်ထောင်စု အစိုးရအတွက် ဥပဒေပြုစာရင်းကို ဖော်ပြပေးထားသည်။ အဆိုပါ ဇယားများဖြင့်ပင် အသုံးစရိတ်ဆိုင်ရာ တာဝန်များကို ခွဲဝေပိုင်းခြားရာ၌ တိကျရှင်းလင်းမှု အားနည်းသော အခြေခံတစ်ရပ် သတ်မှတ်ပြဋ္ဌာန်းပေးလိုက်သည်။

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ ဥပဒေ[၁၉]

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပြင် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အစိုးရ ဥပဒေ (၂၀၁၀) သည်လည်း ပြည်နယ် / တိုင်းဒေသကြီး ရသုံးမှန်းခြေ ငွေစာရင်းများအတွက် ဘတ်ဂျက်ရေးဆွဲရာတွင် ပိုမိုအသေးစိတ် သိရှိနိုင်စေသည်။ ယင်းဥပဒေအရ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် ပြည်ထောင်စု ဘဏ္ဍာရေး ကော်မရှင်၏ ညွှန်ကြားချက်များနှင့် အညီ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအတွက် ရသုံးမှန်းခြေ ငွေစာရင်းကို ပြည်နယ်/တိုင်းဒေ သကြီး လွှတ်တော်သို့ မတင်သွင်းမီ ရေးဆွဲပေးရသည် (အပိုဒ် ၃၄-၃၇)။

## ကဏ္ဍအလိုက် ဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ

ကဏ္ဍများစွာတွင် ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ အသုံးစရိတ် တာဝန်များကို အသေးစိတ် သတ်မှတ်ပေးသည့် ကိုယ်ပိုင် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ရှိကြသည်။ အဆိုပါ ကိုယ်ပိုင် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းကို ဆောင်ရွက်ရသည့်အပြင်၊ ဝန်ကြီးဌာန နှင့်/သို့မဟုတ် ဦးစီးဌာန၏ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း အခန်းကဏ္ဍများ၊ တာဝန်နှင့် လုပ်ငန်းစဉ် အချို့ကို ယင်းတို့မှပင် လမ်းကြောင်းချပေးသည်။

ဥပမာ စည်ပင်သာယာရေး အဖွဲ့အစည်းများ (DAOs) ၏ အသုံးစရိတ် တာဝန်များကို ၎င်းတို့နှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၏ စည်ပင်သာယာရေး ဥပဒေများအတိုင်း သတ်မှတ်ပေးခြင်း ခံကြရသည်။ စည်ပင်သာယာအဖွဲ့အများစု၏ အခြေခံတာဝန်များမှာ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုပေးရေး တာဝန်များနှင့် မြို့ပြဒေသများအတွင်း စည်းကြပ်မှုနှင့် အခွန်ကောက်ခံမှု တာဝန်များ အထိသာ ကန့်သတ်ပေးအပ်ထားခြင်း ခံကြရသည်။ ပုံမှန်အားဖြင့်

ယင်းတာဝန်များတွင် လမ်းနှင့် တံတားများ ဆောက်လုပ်ရေး၊ အဆင့်မြှင့်တင်ရေး၊ ပြုပြင်ရေးနှင့် ထိန်းသိမ်းရေး၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု၊ ပန်းခြံများနှင့် အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများကို ထိန်းသိမ်းခြင်း၊ လမ်းမီးများ တပ်ဆင်ပေးခြင်းတို့ ပါဝင်ကြပါသည်။ နည်းဥပဒေတွင်မူ ထို့ထက်ပို၍ အသေးစိတ် ညွှန်ကြားထားသည်။ ဥပမာ ရှမ်းပြည်နယ် စည်ပင်သာယာရေး နည်းဥပဒေတွင် ပြည်နယ်နှင့် မြို့နယ်အဆင့် စည်ပင်သာယာရေး ကော်မတီများ၏ သက်ဆိုင်ရာ အခန်းကဏ္ဍများအလိုက် နှစ်စဉ် စီမံကိန်းများနှင့် ရသုံးမှန်းခြေငွေစာရင်းများကို ရေးဆွဲခြင်းနှင့် သဘောတူညီခြင်း တာဝန်များကို ဖော်ပြပေးထားသည်။ အမျိုးသား ပညာရေးဥပဒေ[၂၀] အခန်း ၁၂ တွင် ဘဏ္ဍာရေး တာဝန်များကို အကျဉ်းချုပ်ဖော်ပြထားပြီး၊ အပိုဒ် ၅၈ တွင် ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ပညာရေး ဝန်ကြီးဌာန၏ အခန်းကဏ္ဍကို "ပညာရေးအတွက် လျာထားသည့် အရအသုံးဘဏ္ဍာငွေများကို ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အသုံးပြုစေခြင်း" ဟု သတ်မှတ်ထားသည်။

၂၀၁၉ ခုနှစ် အစောပိုင်းတွင် ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း[၂၁] တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအတွက် တာဝန်အသစ်များ ဖြည့်စွက်ပါရှိပြီး အကယ်၍ အတည်ပြု ပြဋ္ဌာန်း လိုက်ပါက အဆိုပါ ကဏ္ဍရှိ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းအပေါ် သက်ရောက်မှု ရှိလိမ့်မည်။ အဆိုပါ ဥပဒေကြမ်းတွင် စီမံကိန်းများ ရေးဆွဲခြင်း၊ အတည်ပြုခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများတွင် ရပ်ရွာပြည်သူများ၏ ပါဝင်ဆောင်ရွက်မှုကို တိုးမြှင့်ရန် အထူးညွှန်ကြားထားသည်။ အခန်း ၅ အပိုဒ် ၉ တွင် ရပ်ရွာပြည်သူများ၏ ရပိုင်ခွင့်များ၊ တာဝန်နှင့် ဝတ္တရားများကို အသေးစိတ် ဖော်ပြထားသည်။

## မြန်မာနိုင်ငံ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း[၂၂]

ကဏ္ဍအလိုက် ဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းများ၏ တူညီသောလက္ခဏာတစ်ခုမှာ ဘတ်ဂျက်ရေးဆွဲရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန (MOPF) ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင် ရွက်ရမည်ဟူသော အချက်ပင် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းသည် လက်ရှိကျင့်သုံးနေသည့် စည်းမျဉ်း စည်းကမ်းများအနက် အရေးအကြီးဆုံးဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနနှင့်၊ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များ လက်အောက်မှ ငွေကြေးသုံးစွဲမှုများမှ အပ ကျန်ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ အားလုံးအပေါ် သက်ရောက် အကျုံးဝင်မှု ရှိသည်။ အဆိုပါ စည်းမျဉ်းများတွင် "ပြည်သူ့ဘဏ္ဍာငွေများအား စီမံခန့်ခွဲရာတွင် ပွင့်လင်းမြင်သာမှု ရှိစေရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန်နှင့် ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်" ဟူသော ကိစ္စရပ် အားလုံးအတွက် ဆက်စပ်လွှမ်းခြုံသည့် ရည်ရွယ်ချက်ပါရှိသည်။

စည်းမျဉ်းများတွင် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေး ကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ စာရင်းစစ်ချုပ်နှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ အခန်းကဏ္ဍများကို သတ်မှတ်ပြဋ္ဌာန်းပေးထားသည်။ စည်းမျဉ်းအရ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနသည် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲခြင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေရေးဆွဲခြင်း (အပိုဒ် ၇က) တို့အတွက် တာဝန်ရှိပြီး၊ ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာန (ရုံးချုပ်) အနေဖြင့်မူ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများမှ အဆိုပြုလာသော အရအသုံးခန့်မှန်းခြေငွေစာရင်းများကို နိုင်ငံတော်၏ မူဝါဒ၊ စီမံကိန်း၊ ငွေရေးကြေးရေးမူဘောင် စံညွှန်းများနှင့်အညီ တိုက်ဆိုင်စစ်ဆေးရန် တာဝန်ရှိသည် (အပိုဒ် ၂၅)။ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်ပြခြင်း ဆိုင်ရာ ဥပဒေနှင့် အညီ ရေးဆွဲရမည် (အပိုဒ် ၂၄)။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများက ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း အတွက် တာဝန်ရှိသည် (အပိုဒ် ၁၁)။ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ လိုငွေဖြည့်လွှဲပြောင်းထောက်ပံ့ငွေများနှင့် သက်ဆိုင်ရာ ဦးစီးဌာနများမှ ရငွေ၊ သုံးငွေများကို သေချာစွာ ထည့်သွင်းစဉ်းစားပြီး၊ ပြည်နယ်/တိုင်းဒေသကြီး ရသုံးမှန်ခြေငွေစာရင်း ဦးစီးဌာနမှ ဘတ်ဂျက် အဆိုပြုတင်ပြချက် မပြုလုပ်မီ၊ တိုင်းဒေသကြီး/ ပြည်နယ် အဆင့် ဌာန၊ အဖွဲ့အစည်းများ အနေဖြင့် သက်ဆိုင်ရာ ရုံးချုပ်၊ ဌာနအကြီးအကဲ၏ ခွင့်ပြုချက်အရ မိမိတို့၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများကို လျာထားရေးဆွဲပေးရန် (အပိုဒ် ၂၉) လိုအပ်သည်။[၂၃] ထို့နောက် ဘတ်ဂျက်အဆိုပြုလွှာကို ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်ထံတင်သွင်း၍ အတည်ပြုချက်မရယူမီ (အပိုဒ် ၃၀) ပြည်နယ်/တိုင်းဒေသကြီး အစိုးရထံဦးစွာ တင်သွင်းရ သည် (အပိုဒ် ၃၁)။ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက် ရယူပြီးနောက် ဘတ်ဂျက်အဆိုပြုလွှာကို ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန ရုံးချုပ်၊ ဒု-သမ္မတ၊ ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်နှင့် ပြည်ထောင်စု အစိုးရတို့ထံ အဆင့်ဆင့် တင်သွင်းရမည် (အပိုဒ် ၃၃)။ ပြည်ထောင်စု အရအသုံးခန့်မှန်း ငွေစာရင်းဥပဒေပါ ပြဋ္ဌာန်းချက်အရ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် လိုငွေဖြည့်လွှဲပြောင်း ထောက်ပံ့ငွေပမာဏကို အကြောင်းကြား အသိပေးခြင်းခံကြရသည်။ ထို့နောက် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်သို့ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ မူကြမ်းကို ရေးဆွဲပြီး တင်သွင်းခြင်းမပြုမီ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးမှ ရသုံးမှန်းခြေငွေစာရင်းဦးစီး ဌာနသည် ဘတ်ဂျက် အဆိုပြုလွှာများကို လိုအပ်သလို ပြင်ဆင် ရေးဆွဲပေးရသည် (အပိုဒ် ၃၄ နှင့် ၃၅)။

စည်းမျဉ်းအရ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ရန်ပုံငွေများကို ပြင်ဆင်ပြောင်းလဲနိုင်ခြင်း (ဆိုလိုသည်မှာ လျာထားချက် ရန်ပုံငွေကို လွှဲပြောင်းအသုံးပြုနိုင်) (အပိုဒ် ၅၅)၊ ပြည်ထောင်စု အစိုးရမှ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသို့ လွှဲပြောင်း

ထောက်ပံ့ငွေများကို ဆုံးဖြတ်ခြင်း (အခန်း ၇)၊ ပြည်သူ့ရန်ပုံငွေများ သုံးစွဲရာ၌ အဆုံးအဖြတ်ပေးနိုင်ခြင်း (အခန်း ၁၀)၊ ဝယ်ယူရေး (အခန်း ၁၁)၊ ပြည်ပချေးငွေနှင့် အကူအညီရငွေများကို စီမံခန့်ခွဲခြင်း (အခန်း ၁၅ နှင့် ၁၆) နှင့် ဘဏ္ဍာရေး အစီရင်ခံစာများ တင်ပြခြင်း (အခန်း ၁၂) ဆိုင်ရာ အခွင့်အာဏာရှိကြသည်။

## စီမံကိန်း ကော်မရှင်များနှင့် ကော်မတီများ

နိုင်ငံတော် သမ္မတ၏ အမိန့်ကြော်ငြာစာများဖြင့် စီမံကိန်း ကော်မရှင်နှင့် ကော်မတီ အရေအတွက်များစွာကို ၂၀၁၆ ခုနှစ် မေလ ရက်စွဲဖြင့် ဖွဲ့စည်းပေးခဲ့ရာ ၎င်းတို့မှာ စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ဦးဆောင် အခန်းကဏ္ဍများကို ယူထားကြပြီး (ပုံ ၂.၁ တွင် ပြထားသည့်အတိုင်း) "အောက်ခြေမှ အထက်သို့" စီမံကိန်းများ ရေးဆွဲ တင်ပြနိုင်ရန် အစိုးရ၏ ကြိုးစားအားထုတ်မှုတွင် အရေးပါလှသည်။ ပြည်ထောင်စု အဆင့်တွင် အမျိုးသားစီမံကိန်း ကော်မရှင် (NPC) တစ်ရပ်ကို နိုင်ငံတော် သမ္မတ၊ ဒု-သမ္မတများ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်များ အပါအဝင် အခြား အရေးကြီး ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည်။[၂၄] NPC ၏ အရေး ကြီးသော တာဝန်တစ်ရပ်မှာ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသ ကြီး အဆင့်နှစ်ရပ်လုံးရှိ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ စီမံကိန်း ရေးဆွဲမှုများတွင် အကြံဉာဏ်ပေးခြင်း၊ အတည်ပြုခြင်းတို့ ပြုလုပ်ပေး ရခြင်း ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး စီမံကိန်း ကော်မရှင်များ ဖွဲ့စည်းထားရှိပြီး[၂၅] ဝန်ကြီးချုပ်မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများအားလုံး ပါဝင်ကြရသည်။ ပြည်နယ်/တိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန (GAD) အမှုဆောင် အတွင်းရေးမှူးမှ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ အစိုးရအဖွဲ့ ပြင်ပမှ ပါဝင်သူများအဖြစ် လယ်ယာနှင့် စက်မှုကဏ္ဍ အပါအဝင် မတူညီသော ပုဂ္ဂလိက ကဏ္ဍမျိုးစုံမှ ကိုယ်စားလှယ်များလည်း ပါဝင်ကြသည်။ ကော်မရှင်သည် လက်အောက်ရှိ ကော်မတီများမှ တင်ပြလာသည့် စီမံကိန်းများကို စိစစ်အတည်ပြုပေးရမည့် တာဝန်ရှိသည်။ ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီများ (PICs)[၂၆] သည် ကော်မရှင်သို့ တင်သွင်းမည့် စီမံကိန်းများ ရေးဆွဲပေးရန် အဓိက တာဝန်ရှိသည်။ ပြည်နယ်/တိုင်းဒေသကြီး PIC များ၏ အခန်းကဏ္ဍသည် စီမံကိန်းများကို ထိရောက်သော ဦးစားပေးမှုများ ပြုလုပ်နိုင်စေမည့် စည်းကမ်းများ ရေးဆွဲခြင်း၊ ကျေးရွာအုပ်စု/ရပ်ကွက်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်း၊ ဒေသန္တရ ဖွံ့ဖြိုးတိုးတက်မှုအပေါ် စီမံကိန်း၏ သက်ရောက်မှုကိုစစ်ဆေးခြင်းနှင့် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း တို့အထိ တိုးမြင့်လာခဲ့သည်။ ပြည်နယ်/တိုင်းဒေသကြီး PIC များတွင် စီမံကိန်းရေးဆွဲရန် တာဝန်ရှိသည့် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီး[၂၇] မှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရပြီး၊ ပြည်နယ်/တိုင်းဒေသကြီးရှိ အဓိက ကဏ္ဍများမှ ဌာနဆိုင်ရာ ခေါင်းဆောင်များ၊ လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍများမှ ကိုယ်စားလှယ်များအပြင် ရပ်မိရပ်ဖ ကိုယ်စားလှယ်တစ်ဦးပါ ပါဝင်သည်။ ကော်မတီအတွင်းရေးမှူးသည် ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၏ အကြီးအကဲဖြစ်ပြီး၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ညွှန်ကြားရေးမှူးမှ တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ခရိုင် PIC နှင့် မြို့နယ် PIC တို့သည် ပြည်နယ်/တိုင်းဒေသကြီး PIC များကို စီမံကိန်း အဆိုပြုလွှာများ တင်သွင်းရန် တာဝန်ရှိပါသည်။ အဆိုပါ ကော်မတီများသည် ကဏ္ဍအလိုက် ဦးစီးဌာနများမှ စီမံကိန်း အဆိုပြုလွှာများ အထက်သို့ မတင်ပြမီ ယင်းအဆိုပြုလွှာများကို စုဆောင်းခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုခြင်းတို့ပြုလုပ်ပေးရန် တာဝန်ရှိသည်။ ပြည်နယ်/တိုင်းဒေသကြီး ကော်မတီများကဲ့သို့ပင် ၎င်းတို့တွင်လည်း သက်ဆိုင်ရာ အုပ်ချုပ်ရေးအဆင့်မှ စီမံကိန်း ရေးဆွဲခြင်းကို တာဝန်ယူရသည့် ဌာနအကြီးအကဲသည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြသည်။ DPIC များတွင် ခရိုင်အုပ်ချုပ်ရေးမှူးမှ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ပြီး၊ TPIC များကို မြို့နယ်အုပ်ချုပ်ရေးမှူးများမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ အဆိုပါ ကော်မတီများ၏ အဖွဲ့ဝင်များအနက် လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍများမှ ကိုယ်စားလှယ်များအပြင် ရပ်ရွာမှ လေးစားရသော ရပ်မိရပ်ဖ လူကြီးများလည်း ပါဝင်ကြသည်။ TPIC များ၏ အဖွဲ့ဝင်များအနက် သက်ဆိုင်ရာ မြို့နယ်မှ လွှတ်တော် ကိုယ်စားလှယ်များ မပါဝင်ကြသည့်တိုင် ယခုအခါ လွှတ်တော် ကိုယ်စားလှယ်ကို အစည်းအဝေးတက်ရောက်ရန် ပုံမှန်ဖိတ်ကြားလေ့ ရှိကြပါသည်။

> ၂၀၁၆ ခုနှစ် မေလ ရက်စွဲဖြင့် ဖွဲ့စည်းပေးခဲ့ရာ ၎င်းတို့မှာ စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ဦးဆောင် အခန်းကဏ္ဍများကို ယူထားကြပြီး . . .

## မဲဆန္ဒနယ် ဖွံ့ဖြိုးရေး ရန်ပုံငွေ

ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းများအတွက် နှစ်စဉ် စီမံကိန်းနှင့် ဘတ်ဂျက် ရေးဆွဲခြင်း လုပ်ငန်းစဉ်များအပြင်၊ ဒေသဆိုင်ရာ အသေးစား

## ပုံ ၂.၁ စီမံကိန်းရေးဆွဲရေး ကော်မတီများနှင့် ကော်မရှင်များ။ အဖွဲ့ဝင်၊ အခန်းကဏ္ဍနှင့် တာဝန်များ

| ကော်မတီ/ကော်မရှင် | အဖွဲ့ဝင် | ရွေးချယ်ထားသည့် အခန်းကဏ္ဍနှင့် တာဝန်များ |
|---|---|---|
| အမျိုးသား စီမံကိန်းကော်မရှင် | **ဥက္ကဋ္ဌ။** သမ္မတ<br>**ဒု-ဥက္ကဋ္ဌများ။** ဒု-သမ္မတ (၁) နှင့် ဒု-သမ္မတ (၂)<br>**အတွင်းရေးမှူး။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး<br>**အဖွဲ့ဝင်များ။** ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်များ | • အမျိုးသားမူဝါဒကို လုပ်ငန်းစီမံချက်များအဖြစ် မည်သို့ လုပ်ငန်းဆောင်ရွက်နိုင်မည်ကို ဆုံးဖြတ်။<br>• ဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများနှင့် ပြည်နယ်များ၊ တိုင်းဒေသကြီးများမှ လုပ်ငန်း စီမံချက်များကို အကြံဉာဏ်ပေးခြင်း၊ အတည်ပြုပေးခြင်းနှင့် ပယ်ချခြင်းတို့ကို ပြုလုပ်။<br>• လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ မဖြစ်စေသည့် လုပ်ငန်းစီမံချက်များကို ပယ်ဖျက်။<br>• သဘောတူသည့် စီမံကိန်းများကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြ။ |
| ပြည်နယ်နှင့် တိုင်းဒေသကြီး စီမံကိန်း ကော်မရှင်များ | **ဥက္ကဋ္ဌ။** ဝန်ကြီးချုပ်<br>**အတွင်းရေးမှူး။** ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး<br>**အဖွဲ့ဝင်များ။** ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများ၊ ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ (လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှု) | • လုပ်ငန်းစီမံချက်များကို နှစ်စဉ်၊ ရေတိုနှင့် ရေရှည် စီမံချက်များတွင် ပါဝင်စေရန် စစ်ဆေးခြင်း<br>• စီမံကိန်းများကို အမျိုးသားမူဝါဒနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခြင်း<br>• ပြည်နယ်များ/တိုင်းဒေသကြီးများ၏ လူမှုစီပွားရေး တိုးတက်မှုကို အထောက်အကူ မဖြစ်သည့် လုပ်ငန်း စီမံချက်များကို ပယ်ချခြင်း။<br>• သဘောတူသည့် လုပ်ငန်းစီမံချက်များကို ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်း။ |
| တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီများ (S/RPIC) | **ဥက္ကဋ္ဌ။** စီမံကိန်းရေးဆွဲရန် တာဝန်ရှိသော ဝန်ကြီး<br>**အတွင်းရေးမှူး။** ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန အကြီးအကဲ<br>**တွဲဖက် အတွင်းရေးမှူး။** ပြည်နယ်/တိုင်းဒေသကြီး DRD အကြီးအကဲ<br>**အဖွဲ့ဝင်များ။** ပြည်နယ်/တိုင်းဒေသကြီး ဌာနဆိုင်ရာ အကြီးအကဲများ၊ ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ (လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှု)၊ ရပ်မိရပ်ဖ ကိုယ်စားလှယ်များ | • ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်း ကော်မရှင်သို့ တင်သွင်းခြင်းမပြုမီ စီမံကိန်းများကို စနစ်တကျ စစ်ဆေးခြင်း။<br>• လူမှုစီးပွားရေး တိုးတက်မှုအတွက် လိုအပ်သော ဒေသန္တရ စီမံကိန်းများကို ဦးစားပေးခြင်း။<br>• ကျေးရွာအုပ်စု/ရပ်ကွက် လူမှုရေး၊ စီးပွားရေး အခြေပြစာရင်းများ ပြုစုခြင်း။<br>• စီမံကိန်းများ၏ အကျိုးဖြစ်ထွန်းမှုနှုန်းကို စစ်ဆေးခြင်း။<br>• လုပ်ငန်းစီမံချက်များ၏ အကောင်အထည်ဖော်မှု/ ပြီးမြောက်မှုကို ကြီးကြပ်စစ်ဆေးခြင်း။ |
| ခရိုင်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီများ (DPIC) | **ဥက္ကဋ္ဌ။** ခရိုင်အုပ်ချုပ်ရေးမှူး<br>**အတွင်းရေးမှူး။** ခရိုင်စီမံကိန်းမှူး<br>**တွဲဖက်အတွင်းရေးမှူး။** ခရိုင်ကျေးလက်ဦးစီးမှူး<br>**အဖွဲ့ဝင်များ။** ခရိုင်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖ ကိုယ်စားလှယ်များ | • TPIC မှ စီမံကိန်းများကို S/RPIC သို့ တင်သွင်းခြင်းမပြုမီ စစ်ဆေးခြင်း။<br>• လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော စီမံကိန်းများကို ဦးစားပေးခြင်း။ |
| မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီများ (TPIC) | **ဥက္ကဋ္ဌ။** မြို့နယ်အုပ်ချုပ်ရေးမှူး<br>**အတွင်းရေးမှူး။** မြို့နယ်စီမံကိန်းမှူး<br>**တွဲဖက်အတွင်းရေးမှူး။** မြို့နယ်ကျေးလက်ဦးစီးမှူး<br>**အဖွဲ့ဝင်များ။** မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖ ကိုယ်စားလှယ်များ | • ဒေသန္တရ ဦးစားပေးကိစ္စရပ်များကို ဖော်ထုတ်ရန်နှင့် မြို့နယ်ဦးစီးဌာနများမှ လုပ်ငန်းစီမံချက်များကို စစ်ဆေးခြင်း။<br>• လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော စီမံကိန်းများကို ဦးစားပေးခြင်း။<br>• သဘောတူသော လုပ်ငန်းစီမံချက်များကို DPIC သို့ တင်သွင်းခြင်း။ |

အခြေခံအဆောက်အအုံ ဦးစားပေးကိစ္စရပ်များအပေါ် ဆုံးဖြတ်ရေး၌ မြို့နယ်အဆင့် အုပ်ချုပ် ရေး အစုအဖွဲ့များ ကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပေးထားသည့် ဒေသန္တရ ဖွံ့ဖြိုးရေး ရန်ပုံငွေများ (အောက်တွင် အသေးစိတ် ဖော် ပြထား) တွင်လည်း ကိုယ်ပိုင် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများရှိ သည်။ မဲဆန္ဒနယ် ဖွံ့ဖြိုးရေး ရန်ပုံငွေ (CDF) သည် ဒီချုပ် အစိုးရ လက်ထက်အထိ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ငွေကြေး ထောက် ပံ့မှု ဆက်လက်ရှိလျက်ရှိသည့် တစ်ခုတည်းသော ရန်ပုံငွေဖြစ်ပြီး၊ မြန်မာနိုင်ငံရှိ မြို့နယ်အားလုံးတွင်ရှိကာ အသေးစား အခြေခံ အဆောက်အအုံ စီမံကိန်းများအတွက် တစ်မြို့နယ်လျှင် သိန်းတစ် ထောင်ကျပ် ထောက်ပံ့ငွေ ရရှိစေသည်။[၂၈] အဆိုပါ ရန်ပုံငွေကို လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ[၂၉] ဖြင့် သတ်မှတ် ပြဋ္ဌာန်း ပေးခဲ့ခြင်းဖြစ်ပြီး တစ်ဆက်တည်းမှာပင် သက်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ[၃၀] လည်း ထုတ်ပြန်ပေးခဲ့သည်။ အဆိုပါ ဥပဒေဖြင့် စီမံကိန်း အကောင် အထည်ဖော်ရေး အဖွဲ့များကိုပါ ဖွဲ့စည်းပေးခဲ့ပြီး ယင်းအဖွဲ့များတွင် မြို့နယ်အတွင်းရှိ လွှတ်တော် ကိုယ်စားလှယ် တစ်ဦးမှ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ပြီး၊ အဆိုပါ မြို့နယ်အတွင်း ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များမှ အဖွဲ့ဝင်များအဖြစ်ဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ DRD နှင့် စည်ပင်သာယာရေးအဖွဲ့(DAO)မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အတူ တွဲဖက်အလုပ်လုပ်ကြသည်။ ယင်းအဖွဲ့သည် ရပ်ရွာ လိုအပ် ချက်များနှင့် ကိုက်ညီမည့် စီမံကိန်းများကို ဖော်ထုတ်ပြီး (အပိုဒ် ၉က) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရာ၌ ဒေသခံ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ရယူနိုင်မည့် နည်းလမ်းများကို အသုံး ပြုရသည် (အပိုဒ် ၉ခ)။ သောက်သုံးရေ ရရှိရေး စီမံကိန်းများ၊ ကျေးရွာလမ်းများနှင့် တံတားများကို ဥပဒေတွင် ထင်ရှားစွာ ကိုးကား ဖော်ပြထားသော်လည်း ပြည်သူလူထု အမှန်တကယ် လိုအပ်နေသည့် အခြားလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန် ခွင့်ပြုထားသည် (အပိုဒ် ၁၂)။

## ၂.၂။ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းအတွက် မူဝါဒရေးရာ မူဘောင်မှာ အဘယ်နည်း။

### ပြည်ထောင်စု အစိုးရ၏ မူဝါဒ

စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များ ခိုင်မာအားကောင်း အောင် ဆောင်ရွက်ရန် လိုအပ်သည်ဟူသောအချက်ကို ၂၀၁၁ ခုနှစ် နောက်ပိုင်းမှစ၍ အာဏာရလာသည့် အသွင်ကူးပြောင်းရေးကာလ အစိုးရ နှစ်ရပ်လုံး (ပြည်ခိုင်ဖြိုးနှင့် ဒီချုပ်) မှ ကောင်းစွာ အသိအမှတ် ပြုကြသည်။ သမ္မတ ဦးသိန်းစိန် ဦးဆောင်သော ပြည်ခိုင်ဖြိုး အစိုးရ လက်ထက်တွင် ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်ရန် ဟူသော အစိုးရ ရည်မှန်းချက်ကြောင့် ဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အမြောက်အမြားပြုလုပ်ခဲ့ရာ စီမံကိန်းနှင့်ဘတ်ဂျက် ရေးဆွဲခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကိုလည်း အထောက်အကူ ဖြစ်စေခဲ့သည်။

နမူနာ ပြုပြင်ပြောင်းလဲရေးတစ်ရပ်မှာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အဆင့်များတွင် အထောက်အကူပြုကော်မတီများ ပေါ်ပေါက်လာစေခြင်းနှင့်အတူ ဒေသန္တရကော်မတီများ၏ အခန်း ကဏ္ဍကို တိုးချဲ့ပေးလိုက်ခြင်း ဖြစ်ပြီး၊ "အထွေထွေ အုပ်ချုပ်ရေးမှူး များ၏ အခွင့်အာဏာကို ရပ်ရွာ၏ ပူးပေါင်းပါဝင်မှုဖြင့် ထိန်းညှိ"[၃၁] ရန် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနည်းလမ်းများကို အသုံးပြု လာခဲ့သည်။ ရှေ့ပိုင်းတွင် အသေးစိတ် ဖော်ပြခဲ့သည့် PIC များအပြင် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများ (DSCs) ကို မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု အဆင့်များ[၃၂] တွင် ဖွဲ့စည်းပေး လိုက်ပြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် သက်ဆိုင်ရာ မြို့နယ် အုပ်ချုပ်ရေးပိုင်းကို အထောက်အကူပြုနိုင်ရန် ဒေသခံ အကျိုးစီးပွား ပါဝင်နေသည့် အုပ်စုပေါင်းစုံအတွက် ဝိုင်းဖွဲ့ဆွေးနွေး စရာ နေရာများအဖြစ် အသုံးပြုနိုင်လာသည်။ DSC များတွင် ကဏ္ဍ ပေါင်းစုံ၊ အလုပ်သမား အဖွဲ့အစည်းများနှင့် အရပ်ဘက် အဖွဲ့ အစည်းမှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ DSC အဖွဲ့ဝင်များသည် ရပ်ရွာ၏ လိုအပ်ချက်များနှင့် ဦးစားပေး ဆောင် ရွက်ရမည့် ကိစ္စရပ်များကို အတည်ပြုပေးရပြီး၊ သက်ဆိုင်ရာဌာန များကို အကြံပေးအဖြစ် ကူညီဆောင်ရွက်ပေးရင်း ၎င်းဌာနများ စီမံကိန်းရေးဆွဲရာ၌ အဆိုပါ လိုအပ်ချက်များကို ထည့်သွင်းပေး ရသည်။[၃၃] သို့သော် DSC များတွင် ဒေသခံ ပြည်သူများနှင့် ပုံမှန် တိုင်ပင်ဆွေးနွေးရန် တရားဝင် သတ်မှတ်ထားသည့် လုပ်ထုံး လုပ်နည်း မရှိပေ။[၃၄] ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများ ကျင်းပပြု လုပ်ပြီးသည့် နောက် ဒီချုပ်အစိုးရ၏ အဦးဆုံး ဆောက်ရွက်ချက် များအနက် တစ်ခုမှာ ၂၀၁၆ ခုနှစ်တွင် သမ္မတ အမိန့်ဖြင့် DSC များကို ဖျက်သိမ်း လိုက်ခြင်း ဖြစ်သည်။[၃၅, ၃၆]

ထွေအုပ်ရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုများကို အကူအညီပေးရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး ကော်မတီများ (TDACs) ကိုလည်း တည်ထောင်ဖွဲ့စည်းခဲ့သည်။ TDAC များ၏ အခန်းကဏ္ဍမှာ အုပ်ချုပ်ရေးပိုင်းမှ အမိန့်ထုတ်ပြန်၍ ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ ပြည်နယ်/တိုင်းဒေသကြီး ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားခြင်း ဖြစ်သည်သာမက အကြံပေးရုံသက်သက်မဟုတ်ဘဲ ကိုယ်ပိုင်ဆုံးဖြတ် ပိုင်ခွင့် အာဏာများရှိသည်ဖြစ်၍ ထူးခြားသည်ဟု ဆိုရမည်။ TDAC ၏ ရည်ရွယ်ချက်တွင် ပြည်သူလူထုအတွက် ဦးစားပေးဆောင်ရန် ကိစ္စရပ်များကို စဉ်းစားပေးရန်နှင့် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှု အောင်မြင်စေရန်ဟူ၍ နှစ်ပိုင်းပါဝင်သည်။ မြို့နယ် စည်ပင်သာယာရေး ရန်ပုံငွေများကို နှစ်စဉ် စီမံကိန်းနှင့်

ဘတ်ဂျက်ရေးဆွဲခြင်း ပြုလုပ်ရာတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့များနှင့် တွဲဖက်၍ TDAC များမှ ဦးစားပေးကိစ္စရပ်များကို သတ်မှတ်ပေးသည်။[၈၇] ဤနည်းဖြင့် TDAC များကို ရွေးကောက်ခံ မြူနီစီပယ် ကောင်စီ၏ ကနဦးပုံစံတစ်ရပ်အဖြစ် ရှုမြင်နိုင်သည်။ TDAC ၏ ဩဇာ သက်ရောက်မှုမှာ မြို့နယ်တစ်ခုနှင့်တစ်ခု ကွာဟမှု ရှိဟန်တူပြီး၊ အချို့ TDAC များသည် လုပ်ငန်းဆောင် တာများအပေါ် အနည်းငယ်သာ ဩဇာလွှမ်းမိုးမှု ရှိသည်။ TDAC ရွေးကောက်ပွဲ များနှင့် သက်ဆိုင်သည့် ယခင်သုတေသန[၈၈] နှင့် ယင်းနောက်ပိုင်း ပြုလုပ်သည့် ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲများနှင့် သက်ဆိုင်သည့် သုတေသန[၈၉] တို့အရ ကော်မတီအဖွဲ့ဝင်များ ရွေးချယ်ခြင်း သို့မဟုတ် ရွေးကောက် ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကြား ကွာဟမှု ကျယ်ပြန့် သည်ကို တွေ့ရှိရသည်။ DSC များကဲ့သို့ပင် TDAC များတွင်လည်း ဒေသခံ ပြည်သူများနှင့် ဆက်ဆံဆောက်ရွက်ရန် တရားဝင် လုပ်ထုံးလုပ်နည်းများ မရှိပေ။[၉၀]

ဒေသန္တရ ကော်မတီများ ဖွဲ့စည်းခြင်းအပြင် ပြည်နိုင်ဖြိုး အစိုးရ လက်ထက်တွင် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေ (PRF)၊ (ရှေ့တွင် ဖော်ပြခဲ့သည့်) CDF နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ (RDF) တို့ကဲ့သို့သော ဒေသန္တ ဖွံ့ဖြိုးရေး ရန်ပုံငွေများ (LDFs) ထူထောင် ပေးခြင်းဖြင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို တုံ့ပြန် ဆောင်ရွက်မှု ပိုမိုမြင့်မားစေရန် ရည်ရွယ်သည့် ဘဏ္ဍာငွေ ထောက်ပံ့မှုအပေါ် ဒေသန္တရ အုပ်ချုပ်ရေး ဇာတ်ကောင်များ၏ ကိုယ်ပိုင်လွတ်လပ်ခွင့် ပိုမိုရရှိလာစေခဲ့သည်။[၉၁] အသေးစား အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် အဓိက အသုံးပြု ရသည့် PRF ၊ CDF ၊ နှင့် RDF တို့သည် မြန်မာနိုင်ငံရှိ မြို့နယ် အားလုံးတွင် ရရှိနိုင်သည့် အနည်းငယ်သော ရန်ပုံငွေများသာ ဖြစ်ကြသည်။[၉၂] LDF များနှင့် ယင်းတို့ကို စီမံခန့်ခွဲသည့် အဖွဲ့အစည်း ယန္တရားများကို ထူထောင်ရာ၌ အဆောတလျင် ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရခြင်း၏ အဓိပ္ပါယ်မှာ ယေဘုယျအားဖြင့် ဘဏ္ဍာရေး စီမံခန့်ခွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အထူးသဖြင့် ရပ်ရွာ လူထု၏ ပူးပေါင်းပါဝင်မှုတို့အတွက် နည်းလမ်းတကျ လုပ်ထုံး လုပ်နည်းများ မရှိသောကြောင့်ဟု ယူဆရပေမည်။ DSC များနှင့် TDAC တို့တွင် ပြည်သူ့ ကိုယ်စားလှယ်များအဖြစ်ဖြင့်သာ သွယ်ဝိုက် ပါဝင်ရသည်ဖြစ်ရာ ပြည်သူလူထု၏ ပူးပေါင်း ပါဝင်မှုမှာ အလွန်တရာ ဘောင်ကျဉ်းလှသည်။[၉၃] CDF မှအပ LDF များအတွက် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ငွေကြေးထောက်ပံ့မှု များအားလုံး ၂၀၁၇ ခုနှစ်တွင် ရပ်ဆိုင်းသွားခဲ့သော်လည်း ပြည်နယ်/တိုင်းဒေသကြီး အစိုးရအချို့ သည် ၎င်းတို့နှင့် သက်ဆိုင်သည့် ဒေသများအတွင်းရှိ PRF အတွက် ဘဏ္ဍာငွေ ဆက်လက်ထောက်ပံ့လျက်ရှိကြသည် (အသေးစိတ်ကို အစီရင်ခံစာနောက်ပိုင်းတွင် ဖော်ပြထား)။

နောက်ဆုံးအနေဖြင့် ပြည်နိုင်ဖြိုး အစိုးရသည် သက်ဆိုင်ရာ စီရင်စုများတွင် ဒေသခံ ရပ်ရွာအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး (W/VTA) များ အတွက် ပီပြင်သော လုပ်ငန်းတာဝန်ရရှိစေရေးအတွက် ၎င်းတို့၏ အခန်းကဏ္ဍကို ပြုပြင်ပြောင်းလဲခဲ့သည်။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပထမဆုံး အကြိမ် ပြဌာန်းပေးခဲ့ပြီး ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရာ၌ ကြီးစွာသော သက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့ပြီး၊ ရပ် / ကျေး အုပ်ချုပ်ရေးမှူးများ ရွေးကောက် တင်မြှောက်ရာတွင်လည်း သွယ်ဝိုက်သော သက် ရောက်မှုရှိခဲ့သည်။[၉၄] ယင်း ဥပဒေကို ပြင်ဆင်ချက် နှစ်ကြိမ် (၂၀၁၆ ခုနှစ် ဇန်နဝါရီလနှင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ) ပြုလုပ်ခဲ့ပြီး ရွေးကောက်ပွဲ ကျင်းပပြုလုပ်သည့် ပုံစံများကို ပြောင်းလဲခဲ့သည်။[၉၅] ဆင်းရဲမှု လျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူး၏ အခန်းကဏ္ဍကို တိကျစွာ သတ်မှတ် ပြဌာန်း မထားသည့်တိုင် ဒေသန္တရ စီမံကိန်းများ ရေးဆွဲရေး၌ ဦးစားပေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် ၎င်း၏ အခန်းကဏ္ဍမှ တိုး၍အရေးပါလာသည်။

မြန်မာနိုင်ငံ၏ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများကို ဒီချုပ်အစိုးရ လက်ထက်အထိ ဆက်လက် ဆောင်ရွက်လာခဲ့ပါသည်။ ဒီချုပ် ဦးဆောင်သော အစိုးရမှ DSC များကို ဖျက်သိမ်းကာ LDF အချို့ကို ဘဏ္ဍာငွေ ထောက်ပံ့မှု ရပ်ဆိုင်း ခဲ့သော်လည်း "အောက်- အထက် စီမံကိန်းရေးဆွဲခြင်း" ကို အသစ် စတင်၍ အလေးပေးဆောင်ရွက်လာခဲ့သည်။ ဤနည်းဖြင့် ဒေသန္တရ အဆင့် အစုအဖွဲ့များ မှာ ၎င်းတို့ဒေသ၏ လိုအပ်ချက်များကို ကောင်းစွာသိရှိရန် လိုအပ်ပြီး၊ ဘတ်ဂျက်များမှာလည်း ယင်းဒေသ တွင်း ဖော်ဆောင်သည့် လိုအပ်ချက်များအပေါ် တုံ့ပြန်မှုအလွန် အားကောင်းရန် လိုလာခဲ့သည်။ အဆိုပါ ကြိုးပမ်းအားထုတ်မှုများကို ထောက်ပံ့သည့်အနေဖြင့် ဒီချုပ်အစိုးရသည် PIC များ ပိုမိုအား ကောင်းစေရေးနှင့် ဒေသန္တရ စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်များ၌ မြို့နယ်တွင်းမှ လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ မြင့်မား စေရေးတို့အတွက် အားပေးဆောင်ရွက်လာခဲ့သည်။ အဆိုပါ ဖြစ်စဉ်နှစ်ရပ်လုံးကို အခန်း ၃ တွင် အသေးစိတ် လေ့လာတင်ပြ ထားပါသည်။

ဒီချုပ်အစိုးရသည် ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "အောက်- အထက် စီမံကိန်းရေးဆွဲခြင်း" တွင် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့သည့်အပြင် ပြည်ထောင်စုအဆင့်တွင်လည်း နည်းဗျူဟာ ကျသော စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်း (အထူးသဖြင့် အကြီးစား အခြေခံအဆောက်အအုံ စီမံကိန်းများနှင့် စပ်လျဉ်း၍) အားကောင်းစေရေးအတွက် မြှင့်တင်ဆောင်ရွက်နိုင်ရန် မူဝါဒ အသစ်များ ချမှတ်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း ဒီချုပ် အစိုးရသည် အချက် ၁၂ ချက် ပါဝင်သော နိုင်ငံတော်၏ စီးပွားရေး မူဝါဒကို ထုတ်ပြန်ခဲ့ပြီး၊ များမကြာမီမှာပင် မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP)[၉၆] ထွက်ပေါ်လာခဲ့ရာ ၎င်းမှာ ယနေ့အချိန်ထိ ဒီချုပ်အစိုးရ ထုတ်ပြန်ခဲ့သည့် မူဝါဒများအနက် အသေးစိတ် အကျဆုံး ထုတ်ပြန် ချက်ဖြစ်သည်။ MSDP တွင် လုပ်ငန်းစဉ် ၂၃၈ ခုနှင့် မဟာဗျူဟာ ၂၈ ခု ပါရှိပြီး ၎င်းတို့ကို မဏ္ဍိုင်သုံးရပ်အတွင်းမှ ပန်းတိုင် ငါးရပ်အပေါ် အခြေတည်ထားသည်။ လုပ်ငန်းစဉ်များ၏ တိကျမှုနှင့် အသေးစိတ် ဖော်ပြပါရှိမှုတို့မှာ တစ်ခုနှင့်တစ်ခု ကွာခြားသော်လည်း အများစုတွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းကို ပုံဖော်ပေးမည့်

မဟာဗျူဟာကျ ဦးစားပေး ကိစ္စရပ်များကို ရှင်းလင်းစွာ ဖော်ပြထားသည်။ MSDP တွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သည့် လုပ်ငန်းစဉ်များလည်း ပါရှိသည်ဖြစ်ရာ ၎င်းတို့ကို အောက်ပါအတိုင်း စာရင်းပြုစုထားပါသည်။

- စံချိန်စံညွှန်းနှင့် ကိုက်ညီသော ရ/သုံးမှန်းခြေငွေစာရင်း ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းနှင့် ငွေစာရင်း စစ်ဆေးခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်တွင် လွှတ်တော်၏ ကြီးကြပ်ထိန်းကျောင်းမှု မြှင့်တင်ခြင်းဖြင့် အစိုးရကဏ္ဍ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု တိုးမြှင့်ရန် (ညွှန်း၊ ၁.၄.၂)
- အစိုးရ၏အဆင့်တိုင်းတွင် ပါဝင်ပတ်သက်သည့် လုပ်ငန်းစဉ် အပေါ် အခြေခံ၍ အားလုံးပါဝင်သော စီမံကိန်းရေးဆွဲသည့် အလေ့အထကို ခိုင်မာစေရန် (ညွှန်း၊ ၁.၅.၄)
- ဘဏ္ဍာငွေအားလုံး ပွင့်လင်းမြင်သာမှု သိသာစွာ တိုးတက်လာစေရန် (ညွှန်း၊ ၂.၄.၁)
- ဘဏ္ဍာငွေ တင်ပြတောင်းခံခြင်းနှင့် မလိုအပ်သည့် အသုံးစရိတ်များကို ဖြတ်တောက်စိစစ်ခြင်းတို့ကို စောင့်ကြည့် လေ့လာမှုများ ပိုမိုအားကောင်းလာစေရန် (ညွှန်း၊ ၂.၄.၄)
- နိုင်ငံအဆင့်မဟာဗျူဟာကျ အခြေခံအဆောက်အအုံ စီမံချက်အတွက် ပြဋ္ဌာန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် အခွန်ဖြန့်ဝေမှုနှင့် ရပိုင်ခွင့် စီမံခန့်ခွဲခြင်းနှင့် ဆက်စပ်သည့် ကိစ္စရပ်များ အပါအဝင် နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲရေး အရည်အသွေးကို မြှင့်တင်ခြင်း (ညွှန်း၊ ၂.၄.၅)
- အဆင့်တိုင်းတွင် ဘဏ္ဍာရေး လုပ်ငန်းစဉ်၌ ပြည်သူတို့၏ ပါဝင်မှု ပမာဏ ပိုမိုကြီးထွားလာရေးနှင့် အားလုံးပိုမို ပါဝင်နိုင်ရေးကို တွန်းအားပေးရန် (ညွှန်း၊ ၂.၄.၆)
- ကျားမတန်းတူညီမျှမှုကို အားပေးစေနိုင်မည့် ရသုံးမှန်းခြေငွေစာရင်း တစ်ခုအဖြစ် ပုံပေါ်လာစေရေး ပေါင်းစည်းဆောင်ရွက်ရန် (ညွှန်း၊ ၂.၄.၇)
- ဖွံ့ဖြိုးမှုနှင့် စီမံကိန်း လုပ်ငန်းစဉ်များ၏ အဆင့်တိုင်းတွင် ကျယ်ပြန့်စွာ ပါဝင်မှုကို အခြေခံသော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာများ အားပေးမြှင့်တင်၍ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ရန် (ညွှန်း၊ ၅.၁.၁)
- ကဏ္ဍအားလုံးအတွက် မူဝါဒများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် သဘာဝဘေးအန္တရာယ် လျှော့ချခြင်းနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ထိခိုက်မှုများ လျော့နည်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များထည့်သွင်း ပေါင်းစပ်ရန် (ညွှန်း၊ ၅.၂.၁)

MSDP ထုတ်ပြန်ပြီးသည့်နောက် ပြည်ထောင်စု အစိုးရမှ ***စီမံကိန်းဘဏ်*** ထူထောင်ပေးခဲ့ပြီး ယင်းမှနေ၍ စုစုပေါင်း မြန်မာကျပ်ငွေ နှစ်ဘီလီယံအထက်တန်ဖိုးရှိသည့် အကြီးစား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဖော်ထုတ်ခြင်း၊ စိစစ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ဦးစားပေးခြင်း လုပ်ငန်းစဉ်သစ်တစ်ရပ်ကို ပြုလုပ်နိုင်သည်။ စီမံကိန်းဘဏ်၏ အောက်တွင် နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ (NECC) နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ စီမံကိန်းများ စိစစ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ဦးစားပေးခြင်းတို့တွင် အတူပူးပေါင်းညှိနှိုင်းကာ ဦးဆောင်ကြသည်။ စီမံကိန်း ဘဏ်မှ တစ်ဆင့် အစိုးရဘတ်ဂျက်များ၊ ODA ၊ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတို့အနက် သင့်လျော်သည့် မည်သည့်စီမံကိန်းအား ငွေကြေးထောက်ပံ့မှု ပြုလုပ်သင့်သည်ကို သတ်မှတ်သည်။ စီမံကိန်းဘဏ် အတွက် ပုဂ္ဂလိက ကဏ္ဍရင်းနှီးမြှုပ်နှံမှုကို အသစ် ထူထောင်ဖွဲ့စည်းထားသည့် စီမံ/ဘဏ္ဍာ ဝန်ကြီးဌာနရှိ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဌာန (PPP Center) မှ စီမံခန့်ခွဲသည်။ စီမံကိန်းဘဏ်သည် အများပြည်သူ လက်လှမ်းမီသည့် ဒေတာဘေ့စ် ဖြစ်သည့်အတွက် အစိုးရ၏ ငွေကြေးသုံးစွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ပွင့်လင်းမြင်သာမှု မြင့်မားစေသည်။


၂၀၁၈ ခုနှစ်တွင် ဒီချုပ်အစိုးရသည် အချက် ၁၂ ချက်ပါ စီးပွားရေး မူဝါဒကို အခြေခံ ရေးဆွဲထားသည့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု (PFM) မဟာဗျူဟာတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။[၄၇] ယင်းမဟာဗျူဟာတွင် ရသုံးမှန်းခြေငွေစာရင်းများကို မူဝါဒနှင့် ချိတ်ဆက်မှု ရှိစေရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည် အခြေပြုဖြစ်စေရန်နှင့်၊ ပြည်ထောင်စုနှင့် ပြည်နယ် / တိုင်းဒေသကြီး အစိုးရများကြား ရငွေနှင့်သုံးငွေ တာဝန်များ ပိုမိုရှင်းလင်းမှု ရှိစေရန် အစီအမံများ ပါရှိသည်။ အဆိုပါ မဟာဗျူဟာတွင် လက်ရှိ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများမှာ လုံလောက်မှုမရှိကြောင်း၊ ဘတ်ဂျက် စိစစ်မှုနှင့် အစီရင်ခံမှုပိုင်းကို တိုးတက်အောင် ပြုလုပ်ရန် လိုအပ်နေသည်ဟူသော ကိစ္စရပ်အပါအဝင် ထိရောက်သော ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပြုလုပ်ရာတွင် မြောက်မြားစွာသော စိန်ခေါ်မှုများ ရှိသည့်အချက်ကို အသိအမှတ်ပြုထားသည်။ မဟာဗျူဟာတွင် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ခေတ်မီအောင် ပြုပြင်ရေး အစီအစဉ်၏ ပထမအဆင့်တွင် ပြီးမြောက်အောင်မြင်ခဲ့သည့် လုပ်ငန်း ဆောင်ရွက်မှုများ (၂၀၁၂ မှ ၂၀၁၇)၊ ဒုတိယအဆင့်တွင် ပြီးမြောက်အောင် ဆောင်ရွက်ရန် ရှိသည်များ (၂၀၁၈ မှ ၂၀၂၂) နှင့် တတိယ အဆင့်တွင် ပြီးမြောက်အောင် ဆောင်ရွက်ရန် ရှိသည်များကို (ဒုတိယ အဆင့် ပြီးဆုံးပြီး နောက် ၈ နှစ်မှ ၁၂ နှစ်အတွင်း) စာရင်းပြုစုတင်ပြထားသည်။ ဒုတိယအဆင့်တွင် မဟာဗျူဟာအရ "အထက်-အောက် ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲနည်းကို ဝန်ကြီးဌာနများမှ လာသည့် အောက်မှအထက် တောင်းဆိုမှုများနှင့် ပိုမိုအလေးအနက်ထားပေါင်းစပ်ရန်" ရည်ရွယ်ထားသည်။[၄၈] တတိယ အဆင့်တွင်မူ "အရအသုံးခန့်မှန်းငွေစာရင်းနှင့် စီမံကိန်း ရေးဆွဲသည့် လုပ်ငန်းစဉ်များကို ပြီးမြောက်အောင် ဆောင်ရွက်ပြီး တစ်ခုတည်းသော နည်းဗျူဟာကျ စီမံကိန်းနှင့် ဘတ်ဂျက် ရေးဆွဲခြင်းစနစ် ရရှိစေရန်" စီမံထားပါသည်။[၄၉]

## ကဏ္ဍအလိုက် မူဝါဒများ


ပြည်ထောင်စုအစိုးရမူဝါဒအပြင် ကဏ္ဍအလိုက် သက်ဆိုင်ရာ ဦးစီးဌာနများတွင်လည်း အဓိကကျသော ဌာနဆိုင်ရာ ရည်မှန်းချက်များနှင့် ဦးစားပေးလုပ်ငန်းများ၏ သတ်မှတ်ချက် များမှတစ်ဆင့် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များကို လမ်းညွှန်ချက်ပေးသည့် ကိုယ်ပိုင် မူဝါဒများ ရှိကြသည်။ အချို့သော ဦးစီးဌာန

## ပုံ ၂.၂ အမျိုးသားလမ်းပင်မစီမံချက်မှ အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမြန်လမ်းမကြီးများနှင့် ပင်မလမ်းများ

အမြန်လမ်း




ပင်မလမ်း




များနှင့် ဝန်ကြီးဌာနများအတွက် အဆိုပါ အစီအမံများ၌ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ ကျင့်ထုံးများ ပိုမိုကောင်းမွန်လာအောင် ဖော်ဆောင်ရေးနှင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတို့ လိုအပ်ချက်သည်ဟု အတိအကျ ရည်ညွှန်းဖော်ပြထားသည်။ ဥပမာ အမျိုးသား ကျန်းမာရေး စီမံကိန်း (၂၀၁၇-၂၀၂၁)[၅၀] တွင် လက်ရှိ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ်များနှင့် လုပ်ငန်းစဉ်များသည် ထိရောက်ကောင်းမွန်သော ကျန်းမာရေး စောင့်ရှောက်မှုကို "အားဖြည့်ကူညီရမည့်အစား အဟန့်အတားဖြစ်စေသည်"[၅၁] ဟု ဆိုထားသည်။ ဘတ်ဂျက်လုပ်ငန်းစဉ် တစ်ခုလုံးတွင် အကျပ်အတည်း အခက်အခဲများ ပြည့်၍နေပြီး "စီမံကိန်းများနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့အကြား မည်သည့်အဆက်အစပ်မှ ရှိမနေ" ဟု သိရသည်။[၅၂] ဘတ်ဂျက် ခွဲဝေမှုများမှာလည်း ရှင်းလင်းမှု၊ ပွင့်လင်းမြင်သာမှုတို့ မရှိဘဲ အောက်အဆင့်များရှိ အကောင်အထည်ဖော် ဆောင်ရွက်သူများနှင့် တိုင်ပင် ဆွေးနွေးမှု အနည်းငယ်သာပြုလုပ်ပြီး လိုအပ်ချက်ပေါ် အခြေမခံဘဲ အစဉ်အဆက် ခွဲဝေနေကျ ပုံစံအတိုင်းသာ ဆောင်ရွက်လျက် ရှိနေသည်ဟုလည်း သိရသည်။ ယင်းစီမံကိန်းတွင် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းပါ ကန့်သတ်ချက်များကြောင့် တင်ဒါလုပ်ငန်းများတွင် နှောင့်နှေးမှုများ ဖြစ်ပေါ်စေခြင်း၊ ထိန်းသိမ်းမှုပြုလုပ်ရန် လုပ်ငန်းဘတ်ဂျက် မရှိခြင်း (ထိန်းသိမ်းရေး လုပ်ငန်းဆက်လက် ဆောင်ရွက်နိုင်ရေး အတွက် ဘတ်ဂျက် ညှိနှိုင်းဆောင်ရွက်ခွင့် မပြုခြင်း) နှင့် ဘဏ္ဍာနှစ်အတွင်း ဘတ်ဂျက်များ ပြန်လည်ခွဲဝေပေးရာ၌ စိန်ခေါ်မှုများရှိနေခြင်းတို့ကိုလည်း မှတ်တမ်းတင်ထားပါသည်။

**ပညာရေး။** ပညာရေးတွင်မူ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၁ (NESP)[၅၃] ၂၀၁၁-၁၂ ခုနှစ် ကတည်းက စာသင်ကျောင်းအခြေခံအဆောက်အအုံများတွင် အကြီးစား ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ပြီး၊ စာသင်ကျောင်းသစ်များစွာနှင့် စာသင်ခန်းသစ်များ ဆောက်လုပ်ခြင်း၊ ရှိပြီးသား စာသင်ကျောင်းများနှင့် စာသင်ခန်းများကို ပြုပြင်မွမ်းမံခြင်းတို့ သိသာစွာ တိုးတက်လာသည်ဟု သိရသည်။[၅၄] သို့သော်လည်း များစွာသော ကလေးသူငယ်များ ကျောင်းဆက်လက် တက်ရောက်နိုင်ရန် အခက်အခဲများ ရှိနေသေးကြောင်းနှင့်၊ မြန်မာနိုင်ငံ အဝှမ်းရှိ ကလေးသူငယ်များအားလုံး ကျောင်းတက်ခွင့် ရရှိစေရေးဟူသော အစိုးရ၏ ရည်မှန်းချက်ကိုပါ စီမံကိန်းတွင် ဖော်ပြထားသည်။ စာသင်ကျောင်းများ၏ ဒီဇိုင်းပုံစံနှင့် ကျောင်းသုံးပစ္စည်းများတွင် စံနှုန်း သတ်မှတ်ချက် မရှိကြောင်း၊

ကျောင်းဆောက်လုပ်ရေး လုပ်ငန်းတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး၊ ရေ၊ မိလ္လာနှင့် သန့်ရှင်းရေး (WASH) စံနှုန်းသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်းကိုပါ NESP တွင် ထည့်သွင်း ဖော်ပြထားသည်။

စီမံကိန်းတွင် မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်များနှင့် မိဘဆရာအသင်းများ (PTAs) ကို အားပေးသွားရန် (စည်းမျဉ်း ၃) ဖော်ထားပြီး၊ သို့မှသာလျှင် ၎င်းတို့အနေဖြင့် ၎င်းတို့ကျောင်းများတွင် အပြောင်းအလဲများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ရာ၌ အကူအညီ ပေးနိုင်မည် ဖြစ်သည်။ NESP ပါ အားပေးကူညီမှု၏ သာဓကပြ တစ်ခုမှာ အမျိုးသား စာသင်ကျောင်းများ ငွေကြေးအထောက်အပံ့ အစီအစဉ် ဖြစ်ပြီး၊ ၎င်းအကူအညီဖြင့် စာသင်ကျောင်းများသည် လုပ်ခလစာမဟုတ်သော သာမန်အသုံးစရိတ်များကို စီမံခန့်ခွဲရာ၌ ကိုယ်ပိုင်လွတ်လပ်ခွင့် ပိုမိုရရှိလာမည်ဖြစ်သည်။

အရေးပါသည့်အချက်မှာ NESP တွင် ငွေကြေးသုံးစွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်ပုံနှင့် ဘတ်ဂျက်သုံးစွဲပုံတို့ကို ပိုမိုကောင်း မွန်စွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း အသိအမှတ် ပြုထားသည်။ "လက်ရှိ အခြေအနေတွင် ဘဏ္ဍာငွေ သုံးစွဲရေး ဆုံးဖြတ်ချက်များကို ကြီးကြပ် ထိန်းညှိမည့် မူဝါဒနှင့် ဦးစားပေး လုပ်ငန်းအစီအစဉ် ချမှတ်ထားခြင်း စနစ်တစ်ရပ် လိုအပ်နေပါသည်။ ထို့အပြင် ပညာရေးကဏ္ဍ တစ်ခုလုံး၏ ဘဏ္ဍာငွေများ ခွဲဝေပေးရာတွင် သာတူညီမျှမှု အားနည်းပါသည်. . .  ထို့ပြင် ပထဝီဝင် အနေအထားအရ သင်ယူမှုအခွင့်အလမ်း နည်းပါးသော ဒေသများနှင့် လူမှု စီးပွားရေး ပိုမိုနိမ့်ပါးသော ဒေသများ၏ လိုအပ်ချက်များနှင့် ကျား၊ မ လိုအပ်ချက်များအရ တိုးမြှင့်ခွဲဝေရေးဆွဲထားသော ဘဏ္ဍာငွေ အသုံးစရိတ် စာရင်းများအား ပိုမိုထိရောက်စွာ ချမှတ်သုံးစွဲခြင်းဖြင့် သာတူညီမျှ ရှိရေးကို ဦးတည်ဆောင်ရွက်ရန် လိုအပ်ပါသည်။"[၅၅]


**လမ်း။** လမ်းကဏ္ဍတွင် အမျိုးသား အဝေးပြေးလမ်းမ ပင်မစီမံကိန်းနှင့် ကျေးလက်ဒေသလမ်းများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ[၅၆] တို့သည် အဆိုပါကဏ္ဍအတွက် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ လမ်းကြောင်းနှင့် ဦးစားပေး လုပ်ဆောင်မှုများကို ပုံဖော်ပေးသည်။ ပုံ ၂.၂ ပါအတိုင်း အမျိုးသား အဝေးပြေးလမ်းမ ပင်မစီမံကိန်းတွင် ၂၀၃၅ ခုနှစ်အထိ အဝေးပြေးကားလမ်းမများနှင့် အရေးကြီးသော လမ်းမကြီးများ တိုးတက်ကောင်းမွန်စေရေးအတွက် အဆင့်များစွာပါရှိသော စီမံကိန်းတစ်ရပ်ကို ဖော်ပြထားသည်။[၅၇] ပင်မကားလမ်းမကြီးများ ပါဝင်သည့် လမ်းပန်းဆက်သွယ်ရေး ကွန်ရက်တစ်ခုကို ဆောက်လုပ်ရခြင်း၏ သဘောသဘာဝအတိုင်း အဆိုပါ စီမံကိန်းများသည် နှစ်စဉ် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ် ဆောင်ရွက်ရာ၌ အရေးပါသည့် အချက်များကို ပြဌာန်းပေးလိမ့်မည်။

ကျေးလက်ဒေသလမ်းများအတွက်[၅၈] ယင်းမဟာဗျူဟာက "အဆိုပါ လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့် ပြဿနာများကို အဓိက ကိုင်တွယ်ဖြေရှင်းပြီး၊ ၂၀၃၀ ခုနှစ်တွင် ရာသီမရွေး အသုံးပြုနိုင်သည့် လမ်းပန်းဆက်သွယ်ရေးကို ကျေးလက်ပြည်သူဦးရေ ပမာဏများနိုင်သမျှ များစွာရရှိနိုင်ရေးအတွက် ရင်းနီးမြှုပ်နှံရန် လမ်းညွှန်ပေးနိုင်လိမ့်မည်။"[၅၉] ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီမှ အနည်းဆုံး ၈၀ ရာခိုင်နှုန်းသော ကျေးရွာများကို ရာသီမရွေး ဖြတ်သန်းသွားလာနိုင်မည့် လမ်းများ ဖောက်လုပ်ပေးရန် ဟူသော အစိုးရ၏ ပန်းတိုင် ပြည့်မီရေးအတွက် ရင်ဆိုင်ရမည့် ကြီးစွာသော စိန်ခေါ်မှုကိုလည်း မဟာဗျူဟာ ဖော်ပြထားပါ သည်။ မြန်မာနိုင်ငံတွင် စာရင်းရှိ ကျေးရွာများအားလုံး၏ ၁၅ ရာခိုင်နှုန်းမှာ လမ်းဖြင့် ချိတ်ဆက်မထားဘဲ၊ ချိတ်ဆက်ထားသည့် ကျေးရွာများ၏ ၄၀ ရာခိုင်နှုန်းမှာလည်း ခြောက်သွေ့ရာသီတွင်သာ အသုံးပြုနိုင်သည့် လမ်းများဖြင့်သာ ဆက်သွယ်ထားသည့်အတွက် မိုးရာသီတွင် သွားလာ၍ မရတော့ပြန်ချေ။[၆၁] ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး ကွန်ရက်များ ဆောက်လုပ်ရန်အတွက် မဟာဗျူဟာတွင် ဦးစား ပေးမှုများ သတ်မှတ်ထားပါသည်။ လူဦးရေ ၁,၀၀၀ ထက်ပိုသော ကျေးရွာများမှာ ပထမဦးစားပေး ဖြစ်ပြီး၊ ၎င်းကျေးရွာများအားလုံးကို ရာသီမရွေးသွားလာနိုင်သည့် လမ်းများဖြင့် ၂၀၂၀ ခုနှစ်အမီ ချိတ်ဆက်ပေးမည် ဖြစ်သည်။ ဒုတိယ ဦးစားပေးမှာ လူဦးရေ ၅၀၀ ထက်ပိုသော ကျေးရွာများ ဖြစ်ကြပြီး၊ အနည်းဆုံး ၎င်းတို့၏ ၉၅ ရာခိုင်နှုန်းကို ၂၀၂၅ ခုနှစ်အမီ ရာသီမရွေး သွားလာနိုင်သည့် လမ်းများဖြင့် ချိတ်ဆက်ပေးသွားမည် ဖြစ်ပါသည်။ လူဦးရေ ၂၅၀ ထက်ပိုသော ကျေးရွာများမှာမူ တတိယ ဦးစားပေး ဖြစ်ပြီး အနည်းဆုံး ၇၅ ရာခိုင်နှုန်းကို ရာသီမရွေးသွားလာနိုင်သည့် လမ်းများဖြင့် ၂၀၃၀ ခုနှစ်အမီ ချိတ်ဆက်ပေးသွားမည် ဖြစ်ပါသည်။ ၂၀၃၀ ခုနှစ်တွင် လူဦးရေ ၂၅၀ ထက်လျော့နည်းသည့် ကျေးရွာများအားလုံး၏ ၅၀ ရာခိုင်နှုန်းမှာ ရာသီမရွေးသွားလာ နိုင်သည့် လမ်းများဖြင့်ချိတ်ဆက်ပြီး ဖြစ်ပေလိမ့်မည်။[၆၂] လမ်းများ၏ စံချိန်စံညွှန်းများ၊ သတ်မှတ်ချက်များနှင့် အမျိုးအစားများအပြင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး ပင်မကွန်ရက်ကြီး ဆောက်လုပ်ရေးနှင့် ထိန်းသိမ်းရေးအတွက် ကုန်ကျစရိတ် လျာထားချက်များ (မြန်မာကျပ်ငွေ ၃,၄၀၀ ဘီလီယံ) လည်း မဟာဗျူဟာတွင် ဖော်ပြပါရှိပါသည်။

ပြည်နယ်/တိုင်းဒေသကြီးများနှင့် မြို့နယ်များကြား ဘဏ္ဍာငွေ လိုအပ်ချက် ကွာဟလိမ့်မည်ကို နားလည်ထားသည့်အလျောက် မတူညီသော ပြည်နယ်/တိုင်းဒေသကြီးများမှ ကျေးရွာများ၏ နဂိုရှိရင်းစွဲ လမ်းပန်းဆက်သွယ်ရေးအဆင့်များအပြင် လိုအပ်သော ရင်းနှီးမြှုပ်နှံမှု ပမာဏတို့ကို နောင်လာမည့် ဘဏ္ဍာငွေ ခွဲဝေမှုများတွင် ထည့်သွင်းစဉ်းစားပေးရန် မဟာဗျူဟာစာတမ်းမှ အဆိုပြုထားပါသည်။ ပုံ ၂.၃ တွင် ကျေးလက်နေ လူဦးရေနှင့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး ပင်မကွန်ရက်ကြီး တည်ဆောက်ရန်အတွက် ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီအလိုက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများကြား ကွာခြားချက်ကို တင်ပြထားပါသည်။

**လျှပ်စစ်။** ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စုအစိုးရမှ အချက်ကိုးချက်ပါသော အမျိုးသားစွမ်းအင်မူဝါဒ[၆၃] ကို ထုတ်ပြန်ကြေညာခဲ့ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (MOEE) ကို ဦးဆောင်ဌာန

**ပုံ ၂.၃ အဓိက ကျေးလက်လမ်းပန်းဆက်သွယ်ရေး ကွန်ရက်ကို ဘဏ္ဍာငွေ ထောက်ပံ့ခြင်း။ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီအလိုက် ကျေးလက်လူဦးရေနှင့် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်ကြား ကွာခြားချက်။[၆၀]**




အဖြစ်ဆောင်ရွက်စေကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (DRD) ကို မဟာဓါတ်အားလိုင်းပြင်ပ လျှပ်စစ်ဓါတ်အား ရရှိရေးအတွက် ကြီးကြပ်ရန် တာဝန်ပေးအပ်ခဲ့သည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ အမျိုးသား လျှပ်စစ်ပင်မစီမံချက်၊ ကမ္ဘာ့ဘဏ်၏ အမျိုးသား လျှပ်စစ်ဓါတ်အား ရရှိရေးစီမံကိန်းနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ အမျိုးသား လျှပ်စစ်ဖြန့်ဖြူးရေး ပင်မစီမံချက် ဟူ၍ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲထားသည့် အဓိက အမျိုးသားစွမ်းအင်စီမံကိန်း သုံးရပ်ရှိပါသည်။ အမျိုးသား လျှပ်စစ်ဓါတ်အား ရရှိရေးစီမံကိန်း (NEP) အတွက် အစိုးရ၏ ရည်မှန်းချက်မှာ ၂၀၃၀ ခုနှစ်တွင် အိမ်ထောင်စုအားလုံး ရာနှုန်းပြည့် လျှပ်စစ်မီးပေးနိုင်ရေး ဖြစ်သည်။ အဆိုပါ ပန်းတိုင်ပြည့်မီရေးအတွက် ၂၀၁၄ ခုနှစ်မှ ၂၀၃၀ ခုနှစ်ကြား နောက်ထပ် အိမ်ထောင်စုပေါင်း ၇.၂ သန်းကို လျှပ်စစ်မီး သွယ်တန်းပေးရန် လိုအပ်ပြီး၊ အမေရိကန်ဒေါ်လာ ၅.၈ ဘီလီယံကုန်ကျမည်ဖြစ်ကာ၊ ၂၀၁၄ ခုနှစ် အိမ်ထောင်စုဦးရေ ၁၈၉,၀၀၀ မှ ၅၂၀,၀၀၀ အထိ နှစ်စဉ် သုံးဆတိုးပွားလာမည့် ပမာဏအတွက်လည်း သွယ်တန်းမှုပြုလုပ်ပေးနိုင်ရန် လိုအပ်ပေလိမ့်မည်။[၆၄]

အစိုးရအနေဖြင့် အဆင့်ငါးဆင့်ပါ NEP အစီအစဉ်အတိုင်း ဆောင်ရွက်နေသော်လည်း NEP သည် လက်တွေ့ မြေပြင်အခြေအနေနှင့် ကိုက်ညီခြင်းမရှိသည့်အလျောက် ၎င်း၏ ကနဦး မိတ်ဆက်ဆောင်ရွက်ပုံမှာ တိကျသော စီမံကိန်းရေးဆွဲသည့် နည်းလမ်းမဟုတ်ပေ။[၆၅]


**ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး။** ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍရှိ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမူဘောင် (၂၀၁၄) အပြင် NEP ကဲ့သို့သော တိကျသည့် မူဝါဒ စာတမ်းများနှင့် နည်းဗျူဟာများမှ ပုံဖော်သည်။ NEP သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ဝေးလံခေါင်သီသော ဒေသများတွင် မဟာဓါတ်အားလိုင်းပြင်ပ လျှပ်စစ်ဓါတ်အား ရရှိရေးအတွက် တာဝန်များနှင့် ဦးစားပေး ကိစ္စရပ်များကို လမ်းကြောင်းချပေးသည်။

နောက်ထပ် အရေးကြီးသော မဟာဗျူဟာတစ်ရပ်မှာ ကျေးလက်ဒေသ ရေရရှိရေး အမျိုးသားအဆင့် မဟာဗျူဟာအရ ကျောင်းများနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ၌ ရေ၊ မိလ္လာနှင့် သန့်ရှင်းရေး (WASH)[၆၆] ဖြစ်သည်။ WASH မဟာဗျူဟာအရ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက် ဒေသများ၌ ရေ၊ မိလ္လာနှင့် သန့်ရှင်းရေး ဖြည့်ဆည်းပေးရန် တာဝန်ရှိသည်။ အခြား ပြည့်မီအောင် ဆောင်ရွက်ရမည်များအနက် မဟာဗျူဟာတွင် ၂၀၃၀ ခုနှစ်အမီ အိမ်ထောင်စုများအားလုံး ရာနှုန်းပြည့် သောက်သုံးရေ

ရရှိရေးနှင့် အခြား အိမ်သုံးရေ အဆင့်အတန်းပိုမိုကောင်းမွန်လာစေရေးအတွက် ရည်ရွယ်ဆောင်ရွက်ရန်လည်း ပါရှိပါသည်။ ရေစီမံခန့်ခွဲမှုကို သင့်လျော်သည့် အောက်ဆုံးလွှာ အုပ်ချုပ်ရေးမှ အဆင့်မှသာ ပြုလုပ်ဆောင်ရွက်သင့်ပြီး၊ ထိရောက်ကောင်းမွန်သော ဗဟိုချုပ်ကိုင်မှု လျှော့ချရေးအတွက် ရှင်းလင်းသော အခန်းကဏ္ဍနှင့် တာဝန်များ၊ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး၊ ထိရောက်သော ညှိနှိုင်းဆောင်ရွက်မှုနှင့် လုံလောက်သော ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးတို့ လိုအပ်သည့် အကြောင်းကို မဟာဗျူဟာတွင် အသိအမှတ် ပြုထားပါသည်။ နောက်ထပ် မဟာဗျူဟာတွင် ပြောကြားထားသည့် အချက်မှာ ၂၀၃၀ ခုနှစ်တွင် ပန်းတိုင်များကို ဆိုက်ရောက် ပြည့်မီရေး ဆောင်ရွက်ရန် အတွက် ဘဏ္ဍာငွေ အလွန်လိုအပ်လျက်ရှိပြီး[၆၇]၊ လုပ်ငန်းဆိုင်ရာ ကုန်ကျ စရိတ်များနှင့် ဝန်ဆောင်မှု များအပြင် ၎င်းတို့ကို အသုံးပြုမည့် သူများ တတ်နိုင်စွမ်း ရှိမရှိဆိုသော ကိစ္စရပ်များ စသည့် သတင်းအချက်အလက်များမှာလည်း နည်းပါးလွန်းလှသည်။

ပုံ ၂.၄ တွင် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံ၏ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ မူဘောင်မှ ပေါ်ထွက်လာသော စနစ်တွင် ဘဏ္ဍာငွေထောက်ပံ့ခြင်း၊ မူဝါဒချမှတ်ခြင်းနှင့် ဘတ်ဂျက် ဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်ခြင်းတို့သည် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအတွက်သာ ဖြစ်နေသည့် အတွက် ဗဟိုချုပ်ကိုင်မှု ရှိပြီး "အထက်-အောက်" ပုံစံ ဖြစ်နေသည်ဟု ဆိုနိုင်သည်။ ဤအနေအထားသည် မြန်မာနိုင်ငံအတွက် မဆန်းလှသော်လည်း အစိုးရများအနေဖြင့် ဘတ်ဂျက်များကို ရပ်ရွာ၏ လိုအပ်ချက်အလိုက် တုံ့ပြန်ဆောင်ရွက်မှုရှိစေရန် ကြိုးပမ်းရာ၌ အခက်အခဲများ ဖြစ်ပေါ်စေသည်။ လွန်ခဲ့သော နှစ်အနည်းငယ် အတွင်း အစိုးရကျင့်သုံးလာသည့် မူဝါဒပိုင်းဖြေရှင်းနည်းမှာ ရွေး ဖော်ပြပါ စီမံကိန်း ကော်မတီများနှင့် ကော်မရှင်များမှ အကူအညီ ပေးနေသည့် "အောက်-အထက်" စီမံကိန်း ရေးဆွဲရေးလုပ်ငန်းစဉ်ကို အားပေးခြင်းဖြစ်သည်။ အဆိုပါ ကျင့်ထုံး လက်တွေ့တွင် မည်သို့ အလုပ်လုပ်သည်ကို ဤအစီရင်ခံစာပါ အခန်း ၃ တွင် လေ့လာ တင်ပြထားပြီး၊ ယင်းနောက်လာမည့် အခန်း ၄ တွင် ၎င်းကျင့်ထုံး သည် ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်ခြင်းနှင့် မည်သို့ ချိတ်ဆက်နေသည်ကို စဉ်းစားပြထားပါသည်။

**ပုံ ၂.၄ မြန်မာနိုင်ငံရှိ "အထက်-အောက်" ဘဏ္ဍာငွေ ထောက်ပံ့ခြင်း၊ မူဝါဒနှင့် ဘတ်ဂျက်ရေးရာ ဆုံးဖြတ်ချက်များ ပြုလုပ်ပုံ**



## အခန်း ၃

# မြို့နယ်များတွင် စီမံကိန်း အဆိုပြုလွှာများ သတ်မှတ်ဖော်ထုတ်ပုံ၊ ရေးဆွဲပုံ၊ ဆန်းစစ်ပုံနှင့် ဦးစားပေးပုံတို့မှာ မည်သို့နည်း

ဤအခန်းတွင် စီမံကိန်း ရေးဆွဲခြင်း လုပ်ငန်းစဉ်ရှိ အဆိုပြုလွှာများ သတ်မှတ်ဖော်ထုတ်ခြင်း၊ ရေးဆွဲခြင်း၊ ဆန်းစစ်ခြင်းနှင့် ဦးစားပေးခြင်း တို့၏ မြို့နယ်အဆင့်လုပ်ငန်းစဉ်[၆၈]ကို အသေးစိတ်ဖော်ပြထားပါသည်။ မတူညီသော ကဏ္ဍများ၊ မြို့နယ်များနှင့် ပြည်နယ်များ/တိုင်းဒေသကြီးများကြားတွင် အဆိုပါ လုပ်ငန်းစဉ်သည် မည်သို့ ကွာဟ ကြောင်းကို ဤအခန်းတွင် မတူညီသော စီမံကိန်းများ၊ အစီအစဉ် များနှင့် ဘဏ္ဍာငွေ အရင်းအမြစ်များအလိုက် နှိုင်းယှဉ်ထားပါသည်။ ယင်းသို့နှိုင်းယှဉ်ရာ၌ စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ရပ်ရွာ၏ ပူးပေါင်းပါဝင်မှုအဆင့် ကွာဟချက်များကို အထူးအာရုံထား လေ့လာထားပါသည်။

မြန်မာနိုင်ငံတော် အစိုးရ၏ အသုံးစရိတ်အများစုမှာ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရဘတ်ဂျက်များသာ ဖြစ်သောကြောင့် ဤအခန်းတွင် နှစ်စဉ် "အောက်ခြေမှအထက်သို့" စီမံကိန်း ရေးဆွဲသည့် လုပ်ငန်းစဉ်ကို ဦးစားပေးတင်ပြမည် ဖြစ်ပါသည်။ ယင်းလုပ်ငန်းစဉ်တွင် မြို့နယ် အဆင့်ရှိ ကဏ္ဍအလိုက် ဌာနဆိုင်ရာ အရာရှိများသည် စီမံကိန်း အဆိုပြုလွှာများ ဖော်ထုတ်ရန်၊ ရေးဆွဲရန်၊ ဆန်းစစ်ရန်နှင့် ဦးစားပေးရန်တို့အတွက် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနှင့် အုပ်ချုပ်ရေးမှူးတို့ တွဲဖက်လုပ်ကိုင်ကြသည်။ နှစ်စဉ်နှစ်တိုင်း စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များ၏ တစ်စိတ်တစ်ဒေသအနေဖြင့် ကဏ္ဍအလိုက် ဌာနဆိုင်ရာ

**ကောက်နုတ်ချက် ဃ**
**သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်**

ဌာနဆိုင်ရာ အရာရှိများ တင်သွင်းသည့် အဆိုပြုလွှာများကို သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် ဟူ၍ပိုင်းခြား၍ရသည်။

"သာမန်အသုံးစရိတ်" ဟူသည် လစာများ၊ ပင်စင်ရန်ပုံငွေများ၊ ထိန်းသိမ်းခ၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ ဝယ်ယူခအပြင် အခြားစရိတ်များ ကဲ့သို့ အစိုးရ၏ ယေဘုယျ အသုံးစရိတ်ကို ဆိုလိုသည်။

"ငွေလုံးငွေရင်း အသုံးစရိတ်" ဟူသည် ယာဉ်များ၊ မြေ၊ စက်ပစ္စည်း၊ အဆောက်အအုံများနှင့် လမ်းများကဲ့သို့ တစ်နှစ်ထက်ပို၍ ခံသော ပစ္စည်းများတွင် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုများကို ဆိုလိုသည်။

ဖော်ပြပါ ဖွင့်ဆိုချက်များသည် ပုံသေမဟုတ်ဘဲ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ သာမန်အရအသုံးခန့်မှန်းငွေစာရင်းတွင်ပါဝင်သော်လည်း အထက်ဖော်ပြပါ ငွေလုံးငွေရင်း အသုံးစရိတ်ဖွင့်ဆိုချက်နှင့် ကိုက်ညီနေသည့် အသုံးစရိတ် သာဓကများစွာ ရှိနေပါသည်။

စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနှင့် TPIC တို့၏ အခန်းကဏ္ဍမှာ ငွေလုံးငွေရင်း အသုံးစရိတ် အဆိုပြုလွှာများကို စီမံခန့်ခွဲခြင်းဖြစ်ပြီး၊ သာမန်အသုံးစရိတ် အဆိုပြုလွှာများကို သက်ဆိုင်ရာ ဦးစီးဌာနများအတွင်း ရေးသားတင်သွင်းပြီး ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနမှ စစ်ဆေးပြီး လိုအပ်သလို ပြင်ဆင်ခြင်းဖြစ်သည် ဟူသောအချက်ကို သတိပြုရန် အရေးကြီးသည်။ ပုံမှန်အားဖြင့် ဖြစ်လေ့ရှိသည်မှာ သာမန်အသုံးစရိတ်အများစုကို လက်ရှိ ဝန်ထမ်းအင်အား၊ ပစ္စည်းအင်အားအရ ဆုံးဖြတ်သတ်မှတ်သည်ဖြစ်ရာ မြို့နယ်အဆင့် အရာရှိများသည် ငွေလုံးငွေရင်း ဘတ်ဂျက်ဆိုင်ရာ အဆိုပြုလွှာများကို ရေးဆွဲရာ၌ လွတ်လပ်ခွင့်နှင့် လိုအပ်သလို ဆောင်ရွက်ပိုင်ခွင့် ပိုမိုရရှိကြသည်။

အရာရှိများသည် သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် အဆိုပြုလွှာများကို သက် ဆိုင်ရာ ခရိုင်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အရာရှိများထံတင်သွင်းပြီး အဆိုပြုလွှာများ သတ်မှတ်ခြင်းနှင့် ဦးစားပေးခြင်းတို့ကို ဆောင်ရွက်ရသည်။

ပုံ ၄.၁ တွင် အသေးစိတ် ဖော်ပြထားသည့်အတိုင်း လက်ရှိဘဏ္ဍာရေးပြက္ခဒိန်အရ (ဘဏ္ဍာနှစ်ကို အောက်တိုဘာလတွင် စတင်သည်ဖြစ်ရာ) စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်များသည် ပုံမှန်အားဖြင့် ဒီဇင်ဘာလတွင် စတင်ပြီး၊ ယင်းလထဲတွင် ပြည်ထောင်စုအဆင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လာမည့် ဘဏ္ဍာနှစ်အတွက် အောက်ခြေမှအထက်သို့ စီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ညွှန်ကြားချက်များ ထုတ်ပြန်သည်။ အချို့သော ဦးစီးဌာနများမှာမူ စီမံကိန်းရေးဆွဲခြင်းကို ပိုမိုဆောလျင်စွာ စတင်တတ်ကြပါသည်။

ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အစိုးရတို့၏ နောင်လာမည့်နှစ်အတွက် ဘတ်ဂျက်များ ရရှိစေရေးအတွက် အဆိုပြုလွှာများ သတ်မှတ်ခြင်း၊ ရေးဆွဲခြင်းနှင့် ဦးစားပေးခြင်းဆိုင်ရာ

**ကောက်နုတ်ချက် ၄**
**"အောက်ခြေမှအထက်သို့" စီမံကိန်းရေးဆွဲခြင်းနှင့် "ဒေသန္တရ" အဆင့် ဟူသည်မှာ အဘယ်နည်း။**

အခန်း ၂ တွင် တင်ပြခဲ့သည့်အတိုင်း လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း "အောက်ခြေမှအထက်သို့" စီမံကိန်းရေးဆွဲခြင်းကို အသုံးပြုပြီး "ဒေသန္တရ" လိုအပ်ချက်များနှင့် အခြေအနေများအပေါ် တုံ့ပြန်ဆောင်ရွက်မှု အားကောင်းစေရေး ကြိုးပမ်းမှုများ ရှိခဲ့သည်။ သို့သော်လည်း စီမံကိန်းရေးဆွဲရာ၌ "အောက်ခြေမှအထက်သို့" ဖြစ်ရမည်ဟူသည်မှာ မည်သည်ကို ဆိုလိုပြီး၊ မြန်မာနိုင်ငံရှိ "ဒေသန္တရ"အဆင့်ကို မည်သို့ အဓိပ္ပါယ်ဖွင့်ဆိုပါသနည်း။ မြန်မာနိုင်ငံတွင် ယင်းစကားလုံးနှစ်ခုလုံးစာအတွက် အဓိပ္ပါယ်နှစ်မျိုးကို လေ့လာတွေ့ရှိရပါသည်။ အပြန် အလှန်အားဖြင့် အဆိုပါ အဓိပ္ပါယ်များသည် ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ကြရာတွင် တုံ့ပြန်ဆောင်ရွက်မှု၊ ပူးပေါင်းပါဝင် ဆောင်ရွက်မှုနှင့် ထိရောက်မှုတို့၏ သဘောသဘာဝများအပေါ် မြင်သည့် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်အတွင်းမှ အကျိုးစီးပွား ဆက်နွယ်သူများ၏ အမြင်ကို ပုံဖော်ပေးသည်။

အစိုးရ ဝန်ကြီးများ၊ အရာရှိများနှင့် လွှတ်တော်အမတ်များ အသုံးပြုကြသည့် အဓိပ္ပါယ်တစ်ခုအရ အောက်ခြေမှအထက်သို့ စီမံကိန်းရေးဆွဲခြင်း ဟူသည် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး ဦးစီးဌာနများ၊ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ သည် အနိမ့်ဆုံး အုပ်ချုပ်ရေးအဆင့် (တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ ဦးစီးဌာနအများဆုံးတည်ရှိရာ မြို့နယ်) အရာရှိများအပေါ် ပိုမို၍ တုံ့ပြန်ဆောင်ရွက်မှု ရှိလာသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ ပုဂ္ဂိုလ်များအတွက် ဒေသန္တရ အဆင့်ဟူသည် မြို့နယ်အဆင့်ကို ဆိုလိုခြင်းသာ ဖြစ်နိုင်လေသည်။ အကြောင်းမှာ ၎င်းအဆင့်သည် ရပ်ရွာအစုအဖွဲ့များနှင့် ကောင်းစွာနီးစပ်မှုရှိပြီး ယင်းအစုအဖွဲ့များ၏ လိုလားချက်နှင့် လိုအပ်ချက်များကို လုံလုံလောက်လောက် သဘောပေါက် နားလည် သောကြောင့် ဖြစ်သည်။

အခြားသူများကမူ (အထူးသဖြင့် အရပ်ဘက်အဖွဲ့အစည်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ သာမက DRD အတွင်းရှိ ပုဂ္ဂိုလ်များကဲ့သို့သော အချို့ အစိုးရအရာရှိများ၏ ရှုထောင့်အရ) "အောက်ခြေမှအထက်သို့" စီမံကိန်း ရေးဆွဲရာတွင် (အထူးသဖြင့် ကျေးရွာ အဆင့်တွင်) ရပ်ရွာအစုအဖွဲ့တစ်ရပ်လုံးမှ ပူးပေါင်းပါဝင်ပြီး စီမံကိန်း ရေးဆွဲသည့် ချဉ်းကပ်နည်းများ လိုအပ်သည်ဟု ဆိုသည်။ အဆိုပါ အုပ်စုများအတွက်မူ ၎င်းတို့လုပ်ငန်း၏ ဦးတည်ချက်မှာ လိုလားချက်နှင့် လိုအပ်ချက်များနှင့် စပ်လျဉ်းသည့် "ဒေသန္တရ" ပြည်သူများ၏ အမြင်ရှုထောင့်များကို မြို့နယ်အဆင့် အရာရှိများမှ နားလည်ရန် ဖြစ်ပြီး၊ အစိုးရကိုလည်း ယင်းရပ်ရွာအစုအဖွဲ့များအပေါ် တုံ့ပြန်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး အားပေးကူညီရန် ဖြစ်သည်။ ကျေးရွာများ၊ ကျေးရွာအုပ်စုများနှင့် ရပ်ကွက်များတွင် လုပ်ကိုင်ဆောင် ရွက်နေသူများအတွက်မူ "ဒေသန္တရ" အဆင့်ဟူသည် ရပ်ရွာအစုအဖွဲ့ တစ်ရပ်ချင်းစီ တည်ရှိနေသည့်အဆင့်ဖြစ်ပြီး၊ အစိုးရအုပ်ချုပ်ရေး ယန္တရား၏ တရားဝင်ပုံစံအတိုင်း အသိအမှတ်ပြုခြင်းမခံရသည့် အုပ်စုများနှင့် နေရာများဟု မှတ်သားပေလိမ့်မည်။

အဆိုပါ ခြားနားသည့်အဓိပ္ပါယ်နှစ်ရပ်သည် သမိုင်းစဉ်ဆက်အရ ဗဟိုချုပ်ကိုင်မှု အလွန်မြင့်မားသည့် မြန်မာနိုင်ငံ အုပ်ချုပ်ရေးစနစ်၏ အရှိတရားနှင့် လက်ဆင့်ကမ်း သယ်ဆောင်လာမှုကို ထင်ဟပ်လျက်ရှိသည်။ အကျိုးဆက်အားဖြင့် အစိုးရအနေဖြင့် ဗဟိုချုပ် ကိုင်မှု လျှော့ချရန် လမ်းစရှာသည့်အခါ အစိုးရအတွင်း ထွက်ပေါ်လာသည့် အမြင် (ပါရာဒိုင်း) တစ်ရပ်မှာ မြန်မာနိုင်ငံ အုပ်ချုပ်ရေး၏ ရှိရင်းစွဲ အနိမ့်ဆုံးအဆင့်များသို့ တုံ့ပြန်ဆောင်ရွက်မှု သိသာစွာ အားကောင်းရေး ဖြစ်လာသည်။ သမိုင်းကြောင်းအရမူ သဘာဝကျကျ တိုးတက်လာခြင်းပင် ဖြစ်သည်။ ရပ်ရွာအဆင့်တွင် လုပ်ကိုင်ဆောင်ရွက်နေကြသူများနှင့် ပိုမို "ဒေသန္တရ" ဆန်သည့် အဆင့်အပေါ် တုံ့ပြန်ဆောင်ရွက်မှု ပို၍အားကောင်းစေလိုပြီး "အောက်-အထက်" ပုံစံ၏ ဘက်စုံပါဝင်ရေး ဖွင့်ဆိုချက်ကို လိုလားကြသူများ အတွက်မူ သိသာသော စိန်ခေါ်မှုတစ်ရပ်မှာ ၎င်းတို့၏ ဆောင်ရွက်နေမှုများကို သမိုင်းစဉ်ဆက် ရပ်ရွာအစုအဖွဲ့များနှင့် စီစဉ်ချိတ်ဆက်မထားသည့် အစိုးရ၏ ရှိရင်းစွဲ ဖွဲ့တည်မှုများ၊ လုပ်ငန်းစဉ်များ မည်သို့ ချိတ်ဆက်ရမည်ဟူသော ကိစ္စပင်ဖြစ်သည်။

လုပ်ငန်းစဉ်များကို ဌာနဆိုင်ရာအရာရှိများနှင့် လွှတ်တော်အမတ်များမှ ဖန်နဝါရီလမှ ဒီဇင်ဘာလအထိ ဦးစီးလုပ်ကိုင်ကြပါသည်။

"အောက်ခြေမှအထက်သို့" စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်၏ ဗဟိုချက် ဖြစ်ပြီး၊ စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်ပါ ပတ်သက်ဆက်နွယ်သူများ မျက်စိလျှမ်းကြသည့် အချက်တစ်ခုမှာ ဒေသန္တရ၊ မြို့နယ် အဆင့် အာဏာပိုင်များ၏ အခန်းကဏ္ဍသည် အဆိုပြုလွှာများ သတ်မှတ်ခြင်း၊ ရေးသားခြင်း၊ ဆန်းစစ်ခြင်းနှင့် ဦးစားပေးခြင်းတို့ ပြုလုပ်ရန် အတွက်သာ ကန့်သတ်ထားခြင်းခံကြရပြီး၊ ဆုံးဖြတ်ချက်များ ချမှတ်ပါကလည်း အဆိုပြုလွှာအတွက် ရရှိသည့် ဘဏ္ဍာငွေထောက်ပံ့မှုမှာ ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အဆင့်များမှသာ လာခြင်းဖြစ်သည်။ ဤသို့ ဖြစ်ရခြင်းမှာ မြို့နယ်အဆင့်များတွင် ကိုယ်ပိုင်ဘတ်ဂျက်ဟူ၍ မရှိဘဲ ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အစိုးရ ဘတ်ဂျက်များမှ ဘဏ္ဍာငွေ ထောက်ပံ့မှုအပေါ်သာ မှီခိုနေရသောကြောင့် ဖြစ်သည်။ အလားတူပင် ဘတ်ဂျက်များသည် ဦးစီးဌာနများကြားနှင့်၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အစိုးရ ဘတ်ဂျက်များကြား ပိုင်းခြားခွဲဝေထားသောကြောင့် မြို့နယ်အတွင်းရှိ အသုံးစရိတ်အားလုံးအတွက် ကဏ္ဍပေါင်းစုံစာ ပေါင်းစပ်ပြုလုပ်ထားသည့် စီမံချက်ပုံစံမျိုးဖြင့် မြို့နယ်အဆင့် စီမံချက်ဟူ၍ မရှိပေ။[၆၉]

ဒေသန္တရ အစုအဖွဲ့များ အနေဖြင့် အဆိုပြုလွှာ သတ်မှတ်ခြင်း၊ ရေးဆွဲခြင်း၊ ဆန်းစစ်ခြင်းနှင့် ဦးစားပေးခြင်းတို့ထက် ကျော်လွန်၍ ၎င်းတို့၏ အခန်းကဏ္ဍကို တိုးချဲ့ခွင့်ရသည့် အရေးကြီးသည့် ခြွင်းချက်အချို့ ရှိပါသည်။ ယင်းတို့ကို ဖော်ပြရသော် ဦးစွာပထမ CDF ကဲ့သို့သော ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေများ ဖြစ်ကြပြီး၊ ဒုတိယအနေဖြင့် "ပုံမှန်" နစ်စဉ် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်၏ ပြင်ပတွင် ရောက်နေသည့် အထူးစီမံကိန်းများဖြစ်ကြသည်။ ဤခြွင်းချက်ကိစ္စရပ်များတွင် ဒေသန္တရ အစုအဖွဲ့များ သည် ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေထောက်ပံ့ခြင်းတို့တွင် ပိုမိုကြီးမားသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခွင့် ရကြသည်။ အထူးစီမံကိန်းများနှင့် အစီအစဉ်များကို အများအားဖြင့် အစိုးရနှင့် နိုင်ငံတကာ မိတ်ဖက် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြသည် ဖြစ်ရာ ဆုံးဖြတ်ချက် ပြုလုပ်ပုံမှာ အောက်အဆင့်များအထိ ဗဟိုချုပ်ကိုင်မှု လျှော့ချပေးထားရုံမျှသာမက စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်များသည်လည်း လူအများ ပါဝင်၍ ပူးပေါင်း ဆောင်ရွက်မှုတို့ကို ပိုမိုအားကောင်းစေသည်။ ဤအခန်းတွင် အဆိုပါ ခြွင်းချက်ကိစ္စရပ်များကို ဖြစ်ရပ်လေ့လာမှုများအဖြစ် အသေးစိတ် ဖော်ပြထားပြီး၊ နောင်လာမည့်နှစ်များတွင် အစိုးရအနေနှင့် ယင်းတို့ကို ပုံမှန်ဆောင်ရွက်လျက်ရှိသော စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များတွင် ပေါင်းစပ်ထည့်သွင်း၍ ရနိုင်စရာရှိသော ပုံစံများအဖြစ် တင်ပြထားပါသည်။

# ၃.၁။ မြို့နယ်များတွင် စီမံကိန်း အဆိုပြုလွှာများကို မည်ကဲ့သို့ ဖော်ထုတ်ရေးဆွဲကြသနည်း။

ကဏ္ဍတစ်ခုချင်းစီမှ မြို့နယ်အဆင့် အရာရှိများအတွက် "အောက်ခြေမှ အထက်သို့" စီမံကိန်း ရေးဆွဲခြင်း၏ ပထမအဆင့်မှာ နောင်လာမည့် ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်း ရေးဆွဲရေး အဆိုပြုလွှာများ ရေးသား ရန် ဖြစ်ရာ ၎င်းတို့အနေဖြင့် ဒေသခံ ပြည်သူများနှင့် ရပ်ရွာများ၏ လိုလားချက်နှင့် လိုအပ်ချက်များကို သိရှိနားလည်ရန် လိုအပ်သည်။ အဆိုပါ အရာရှိများ၏ အခန်းကဏ္ဍနှင့် တာဝန်များ၏ သဘော ဘာဝမှာ ကွာခြားသည့်အလျောက် ကဏ္ဍတစ်ခုနှင့် တစ်ခုကြား အဆိုပြုလွှာများ သတ်မှတ်ပုံနှင့် ရေးသားပုံတို့မှာ အလွန်ခြားနားလှပြီး၊ မြို့နယ်တစ်ခုနှင့် တစ်ခုကြားမှာမူ ကွာဟချက်မှာ များစွာ သိသာထင်ရှားခြင်း မရှိပေ။

အဆိုပြုလွှာများ တစ်နှစ်တာပတ်လုံး အလှည့်ကျ သတ်မှတ်ဖော်ထုတ်ပြီး နောက်ထပ် ဆောင်ရွက်ရန် ရှိသည်များကို အကြိုလုပ်ငန်းတွင် ပိုမိုအားစိုက်ဆောင်ရွက်ရသည်မှာ ဘတ်ဂျက်တွက်ချက်ရေးဆွဲသည့် ကာလအထိ ဖြစ်သည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလနှောင်းပိုင်း / ၂၀၁၉ ခုနှစ် ဇန်နဝါရီလ အစောပိုင်း ကာလတို့တွင် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနများသို့ နောင်လာမည့် ဘဏ္ဍာရေးနှစ် (ဘဏ္ဍာနှစ် ၂၀၁၉/၂၀) အတွက် ငွေလုံးငွေရင်း ဘတ်ဂျက်ဆိုင်ရာ အဆိုပြုလွှာများကို သတ်မှတ်ပေးရန် ညွှန်ကြားချက်များ ထုတ်ပြန်သည်။ ဌာနဆိုင်ရာ တစ်ခုချင်းစီအနေဖြင့်မူ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ ညွှန်ကြားချက်များ မထုတ်ပြန်မီကတည်းက သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို နောင်လာမည့် ဘဏ္ဍာရေးနှစ်အတွက် စီစဉ်ရေးဆွဲရန် ညွှန်ကြားချက်များ ရရှိပြီး ဖြစ်တတ်သည်။

## အဆိုပြုလွှာရေးဆွဲခြင်းဆိုင်ရာ ကဏ္ဍအလိုက် ချဉ်းကပ်မှုများ

**ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး။** DRD ၏ တာဝန်များတွင် လုပ်ငန်းဆောင်ရွက်မှု အမျိုးအစားများစွာ ပါဝင်ပြီး၊ လုပ်ရိုးလုပ်စဉ်ထက် ထူးခြားသော စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်များ အပါအဝင် မတူညီသော စီမံကိန်းနှင့် အစီအစဉ် မြောက်မြားစွာကို အကောက်အထည်ဖော် ဆောင်ရွက်နေရသည့်အတွက် မြို့နယ်အဆင့် DRD ရုံးများမှ ရေးသားသည့် အဆိုပြုလွှာများသည် လက်တွေ့ပိုင်းတွင် ကွာဟမှု ကြီးမားသည်ကို တွေ့ရသည်။ အခြားသော ဦးစီးဌာနများနှင့် နှိုင်းစာကြည့်ပါလည်း မြို့နယ် DRD ရုံး များ၏ စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ရပ်ရွာ၏ ပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းသည်ကို တွေ့ရသည်။

မြို့နယ် DRD ရုံးများသည် ကျေးရွာများတွင် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုပုံစံ အမျိုးအစား မြောက်မြားစွာအတွက် အဆိုပြုလွှာများ ရေးဆွဲပေးကြရပြီး ၎င်းတို့တွင် ရေပေးဝေရေး၊ NEP အကူအညီဖြင့် ကျေးလက်ဒေသ လျှပ်စစ်မီးပေးဝေရေး၊ အရေးပေါ် အိမ်ရာနှင့် လယ်ယာသွားလမ်းများအပြင် DRD ရုံးနှင့် ဝန်ထမ်းအိမ်ရာများ အတွက် အဆောက်အအုံသစ်များ ပါဝင်သည်။

အဆိုပါ စီမံကိန်းတစ်ခုချင်းစီအပြင် မြို့နယ် DRD ရုံးများသည် မြစိမ်းရောင် စီမံကိန်း အကောင်အထည်ဖော်ရန် အတွက် ဦးစားပေးရမည့် ကျေးရွာများကို သတ်မှတ်ရွေးချယ်ရန်လည်း တာဝန်ရှိသည်။ မြစိမ်းရောင် စီမံကိန်းတွင် အရင်းမပျောက် မတည်ငွေများကို ထူထောင်ပြီး ကျေးရွာအဆင့် ဒေသန္တရ စီမံခန့်ခွဲရေး ကော်မတီများမှ စီမံခန့်ခွဲသည်။[၇၈]

ထို့အပြင်လည်း မြို့နယ်ရုံးများအတွက် ဝန်ထမ်းခန့်အပ်ရေး၊ ခရီးသွားလာစရိတ်၊ ထိန်းသိမ်းစရိတ်တို့သာမက ဒေသတွင်းရှိ ကျေးရွာများအတွက် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ လေ့ကျင့်သင်ကြားမှုများကို DRD ၏ သာမန်အသုံးစရိတ်မှနေ၍ အကုန်အကျခံ ဆောင်ရွက်ပေးလျက်ရှိသည်။

နောက်ဆုံးတစ်ခုမှာ DRD မြို့နယ်ရုံးများသည် ကျေးလက်ဒေသရှိ မြို့နယ်များတွင်ရှိသော အဓိက စီမံကိန်းကြီးသုံးခုမှတစ်ဆင့် အဆိုပြုလွှာများ သတ်မှတ်ဖော်ထုတ်ခြင်းကို ကြီးကြပ်ပေးရသည်။ အဆိုပါ စီမံကိန်းတစ်ခုချင်းစီသည် စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်၌ ဒေသခံ ရပ်ရွာပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို အလေးပေး ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့မှာ အမျိုးသားအဆင့် လူထုဗဟိုပြု စီမံကိန်း (NCDDP၊ ဖြစ်စဉ်လေ့လာချက် င တွင် အသေး စိတ်ရှု)၊ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲခြင်း (VDP၊ ဖြစ်စဉ်လေ့လာချက် က တွင် အသေးစိတ်ရှု) နှင့် ကျေးလက်အသက်မွေး ဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေး စီမံကိန်း (ERLIP)[၇၉] တို့ ဖြစ်ကြပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သည့် အဆိုပြုလွှာများမှာ နေရာပေါင်းစုံမှ လာလေ့ရှိပြီး DRD အရာရှိများ၏ သတ်မှတ်ချက်အရ အဓိကနေရာ ငါးခုရှိသည်။

- **မြို့နယ် DRD အရာရှိများ။** DRD အရာရှိများသည် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို စစ်ဆေးရန် အစ ရှိသော အကြောင်းရင်းမျိုးစုံဖြင့် သက်ဆိုင်ရာ မြို့နယ် အတွင်းရှိ ကျေးရွာများသို့ ခရီးသွားလာစရိတ် ဘတ်ဂျက် အကန့်အသတ် များကြားမှပင် တစ်နှစ်တာပတ်လုံး သွားလာနေကြရသည်။ အဆိုပါ ခရီးစဉ်များအတွင်း ဒေသခံ ရပ်ရွာပြည်သူများနှင့် ဆွေးနွေးခြင်း၊ လေ့လာခြင်းတို့မှသည် ရပ်ရွာ၏ လိုအပ်ချက် များနှင့် လိုလားချက်များအပြင် မြေလှူဒါန်းမှုများနှင့် စီမံကိန်း ဖြစ်နိုင်ခြေကို တိုးတက်မြင့်မားစေသည့် ထောက်ခံမှုတို့ကို တွေ့ရှိတတ်ကြသည်။ မြို့နယ် DRD အရာရှိများသည် ဖွံ့ဖြိုးရေးဆိုင်ရာ ရေရှည် (၅ နှစ်စာ) စီမံချက်များ အပြင် အထူးစီမံကိန်းများမှတစ်ဆင့် ဆောင်ရွက်ရသည့် အခြားသော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များကိုလည်းရေးဆွဲကြရပြီး ၎င်းတို့၏ မြို့နယ်များအတွင်းမှ ကျေးရွာများ၏ ရေနှင့် လျှပ်စစ်မီး ရရှိမှုတို့ကိုလည်း မှတ်တမ်းပြုစုကြရသည်။
- **ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာခေါင်းဆောင်များ/အိမ်ထောင်ဦးစီးများ။** မြို့နယ် DRD အရာရှိများ၏ ပြောကြားချက်အရ ၎င်းတို့ လက်ခံရရှိသည့် အဆိုပြုလွှာအများစု (အထူးသဖြင့် ရေပေးဝေရေးနှင့် လျှပ်စစ်မီးရရှိရေး) မှာ ရပ်ရွာခေါင်းဆောင်များ၊ အများအားဖြင့် ရပ်/ကျေး အုပ်ချုပ် ရေးမှူးများ၊ ကျေးရွာခေါင်းဆောင်များနှင့် အိမ်ထောင်ဦးစီးများ ထံမှ ဖြစ်ကြသည်။
- **လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ။** လွှတ်တော် ကိုယ်စားလှယ်များ (ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်နှစ်ရပ်လုံးမှ) နှင့် ဝန်ကြီးများသည် တစ်နှစ်တာပတ်လုံး ကျေးရွာများသို့ သွားရောက်လေ့လာကြသည်ဟု သိရသည်။ အဆိုပါ ခရီးစဉ်များအတွင်း ၎င်းတို့နှင့်အတူ မြို့နယ် DRD အရာရှိများလည်း လိုက်ပါကြပြီး လွှတ်တော် အမတ်များနှင့် ဝန်ကြီးများ ရပ်ရွာနေ ပြည်သူလူထု (ပုံမှန်အားဖြင့် ရပ်ရွာခေါင်း ဆောင်များ) နှင့် လေ့လာစစ်ဆေးခြင်း၊ ဆွေးနွေးခြင်းတို့ကို အခြေခံပြုလုပ်သည့် အဆိုပြုလွှာများကို မှတ်တမ်းပြုစုထား ကြသည်။
- **ရပ်ရွာအုပ်စုများ။** ကျေးရွာ လျှပ်စစ်မီး သို့မဟုတ် ရေရရှိရေး ဆိုင်ရာ အဆိုပြုလွှာများကို စုပေါင်းကူညီပြီး ပြုစုရေးသားရန် စိတ်ပါဝင်စားသူကြများဖြင့် ကျေးရွာအဆင့် အုပ်စုများ သို့မဟုတ် ကော်မတီများကို ဖွဲ့စည်းနိုင်ပြီး အဆိုပြုလွှာကို DRD သို့ တိုက်ရိုက်သော်လည်းကောင်း၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ တစ်ဆင့်သော်လည်းကောင်း တင်သွင်းနိုင်သည်။
- **ရပ်ရွာအတွင်းမှ ပုဂ္ဂိုလ်များ။** မြို့နယ် DRD အရာရှိများ၏ ပြောကြားချက်အရ လယ်ယာသွားလမ်းနှင့် သက်ဆိုင်သည့် အဆိုပြုလွှာများကို ယင်းလမ်းကြောင့် တိုက်ရိုက်အကျိုးခံစား ရမည့်သူ သို့မဟုတ် လယ်သမား အုပ်စုများထံမှ အများအားဖြင့် လက်ခံရရှိလေ့ရှိကြောင်း သိရသည်။

အဆိုပြုလွှာများကို တစ်နှစ်တာပတ်လုံး ရှာဖွေသတ်မှတ်ပြီး လက်ခံ ရရှိသမျှ အဆိုပြုလွှာများကို မြို့နယ်ရုံးများတွင် ဖိုင်တွဲများတွင် သိမ်းဆည်းထားကြပြီး၊ ခရိုင်အဆင့်မှ နောင်လာမည့် ဘတ်ဂျက်နှစ် အတွက် အဆိုပြုလွှာများ တင်သွင်းကြရန် ညွှန်ကြားချက်များ ထုတ် ပြန်သည့်အခါ အဆိုပါ အဆိုပြုလွှာများကို သုံးသပ်စစ်ဆေးကာ ဦးစားပေးမှုများ ပြုလုပ်ကြသည်။ သုံးသပ်စစ်ဆေးမှုနှင့် ဦးစားပေး မှုများ မပြုလုပ်မီ မြို့နယ် DRD ရုံးများသည် အဆိုပြုလွှာ အရေ အတွက် မည်မျှလက်ခံရမည်ကို အထက်အဆင့်များမှ ကန့်သတ် မပေးထားပေ။

ဖြစ်စဉ်လေ့လာချက် က နှင့် င တို့တွင် အသေးစိတ် ရှင်းလင်းထား သည့်အတိုင်း NCDDP၊ VDP နှင့် ERLIP စီမံကိန်းများဆိုင်ရာ အဆိုပြုလွှာများကို စီမံကိန်း ပူးပေါင်းပါဝင်ရေးဆွဲရေး ချဉ်းကပ် နည်းများဖြင့် ရေးဆွဲကြသည်။ ဤနည်းတွင် ဒေသခံ ရပ်ရွာများမှ ၎င်းတို့၏ လိုအပ်ချက်များကို တွေ့ဆုံဆွေးနွေးကြပြီးနောက် အဆိုပါ ဒေသခံများ ဖော်ထုတ်သည့် လိုအပ်ချက်များနှင့် ဦးစားပေး ကိစ္စရပ်

### ဖြစ်စဉ်လေ့လာချက် က

**ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း**[၇၂၊ ၇၃၊ ၇၄၊ ၇၅]

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲခြင်း (VDP) သည် DRD မှ ဦးဆောင်သော လုပ်ငန်းဆောင်ရွက်ချက်ဖြစ်ပြီး "ပြည်သူ့ဗဟိုပြု ပူးပေါင်းဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲနည်းဖြစ်ပြီး၊ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေး လုပ်ငန်းများကို ဖော်ထုတ်ခြင်းနှင့် စိစစ်ပြီး ဦးစားပေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘဏ္ဍာငွေ ပြည့်မီစေရန် ငွေကြေးထောက်ပံ့မှု ရရှိစေခြင်းတို့ ပါဝင်သည့် လုပ်ငန်းစဉ်တစ်ရပ်ကို အဆင်ပြေချောမွေ့စေရန်အတွက် ကူညီပေးရန်" ရည်ရွယ်ပါသည်။ ၂၀၁၅ ခုနှစ် စတင်ဆောင်ရွက်ချိန်မှ စ၍ VDP ကို မြို့နယ်ပေါင်း ၉၉ မြို့နယ် (ကျေးလက်ဒေသ မြို့နယ်များ၏ သုံးပုံတစ်ပုံကျော်) ရှိ ကျေးရွာပေါင်း ၈,၁၇၅ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ယင်းစီမံကိန်းကို အလှူရှင်ပေါင်းစုံ ပါဝင်သည့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံရေး ရန်ပုံငွေ (LIFT) မှ အကူအညီပေးပြီး LIFT ၏ နည်းပညာ အကူအညီပေးရေး အဖွဲ့ငယ်မှ VDP လုပ်ငန်းစဉ် ဖော်ဆောင်ရေးနှင့် မြို့နယ် DRD အရာရှိများကို သင်တန်းပေးရေးတို့တွင် အကူအညီပေးခဲ့ပါသည်။

VDP ကို နည်းလမ်းနှစ်သွယ်ဖြင့် ပေါင်းစပ်ပြုလုပ်ထားပြီး ၎င်းတို့မှာ (၁) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငါးနှစ်စာ လူမှုစီးပွားရေး မူဘောင် နှင့်၊ (၂) ဘဏ္ဍာရေးနှစ်အလိုက် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (AVIP) ခေါ် စီမံကိန်းကို လက်တွေ့ဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအစဉ်များအဖြစ် ပြောင်းလဲပေးသည့် အစီအစဉ်တို့ ဖြစ်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကို ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်သော ဆန်းစစ်သုံးသပ်အကဲဖြတ်ခြင်းနည်းစနစ် (PRA) ဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး ကျေးရွာအတွင်းရှိ လူမှုစီးပွားရေး အုပ်စုများအားလုံး ကိုယ်စားပြုနိုင်ရန်နှင့် သိရှိကြစေရန် အသက်မွေး ဝမ်းကျောင်း/အလုပ်အကိုင် (လယ်သမား သို့ တံငါသည် စသည်ဖြင့်)၊ အမျိုးသမီးများ၊ လူကြီးများ၊ လူငယ်များနှင့် ဆင်းရဲသား အုပ်စုများပါ ပါဝင်သည့် ရွာလုံးကျွတ် အစည်းအဝေးများနှင့် ဦးတည်အုပ်စု ဆွေးနွေးပွဲများကို ပေါင်းစပ်အသုံးပြုထားပါသည်။ အဆိုပါ အစည်းအဝေးပွဲများနှင့် ဆွေးနွေးပွဲများမှနေ၍ ပြီးပြည့်စုံပြီး ကဏ္ဍပေါင်းစုံပါဝင်သည့် စီမံကိန်းရေးဆွဲရေး အချက်အလက်ဇယားတစ်စုံ ဖန်တီးနိုင်ခဲ့ရာ ၎င်းတွင် ကျေးရွာ၏ လူမှုစီးပွားရေး ကောက်ကြောင်း၊ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ အလားအလာ၊ အတားအဆီး၊ စိန်ခေါ်မှုများ၊ ပန်းတိုင်နှင့် နည်းဗျူဟာ၊ ဦးစားပေး စီမံကိန်းများ ပါဝင်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်ကို မြို့နယ် DRD ရုံးမှ PRA ဆက်ဆံရေးမှူးများမှ ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းစဉ်၏ ရလဒ်များသည် ရပ်ရွာအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်စရာ ဖွံ့ဖြိုးမှုများ ဖြစ်စေရေးအတွက် ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ မှ စတင်၍ နှစ်စဉ်နှစ်တိုင်း AVIP ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ငွေကြေးထောက်ပံ့ရန် DRD မှ မြန်မာငွေ ကျပ်သိန်း ၁၀၀ သတ်မှတ် ပေးအပ်ပါသည်။

ဒေသခံပြည်သူများ၏ လိုလားချက်များနှင့် လိုအပ်ချက်များကို ဖော်ထုတ်နိုင်မည့် ပုံစံတစ်ရပ်ကို VDP မှ တင်ပြထားပြီး ယင်းလုပ်ငန်းစဉ်တွင် ရပ်ရွာ၏ ပူးပေါင်းပါဝင်မှုမှာ အခရာကျလှပါသည်။ အရေးကြီးသည်မှာ VDP သည် DRD ၏ ငွေကြေးထောက်ပံ့မှုဖြင့် ရပ်ရွာအစုအဖွဲ့များမှ သတ်မှတ်သည့် ဦးစားပေး လုပ်ငန်းအချို့ကိုလည်း ဆောင်ရွက်ရ ပြန်ပါသေးသည်။ ဌာနဆိုင်ရာ အချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုတွင် အခက်အခဲများရှိနေခြင်းနှင့် စီမံကိန်းများကို ငွေကြေးထောက်ပံ့ရန် ဒေသန္တရဘတ်ဂျက်မရှိခြင်းဟူသော အတားအဆီးများရှိနေ၍ လက်ရှိပုံစံတွင် VDP သည် DRD မှအပ အခြားသော ဦးစီးဌာနများမှ လာသည့် ဘဏ္ဍာငွေများကို ရွှေ့ပြောင်းအသုံးပြုရာတွင် များစွာအောင်မြင်မှု မရှိသေးချေ။ ဤအခြေအနေကို တုံ့ပြန်ဖြေရှင်းသည့်အနေဖြင့် မြို့နယ်အဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး နည်းဗျူဟာနှင့် အစီအစဉ် (TRDSP) ကို ရေးဆွဲပြီး မြို့နယ် ၁၂ ခုတွင် ရှေးပြေးဆောင်ရွက်ခဲ့သည်။ TRDSP ၏ မျှော်မှန်းချက်မှာ TPIC မှတစ်ဆင့် နှင့် စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၏ အကူအညီကိုယူကာ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများကို မြို့နယ်အဆင့်တွင် စုစည်း ပေါင်းစပ်နိုင်မည့် နည်းလမ်းများကို အသုံးပြုခြင်းဖြင့်၊ ယခုထက်ပိုမို ကျယ်ပြန့်သည့် မြို့နယ်အဆင့် ဦးစီးဌာနများသည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ မိမိနှင့် သက်ဆိုင်သလို ယူဆဆောင်ရွက်လာကြရန် ဖြစ်သည်။

များကို ထင်ဟပ်စေမည့် ကျေးလက် ဖွံ့ဖြိုးရေး စီမံကိန်းများကို ရေးဆွဲကြသည်။

**လမ်း။** လမ်းကဏ္ဍနှင့် စပ်လျဉ်း၍ လမ်းဦးစီးဌာန(DOH) နှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာန (DRRD) တို့ကြား အဆိုပြုလွှာ ဖော်ထုတ်သတ်မှတ်ပုံနှင့် ရေးသားပုံတို့မှာ သိသိသာသာ ကွာခြားသည်ကို တွေ့ရသည်။ အဝေးပြေးလမ်းမများအတွက် မြို့နယ် DOH သည် အဆိုပြုလွှာများကို ငွေလုံးငွေရင်း ဘတ်ဂျက်အဖြစ် သတ်မှတ်ပြီး အဆိုပါ ဘတ်ဂျက်တွင် အဝေးပြေးလမ်းမများ ဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းဟူသော အပိုင်းများ ပါဝင်သည်။ သာမန်ဘတ်ဂျက်တွင် ဝန်ထမ်းများ ခန့်အပ်ခြင်း၊ လျှပ်စစ်နှင့် သယ်ယူပို့ဆောင်ရေး အစရှိသည့် လုပ်ငန်းစရိတ်များနှင့် လမ်းထိန်းသိမ်းရေးတို့ ပါဝင်သည်။ ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာများ ရေးသားခြင်းမှာမူ DOH အတွက် လွန်စွာ ပညာရပ်ဆန်သည့် အလုပ်ကိစ္စဖြစ်သည်။ ဌာန၏ နှစ်လတ် (၅ နှစ်) နှင့် နှစ်ရှည်စီမံချက်များအပေါ် အခြေခံ၍ အများအားဖြင့် လမ်းသစ်များ

ဖောက်လုပ်ရန်နှင့် ရှိပြီးသား လမ်းများကို အဆင့် မြှင့်တင်ရန် စီမံချက်များ ရှိနှင့်ပြီး ဖြစ်ပြီး၊ လမ်းချဲ့ထွင်ခြင်းနှင့် လမ်းမျက်နှာပြင် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကြောင့် နှစ်များစွာ အချိန်ယူရသည်။ ထို့ကြောင့် ပုံမှန်အားဖြင့် မြို့နယ်လမ်းဦးစီး ဌာနသည် လက်ရှိနှစ်၏ ရင်းနှီးမြှုပ်နှံမှုများကို အခြေခံ၍ အဆိုပါ စီမံကိန်းများ မည်သည့်နေရာတွင် အပြီးသတ်လိမ့်မည်ဟူသော အချက်မှ စတင်၍ အဆိုပြုလွှာများကို ရေးသားလေ့ရှိသည်။ ထို့အပြင် မြို့နယ်အရာရှိများ၏ ပြောကြားချက်အရ ယခင်နှစ်များမှ စ၍ လွှတ်တော်အမတ်များနှင့် ဝန်ကြီးများထံမှ အဆိုပြုလွှာများစွာ လက်ခံ ရရှိလာခဲ့ပြီး အများစုမှာ ရှိပြီးသား လမ်းများကို အဆင့်မြှင့်တင်ပေးရန် ဖြစ်သည်။ ရှိပြီးသား လမ်းများကို ထိန်းသိမ်းရန်အတွက် လမ်းဦးစီး ဌာနသည် ရပ်/ကျေး အုပ်ချုပ်ရေးမှူး အစရှိသည့် ဒေသခံ ရပ်ရွာခေါင်းဆောင်များထံမှ လမ်းတွင် ချိုင့်များဖြစ်နေသည်ဟူသော အသိပေးချက်မျိုးကို ပုံမှန်ရရှိလေ့ရှိသည်။

DRRD သည် ကျေးလက်ဒေသလမ်းများ ဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ငွေလုံးငွေရင်း ဘတ်ဂျက်အဆိုပြုလွှာများအပြင် ဝန်ထမ်းခန့်အပ်ရေး၊ လျှပ်စစ်နှင့် သယ်ယူပို့ဆောင်ရေးစသည့် လုပ်ငန်းစရိတ်များနှင့် လမ်းထိန်းသိမ်းခတို့ပါဝင်သည့် သာမန်အသုံးစရိတ်တို့ အတွက်ပါ တာဝန်ရှိသည်။ လမ်းအသစ်များ ဖောက်လုပ်ခြင်းနှင့် လမ်းဟောင်းများ အဆင့်မြှင့်တင်ခြင်းဆိုင်ရာ အဆိုပြုလွှာများ ထွက်ပေါ်လာရာ ဇစ်မြစ်များမှာ အမျိုးအစားစုံလင်လှပြီး မြို့နယ်ဦးစီးဌာနဆိုင်ရာ ဝန်ထမ်းများ၏ ရပ်ရွာတွင်းသွားရောက်လေ့လာမှုများနှင့် လက်ရှိ လမ်းပန်းဆက်သွယ်ရေးနှင့် ရပ်ရွာ လိုအပ်ချက်များကို သိရှိထားချက်မှ ထွက်ပေါ် လာတတ်သလို၊ ပင်မကျေးလက် လမ်းပန်းဆက်သွယ်ရေး ကွန်ယက်ဆိုင်ရာ ရေရှည်စီမံချက်တို့အပေါ် မူတည်၍လည်း ထွက်ပေါ်လာတတ်သည်။ အဆိုပါ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများအပြင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးများထံမှလည်းကောင်း၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာခေါင်းဆောင်များကဲ့သို့ ရပ်ရွာခေါင်းဆောင်များထံမှလည်းကောင်း အဆိုပြုလွှာများ လက်ခံရရှိတတ်ပါသည်။ ဦးစီးဌာနမှ အသစ်ဖန်တီးလိုက်သည့် စီမံကိန်းများ၏ လိုအပ်ချက်အရ မြို့နယ်အဆင့် ရုံးအချို့မှာ ထူထောင်ဆဲ အဆင့်တွင် ရှိနေပြီး လုပ်ငန်းလည်ပတ်ရန် ဘတ်ဂျက်များ ရရှိထားကြသည်။ ပုံ ၃.၁ တွင် သရုပ်ဖော်ထားသည့်အတိုင်း လမ်းကဏ္ဍကို ကျေးရွာတွင်းလမ်းမှသည် ပြည်ထောင်စုလမ်းမအထိ မတူညီသည့် လမ်းအမျိုးအစားများ၊ မတူညီသည့် ဘဏ္ဍာငွေ အရင်းအမြစ်များနှင့် အကောင်အထည်ဖော်ရသည့် ဌာနများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားပြီး အခြေခံအဆောက်အအုံအဆင့်ဟု အကောင်းဆုံး နားလည်နိုင်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပြုလွှာများ သတ်မှတ်ဖော်ထုတ်ပုံမှာ အခြေခံအဆောက်အအုံ အဆင့်အလိုက် ကွာခြားပြီး NCDDP ကဲ့သို့ စီမံကိန်းများဖြင့် ဆောက်လုပ်သည့် ရပ်ရွာအဆင့် အသေးစား အခြေခံအဆောက်အအုံ အတွက် ရပ်ရွာအခြေပြု သတ်မှတ်ဖော်ထုတ်သည့် နည်းကို အသုံးပြုကာ၊ မဟာဗျူဟာအဆင့် အခြေခံအဆောက်အအုံ အတွက်မူ DOH ၏ မဟာဗျူဟာကျ ရေရှည်စီမံကိန်းရေးဆွဲခြင်းကို အသုံးပြုသည်။

**လျှပ်စစ်။** မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (ESE) ရုံးများသည် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုများ ဆိုင်ရာ အဆိုပြုလွှာများ ရေးသားရန် တာဝန်ရှိကြပြီး သိသာသည့် အချက်မှာ အများစုသည် (၁၁ ကီလိုဝပ်လိုင်းမှတစ်ဆင့်) ကျေးရွာလျှပ်စစ်မီး ရရှိရေးဆိုင်ရာ အဆိုပြုလွှာများ ဖြစ်ကြသည်။ သာမန်အသုံးစရိတ်အတွက် မြို့နယ်ရုံးများသည် ဝန်ထမ်းခန့်အပ်ရေးနှင့် လျှပ်စစ်နှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့ လုပ်ငန်းစရိတ်များ အတွက် အဆိုပြုလွှာများ ရေးသားကြသည်။ အစဉ်အလာအားဖြင့် လျှပ်စစ်မီးရရှိရေးအတွက် အဆိုပြုသည့် ကျေးရွာများကို ဖော်ထုတ်ရာတွင် ဌာန၏ ရေရှည်စီမံကိန်းရေးဆွဲမှုများအတိုင်း လိုက်နာဆောင် ရွက်ရသည်။ ပိုမိုကြီးမားသည့် ၆၆ ကီလိုဝပ်နှင့် ၃၃ ကီလိုဝပ်အားများကို ဓါတ်အားလိုင်းနှင့် နီးစပ်သည့် ကျေးရွာများ သို့ သွယ်တန်းပေးခြင်းဖြစ်ပြီး လူဦးရေများသည့်နေရာကို ပို၍ ဦးစားပေးသည်။ မြို့နယ် ESE အရာရှိများသည် အဆိုပါ နည်းပညာပိုင်းကို အခြေခံစဉ်းစား၍ အဆိုပြုလွှာများ ရေးသားလျက်ရှိနေပြီး၊ လွှတ်တော်တွင်း ဝန်ကြီးဌာနမှ ကတိပြုချက်နှင့် နောက်ဆက်တွဲ လာရောက်စစ်ဆေးမှုများပေါ်မူတည်သည့် အဆိုပြုလွှာများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးများထံမှ တိုး၍ လက်ခံရရှိလျက်ရှိသည်ဟု သိရသည်။ ESE အရာရှိများ၏ ပြောကြားချက်များအရ ၎င်းတို့အပိုင် ဒေသအချို့ တွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများမှ ကျေးရွာလျှပ်စစ်မီးရရှိရေး အတွက် တောင်းဆိုခြင်းနှင့်၊ ကျေးရွာအချို့တွင် စိတ်ပါဝင်စားသည့် ရွာသူရွာသားများ စုပေါင်း၍ ကျေးရွာလျှပ်စစ်မီးရရှိရေး ကော်မတီများကို ထူထောင်ကာ အဆိုပြုလွှာများ စုပေါင်းရေးသားကြသည့် သာဓကများကိုလည်း မှတ်သားခဲ့ရပါသည်။

**ပညာရေး။** မြို့နယ် DBE ရုံးများမှ စာသင်ကျောင်း အဆောက်အအုံသစ်များအတွက် အဓိက ရည်ရွယ်သည့် ငွေလုံးငွေရင်း အသုံးစရိတ်ဆိုင်ရာ အဆိုပြုလွှာများအပြင် ကျောင်းလမ်းများအတွက် ငွေအရင်းအနှီးများ၊ ကျောင်းခြံစည်းရိုး၊ အိမ်သာများအတွက်အပြင် ဝန်ထမ်းများ ခန့်အပ်ရေး၊ လျှပ်စစ်နှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့ လုပ်ငန်းစရိတ်များနှင့် ထိန်းသိမ်းခများ ပါဝင်သည့် သာမန်အသုံးစရိတ်ဆိုင်ရာ အဆိုပြုလွှာများကို ရေးသားကြပါသည်။

စာသင်ကျောင်း အဆောက်အအုံသစ်များနှင့် ပြုပြင်မွမ်းမံမှုများ (ခြံစည်းရိုး၊ အိမ်သာနှင့် ကျောင်းသွားသည့် လမ်းများ) ဆိုင်ရာ အဆိုပြုလွှာများမှာ အဓိက အားဖြင့် ကျောင်းအုပ်များထံမှ လာလေ့ရှိပြီး ၎င်းတို့သည် လိုအပ်ချက်များ ရှာဖွေခြင်းနှင့် အဆိုပြုလွှာများ ရေးသားခြင်းတို့အတွက် တာဝန်ရှိကြသည်။ အချို့သော ကျောင်းများတွင် ဤအလုပ်ကို ကျောင်းအုပ်များသည် ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများ အပါအဝင် ရပ်ရွာမှပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် ကျောင်းကော်မတီများနှင့် အတူတကွ ပူးတွဲဆောင်ရွက်သည်။ ကျောင်းအုပ်များမှ အဆိုပြုလွှာများကို ကိုယ်တိုင်မရေးသားလိုသည့် စာသင်ကျောင်းများအတွက်မူ ဒုတိယမြို့နယ်ပညာရေးမှူးမှ ကျောင်းအုပ်များကိုယ်စား အဆိုပြုလွှာများ ရေးသားပေးကြသည်။[၇၆] အဆိုပြုလွှာများ ရေးသားရန် ဆောင်ရွက်ရသည့် လုပ်ငန်းမှာ မသေးလှဘဲ ထောက်ပံ့ငွေ ရရှိလိမ့်မည်ဟုလည်း များစွာ မယုံကြည်ကြသည့်အတွက် အချို့သော ကျောင်းအုပ်များသည်

**ပုံ ၃.၁ လမ်းကဏ္ဍရှိ အခြေခံအဆောက်အအုံ "အဆင့်များ"၊ ၎င်းတို့၏ ဘဏ္ဍာငွေ အရင်းမြစ်များ၊ အဆိုပြုလွှာ သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ရပ်ရွာ၏ ပူးပေါင်းပါဝင်မှု**




**ရပ်ရွာအဆင့် အခြေခံ အဆောက်အအုံ**

ကျေးရွာတွင်းလမ်းများနှင့် လယ်ယာသွားလမ်းများ အစရှိသည်ဖြင့်

**တာဝန်ရှိသော ဦးစီးဌာနများ**
- DRD
- DRRD

**ပုံမှန် ဘဏ္ဍာငွေ အရင်း အမြစ်များ**
- ဒေသန္တရဖွံ့ ဖြိုးရေးရန်ပုံငွေ၊ ဥပမာ CDF
- အထူးစီမံကိန်းများ၊ ဥပမာ NCDDP

**အဆိုပြုလွှာဖော်ထုတ် သတ်မှတ်ခြင်း**
- ပိုမိုအားကောင်းသော ရပ်ရွာပူးပေါင်းပါဝင်မှုနှင့် ရပ်ရွာအခြေပြု သတ်မှတ် ဖော်ထုတ်ခြင်း



**အလယ်အလတ် အဆင့် အခြေခံ အဆောက်အအုံ**

ကျေးရွာအချင်းချင်းကြားမှ လမ်းများ နှင့်၊ ကျေးရွာများနှင့် အနီးဆုံး မြို့ကြားရှိ လမ်းများ အစရှိသည်ဖြင့်

**တာဝန်ရှိသော ဦးစီးဌာနများ**
- DRRD
- DOH

**ပုံမှန် ဘဏ္ဍာငွေ အရင်း အမြစ်များ**
- ပြည်နယ်/တိုင်းဒေသကြီး အစိုးရ ဘတ်ဂျက်
- ပြည်ထောင်စု အစိုးရ ဘတ်ဂျက်

**အဆိုပြုလွှာဖော်ထုတ် သတ်မှတ်ခြင်း**
- လွှတ်တော်အမတ် ဦးဆောင်သော သတ်မှတ်ဖော်ထုတ်ခြင်း
- ရပ်ရွာ ပူးပေါင်း ပါဝင်မှု အားနည်းပြီး ရပ်ရွာ ခေါင်းဆောင်၏ ဦးဆောင်မှု ပိုများ



**မဟာဗျူဟာအဆင့် အခြေခံ အဆောက်အအုံ**

ပြည်ထောင်စု လမ်းမများ အစရှိသည်ဖြင့်

**တာဝန်ရှိသော ဦးစီးဌာနများ**
- DOH

**ပုံမှန် ဘဏ္ဍာငွေ အရင်း အမြစ်များ**
- နိုင်ငံတကာချေးငွေများ
- PPP
- ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အစိုးရ ဘတ်ဂျက်များ

**အဆိုပြုလွှာဖော်ထုတ် သတ်မှတ်ခြင်း**
- မဟာဗျူဟာကျပြီး ရေရှည် စီမံကိန်းရေးဆွဲသည့်ပုံစံ

အဆိုပြုလွှာရေးသားရန် များစွာ စိတ်အားမထက်သန်လှဟု ကြားသိရသည်။

အမှန်တကယ်လည်း စာသင်ကျောင်း အဆောက်အအုံသစ်များ သို့မဟုတ် ကျောင်းသုံးပစ္စည်းသစ်များအတွက် အဆိုပြုလွှာများ ရေးသားရန်အတွက် လိုအပ်ချက်များမှာ များပြားလွန်းလှသည်။ အဆိုပြုလွှာတစ်စောင်အတွက် အဆိုပြုလွှာများ၊ အသေးစိတ် အချက်အလက်များ (တစ်ခါတစ်ရံ မြို့နယ် အင်ဂျင်နီယာများ ပါဝင်ကူညီပေးရန်နှင့် သဘောတူညီချက်ပေးရန် လိုအပ်)၊ ကျောင်းအခြေအနေနှင့် ကျောင်းသားများနှင့် သက်ဆိုင်သည့် အချက်များဖြည့်သွင်းပြီး ဖောင်ပုံစံများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူး များထံမှ ထောက်ခံစာများ၊ ကုန်ကျစရိတ် လျာထားချက်များနှင့် အတိအကျ ဖော်ပြချက်များ၊ အဆောက်အအုံစနစ်များ၏ မြေပုံများ၊ မြေပိုင်ဆိုင်မှု ကို သက်သေပြနိုင်သည့် သက်ဆိုင်ရာ စာရွက် စာတမ်းများ၊ ဓါတ်ပုံ များနှင့် ကျောင်းအုပ်ထံမှ အစီရင်ခံစာများ လိုအပ်ပါသည်။ ဤအနေအထားကို တုံ့ပြန်သည့်အနေဖြင့် တစ်ခုသော မြို့နယ်ရှိ မြို့နယ်ပညာရေးမှူး (TEO) သည် ထောက်ပံ့ငွေ "အမှန်တကယ်" ရနိုင်ခြေရှိသည့် ကျောင်းများ

အတွက်သာ သက်ဆိုင်ရာကျောင်းအုပ်များထံမှ ကျောင်းဆောင်သစ် အဆိုပြုလွှာများကို တောင်းခံသည်။ အခြားသော မြို့နယ်များ၌မူ TEO ထံ တင်သွင်းနိုင်သည့် အဆိုပြုလွှာ အရေအတွက်ကို ကန့်သတ်ထားခြင်း မရှိသေးချေ။

ကျောင်းဆောင်သစ် အတွက် သို့မဟုတ် စာသင်ကျောင်း အဆင့်မြှင့်တင်ရေး လုပ်ငန်းများအတွက် အဆိုပြုလွှာများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးများထံမှလည်း လက်ခံရရှိတတ်သည်။ ၎င်းတို့ထံမှ အဆိုပြုလွှာများ လက်ခံရရှိသည့်အခါ မြို့နယ်အရာရှိများသည် ကျောင်းအုပ်များနှင့် တွဲဖက်၍ အဆိုပြုလွှာများ ရေးသားကြသည်။

## လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၏အခန်းကဏ္ဍများ

မြို့နယ်အဆင့် ဌာနဆိုင်ရာအရာရှိများ၏ ပြောကြားချက်အရ မြို့နယ်အားလုံးရှိ ကဏ္ဍအားလုံးတွင် လွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ (အထူးသဖြင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများမှ) သည် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာများ တင်သွင်းခြင်းဖြင့် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုမှာ မြင့်မားလာသည်ဟု သိရသည်။ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ကြသည် ဆိုရာဝယ် ပြည်နယ်/တိုင်းဒေသကြီး၊ အမျိုးသားနှင့် ပြည်သူ့လွှတ်တော် အစရှိသည့် လွှတ်တော် အရပ်ရပ်မှ ဖြစ်ကြပါသည်။ ဌာနဆိုင်ရာ အရာရှိများလည်း အဆိုပါ အဆိုပြုလွှာများကို မှတ်တမ်းတင်ရန် မဖြစ်မနေ ပါဝင်ကြပါသည်။ အချို့သော ဖြစ်ရပ်များတွင် အရာရှိများသည် မှတ်တမ်းတင်ထားသော ဦးစားပေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နောက်ပိုင်းတွင် နားလည်မှု လွဲမှားခြင်း မရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များနှင့် သဘောတူလက်မှတ်ရေးထိုးထားကြသည်။ အဆိုပြုလွှာများသည် ဌာနများမှ တိုက်ရိုက်လက်ခံရရှိခြင်း ဖြစ်နိုင်သလို ထွေအုပ်သို့မဟုတ် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ တစ်ဆင့် ရရှိခဲ့ခြင်း ဖြစ်နိုင်သလို မြို့နယ်အဆင့် ဝန်ထမ်းများ ကွင်းဆင့်လေ့လာစဉ် ရရှိခဲ့ခြင်းလည်း ဖြစ်နိုင်သည့်အပြင် လွှတ်တော် အစည်းအဝေးအတွင်း ကိုယ်စားလှယ်များ မေးခွန်းထုတ်ရာ၌ ဝန်ကြီးများမှ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ကတိကဝတ်ပြုရာမှ ထွက်ပေါ်လာခြင်းလည်း ဖြစ်နိုင်သည်။ ဝန်ကြီးများအနေဖြင့် အစိုးရဘတ်ဂျက်ငွေ ထောက်ပံ့မှုများဆိုင်ရာ အဆိုပြုလွှာများကို သုံးသပ်နိုင်သည့် အာဏာရှိပြီး၊ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့်မူ TPIC ရှိ ၎င်းတို့၏ အခန်းကဏ္ဍများနှင့် ဘတ်ဂျက်များ သုံးသပ်နိုင်ခြင်းတို့ကို အကြောင်းပြု၍ ၎င်းတို့ နှစ်ဦးလုံးသည် နောက်ဆက်တွဲ ဆန်းစစ်လေ့လာခြင်း၊ ဦးစားပေးမှုပြုလုပ်ခြင်း၊ မည်သည့် အဆိုပြုလွှာသည် ငွေကြေးထောက်ပံ့မှုရရှိသင့်သည်ဟူ၍ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့တွင် အရေးကြီးသော အခန်းကဏ္ဍကို ယူထားကြသည်။ ယင်းအခန်းကဏ္ဍများကို နောက်လာမည့် ခေါင်းစဉ်ခွဲများအောက်တွင် အသေးစိတ် တင်ပြထားပါသည်။ လွှတ်တော် ကိုယ်စားလှယ်များသည် မဲဆန္ဒနယ် ဖွံ့ဖြိုးရေး ရန်ပုံငွေ အထောက်အပံ့ကို ရမည့် စီမံကိန်းများ သတ်မှတ်ခြင်းနှင့် ရွေးချယ်ခြင်းတို့တွင်လည်း ဦးဆောင်ဦးရွက်နေရာကို ယူထားကြသည်။ (ဖြစ်စဉ်လေ့လာချက် ခ တွင်ရှု)

မြို့နယ်ဦးစီးအရာရှိများ၏ ပြောကြားချက်အရ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည်လည်း အဆိုပြုလွှာများ သတ်မှတ်ခြင်းနှင့် ရေးသားခြင်းလုပ်ငန်းများတွင် အလွန်တက်ကြွစွာ ဆောင်ရွက်ကြသော်လည်း ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်များနှင့် ကဏ္ဍများအကြား ကွာဟချက်များ ရှိနေပြန်သည်။ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာ အရာရှိများကြား တိုက်ရိုက်ထိတွေ့ဆောင်ရွက်မှု ရှိသည့်အပြင်၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် နှစ်ပတ်တစ်ကြိမ် သို့မဟုတ် တစ်လတစ်ကြိမ် တွေ့ဆုံကြရာ ယင်းအစည်းအဝေးသို့ ကဏ္ဍအလိုက် ဦးစီးဌာနမှ အကြီးအကဲများလည်း အများအားဖြင့် တက်ရောက်လေ့ရှိကြသည်။ အဆိုပါ အစည်းအဝေးများတွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများမှ ငွေကြေးထောက်ပံ့မှု လိုအပ်နိုင်စရာရှိသည့် ရပ်ရွာ၏ လိုအပ်ချက်များ အသစ်ထွက်ပေါ်လာခြင်း ရှိမရှိကို တင်ပြကြရသည်။ ဤသုတေသန၏ တစ်စိတ်တစ်ဒေသအဖြစ် သွားရောက်လေ့လာခဲ့သည့် မြို့နယ်အများစုတွင် ကြားသိခဲ့ရသည်မှာ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနှင့် ထွေအုပ်ရုံးတို့မှ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအား နောင်လာမည့် ဘဏ္ဍာရေးနှစ်အတွက် အဆိုပြုလွှာများ စုဆောင်းကောက်ခံရန်နှင့် တရားဝင်တင်ပြရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားသည်။[၇၇] မြို့နယ်အချို့တွင်မူ ယင်းအဆိုပြုလွှာများကို စီမံကိန်းရေးဆွဲရေး ဦးစီးဌာန သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ တင်သွင်းရပြီး၊ သည့်နောက်တွင် ၎င်းတို့မှနေ၍ အဆိုပြုလွှာများကို ကဏ္ဍအလိုက် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် မျှဝေဆောင်ရွက်ကြသည်။ အခြားသော မြို့နယ်များတွင်မူ အဆိုပြုလွှာများကို ကဏ္ဍအလိုက် ဦးစီးဌာနများသို့သာ တိုက်ရိုက်တင်သွင်းကြသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးများမှလည်း မဲဆန္ဒနယ် ဖွံ့ဖြိုးရေး ရန်ပုံငွေ (CDF) နှင့် မြို့နယ်တွင်းရှိ ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေများ အပါအဝင် ဒေသန္တရ ဖွံ့ဖြိုးရေး ရန်ပုံငွေများနှင့် သက်ဆိုင်သည့် အဆိုပြုလွှာများကို တင်သွင်းကြရန် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအတွက် ညွှန်ကြားချက်များ ထုတ်ပြန်ထားသည်။

မြို့နယ်အချို့တွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများမှ အရေးပေါ်လိုအပ်သည့် အဆိုပြုလွှာများကို တင်သွင်းတတ်ကြသော်လည်း၊ နှစ်စဉ် စီမံကိန်း ရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၏ ပုံမှန် ပါဝင်ဆောင်ရွက်မှု အပိုင်းမှာမူ များစွာ မဖွံ့ဖြိုးသေးချေ။ မြို့နယ်အဆင့် အရာရှိများ၏ မှတ်ချက်အရ အဆို ပြုလွှာများ တင်သွင်းရာတွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူး တစ်ဦးနှင့် တစ်ဦးကြား ထိတွေ့ဆောင်ရွက်မှု အဆင့်သိသာစွာ ကွာဟ လွန်းသည်။ အချို့သော ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည် အလွန်တက်ကြွမှုရှိပြီး အဆိုပြုလွှာများ ရေးသားရာ၌ အသေးစိတ် အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ရေးသားရုံမျှမက ယင်းနောက်တွင်လည်း ၎င်းတို့ အဆိုပြုလွှာကို ဦးစားပေးခံကြရစေရန် သက်ဆိုင်ရာဌာနများအထိ သွားရောက် အရေးဆိုကြသည်ကိုပင် တွေ့ရသည်။ အခြားသော ရပ်/ကျေး အုပ်ချုပ်ရေးမှူးများမှာမူ အဆိုပြုလွှာ အနည်းငယ်မျှသာ၊

သို့တည်းမဟုတ် ဦးစီးဌာနများမှ ထောက်ခံချက်မပေးနိုင်သည့် မပြည့်စုံသော အဆိုပြုလွှာများကိုသာ တင်သွင်းတတ်ကြသည်။ ဤသို့သော ရပ်/ကျေး အုပ်ချုပ်ရေးမှူး များသည် နယ်စွန်နယ်ဖျားရှိ ရပ်ရွာအစုအဖွဲ့များမှသော် လည်းကောင်း၊ မြန်မာဘာသာစကား အရေးနှင့် အပြောစွမ်းရည် များစွာ အားမကောင်းသော အရပ်ဒေသ များမှသော်လည်းကောင်း၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၏ ပညာအရည်အချင်း အားနည်းသော အရပ်ဒေသများမှသော်လည်း ဖြစ်လေ့ရှိသည်ဟု ဆိုကြသည်။[၇၈] ၎င်း ရပ်/ကျေး အုပ်ချုပ်ရေးမှူး များမှာ ဖွံ့ဖြိုးမှုနိမ့်ပါးသော သို့မဟုတ် ပဋိပက္ခဒဏ် ခံစားနေရသော အရပ်ဒေသများမှ အများဆုံးဖြစ်နိုင် သည့်အတွက် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ အားလုံးအနေဖြင့် ဆီလျော်ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ကြစေရန် ၎င်းတို့အား မည်ကဲ့သို့ အကောင်းဆုံး ထောက်ပံ့ကူညီ ပေးနိုင်မည်နည်းဟူသော မေးခွန်း ထွက်ပေါ်လာသည်။

ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ဦးစီးဌာနပေါင်းစုံကြား ထိတွေ့ဆောင်ရွက်မှု အဆင့်တွင်လည်း ကွာဟချက်များ ရှိနေပြန်သည်။ အချို့သော ဦးစီးဌာနများတွင် (အထူးထင်ရှားသည်မှာ DRD နှင့် DRRD) အရာရှိများသည် ဒေသခံ ရပ်ရွာပြည်သူများနှင့် ပုံမှန်တွေ့ဆုံပြီး ရပ်ရွာခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးလေ့ရှိသည်ဖြစ်ရာ ရပ်ရွာခေါင်းဆောင်များနှင့် ဌာနဆိုင်ရာ အရာရှိများကြား ချိတ်ဆက်မှု ပိုမိုခိုင်မာသည်ကို တွေ့ရသည်။

ဒေသခံတို့၏ လိုလားချက်များနှင့် လိုအပ်ချက်များကို ဖော်ထုတ်သည့်နေရာတွင်လည်း ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၏ လုပ်ကိုင်ဆောင်ရွက်ပုံမှာ ကွာခြားသေးသည်။ အများဆုံး အသုံးပြုသည့်နည်းလမ်းမှာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအနေဖြင့် ကျေးရွာခေါင်းဆောင်များ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများနှင့် ဘာသာရေး

### ဖြစ်စဉ်လေ့လာချက် ခ

**မဲဆန္ဒနယ်ဖွံ့ဖြိုးရေးရန်ပုံငွေ** [၇၉၊ ၈၀၊ ၈၁၊ ၈၂]

CDF ရန်ပုံငွေမှ မြို့နယ်တစ်ခုချင်းစီရှိ မြို့နယ်ကော်မတီများအတွက် မြန်မာကျပ်ငွေ သန်း ၁၀၀ ခွဲဝေပေးသည်။ ယင်းကော်မတီများကို (ကော်မတီ၏ ဖွဲ့စည်းပုံနှင့် လွှဲအပ်အခွင့်အာဏာကို အခန်း ၂ တွင် အသေးစိတ် ဖော်ပြထား) မြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ ဦးဆောင်ပြီး၊ ယင်းလွှတ်တော်ကိုယ်စားလှယ်မှ ဒေသန္တရ လူမှုစီးပွား အခြေအနေများ တိုးတက်ကောင်းမွန်စေရေးအတွက် အကောင်းဆုံး သုံးစွဲနိုင်မည့်နည်းကို ဆုံးဖြတ်သတ်မှတ်ပေးရန် တာဝန်ရှိပြီး၊ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ကိုလည်း ရယူရန် လိုအပ်သည်။ CDF ကြောင့် အထူးသဖြင့် အသေးစား အခြေခံအဆောက်အအုံပိုင်း ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်း၍ မြို့နယ်အဆင့် အရင်းမြစ်များပေါ် ကိုယ်ပိုင်ဆုံးဖြတ်နိုင်သည့် ပုံစံတစ်ရပ် ပေါ်ထွက်လာစေသည်။

များမကြာမီက ထွက်ပေါ်လာခဲ့သည့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အစီရင်ခံစာအရ ငွေပမာဏ မြောက်မြားစွာကို ကျေးလက်ဒေသ လမ်းတံတားများ ပြင်ဆင်ရေးနှင့် ဆောက်လုပ်ရေးအတွက် အသုံးပြုခဲ့ပြီး၊ ရေပေးဝေရေး စီမံကိန်းများအတွက်လည်း ငွေများစွာ သုံးစွဲခဲ့သည်ဟု သိရသည်။ ငွေပမာဏ အနည်းငယ်ကိုမူ ပညာရေး၊ ကျန်းမာရေးနှင့် လျှပ်စစ်ဓါတ်အားပေးဝေရေး လုပ်ငန်းများတွင် အသုံးပြုခဲ့သည်။ မြို့နယ်အဆင့် အရာရှိများ၏ ပြောကြားချက်အရ အများစုမှာ အသေးစား စီမံကိန်းများ ဖြစ်ကြသည်။ လမ်း/တံတား စီမံကိန်းတစ်ခုအတွက် ပျမ်းမျှ အသုံးစရိတ်မှာ မြန်မာကျပ်ငွေ သုံးသန်းအောက် လျော့နည်းသည်။

မြို့နယ်အဆင့် အရာရှိများနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၏ ပြောကြားချက်အရ CDF အထောက်အပံ့ခံ စီမံကိန်းများကို သတ်မှတ်ရေးတွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည် ဘဏ္ဍာငွေ ရရှိရေးအတွက် အလားအလာရှိသော စီမံကိန်းများကို သတ်မှတ်ရာ၌ အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်ကို ယူထားသည်ဟု သိရသည်။ ရပ်ရွာပြည်သူများ စီမံကိန်း သတ်မှတ်ဖော်ဆောင်ရေးတွင် ပါဝင်ဆောင်ရွက်စေရန် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၏ လုပ်ကိုင်ဆောင်ရွက်ပုံများ ကွာခြားသည်ကို တွေ့ရပြန်သည်။ ကော်မတီမှ ဖတ်ရှုစဉ်းစားနိုင်ရန်အတွက် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအား တစ်နှစ် သို့မဟုတ် နှစ်နှစ်တစ်ကြိမ် အဆိုပြုလွှာ ၃ စောင်မှ ၅ စောင် တင်သွင်းရန် စေခိုင်းထားသည်။

အဆိုပြုလွှာများ သတ်မှတ်ဖော်ဆောင်ရာတွင် နိုင်ငံသားများ၏ ပါဝင်ဆောင်ရွက်မှု ပိုမိုရရှိစေရေးနှင့် CDF စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက် လျင်မြန်စွာ ချမှတ်ရေးတို့အတွက် တောင်းဆိုသည့် အသံအချို့ ထွက်ပေါ်လာခဲ့ပါသည်။ စီမံကိန်းများ အကောင်အထည်ဖော်ရာ၌ အရင်းမြစ်များ ပြုန်းတီးခြင်းနှင့် ထိရောက်မှုမရှိခြင်း၊ စီမံကိန်း အဖွဲ့မှ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို အမြဲတစေ လိုက်နာ ဆောင်ရွက်လေ့မရှိခြင်း ဟူသော သာဓကများကို ပြည်နယ်/တိုင်းဒေသကြီး စာရင်းစစ်ချုပ်များမှ တွေ့ရှိထားသည်ဖြစ်ရာ ယင်းတို့မှာ CDF ချပေးရာ၌ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်စရာ အခွင့်အလမ်းများ ရှိနေသည့် သက်သေများပင် ဖြစ်သည်။ ထို့အပြင်လည်း အခြားနိုင်ငံများရှိ CDF များအပေါ် လေ့လာထားသည့် သုတေသနအရ CDF များ၏ တာဝန်ခံမှုကို အာမခံချက်ပေးရန်မှာ ၎င်းတွင် လွှတ်တော် ကိုယ်စားလှယ်များမှ အပြန်အလှန် ထိန်းကျောင်းသည့် အခန်းကဏ္ဍကို ဆက်လက် မဆောင်ရွက်နိုင်ကြတော့သည့်အတွက် လွန်စွာအန္တရာယ်များလှသည်ကို တွေ့ရသည်။

**ကောက်နုတ်ချက် စ**

**ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အိမ်ထောင်ဦးစီးများ** [၉၃]

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်ကို ပြင်ဆင်ပြီးချိန်မှစ၍ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး (ရပ်/ကျေး အုပ်ချုပ်ရေးမှူး) ၏ အခန်းကဏ္ဍနှင့်အတူ ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကို ပြောင်းလဲပြင်ဆင်ခဲ့ပြီး ဖြစ်သည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပထမအကြိမ် အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး ရွေးကောက်ပွဲများ ကျင်းပသည့်အပေါ် များစွာသက်ရောက်မှု ဖြစ်ပေါ်စေခဲ့သော်ငြား သွယ်ဝိုက်၍သာ ဖြစ်သည်။ ယင်းမတိုင်မီကမူ မည်သည့် ရွေးကောက်ပွဲမှ ကျင်းပပြု လုပ်ခြင်းမရှိဘဲ ရပ်/ကျေးအုပ်ချုပ်ရေးမှူးကို မြို့နယ် ထွေအုပ်ရုံးမှ အုပ်ချုပ်ရေးမှူးများကသာ တိုက်ရိုက် ခန့်အပ်တာဝန်ပေးခြင်း ဖြစ်သည်။ ပထမအကြိမ် ရွေးကောက်ပွဲများ (၂၀၁၂ ခုနှစ် နှောင်းပိုင်း / ၂၀၁၃ ခုနှစ်အစောပိုင်း) ကျင်းပပြုလုပ်ပြီးနောက်ပိုင်း ဥပဒေကို နှစ်ကြိမ်တိုင်တိုင် ပြင်ဆင်ခဲ့သည် (ဇန်နဝါရီ ၂၀၁၆ ခုနှစ် နှင့် ဒီဇင်ဘာ ၂၀၁၆ ခုနှစ်)။ လက်ရှိစနစ်အရ အိမ်ထောင်စု တစ်ခုချင်းစီမှ ကိုယ်စားလှယ်များသည် ဆယ်အိမ်မှူးများ ရွေးကောက်ကြရသည်။ ထို့နောက် အိမ်ထောင်စု ကိုယ်စားလှယ်များသည် ရွေးကောက်ခံ ဆယ်အိမ်မှူးများမှ ရာအိမ်မှူးတစ်ဦးကို တစ်ဖန် ရွေးကောက်ကြရသည်။ အကယ်၍ ရာအိမ်မှူးတစ်ဦးတည်းသာ ရှိပါက ၎င်းသည် အလိုအလျောက် ရပ်/ကျေးအုပ်ချုပ်ရေးမှူးဖြစ်လာသည်။ အကယ်၍ ရွေးချယ်ခံရသည့် ရာအိမ်မှူး မြောက်မြားစွာ ရှိပါက အိမ်ထောင်စု ကိုယ်စားလှယ်များမှ တစ်ဖန် ထပ်မံမဲပေးရပြီး ရပ်/ကျေးအုပ်ချုပ်ရေးမှူးကို ရွေးကောက်တင်မြှောက်သည်။

ရပ်/ကျေးအုပ်ချုပ်ရေးမှူး၏ အခန်းကဏ္ဍမှာ တရားဥပဒေ စိုးမိုးရေးကို ထိန်းသိမ်းရာ၌ အထောက်အကူဖြစ်စေရန်၊ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ကြီးကြပ်ရန်နှင့် ဆင်းရဲမှု လျှော့ချရေး၊ မွေး/သေစာရင်းကောက်ခြင်း၊ မြေခွန် ကောက်ခံခြင်းတို့တွင် ကူညီပေးရန်အပြင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အစိုးရဦးစီးဌာနများမှ ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်ရန် ဖြစ်သည်။ ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တာဝန်များ ထည့်သွင်းပေးအပ်လာခြင်းမှာ ထူးခြားသော အပြောင်း အလဲတစ်ရပ် ဖြစ်သည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးသည် အစိုးရအမှုထမ်းမဟုတ်သည့်အတွက် လစာမရရှိသော်လည်း ထွေအုပ်ရုံးမှ စာရေး၏ ကူညီ ထောက်ပံ့မှုကို ခံရသည်။ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲတွင် ပါဝင် ဆောင်ရွက်ပေး ရန်နှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူး၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေး တာဝန်များကို ကူညီဆောင်ရွက်ပေးရန်မှအပ ၎င်းတို့၏ အခန်းကဏ္ဍကို အဆိုပါ ဥပဒေတွင် ရှင်းလင်းစွာ ဖွင့်ဆိုထားခြင်း မရှိပေ။

ခေါင်းဆောင်များ အစရှိသည့် အခြားသော ရပ်ရွာခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း ဖြစ်သည်။ ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီဟု အချို့ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ ရည်ညွှန်း ခေါ်ဝေါ်ဆဲဖြစ်သော အဆိုပါ ခေါင်းဆောင်များသည် များစွာသော အရပ်ဒေသများ၌ ပုံမှန်တွေ့ဆုံလေ့ရှိကြပြီး၊ သက်ဆိုင်ရာ ဒေသများ အတွင်း ဦးစားပေးဆောင်ရွက်ရန်များကို ရပ်/ကျေး အုပ်ချုပ်ရေးမှူး အား စဉ်ဆက်မပြတ် ပုံမှန် သတင်းပေးကြသည်။ အမှန်တကယ် လည်း များစွာသော ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည် ၎င်းတို့အရပ် ဒေသရှိ ဦးစားပေးဆောင်ရွက်ရန်ဖြစ်ပုံရသော ကိစ္စရပ်များကို အသေးစိတ် စာရင်းချ၍ ကောင်းစွာ တင်ပြနိုင်စွမ်းရှိကြပါသည်။[၉၄] အချို့သော ရပ်/ကျေး အုပ်ချုပ်ရေးမှူးများမှာမူ ဒေသန္တရ ဦးစားပေး ကိစ္စရပ် များကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ဖော်ထုတ်နိုင်ရန် ဒေသခံ ရပ်ရွာအုပ်စုများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရွာလုံးကျွတ် အစည်း အဝေးခေါ်ယူပြီး အလိုအပ်ဆုံး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရွာသူ ရွာသားများကြား ဆွေးနွေးသဘောတူမှု ရစေခြင်းတို့အထိ ဆောင် ရွက်တတ်ကြသည်။ သို့သော်လည်း ရပ်/ကျေး အုပ်ချုပ်ရေး မှူး အချို့ကမူ လိုအပ်ချက်များနှင့် လိုလားချက်များကို ဖော်ထုတ်ရန် ပြည်သူလူထုအား ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်စေပါက အစိုးရ ဘက်မှ ဖြည့်ဆည်းပေးနိုင်မည့်အခြေအနေနှင့် စပ်လျဉ်း၍ ၎င်းတို့ထံမှ လက်တွေ့မကျသော မျှော်လင့်ချက်များ ထွက်ပေါ်လာမည်ကို စိုးရိမ်နေကြသည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦး၏ ပြောကြား ချက်အရမူ CDF နှင့် PRF တို့ကဲ့သော ဒေသန္တရဖွံ့ဖြိုးရေး ရန်ပုံငွေ များအတွက် အဆိုပြုလွှာတင်ရန် လိုအပ်ချက်များ ဖော်ထုတ်ရာ၌ အဆိုပြုလွှာများသည် ငွေကြေးထောက်ပံ့မှု ရရှိလိမ့်မည်ဟု ပိုမို ယုံကြည်သည့်အလျောက် ပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေးမှုကို အတတ်နိုင်ဆုံး ကျယ်ပြန့်စွာ ပြုလုပ်လေ့ရှိသည်ဟု ဆိုသည်။ သို့သော်လည်း နှစ်စဉ်စီမံကိန်း ရေးဆွဲရေး လုပ်ငန်းစဉ်အတွက်မူ အဆိုပြုလွှာသည် ငွေကြေးထောက်ပံ့မှု ရနိုင်စရာ မရှိသည့်အတွက် ရပ်ရွာခေါင်းဆောင်များနှင့်သာ သီးသန့်တွေ့ဆုံသည်ဟု ဆိုသည်။[၉၅]

ဒေသန္တရဖွံ့ဖြိုးရေး ရန်ပုံငွေများနှင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း များအတွက် ရပ်ရွာလူထု၏ ပါဝင်ဆောင်ရွက်မှုသည် အထူးအရေးကြီး နိုင်ပါသည်။ အကြောင်းမှာ အဆိုပါ လုပ်ငန်းများသည် ရပ်ရွာမှ ရန်ပုံငွေ ပူးတွဲထည့်ဝင်ရမည့် လုပ်ငန်းများဟု မျှော်လင့်ထားသော ကြောင့် ဖြစ်သည်။ ဥပမာ ပြည်နယ်တစ်ခုရှိ PRF ၏ သတ်မှတ်ချက် အရ ရပ်ရွာပြည်သူ များသည် စီမံကိန်း၏ ၅၀ ရာခိုင်နှုန်းကို ထောက်ပံ့ရန် တာဝန်ရှိသည်။ ဘဏ္ဍာငွေ ထောက်ပံ့မှုကို သတ်မှတ် ဖော်ထုတ်ပြီးသည်နှင့် ငွေကြေး ထောက်ပံ့မှု ရရှိရေးအတွက် အဆိုပြုလွှာများကို ရပ်/ကျေး အုပ်ချုပ် ရေးမှူးများနှင့် မြို့နယ် အုပ်ချုပ်ရေးမှူးတို့၏ လစဉ် အစည်းအဝေး ပွဲများမှတစ်ဆင့် TPIC ဆုံးဖြတ်ချက်နှင့်တကွ  မြို့နယ်အုပ်ချုပ်ရေး ပိုင်းသို့ တင်သွင်း နိုင်သည်။

ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအနေဖြင့် ဒေသဆိုင်ရာ ဦးစားပေး

ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာ၌ အကျိုးရှိရှိ ပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် ထောက်ပံ့ကူညီမှုများပြုရန် စဉ်းစားပေးသင့်သည်။ လက်ရှိ အခြေအနေတွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ သို့မဟုတ် အခြားသော ရပ်ရွာခေါင်းဆောင်များအတွက် ရပ်ရွာအစုအဖွဲ့များနှင့် ထိတွေ့ဆောင်ရွက်ရေး၊ ဒေသလိုအပ်ချက်များ ဆန်းစစ်လေ့လာရေးတို့နှင့် စပ်လျဉ်းသည့် နိုင်ငံလုံးဆိုင်ရာ လမ်းညွှန်ချက်သော်လည်းကောင်း၊ လေ့ကျင့်သင်ကြားမှုသော်လည်း မရှိသေးပေ။ ရပ်ရွာ၏ လိုအပ်ချက်များကို ဖော်ထုတ်ရာ၌ ရပ်ရွာခေါင်းဆောင်များ၏ "ကိုယ်စားပြုမှု" မည်မျှရှိသည်ဟူသော အချက်ကို လေ့လာဆန်းစစ်ရန်အတွက်မူ နောက်ထပ် သုတေသန ပြုလုပ်ရန် လိုအပ်ပေလိမ့်မည်။ ဥပမာ အမျိုးသား ရပ်ရွာခေါင်းဆောင်ဦးရေမှာ အဆမတန်များပြားလွန်းလှသည့်အတွက်[၈၆] အမျိုးသမီးများ၏ အသံကို ဘေးဖယ်ထားသည့် သဘော ဖြစ်ကောင်းဖြစ်နေနိုင်သည်။ အချို့အပြောအရမူ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ၎င်းတို့နေထိုင်ရာ ကျေးရွာအတွက် စီမံကိန်းများကိုသာ ဦးစားပေးပြီး ကျေးရွာအုပ်စုပါ အခြားကျေးရွာများကို ထိခိုက်နစ်နာစေသည်ဟု ကြားသိရသည်။[၈၇] ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ ခရီးသွားလာစရိတ် နည်းပါးခြင်းကဲ့သို့ ကန့်သတ်ချက်များ ရှိနေသည့်အတွက်လည်း ၎င်းနှင့်ဝေးကွာသည့် ကျေးရွာများသို့ သွားရောက်လေ့လာရန် အခက်အခဲရှိနိုင်ပေသည်။ ဤသို့ အခက်အခဲများ ရှိနေသည့်တိုင် လေ့လာချက်များစွာအရ တွေ့ရသည်မှာ ပြဿနာနှင့် အငြင်းပွားမှုများ ဖြေရှင်းရာတွင်နှင့် ဆုံးဖြတ်ချက်များပြုလုပ်ရာတွင် လူအများ အဓိကအကူအညီ တောင်းခံလေ့ရှိသူမှာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးသာ ဖြစ်သည်။[၈၈၊ ၈၉၊ ၉၀၊ ၉၁]


## အဆိုပြုလွှာရေးသားသည့် လုပ်ငန်းစဉ်တွင် ရပ်ရွာပြည်သူလူထုများ ပူးပေါင်းပါဝင်နိုင်မည့် အခွင့်အလမ်းများ

အဆိုပြုလွှာ ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ရေးသားခြင်း လုပ်ငန်းစဉ်၌ ရပ်ရွာ၏ ပူးပေါင်းပါဝင်မှုအဆင့်မှာ မြို့နယ်နှင့် ကဏ္ဍအလိုက် ကွာခြားချက်ရှိပါသည်။ ရပ်ရွာ၏ ပူးပေါင်းပါဝင်မှု ပုံသဏ္ဍာန်များမှာလည်း ပုံစံမျိုးစုံရှိပြီး ပူးပေါင်းပါဝင်မှု၊ ဘက်စုံပါဝင်မှုနှင့် ကိုယ်စားပြုမှု အဆင့်များလည်း ကွာခြားတတ်သေးသည်။ နှစ်စဉ် ပြည်နယ်/တိုင်းဒေသကြီး နှင့် ပြည်ထောင်စု အစိုးရ ဘတ်ဂျက်များအတွက် "အောက်-အထက်" စီမံကိန်း ရေးဆွဲခြင်းတွင် ရပ်ရွာ၏ ပါဝင်ဆောင်ရွက်မှုကို ပုံ ၃.၂ တွင် သရုပ်ဖော်ပြထားပါသည်။ အများဆုံး တွေ့မြင်ရသည့် ရပ်ရွာပါဝင်ဆောင်ရွက်မှု ပုံစံများမှာ အောက်ပါအတိုင်း ဖြစ်သည်။

- **"ရပ်ရွာခေါင်းဆောင်များ"**။ ဌာနဆိုင်ရာ အရာရှိများ၏ ပြောကြားချက်အရ လွှတ်တော် ကိုယ်စားလှယ်များ၏ ကိုယ်စားပြုမှုနှင့်အတူ လိုလားချက်များနှင့် လိုအပ်ချက်များကို ဖော်ထုတ်ကြရာ၌ အသုံးအများဆုံး နည်းလမ်းများမှာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခေါင်းဆောင်များ၊ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများနှင့် ဘာသာရေး ခေါင်းဆောင်များ အပါအဝင် ရပ်ရွာခေါင်းဆောင်များမှ တစ်ဆင့် ဖြစ်သည်။ ၎င်းတို့အနက် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည် ရပ်ရွာ ခေါင်းဆောင်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများကြား အဓိက ပေါင်းကူးအဖြစ် ဆောင်ရွက်ပေးလေ့ရှိကြသည်။ ရပ်ရွာတွင်း (များသောအားဖြင့် တစ်သက်လုံး) နေထိုင်ခဲ့ကြသူများပီပီ ရပ်ရွာခေါင်းဆောင်များသည် ရပ်ရွာအတွက် လိုအပ်ချက်များကို ကျကျနန ဖော်ထုတ်ပြောဆိုနိုင်စွမ်း ရှိကြသည်။[၉၂] သို့သော်လည်း ရှေ့တွင် အသေးစိတ် ဖော်ပြခဲ့သည့်အတိုင်း မြို့နယ်အလိုက်နှင့် ကဏ္ဍအလိုက် ကွာဟချက်များ ရှိသည်။ အချို့ဒေသများရှိ ရပ်ရွာခေါင်းဆောင်များသည် အဆိုပြုလွှာများ ထွက်ပေါ်လာစေရေးအတွက် ဆောင်ရွက်ရာ၌ များစွာ ထိရောက်မှု မရှိလှဘဲ ၎င်းတို့ ဆုံးဖြတ်ချက် ချမှတ်ရာတွင်လည်း ဘက်စုံပါဝင်မှုမှာ မေးခွန်းထုတ်စရာ ဖြစ်နေတတ်သည်။ ရပ်ရွာတွင်း ဩဇာ အာဏာ၏ သဘောသဘာဝနှင့် ခေါင်းဆောင်မှုပိုင်း၌ မြန်မာနိုင်ငံအနှံ့ရှိ ကျေးရွာအုပ်စုများနှင့် ကျေးရွာများကြားတွင် ကွာဟချက် ကြီးမားသည်။ ဥပမာ အချို့သော အရပ်ဒေသများ (အထူးသဖြင့် ပဋိပက္ခဒဏ်ခံ တိုင်းရင်းသား လူနည်းစု များ နေထိုင်ရာဒေသများ) ၌ ရိုးရာဓလေ့ ခေါင်းဆောင် များ၏ အုပ်ချုပ်မှုပုံစံများမှာ တစ်နည်းတစ်ဖုံဖြင့် ဆက်လက် တည်ရှိနေသေးသည်။ မြန်မာနိုင်ငံ ဒေသန္တရအဆင့်တွင် လုပ်ကိုင်ဆောင်ရွက်ရန် စဉ်းစားသော စီမံကိန်း သို့မဟုတ် အဖွဲ့အစည်းသည် ၎င်းတို့ အလုပ်လုပ်ရန် ရည်ရွယ်သည့် ကျေးရွာများ၏ နိုင်ငံရေး ဘောဂဗေဒကို နားလည်ထားသင့်သည်။

- **လွှတ်တော်အမတ်များနှင့် ဝန်ကြီးများ**။ ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း လွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများသည် စီမံကိန်း အဆိုပြုလွှာများ ဖော်ထုတ်ရာ၌ ဦးဆောင် အခန်းကဏ္ဍကို ယူထားကြသည်။ လွှတ်တော် ကိုယ်စားလှယ်များသည် ရပ်ရွာကိုယ်စားလှယ်များ ဖြစ်ကြသည့်အလျောက် ၎င်းတို့သည် စီမံကိန်း ရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ရပ်ရွာ၏အသံဖြစ်သည်ဟူသော အချက်မှာ အရာရှိများနှင့် အစိုးရအဖွဲ့ဝင်များ ပုံမှန်ပြောလေ့ရှိသည့် ကိစ္စဖြစ်သည်။ ရွေးကောက်ခံ ကိုယ်စားလှယ်များ ဖြစ်ကြသည့်အတွက် လွှတ်တော် ကိုယ်စားလှယ်များသည် မဲရရှိရေးကိုလည်း စဉ်းစားရပြီး သက်ဆိုင်ရာ မဲဆန္ဒနယ်များ၏ လိုလားချက်များနှင့် လိုအပ်ချက်များကို ထိရောက်စွာ ကိုယ်စားပြုနိုင်ရန် ကြိုးစားကြသည်။ ရပ်ရွာခေါင်းဆောင်များနှင့်မူ လွှတ်တော် ကိုယ်စားလှယ်များ ရပ်ရွာအစုအဖွဲ့များနှင့် ထိတွေ့သည့်ပုံစံများမှာ ကွာခြားသွားသည်။ လွှတ်တော် ကိုယ်စားလှယ်များ၏ ပြောရိုးပြောစဉ်အတိုင်း ၎င်းတို့သည် ရပ်ရွာပြည်သူများသို့ သွားရောက်လေ့လာခြင်း၊ ဆွေးနွေးခြင်းတို့မှတစ်ဆင့် ရပ်ရွာ၏ လိုအပ်ချက်များကို သိရှိပါသည်ဟု ဆိုသော်လည်း ယင်းလိုအပ်ချက်များကို ရပ်ရွာခေါင်းဆောင်များထံမှသာ သိရခြင်းမျိုးလည်း ဖြစ်နိုင်သည်။ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒနယ် တစ်ခုလုံးအတွက် ထိထိရောက်ရောက် ကိုယ်စားပြုရန်အတွက် သတိပြုရမည့် ကန့်သတ်ချက်အချို့ရှိနေသည်။ အမျိုးသား လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် တစ်နစ်တာ

### ပုံ ၃.၂ "အောက်-အထက်" စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်မှ ရပ်ရွာ၏ ပူးပေါင်းဆောင်ရွက်မှု




ပတ်လုံး မဟုတ်သည့်တိုင် အချိန်အတော်ကြာ နေပြည်တော်သို့ သွားရောက်နေထိုင်ကြရသည်ဖြစ်ရာ သက်ဆိုင်ရာ ရပ်ရွာများတွင် အမြဲတစေ မရှိနိုင်ကြချေ။ ထို့အပြင်လည်း လူဦးရေ ၂၅၀,၀၀၀ နေထိုင်နိုင်လောက်အောင် ကြီးမားသည့် မြို့နယ်များကဲ့သို့ ဧရာမ မဲဆန္ဒနယ်ကြီး တစ်ခုလုံး အတွက် ထိရောက်စွာ ပေါင်းကူးဆောင်ရွက်ပေးရန် ကိစ္စမှာ ကိုယ်စားလှယ်များအတွက် စိန်ခေါ်မှုများလှသည်။

- **တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ။** မြန်မာနိုင်ငံ၏ အချို့သော ဒေသများနှင့် အထူးသဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားပြီး အစိုးရ၊ ဒေသန္တရ အရာရှိတို့ဖြင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်မှု အားကောင်းသော နေရာများတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) သည် ဌာနဆိုင်ရာ အရာရှိများထံသို့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆိုပြုလွှာများ တင်သွင်းတတ်ကြသည်။ ဥပမာ ကရင်ပြည်နယ်တွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာ အရာရှိအချို့၏ ပြောကြားချက်အရ ကရင် အမျိုးသား အစည်းအရုံး (KNU) ထံမှ အဆိုပြုလွှာများ ရရှိဖူးသည်ဟု သိရသည်။

- **ဌာနဆိုင်ရာ အရာရှိများနှင့် တိုက်ရိုက်ထိတွေ့မှု။** အထူးစီမံကိန်း /အစီအစဉ်များမရှိပါက ရပ်ရွာခေါင်းဆောင်များမှ အပ ရပ်ရွာတွင်းနေထိုင်သူများအတွက် အဆိုပြုလွှာများ ဖော်ထုတ်ရေးသားရန် ပုံမှန် အခွင့်အလမ်းများ မရှိပေ။ ဌာနဆိုင်ရာ အရာရှိများ ရပ်ရွာသို့ လာရောက်သည့်အခါများတွင်မှု ရပ်ရွာ

ပြည်သူများအတွက် အခွင့်အရေးများ ပေါ်ပေါက်လာတတ်သည်။ ဤသည်ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးတို့ကဲ့သို့သော ဦးစီးဌာနများတွင် အများဆုံး တွေ့ကြုံရလေ့ရှိသည်။ လယ်ယာလမ်း ပြုလုပ်ပေးရန်ကဲ့သို့ ဦးစီးဌာနများသို့ ရပ်ရွာနေ ပြည်သူများမှ စီမံကိန်းချပေးရန် အဆိုပြုလွှာများ အရေးပေါ်တင်သွင်းသည့် သာဓကမျိုး နည်းပါးသည်။ ဤသည်မှာလည်း ရပ်ရွာပြည်သူများနှင့် အရာရှိများကြားမှ ပုဂ္ဂိုလ်ရေး ဆက်ဆံမှုကြောင့် ယုံကြည်မှု ရှိနှင့်ပြီးဖြစ်သောကြောင့်သာလျှင် ဖြစ်နိုင်သည်။[၉၃] ရပ်ရွာပြည်သူအများစုသည် မြို့သို့လွယ်လင့်တကူ မသွားလာနိုင်ကြ၍ အရာရှိများနှင့် တိုက်ရိုက်ဆက်ဆံဆောင်ရွက်ရေးမှာ အခက်အခဲရှိသည်။

- **ရပ်ရွာတွင်းအုပ်စုများ။** များစွာသော ရပ်ရွာများအတွင်းရှိ ကျေးရွာအဆင့်တွင် ရေရရှိရေး၊ မီးရရှိရေး ကိစ္စများနှင့် စပ်လျဉ်း၍ ရပ်ရွာနေလူထုကို လှုံ့ဆော်ကာ စီမံကိန်းကို ထောက်ခံရန်နှင့် ဌာနဆိုင်ရာ အရာရှိများနှင့် ဆက်ဆံရန် အဖွဲ့များ ဖွဲ့စည်းထားတတ်ကြသည်။ အဆိုပါ အုပ်စုများသည် မူလအားဖြင့် ကိုယ်ထူကိုယ်ထ စီမံကိန်းများ ပြုလုပ်လေ့ရှိသည့် ကာလကြာရှည်စွာ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားခဲ့သည့် အဖွဲ့အစည်းများမှ ထွက်ပေါ်လာကြခြင်းဖြစ်သည်။ ကိုယ်ထူကိုယ်ထ စီမံကိန်းများတွင် ရပ်ရွာပြည်သူများသည် ရပ်ရွာလိုအပ်ချက်များကို ဖြည့်ဆည်းရန် ကိုယ်ပိုင် စီမံကိန်းများကို ဒီဇိုင်းရေးဆွဲခြင်း၊ ငွေကြေးစိုက်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ကြသည်။ ယင်းအုပ်စုများတွင် များသောအားဖြင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးကဲ့သို့ ရပ်ရွာခေါင်းဆောင်များ ပါဝင်လေ့ရှိကြသည်။ သို့တည်းမဟုတ် ကျေးရွာခေါင်းဆောင်များ နှင့် သို့မဟုတ် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၏ အသိအမှတ်ပြုမှု၊ ပူးပေါင်းပါဝင်မှုတို့ဖြင့် လုပ်ငန်းဆောင်ရွက်လေ့ရှိကြသည်။

- **နိုင်ငံရေးပါတီများ။** ဌာနဆိုင်ရာ အရာရှိများ၏ ပြောကြားချက်အရ အရေအတွက်မများလှသော မြို့နယ်အချို့တွင် ဒေသန္တရနိုင်ငံရေး ပါတီများ၏ ရုံးသည် လိုလားချက်များနှင့် လိုအပ်ချက်များကို ဖော်ထုတ်ခြင်း၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် မြို့နယ်အာဏာပိုင်များထံ စီမံကိန်းများ (အထူးသဖြင့် CDF အထောက်အပံ့ခံ အသေးစား အခြေခံအဆောက်အအုံနှင့် စပ်လျဉ်း၍) အဆိုပြုခြင်းတို့တွင် လွန်စွာတက်ကြွသည်ဟု သိရသည်။

- **အထူးစီမံကိန်း/အစီအစဉ်။** NCDDP၊ VDP နှင့် ERLIP တို့ကဲ့သို့သော စီမံကိန်းများမှနေ၍ ရပ်ရွာများသည် ၎င်းတို့၏ လိုလားချက်နှင့် လိုအပ်ချက်များကို ဖော်ထုတ်ပြီး တင်ပြပြောဆိုရန် ပိုမိုစနစ်ကျပြီး ပါဝင်ဆောင်ရွက်မှု အားကောင်းသော နည်းလမ်းများ ရရှိလာခဲ့ကြသည် (ဖြစ်စဉ်လေ့လာချက် က နှင့် င တို့တွင်ရှု)။ ပူးပေါင်းပါဝင်မှု နည်းလမ်းများကို အသုံးပြုထားသည့် အထူးစီမံကိန်းများ/အစီအစဉ်များတွင် ရေပေးဝေရေးစီမံချက်များ၊ ကျေးရွာတွင်းလမ်းများ၊ စာသင်ကျောင်း အဆင့်မြှင့်တင်မှုများ အစရှိသည့် ရပ်ရွာအဆင့် အခြေခံအဆောက်အအုံများကို အလေးပေးရန် ရည်ရွယ်သည်ကို သတိပြုသင့်သည်။

သို့ဖြစ်ပါ၍ ရပ်ရွာ၏ ပါဝင်ဆောင်ရွက်မှုအတွက် လုပ်ရိုးလုပ်စဉ်နှင့် တရားဝင်သတ်မှတ်ထားသည့် အခွင့်အလမ်း အများစုမှာ အစိုးရနှင့် ရပ်ရွာများကြား ပေါင်းကူးအဖြစ် ဆောင်ရွက်ပေးသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၏ လက်ထဲတွင်သာ ရှိသည်။ ယင်းပုဂ္ဂိုလ်များ ကြားခံအဖြစ် ဆောင်ရွက်ရာတွင် မည်မျှ ထိရောက်မှုရှိသည်ကို နားလည်ရန်နှင့် ကောင်းမွန်သော ကျင့်ထုံးများကို ဖော်ထုတ်ရန် အလို့ငှာ သုတေသနများ ပိုမိုပြုလုပ်ရန် လိုအပ်ပါသည်။ မည်သို့ပင်ဖြစ်စေ လွှတ်တော် ကိုယ်စားလှယ်များနှင့် ရပ်ရွာခေါင်းဆောင်များအား အဓိပ္ပါယ် ပြည့်ဝပြီး ကိုယ်စားပြုမှုရှိသော ရပ်ရွာပူးပေါင်းပါဝင်မှု ထွက်ပေါ်လာအောင် ဆောင်ရွက်နိုင်ကြစေရေးအတွက် လမ်းညွှန်ချက်နှင့် အကူအညီများပေးနိုင်ပါက ၎င်းတို့အတွက် အကျိုးရှိပေလိမ့်မည်။

သတိပြုဖွယ်ရာ အချက်တစ်ချက်မှာ စီမံကိန်း အဆိုပြု လွှာများ သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ရေးသားခြင်းတို့တွင် အရပ်ဘက်အဖွဲ့အစည်းများ (CSOs) ၏ ရပ်ရွာပြည်သူများနှင့် ဌာနဆိုင်ရာ အရာရှိများကြား ပေါင်းကူးဆောင်ရွက်မှုကို ကွင်းဆင်းသုတေသန ပြုလုပ်ခဲ့သည့် ၁၀ မြို့နယ်တွင် မတွေ့ရှိရခြင်းပင် ဖြစ်သည်။ CSO များမှ တင်သွင်းသည့် ဦးစားပေး စီမံကိန်းများဆိုင်ရာ အဆိုပြုလွှာများ အကြောင်းကို ဌာနဆိုင်ရာ အရာရှိ တစ်ဦးတစ်ယောက်မှပင် ပြောကြားခြင်းမရှိချေ။ လက်ရှိ မြို့နယ်များတွင် ဌာနဆိုင်ရာ အရာရှိများအနေဖြင့် CSO များထံမှလည်းကောင်း၊ အခြားသော အရပ်ဘက်အဖွဲ့အစည်း အစုအဖွဲ့များ ထံမှလည်းကောင်း အဆိုပြုလွှာ လက်ခံနိုင်ရန် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းလည်း မရှိပေ။ CSO များအနေဖြင့် ဒေသန္တရ လိုအပ်ချက်များကို ဖော်ထုတ်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်စရာ ရှိပါသည်။ အထူးသဖြင့် တိုင်းရင်းသား သို့မဟုတ် ဘာသာရေး လူနည်းစုများ၊ ဌာနတိုင်းရင်းသား၊ ယာယီ၊ ရွှေ့ပြောင်းလူဦးရေများ၊ အကဲ့ရဲ့ခံ ကျန်းမာရေး သို့မဟုတ် အလုပ်အကိုင်ရှိသူများ၊ လိင်စိတ်ခံယူတိမ်းညွတ်မှု/လိင်ဝိသေသ ကွဲပြားသူ (LGBTQI) အုပ်စုများနှင့် လူပုဂ္ဂိုလ်များ စသည်တို့ အပါအဝင် အဖယ်ကျဉ်ခံ အုပ်စုများ၏ အသံကို ဖော်ထုတ်ရန်နှင့် ပါဝင်နိုင်ကြစေရန် ကူညီနိုင် ပါလိမ့်မည်။[၉၄] Oxfam၊ Action Aid Myanmar (ဖြစ်စဉ် လေ့လာချက် ဂ တွင် ရှု) နှင့် အာရှဖောင်ဒေးရှင်းတို့ အပါအဝင် လက်ရှိ မြန်မာနိုင်ငံတွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်း စဉ်များတွင် CSO ၏ ပါဝင်ဆောင်ရွက်မှုကို အထောက်အကူ ပေးလျက်ရှိသည့် စီမံကိန်းများနှင့် အစီအစဉ်များစွာ ရှိနေပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် CSO များနှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ တက်ကြွမှု အားနည်းသော၊ သို့မဟုတ် ရှိပင် မရှိသော ဝေးလံခေါင်သီသည့် ဒေသများလည်း ရှိနေသေးသည်ဟူသော အချက်ကိုလည်း သတိပြုသင့်ပါသည်။

ဒေသန္တရ လိုအပ်ချက်များနှင့် လိုလားချက်များကို ဖော်ထုတ်ရာတွင် ရပ်ရွာများအားလုံး လွတ်လပ်စွာဖြင့် ပါဝင်ဆောင်ရွက်နိုင်ကြစေရန် အားပေးသင့်သည်ဟု ဆိုရာတွင် အစိုးရအပေါ် ယုံကြည်မှု အား

### ဖြစ်စဉ်လေ့လာချက် ၈

### ActionAid ၏ အရပ်ဘက် (CSO) လူမှုအဖွဲ့အစည်း လမ်းကြောင်း

"ကျေးရွာလက်စွဲစာအုပ်" စီမံကိန်း ဆောင်ရွက်ရင်း ရရှိခဲ့သော ကျေးရွာအဆင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုဆိုင်ရာ အတွေ့အကြုံနှင့် ဘက်ပေါင်းစုံ မြို့နယ် စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းတို့ကို အခြေခံ၍ ActionAid Myanmar ယခုအခါ လူမှုအဖွဲ့အစည်း လမ်းကြောင်း (CSO Platform) စီမံကိန်းကို အကောင်အထည် ဖော်လျက်ရှိသည်။ ယင်း စီမံကိန်း၏ ရည်ရွယ်ချက်မှာ အရပ်ဘက် အဖွဲ့အစည်းမှ အစုအဖွဲ့များ၏ စွမ်းရည်ကို မြှင့်တင်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်နေမည့် နေရာများကို ချဲ့ထွင်ပေးရန် ဖြစ်သည်။ လူမှုအဖွဲ့အစည်း လမ်းကြောင်းဟူသည် အစိုးရ၏ ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်မှု ပြုလုပ်နိုင်မည့် နေရာများ ရရှိရေးနှင့် ရပ်ရွာပြည်သူများ၏ ပါဝင်ဆောင်ရွက်မှု မြင့်မားရေးတို့အတွက် ဆောင်ရွက်နေကြသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အခြားသော ကိုယ်စားပြု အဖွဲ့အစည်းများ၏ စုစည်းမှု တစ်ရပ်ဖြစ်သည်။ လူမှုအဖွဲ့အစည်း လမ်းကြောင်းသည်  အစိုးရနှင့် ရပ်ရွာအဖွဲ့အစည်းများများ ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသည်။

အဆိုပါ အင်အားစုမှနေ၍ အရပ်ဒေသတစ်ခုခု၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည့် အရပ်ဘက် အဖွဲ့အစည်း အစုအဖွဲ့များ  (ဥပမာ ကျေးရွာအုပ်စု သို့မဟုတ် မြို့နယ်တစ်မြို့တွင် အခြေစိုက်) အားလုံးကို စုရုံး၍ ဘုံမျှော်မှန်းချက်တစ်ခု ရရှိလာစေရန်နှင့် ရပ်ရွာလိုအပ်ချက်များအတွက် မြှင့်တင်ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်တစ်ရပ် ပေါ်ပေါက်လာစေရန် အကူအညီပေးသည်။ လုပ်ငန်းစဉ် ဖော်ဆောင်ရာ၌ ရပ်ရွာအစုအဖွဲ့များ၏ အကြံဉာဏ်ကို ရယူ၍ အများစု ရင်ဆိုင်နေရသည့် ပြဿနာကို ဖော်ထုတ်သတ်မှတ်ပါသည်။ လုပ်ငန်းစဉ်တွင် မြို့နယ်အဆင့် အာဏာပိုင်များ လွှတ်တော် ကိုယ်စားလှယ်များနှင့်တကွ လိုအပ်ပါက ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၊ လွှတ်တော်များနှင့် လက်တွဲတွဲဆောင်ရွက်နိုင်မည့် အစီအစဉ်နှင့် လုပ်ငန်းဆောင်တာများကို ထည့်သွင်းထားပါသည်။

လူမှုအဖွဲ့အစည်းလမ်းကြောင်းသည် ဆင်းရဲပြီး အပစ်ပယ်ခံထားရသော လူအုပ်စုများကို ကိုယ်စားပြုရန်၊ ပြဿနာများနှင့် ဖြေရှင်းနည်းများကို ဖော်ထုတ်ရာ၌ အဆင်ပြေချောမွေ့စေရန်၊ အစိုးရနှင့် လက်တွဲဆောင်ရွက်ရာ၌ အကူအညီပေးရန်၊ စီမံကိန်း အကောင်အထည် ဖော်ရာ၌ စောင့်ကြည့်လေ့လာရန်၊ ဝေဖန်အကြံပြုချက်ပေးနိုင်မည့် လုပ်ထုံးယန္တရားပြုလုပ်ပေးရန်အတွက်လည်း ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၏ အဆုံးသတ် ရည်မှန်းချက်မှာ အစိုးရဝန်ဆောင်မှု ပေးရာတွင် တိုးတက်ကောင်းမွန်လာစေရေးအတွက် ကူညီပေးရန် ဖြစ်ပြီး အထူးသဖြင့် (ဥပမာ) ကျား/မ ရေးရာကို ထည့်သွင်းစဉ်းစား တုံ့ပြန်ဆောင်ရွက်သော ပြည်သူ့ရေးရာ ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ အထောက်အကူပေးရန် ဖြစ်ပါသည်။

လူမှုအဖွဲ့အစည်းလမ်းကြောင်းသည် လက်ရှိတွင် ပြည်နယ်/တိုင်းဒေသကြီး ခုနစ်ခုရှိ မြို့နယ်ဆယ်မြို့နယ်တွင် လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ်တွင် နောက်ထပ် မြို့နယ်နှစ်ခု တိုးချဲ့လုပ်ဆောင်သွားရန် ရည်မှန်းထားပါသည်။

---

နည်းသော၊ ဒေသန္တရ ဦးစားပေးကိစ္စရပ်များကို အစိုးရအနေနှင့် နားလည်မှုရှိရှိဖြင့် တုံ့ပြန်ဆောင်ရွက်လိမ့်မည်ဟု များစွာ မယုံကြည်ကြသော ပဋိပက္ခဒဏ်ခံ ဒေသများတွင် ရပ်ရွာ၏ ပူးပေါင်းပါဝင်မှုမှာ သာ၍ပင် အရေးကြီးလှသည်။ ဦးစွာပထမ လမ်းကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများသည် နဂိုရှိရင်းစွဲ တင်းမာမှုများကို ပိုမိုဆိုးဝါးစေနိုင်ပြီး အချိန်ကြာလာသည့်အခါ လက်နက်ကိုင် ပဋိပက္ခများ တစ်ကျော့ပြန် ဖြစ်ပွားလာစေနိုင်သည်။[၉၅] ဒုတိယအနေဖြင့် ယခင် တပ်မတော် အစိုးရလက်ထက်တွင် "ဖွံ့ဖြိုးတိုးတက်ရေး" လုပ်ငန်းများကို တပ်မတော်နှင့် "ခရိုနီ ကုမ္ပဏီများ" မှ အကောင်အထည်ဖော်ကြရာ၌ ထိခိုက်ခံ ရပ်ရွာပြည်သူများအတွက် များစွာထည့်သွင်း မစဉ်းစားသည့် အတွက် ဒေသခံ ပြည်သူများ နေရာစွန့်ခွာခဲ့ရသည့် သာဓကအချို့ ရှိခဲ့ဖူးသည်။[၉၆] ထိုအပြင် ပဋိပက္ခဒဏ်ခံ ဒေသများတွင် အထက် ဖော်ပြပါ မြေပိုင်ဆိုင်မှု ပြဿနာရပ်များသည် ပို၍ပင် အကျုံးဝင်လျက် ရှိပြီး အငြင်းပွားမှုများလည်း ပို၍ ဖြစ်ပွားနိုင်စရာရှိသည်။ ထို့ကြောင့်ပင်လျှင် ပဋိပက္ခဒဏ်ခံ ဒေသများမှ ရပ်ရွာအစုအဖွဲ့များ အတွက် ၎င်းတို့၏ ဦးစားပေး ကိစ္စရပ်များကို ပြောဆိုခွင့်ရနိုင်မည့် အခွင့်ကောင်းများ ရရှိရန်နှင့် မည်သည့် စီမံကိန်းကို ဦးစားပေးမည်ကို ဆုံးဖြတ်ရာ၌ အချက်အချာကျသော အခန်းကဏ္ဍမှ ပါဝင်ခွင့်ရကြစေရန်မှာ လွန်စွာအရေးကြီးလှပါသည်။ (ခေါင်းစဉ်ခွဲ ၃.၂ ရှု)

# ၃.၂။ မြို့နယ်များတွင်ရှိ စီမံကိန်း အဆိုပြုလွှာများကို မည်ကဲ့သို့ ဆန်းစစ်ပြီး ဦးစားပေးကြသနည်း

အလားအလာရှိသော အဆိုပြုလွှာအရေအတွက် များစွာကို သတ်မှတ်ဖော်ထုတ် ပြီးသည့်နောက်တွင် "အောက်-အထက်" စီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်၏ ဒုတိယအဆင့် အဖြစ် မြို့နယ် ဌာနဆိုင်ရာ အရာရှိများသည် အဆိုပြုလွှာများကို ဦးစားမပေးမီ ၎င်းတို့ကို ဆန်းစစ်ခြင်းနှင့် လုပ်ငန်းအကောင်အထည် ဖော်နိုင်ခြေကို အကဲဖြတ်ခြင်းတို့ ပြုလုပ်ကြသည်။ လွန်ခဲ့သော နှစ်အနည်းငယ် အတွင်း ကဏ္ဍအလိုက် ဦးစီးဌာနမှ အဆိုပြုလွှာများကို အထက်သို့ မတင်ပြမီ သုံးသပ်ခြင်းနှင့် ဆန်းစစ်ခြင်းတို့ ပြုလုပ်ရာ၌ TPIC များမှာ ပို၍ တာဝန်ယူလာကြရသည်။ လက်တွေ့တွင် TPIC များ မည်သို့ လုပ်ငန်းဆောင်ရွက်သည်ဟူသော ကိစ္စမှာ မြို့နယ် အလိုက် ကွာဟမှုရှိသည်။ ကဏ္ဍအလိုက် ဦးစီးဌာနများအားလုံးတွင် နည်းပညာပိုင်းအရ စံနှုန်းသတ်မှတ်ချက်များရှိကြရာ ၎င်းတို့၏ ဒေသန္တရအခြေအနေအပေါ် သိရှိထားမှုနှင့် ပေါင်းစပ်၍ အဆိုပြုထား သော စီမံကိန်းများကို ဆန်းစစ်ရာတွင်နှင့် ဦးစားပေးရာတို့၌ အသုံးချ သည်။ ပုံ ၃.၃ တွင် စီမံကိန်း ရေးဆွဲခြင်းနှင့် နောက်ဆက်တွဲ ဘတ်ဂျက် လုပ်ငန်းစဉ်ဆိုင်ရာ အကျဉ်းချုပ်ကို တင်ပြထားသည်။

စီမံကိန်း အဆိုပြုလွှာများကို ပထမ၊ ဒုတိယ၊ တတိယဟူ၍ ဦးစားပေး အဆင့်များ သတ်မှတ်ပေးသည်။ ဤသို့ အုပ်စုပိုင်းခြားပြီးသည့်နောက် တွင်လည်း အဆင့်သတ်မှတ်ချက် ထပ်မံပြုလုပ်သည်ဖြစ်ရာ ပထမ ဦးစားပေး စီမံကိန်းများကို ၁၊ ၂၊ ၃ စသည်ဖြင့် စီစဉ်၍ရသည်။ မြို့နယ်ဦးစီးဌာနမှ အဆိုပြုလွှာအများစု ပထမဦးစားပေးအဖြစ် သတ်မှတ်ခံရခြင်းမှာ မဆန်းလှချေ။ အကြောင်းမှာ ဒုတိယနှင့် တတိယ ဦးစားပေးများသည် ဘဏ္ဍာငွေ ထောက်ပံ့မှု ရရှိလိမ့်မည်ဟု အရာရှိများအနေဖြင့် များစွာ မမျှော်လင့်သောကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် မြို့နယ်တစ်ခုရှိ လမ်းဦးစီးဌာနသည် ပထမဦးစားပေး လုပ်ငန်း ၈၀၊ ဒုတိယ ဦးစားပေး ၄၀ နှင့် တတိယ ဦးစားပေး ၂၀ စီ တင်သွင်းသည်ကို တွေ့ရသည်။ အလားတူပင် နောက်ထပ် မြို့နယ် တစ်ခုမှ ကျေးလက်လမ်းဦးစီးဌာနမှ တင်သွင်းသည့် ပထမဦးစားပေး လုပ်ငန်းအရေအတွက်သည် ဒုတိယနှင့် တတိယဦးစားပေး လုပ်ငန်း များ အားလုံးပေါင်း၏ ခြောက်ဆမျှ ရှိသည်။ ဌာနများအားလုံးအနက် လွှတ်တော် ကိုယ်စားလှယ်များ သို့မဟုတ် ဝန်ကြီးများထံမှ လာသော သို့မဟုတ် ထောက်ခံသော အဆိုပြုလွှာများသည် ဦးစားပေးအဆင့် အမြင့်ဆုံး ရရှိတတ်ကြသည်။ ဌာနအသီးသီးမှ အရာရှိများ၏ ပြော ကြားချက်အရ လွှတ်တော်ကိုယ်စားလှယ်နှင့် ဝန်ကြီးများ၏ အဆိုပြု လွှာများကို ဦးစားပေးရမည်ဟူသည့် (အတိအလင်း ညွှန်ကြားချက် မဟုတ်သည့်တိုင်) ယူဆချက်တစ်ခုရှိနေသည်ဟု ဆိုသည်။ အရာရှိ များစွာ၏ အဆိုအရ ၎င်းကြောင့် ရပ်ရွာများ၏ "အမှန်တကယ်" လိုအပ်ချက်များကို မျက်စိလျှမ်းသွားစေသည်ဟု သိရသည်။[၆၇]

မြို့နယ်အဆင့်မှ ခရိုင်အဆင့်သို့ တက်လာသော အဆိုပြုလွှာများကို ခရိုင်အဆင့် ကဏ္ဍအလိုက် ဦးစီးဌာနများနှင့် DPIC တို့မှ ဆက်လက် ၍ သုံးသပ်စစ်ဆေးကြသည်။ ယေဘုယျအားဖြင့် ခရိုင်အဆင့် သုံးသပ်စစ်ဆေးသည့် အပိုင်းတွင် အဆိုပြုလွှာသစ်များ ထည့်သွင်း ခြင်း၊ ပြင်ဆင်မှု ကြီးကြီးမားမား ပြုလုပ်ခြင်း၊ အဆိုပြုလွှာအတွက် အသုံးစရိတ် လျှော့ချခြင်းတို့ မပြုလုပ်တော့ချေ။ ခရိုင်အဆင့်တွင် အဓိက တာဝန်ရှိသည်မှာ အဆိုပြုလွှာများသည် နည်းပညာဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိကြစေရေးနှင့် မြို့နယ်မှ အဆို ပြုပြီးသား စီမံကိန်းများနှင့် ပေါင်းစပ်နိုင်ရေးသာ ဖြစ်သည်။ အရေး ကြီးသည့်အချက်မှာ မြို့နယ်နှင့် ခရိုင်အဆင့်နှစ်ခုလုံးသည် အမြင့်ဆုံး ရရှိနိုင်မည့် ဘဏ္ဍာငွေကို မသိရှိဘဲ အဆိုပြုလွှာများကို ဆန်းစစ် ခြင်းနှင့် ဦးစားပေးခြင်းတို့ကို ဆောင်ရွက်ကြခြင်းဖြစ်သည်။ အကျိုး ဆက်အနေဖြင့် အရာရှိများအနေဖြင့် အဆိုပြုလွှာ အရေအတွက်ကို ဖြစ်နိုင်ခြေရှိမည့် ပမာဏအထိ လျှော့ချစရာ အကြောင်းမရှိတော့ချေ။

အဆိုပြုလွှာများကို လက်ခံချိန်ကာလနှင့် လက်ခံစဉ်အတောအတွင်း မြို့နယ်ဦးစီးဌာနများမှ ဆန်းစစ်မှု ပြုလုပ်ကြသော်လည်း၊ ဆန်းစစ် ခြင်းနှင့် ဦးစားပေးခြင်းလုပ်ငန်းအများစုကို နောင်လာမည့် ဘဏ္ဍာ ရေးနှစ် နီးကပ်မှသာ ဆောင်ရွက်လေ့ရှိကြသည်။ အဆိုပြုလွှာများကို ကြည့်ရှုဆွေးနွေးရန် TPIC အစည်းအဝေးကို ဇန်နဝါရီလ သို့မဟုတ် ဖေဖော်ဝါရီလအစောပိုင်းတွင် ပြုလုပ်ကြသည်ဖြစ်ရာ လာမည့် ဘဏ္ဍာရေးနှစ် (၂၀၁၉/၂၀ ဘဏ္ဍာနှစ်) အတွက် ကဏ္ဍအလိုက် ဦးစီးဌာန ငွေလုံးငွေရင်း ဘတ်ဂျက် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ အဆိုပြုလွှာများကို စီမံကိန်း ရေးဆွဲရေး ဦးစီးဌာနနှင့် TPIC သို့ ဇန်နဝါရီလလယ်မှ လကုန်ခါနီးအတွင်း တင်သွင်းရန် လိုအပ်သည်။ TPIC အစည်းအဝေးများ ပြီးသည်နှင့် ကဏ္ဍအလိုက် ဦးစီးဌာနများမှ အဆိုပြုလွှာများ (နှင့်အတူ ၎င်းတို့၏ သာမန်အသုံးစရိတ် အဆိုပြုလွှာ များကိုပါ) ခရိုင်အဆင့်သို့ တင်သွင်းသည်။ အချို့သော ကဏ္ဍ အလိုက် ဦးစီးဌာနများနှင့် မြို့နယ်များတွင်မူ TPIC အစည်းအဝေး မတိုင်မီ အရာရှိများသည် အဆိုပြုလွှာများကို အထက်သို့ တင်ပြကြ ရသည်။ သို့မှသာ ၎င်းတို့အနေဖြင့် စီမံကိန်းနှင့် ဘတ်ဂျက်ရေး ဆွဲခြင်းကို သက်ဆိုင်ရာ ဝန်ကြီးဌာန၏ အချိန်ဇယားနှင့်အညီ ဆောင်ရွက် နိုင်ပေမည်။ ခရိုင်အဆင့်တွင် အဆိုပြုလွှာများ ရရှိ သည်နှင့် တစ်ပြိုင်နက် ဦးစီးဌာနများနှင့် DPIC တို့သည် အဆိုပါ အဆိုပြုလွှာ များကို သုံးသပ်စစ်ဆေးရန် ဇန်နဝါရီလနှောင်းပိုင်းမှ ဖေဖော်ဝါရီလ အတွင်း ရက်သတ္တပတ် ၂ ပတ်မှ ၄ ပတ်အထိ အချိန်ရကြသည်။

## အဆိုပြုလွှာ ဆန်းစစ်ခြင်းနှင့် ဦးစားပေးခြင်း ဆိုင်ရာ ကဏ္ဍအလိုက် ချဉ်းကပ်မှုများ

မြို့နယ်အဆင့် ဘတ်ဂျက်နှင့် စီမံကိန်းများ မရှိ ခြင်းကြောင့် မြို့နယ်အဆင့် အရာရှိများသည် ရပ်ရွာများ၏ လိုအပ် ချက်များကို

တပေါင်းတစည်းတည်း စဉ်းစားလာကြပြီး အဆိုပြုလွှာများ ဆန်းစစ်ခြင်းနှင့် ဦးစားပေးခြင်းဆိုင်ရာ ကိစ္စရပ် အများစုကို ကဏ္ဍ ဆိုင်ရာ ဦးစီးဌာနများအတွင်းသာ ပြီးပြတ်အောင် ဆောင်ရွက်ကြသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး။** DRD တာဝန်ယူရသည့် စီမံကိန်းအမျိုးအစားမှာ များပြားလွန်းလှသည်ဖြစ်ရာ စီမံကိန်း အကဲဖြတ်ရန်နှင့် ဦးစားပေးရန် အသုံးပြုသည့် ချဉ်းကပ်နည်းများ မှာလည်း မြောက်မြားစွာရှိသည်။ သို့သော်လည်း ယေဘုယျ ကြည့်ရှုသုံးသပ်မှုအချို့ကိုလည်း ပြုလုပ်၍ရနိုင်ပါသည်။ စီမံကိန်း များ၏ အကောင်အထည် ဖော်နိုင်ခြေကို ဆန်းစစ်ရာ၌ DRD အရာရှိများ စီမံကိန်းအားလုံးအတွက် အသုံးပြုသည့် သတ်မှတ်ချက် များမှာ မြေရရှိနိုင်ခြေဖြစ်ပြီး၊ ရပ်ရွာများ သို့မဟုတ် ရပ်ရွာတွင် နေထိုင်သူများမှ စီမံကိန်းကို အထောက်အကူပေးသည့်အနေဖြင့် မြေနေရာ သတ်မှတ်ခြင်း၊ လှူဒါန်းခြင်းတို့ ပြုလုပ်ပေးကြရသည်။ DRD အရာရှိ အချို့၆၈ အတွက်မူ မြေလှူဒါန်းမှုများ မရှိသည့်အတွက် ၎င်းတို့မှ အဆိုပြုပေးနိုင်သည့် စီမံကိန်း အရေအတွက် လျော့နည်း စေသည်။ တစ်ခုသော မြို့နယ်၌မူ ထိုအကြောင်းကြောင့် ယမန်နှစ် ဘဏ္ဍာငွေ ရရှိခဲ့သည့် စီမံကိန်း အရေအတွက်ထက် များစွာလျော့ နည်း၍သာ အဆိုပြုနိုင်တော့သည်။ မြေကိစ္စသာမကဘဲ NEP လက် အောက်မှ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး ကဲ့သို့ အချို့သော စီမံကိန်းများသည်လည်း ရပ်ရွာများ နှင့် သို့မဟုတ် ရပ်ရွာနေထိုင်သူ များ၏ တစ်စိတ်တစ်ပိုင်း ဘဏ္ဍာငွေ ထောက်ပံ့မှုကို လိုအပ်သည်။၆၉ ရပ်ရွာများ နှင့် သို့မဟုတ် ရပ်ရွာနေထိုင်သူများ၏ ငွေစိုက်ထုတ် နိုင်စွမ်းနှင့် ငွေစိုက်ထုတ်လိုမှုတို့သည်လည်း အကောင်အထည် ဖော်နိုင်စရာ စီမံကိန်း အရေအတွက်အပေါ် နောက်ထပ် အဓိက ကျသော ကန့်သတ်ချက်တစ်ရပ် ဖြစ်သည်။ စီမံကိန်း အမျိုးအစား တစ်ရပ်ချင်းစီအတွက် ပြည်ထောင်စုအဆင့်မှ ချမှတ်ပေးထားသည့် နည်းပညာပိုင်း စံနှုန်းများရှိကြပြီး ၎င်းစံနှုန်းများက အဆိုပြုလွှာ များကို ပုံစံချပေးသည်။ ဥပမာ အဆိုပြုလိုသည့် ရေပေးဝေရေးဆိုင်ရာ စီမံကိန်း အမျိုးအစားသည် ဒေသန္တရ မြေမျက်နှာသွင်ပြင်၊ ကျေးရွာ အရေအတွက်၊ လက်ရှိရေအသုံးပြုနိုင်မှုနှင့် ရေရှိမှုအခြေအနေ စသည်တို့အပြင် အခြားစံနှုန်းများစွာပေါ်တွင် မူတည်သည်။


စီမံကိန်းများ ဦးစားပေးသည့်နေရာတွင် အရေးကြီးဆုံး ထည့်သွင်း စဉ်းစားကြသည့်အချက်မှာ အကျိုးကျေးဇူး ခံစားရမည့် ဦးရေဖြစ်ပြီး၊ ပုံမှန်အားဖြင့် စီမံကိန်းအခြေစိုက်မည့် ကျေးရွာတွင် နေထိုင်သူ ဦးရေကို ဆိုလိုခြင်း ဖြစ်သည်။ မြို့နယ်ဌာနဆိုင်ရာ အရာရှိများသည် သက်ဆိုင်ရာ မြို့နယ်များအတွင်းရှိ ကျေးရွာများအကြား "ဖြန့်ကျက်ခြင်း" အကြောင်းကိုလည်း ပြောပြကြသေးသည်။ သို့မှသာ တစ်ခု သောနှစ်အတွင်း စီမံကိန်းကျထားသည့် ရွာများသာ မမျှမတ ထပ်မံ ရရှိခြင်း၊ စီမံကိန်းမကျသည့် ရွာများလည်း တစ်နှစ်ပြီး တစ်နှစ် မကျ ခြင်းတို့မှ ရှောင်ရှားနိုင်မည် ဖြစ်သည်။ အဆုံးသတ်အားဖြင့် ဆိုရသော် လွှတ်တော် ကိုယ်စားလှယ်များ အဆိုပြုသော စီမံကိန်းများ၊ ဝန်ကြီး များ ကွင်းဆင်းရာမှသော်လည်းကောင်း၊ လွှတ်တော်တွင်း ကတိ ပေးရာမှသော်လည်းကောင်း ထွက်ပေါ်လာသော စီမံကိန်းများသည် အလိုအလျောက် ပထမဦးစားပေး အဆင့်သတ်မှတ်ခံကြရသည်။ NCDDP နှင့် ERLIP တို့ကဲ့သို့သော စီမံကိန်းများအတွက် ဖြစ်စဉ်

လေ့လာချက် ၄ တွင် အကျဉ်းတင်ပြထားသည့် အတိုင်းပင် အကဲ ဖြတ်ခြင်းနှင့် ဦးစားပေးခြင်းတို့ကို ခြားနားသည့် ပုံစံ နောက်တစ်မျိုး ဖြင့် ပြုလုပ်ကြသည်။

သာမန်အသုံးစရိတ် အဆိုပြုလွှာများ၊ အထူးသဖြင့် ဝန်ထမ်းများ ခန့်အပ်ရန် စရိတ်များနှင့် လျှပ်စစ်၊ သယ်ယူပို့ဆောင်ရေးတို့ကဲ့သို့ လုပ်ငန်းစရိတ်များနှင့် သက်ဆိုင်သည်များကို ဌာနဆိုင်ရာ မူဝါဒ အတိုင်း ပုံစံချမှတ်ပြီး၊ အများအားဖြင့် အစဉ်အဆက် ငွေကြေးသုံးစွဲမှု များကိုသာ အဓိက အခြေခံသည့်အတွက် ယမန်နှစ် ဘတ်ဂျက် ပမာဏအတိုင်းသာ ရရှိတတ်သည်။

**လမ်း။** DOH တွင် အဆိုပြုလွှာများ ဆန်းစစ်ခြင်းနှင့် ဦးစားပေးခြင်း တို့အတွက် သက်ဆိုင်ရာ လမ်းပေါ်၌ သွားလာသည့် ခရီးလမ်း ကြောင်းအရေအတွက်အပေါ် မူတည်၍ (တစ်နေ့စာ ပျမ်းမျှ နေ့စဉ် ယာဉ်အသွားအလာကို ဆန်းစစ်) ပြုလုပ်သည်။ လက်တွေ့တွင်မူ ဤဒေတာများကို လမ်းအတော်များများအတွက် ကောက်ယူရန် ခက်ခဲသည် ဖြစ်ရာ မြို့နယ်အရာရှိများအနေဖြင့် လမ်းတစ်လမ်း၏ နိုင်ငံရေး အရေးပါမှုအပေါ်သာ မူတည်၍ ဆုံးဖြတ်လိုက်တော့သည်။ မြို့နယ်အတွင်းမှ အဓိက မြို့နှင့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး မြို့တော်ကို ချိတ်ဆက်ပေးထားခြင်းကြောင့် သော်လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် အခြား ပြည်နယ်/တိုင်းဒေသကြီး များကြား ချိတ်ဆက်ပေးထားသည် ပင်မလမ်းများ ဖြစ်ခြင်းကြောင့် သော်လည်းကောင်း မြို့နယ်တစ်ခုစီတိုင်းတွင် ဦးစားပေး လမ်းများ အဖြစ် ယူဆကြသည့် လမ်းတစ်လမ်း၊ နှစ်လမ်း ရှိတတ်ပြီး၊ ၎င်းလမ်း များသည် ကုန်သွယ်ရေး၊ သို့တည်းမဟုတ် နိုင်ငံ၏ အမြန်လမ်း ကွန်ယက်အတွက် မဟာဗျူဟာမြောက် အရေးပါကြသည်။ လမ်းအသစ်များ ဖောက်လုပ်ရာတွင် လာမည့်နှစ်အတွက် ဦးစားပေး ကိစ္စရပ်များဟူသည် ပုံမှန်အားဖြင့် ယခုနှစ် ဘတ်ဂျက် ကုန်သည့် နေရာမှ လမ်းကို ဆက်လက်ဖောက်လုပ်ခြင်း ဖြစ်သည်။ လမ်း အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့အတွက် ဆန်းစစ်ချက်များကိုမူ လမ်း၏ နိုင်ငံရေးယိုယွင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှု မည် မျှအရေးအတကြီးလိုအပ်သနည်းဟူသော အချက်များပေါ် မူတည်၍ ပြုလုပ်သည်။ DOH အရာရှိများ၏ ပြောကြားချက်အရ မြို့နယ်များစွာ တွင် ရှိရင်းစွဲ လမ်းများ၏ မျက်နှာပြင် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည် ပထမဦးစားပေးဖြစ်ပြီး၊ လမ်းချဲ့ထွင်ရေးကို သိပ်ဦးစားပေးလေ့မရှိပေ။ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ၏ အဆိုပြုလွှာများကိုမူ ထိပ်တန်းဦးစားပေးသည်။ အဆိုပြုလွှာများ၏ နိုင်ငံရေး အကျိုးစီးပွား ဖြစ်ထွန်းမှုများကို ဆန်းစစ် သည့်အခါတွင် DRRD အရာရှိများသည် ကျေးရွာနှင့် ရွာသူရွာသား အရေအတွက်ကို အခြေခံ၍ ရွာလမ်းများကို ဦးစားပေးကြပြီး၊ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် ပျမ်းမျှသက် ရောက်မှု ကိုလည်း အချို့တဝက် ထည့်သွင်းစဉ်းစားသည်။ နောက်ဆက်တွဲ ခ တွင် တင်ပြထားသည့်အတိုင်း မြို့နယ်များတွင် သက်ဆိုင်ရာဒေသတွင်းမှ လမ်းပန်းဆက်သွယ်မှုနှင့် ကျေးရွာများ ခြုံငုံပါဝင်သည့် မြေပုံများ ရှိကြရာ ၎င်းတို့ကို လမ်းပန်းဆက်သွယ်ရေး ကွန်ရက်တိုးတက်ကောင်းမွန်ရေးအတွက် အကိုးအကားအဖြစ် အသုံးပြုကြသည်။ "ပင်မကျေးလက်လမ်းပန်းဆက်သွယ်ရေး

**ပုံ ၃.၃ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များအတွက် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲရေး လုပ်ငန်းစဉ်**




ပ/တ = ပြည်နယ်/တိုင်းဒေသကြီး

ကွန်ရက်” နှင့် ပေါင်းစပ်ပြီး ချိတ်ဆက်မှု အကောင်းဆုံး ဖြစ်စေရေးကိုလည်း မကြာခဏ ရည်ညွှန်းတတ်ကြသည်။ တစ်ခုသော မြို့နယ်တွင်မူ အရာရှိတစ်ဦးသည် မိုးရာသီအတွင်း ဈေးကွက်တင်သွင်းရန် အဆင်သင့်ဖြစ်မည့် ငွေပေါ်မည့် အသီးအနှံများ စိုက်ပျိုးသည့် ကျေးရွာများအတွက် ရာသီမရွေးသွားလာနိုင်သည့် လမ်းများ ဦးစားပေး ပြုလုပ်ခြင်းကဲ့သို့ ကျေးရွာအခြေအနေများကို သိရှိနားလည်သည့် ဒေသန္တအသိအမြင်ကြွယ်ဝမှုကို အခြေခံကာ ဦးစားပေးလုပ်ငန်းကို ဆောင်ရွက်သည်။ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများတင်သွင်းသည့် အဆိုပြုလွှာများကိုမူ ထိပ်တန်းဦးစားပေးကြသည်။

DRRD အတွက်မူ မြေရရှိနိုင်ခြေသည် စီမံကိန်း အကောင်အထည်ဖော်နိုင်စွမ်းအတွက် အရေးကြီးသော စံနှုန်းတစ်ရပ် ဖြစ်သည်။ ကနဦးလိုအပ်ချက်ဖြစ်သော နည်းပညာဆိုင်ရာ သတင်းအချက်အလက်များပါဝင်သည့် အဆိုပြုလွှာတစ်စောင် ရေးသားနိုင်ရန် အလို့ငှာ စီမံကိန်းအဆိုပြုထားသည့်နေရာများသို့ ဌာနဆိုင်ရာ အရာရှိများမှ လာရောက်လေ့လာနိုင်စွမ်းမှာလည်း စီမံကိန်း ဆန်းစစ်လေ့လာမှုတွင် နောက်ထပ် အရေးကြီးသည့် အကြောင်းတရားတစ်ခု ဖြစ်သည်။ တစ်ခုသော မြို့နယ်မှ ဌာနဆိုင်ရာ အရာရှိများ၏ ပြောကြားချက်အရမူ ၎င်းတို့အနေဖြင့် အဆိုပြုထားသည့် နေရာများအားလုံးသို့ သွားရောက်လေ့လာရန် အထောက်အပံ့ (ဝန်ထမ်းအင်အားနှင့် ခရီးသွားလာစရိတ်) အလုံအလောက်မရှိသည့်အတွက် သွားရောက်နိုင်သမျှသော နေရာအနည်းငယ်မှ အဆိုပြုလွှာများကိုသာ ရယူနိုင်စွမ်းရှိကြသည်ဟု ဆိုသည်။ ဤသို့ ဆိုပါက ဌာနဆိုင်ရာ အရာရှိများ သွားရောက်လေ့လာရန် သာ၍အခွင့်အလမ်းနည်းသော ပိုမိုဝေးလံခေါင်သီသည့် နေရာများမှ ကျေးရွာများသည် များစွာအကျိုးယုတ်စေသည့် သဘောဖြစ်သည်။

**လျှပ်စစ်။** မြို့နယ် ESE ရုံးများအတွက် ကျေးရွာမီးရရှိရေးဆိုင်ရာ စီမံကိန်းအဆိုပြုလွှာ၏ ဖြစ်နိုင်ခြေသည် ဦးစွာပထမ ၁၁ ကီလိုဗို့ ကျေးရွာလျှပ်စစ်ဓါတ်ကြိုးများ အားထားရာ ၆၆ ကီလိုဗို့နှင့် ၃၃ ကီလိုဗို့ ဓါတ်အားလိုင်း၏ တိုးချဲ့နိုင်စွမ်းနှင့် ဆက်စပ်နေသည် (နောက်ဆက်တွဲ ဂ တွင် ဓါတ်အားလိုင်း တိုးချဲ့ခြင်းများအတွက် ပြည်နယ်အဆင့် စီမံချက် ဥပမာကို တင်ပြထားသည်။) ထို့အပြင် လည်း ဌာနဆိုင်ရာ အရာရှိများသည် ဓါတ်အားလိုင်းနှင့် ချိတ်ဆက်မိသည်နှင့် တပြိုင်နက် ရွာသားများ၏ ငွေကြေးစိုက်ထုတ်နိုင်စွမ်းနှင့် စိုက်ထုတ်လိုစိတ်ကိုလည်း ဆန်းစစ်သည်။ ESE မှနေ၍ ကျေးရွာတစ်ရွာစီအတွက် ၁၁ ကီလိုဗို့လိုင်း သွယ်တန်းခြင်းကို ငွေကြေးထောက်ပံ့သော်လည်း ကျေးလက်ဒေသများရှိ အိမ်ထောင်စု တစ်စုချင်းစီသည် ဓါတ်အားလိုင်းနှင့် ချိတ်ဆက်ရန် ပိုက်ဆံပေးရသည် (မြို့ပြဒေသမှ အိမ်ထောင်စုများ ပေးရန်မလို)။

စီမံကိန်းများကို ဆန်းစစ်မှု ပြီးသည်နှင့် ဦးစာပေးလုပ်ငန်းကို စတင်တော့သည်။ MOEE ၏ မူဝါဒအရ ရှိပြီးသား ဓါတ်အားလိုင်း၏ နှစ်မိုင်အကွာအဝေးအတွင်းရှိသော ကျေးရွာများကို ပထမဦးစားပေး၊ ငါးမိုင်အတွင်း ဒုတိယ ဦးစားပေးနှင့် ဆယ်မိုင်အတွင်း တတိယ ဦးစားပေးအဖြစ် သတ်မှတ်သည် (ဆယ်မိုင်ကျော်မှ ကျေးရွာများမှာ DRD ၏ လျှပ်စစ်မီးရရှိရေးကို လျှောက်ထားခွင့်ရှိသည်)။ လက်တွေ့တွင်မူ ထိရောက်မှု ရှိစေရန်အလို့ငှာ မြို့နယ်အရာရှိများသည် ဓါတ်အားလိုင်း၏ နှစ်ကီလိုမီတာ ပတ်လည်အတွင်းမှ ပြန့်ကျဲနေသော ကျေးရွာအုပ်စု တစ်ခုချင်းစီအစား တစ်နှစ်ထက်တစ်နှစ် နီးကပ်လာသည့် ကျေးရွာများကို အသုတ်လိုက် အာရုံထားဆောင်ရွက်ကြသည်။ ဓါတ်အားသွယ်တန်းခြင်းကြောင့် အကျိုးကျေးဇူးခံစားရမည့်သူ (ရွာသားများ) အရေအတွက်ကိုလည်း အရာရှိများမှ ထည့်သွင်းစဉ်းစားကြပါသည်။ မြို့နယ်အချို့တွင်မူ မြို့ပြဒေသများကြား ဓါတ်အားလိုင်း ချိတ်ဆက်မှုကို အဆင့်မြှင့်တင်ခြင်းနှင့် ခိုင်မာအားကောင်းစေရေးကို ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးထက် ပိုမိုဦးစားပေး ဆောင်ရွက်ကြသည်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ တင်သွင်းသည့် အဆိုပြုလွှာများကို ပိုမိုဦးစားပေးကြသော်လည်း ရှိရင်းစွဲ ဓါတ်အားလိုင်းများမှ နည်းပညာပိုင်း အကန့်အသတ်များကြောင့် နောင်လာမည့် ဘတ်ဂျက်နှစ်အတွင်း အဆိုပြုလွှာများအားလုံးကို အကောင်အထည်ဖော်နိုင်စွမ်း ရှိလိမ့်မည် မဟုတ်ပေ။

**ပညာရေး။** DBE အတွက်မူ ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန် အဆိုပြုလွှာ၏ ဖြစ်နိုင်ခြေကို စဉ်းစားရာ၌ လက်ရှိ ကျောင်းဆောင်သည် အန္တရာယ် ဖြစ်ပွားနိုင်သည့် အနေအထားရှိနေခြင်း၊ ကျောင်းဆောင်၏ ပုံရိပ်သည် လက်ခံနိုင်စရာ အနေအထားတွင် မရှိခြင်း၊ တိုးပွားလာသည့် ကျောင်းသားဦးရေအရ ကျောင်းဆောင်သစ် လိုအပ်ခြင်းဟူသော စံနှုန်းသုံးချက်နှင့် ကိုက်ညီရန် လိုအပ်သည်။ မြို့နယ်အဆင့် အရာရှိများအနေနှင့်မူ အန္တရာယ်ရှိသည်ဟု ယူဆရသော အဆောက်အအုံများရှိသည့် ကျောင်းများကို ဦးစားပေးတတ်ကြသည်။ ချင်းပြည်နယ်တွင် သဘာဝ ဘေးအန္တရာယ်ဒဏ်ခံစားရသော စာသင်ကျောင်းများ (တစ်နှစ်ချင်းစီအားဖြင့် အရေအတွက် မများလှ) ကို ဦးစားပေးကြသည်။ ကျောင်းအုပ်များ၏ အဆိုပြုလွှာသည် အမှန်တကယ် လိုအပ်ချက်နှင့် ကိုက်ညီမှု ရှိမရှိ ဆန်းစစ်ရန် အတွက် ပုံမှန်အားဖြင့် မြို့နယ်ဒုတိယပညာရေးမှူးများသည် စာသင်ကျောင်းများသို့ သွားရောက်စစ်ဆေးရသည့် တာဝန်ရှိသည်။ အဆိုပါ စံနှုန်းများအပြင် ကျောင်းရှိ ကျောင်းသားဦးရေကိုလည်း ဦးစားပေးရန် ကိစ္စတွင် ထည့်သွင်းစဉ်းစားသည်။ ကျောင်းသွားလမ်း၊ အိမ်သာများနှင့် ခြံစည်းရိုး အစရှိသည့် ကျောင်းအဆင့်မြှင့်တင်ရေးကိစ္စကို ဦးစားပေးရန် အတွက်လည်း ကျောင်းသားဦးရေကို ထည့်သွင်းစဉ်းစားသည်။ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ တင်သွင်းသည့် အဆိုပြုလွှာများကို ပထမဦးစားပေးအဖြစ် သတ်မှတ်သည်။ အဆိုပြုလွှာများတွင် မှတ်ချက်ပေးသည့် ကော်လံပါရှိပြီး ယင်းနေရာတွင် စီမံကိန်းကို လွှတ်တော် ကိုယ်စားလှယ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးမှ ထောက်ခံခြင်း ရှိမရှိ ရေးသားထားသည်။

အထက်သို့ အဆိုပြုလွှာတင်သွင်းသည့် အကန့်အသတ်ကို ထိန်းချုပ်နိုင်သည့် ဘဏ္ဍာငွေ သတ်မှတ်ချက်နှင့် နည်းပညာပိုင်း အကန့်အသတ် (ဥပမာ ကျေးရွာလျှပ်စစ်မီးရရှိရေး ကဲ့သို့သော ကိစ္စတွင် ၃၃ ကီလိုဗို့ ဓါတ်အားလိုင်း ရွာအနီး၌ ရှိထားရန်လို) မထားရှိခြင်းကြောင့် ကျောင်းဆောင်သစ်နှင့် ကျောင်းအဆင့်မြှင့်တင်ရေး ကိစ္စနှစ်ခုလုံးအတွက် အဆိုပြုလွှာများ၏ အရေ

အတွက်နှင့် တန်ဖိုးသည် နောက်ဆုံး ဘတ်ဂျက်ထက် အဆပေါင်းများစွာ မြင့်မားနေတတ်သည်။ ဥပမာအားဖြင့် တစ်ခုသော မြို့နယ်၌ ကျောင်းဆောင်သစ် ၁၁၀ ကျော်နှင့် ကျောင်းအဆင့် မြှင့်တင်ရေး လုပ်ငန်း ၁၅၀ ကျော်စာ အဆိုပြုလွှာများ တင်သွင်း ကြသော်လည်း ဘဏ္ဍာငွေ ရရှိခဲ့သည်မှာ ကျောင်းဆောင်သစ် ၂၀ ပင် မရှိချေ။ မြို့နယ်အရာရှိများ၏ ပြောကြားချက်အရမူ ၎င်းတို့ အနေဖြင့် အဆိုပြုလွှာများများ ရေးသားလေလေ၊ ဘဏ္ဍာငွေများများ ရရှိလေဟု ယုံကြည်ကြသည့်အတွက် ရန်ပုံငွေ ရရှိမည်မဟုတ်ဟု သိထားသော အဆိုပြုလွှာများကိုပါ တက်တက်ကြွကြွဖြင့် အပို တင်သွင်းကြသည်ဟု ဆိုသည်။[၁၀၀] သွားရောက်လေ့လာခဲ့သည့် မြို့နယ်ဆယ်ခုအနက် တစ်ခုတည်း၌သာလျှင် DBE အရာရှိများမှ အမှန်တကယ် ထောက်ပံ့ငွေ ရရှိနိုင်သည့် အဆိုပြုလွှာအရေအတွက် ကိုသာ ချင့်ချိန်ပြီး တင်သွင်းသည်ကို တွေ့ခဲ့ရသည်။

## TPIC နှင့် DPIC တို့၏ အခန်းကဏ္ဍ

အဆိုပြုလွှာများ ခရိုင်အဆင့်နှင့် အထက်သို့ တင်သွင်းခြင်း မပြုမီ ၎င်းတို့၏ ဦးစားပေးမှုအပေါ် ဆန်းစစ်ခြင်းနှင့် သဘောတူညီချက် ရယူခြင်းတို့ကို မြို့နယ်အဆင့်တွင် TPIC မှ ပြုလုပ်ပေးရန် တာဝန် ရှိသည်။ TPIC များ၏ လက်တွေ့ လုပ်ငန်းဆောင်ရွက်မှုမှာ မြို့နယ် အလိုက် လွန်စွာကွာခြားပြီး မြို့နယ်အချို့ရှိ TPIC များမှာ ကြိုးစား စရာမလိုလှဘဲ အချို့မှာမူ စီမံကိန်းများ၏ အလုပ်ဖြစ်နိုင်ခြေနှင့် ဦးစားပေးမှုနှင့် စပ်လျဉ်း၍ အခက်အခဲနှင့် အငြင်းအခုံများပိုမို ပြုလုပ်နေကြရသည်။

သီအိုရီအားဖြင့် အဆိုပြုလွှာများကို ခရိုင်အဆင့် ကဏ္ဍအလိုက် ဦးစီးများနှင့် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ တင်သွင်းခြင်း မပြုမီ TPIC သို့ အတည်ပြုချက်ရရယူရန် တင်ပို့ရမည်ဖြစ်သည်။ သို့သော်လည်း လက်တွေ့ မြင်ရသည်မှာ အခန်းကဏ္ဍအချို့နှင့် သုတေသနတွင် ပါဝင်သည့် ပြည်နယ်တစ်ခုမှ မြို့နယ်သုံးခုလုံးတွင် ကဏ္ဍအလိုက် ဦးစီးဌာနများမှ ၎င်းတို့၏ အဆိုပြုလွှာများတင်သွင်း ပြီးမှသာ TPIC အစည်းအဝေးများ ခေါ်ယူခြင်းဖြင့် ယင်းကော်မတီ၏ အခန်းကဏ္ဍနှင့် ဩဇာကို နိမ့်ကျသွားစေသည်။

TPIC အခန်းကဏ္ဍ ပိုမိုစည်းမျဉ်းစည်းကမ်းကျနသော ကရင်ပြည်နယ် တွင် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနှင့် ထွေအုပ်ရုံးထံ TPIC အစည်း အဝေးများ ပြင်ဆင်နေသည့် ရက်များအတွင်း အဆိုပြုလွှာများ တင်သွင်းရခြင်း၊ သို့တည်းမဟုတ် အစည်းအဝေးမတိုင်မီ စဉ်းစားပေး ကြစေရန် TPIC အဖွဲ့ဝင်များအားလုံးကို အဆိုပြုလွှာများ ကြည့်ခွင့် ပေးထားခြင်းတို့ ပြုလုပ်ကြသည်။ အခြားသော မြို့နယ်များတွင်မူ အစည်းအဝေးမပြုလုပ်မီ ကဏ္ဍအလိုက် ဦးစီးဌာနများမှာ အဆိုပြုလွှာများကို အခြားသူများကို ပြလေ့မရှိပေ။

အဆိုပြုလွှာများကို အကဲဖြတ်ရန် ချဉ်းကပ်သည့်ပုံစံမှာလည်း မြို့နယ်အလိုက် လွန်စွာ ကွာခြားသည်။ မြို့နယ်အချို့ ဌာနဆိုင်ရာ ခေါင်းဆောင်များ (တစ်ခါတစ်ရံ ဌာနများအားလုံး၊ သို့မဟုတ် လမ်း၊ DRD၊ ပညာရေး အစရှိသည့် ပိုမိုအရေးပါသည့် ဌာနများသာ) မှ အဆိုပြုလွှာတစ်စောင်စီ တင်ပြကြရသည်။ ဤသည်မှာ အဆိုပြုလွှာများအားလုံး သော်လည်းကောင်း၊ နောင်နှစ်အတွက် အဆိုပြုလွှာများသော် လည်းကောင်း ဖြစ်နိုင်သည်။ အဓိက ရည်ရွယ်ချက်မှာ အခြားသော ဌာနများလည်း စီမံကိန်း အကြောင်း သိရှိကြပြီး၊ ထပ်ခြင်းပြုခြင်း မဖြစ်စေရန် ဖြစ်သည် (ဥပမာ- ESE ကျေးရွာမီးပေးဝေရေး စီမံကိန်းများနှင့် DRD ကျေးရွာမီးပေးဝေရေး အဆိုပြုလွှာများ)။ အခြားသော မြို့နယ်များတွင်မူ ဌာနများအားလုံးမှ အဆိုပြုလွှာများနှင့် မှတ်ချက်များအားလုံး တင်ပြကြရန် လိုအပ် သည်။ သို့သော်လည်း အကြမ်းအားဖြင့်မူ ဌာနဆိုင်ရာ အရာရှိ အများစု၏ ပြောကြားချက်အရ အခြားဌာနများမှ အဆိုပြုလွှာများနှင့် နှိုင်းရ ဦးစားပေးမှုတို့ကို အလေးထားကြသည်ဟု ဆိုသည်။ မြို့နယ် အချို့တွင်မူ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးမှ မတူညီသော စီမံကိန်းများကြား ဦးစားပေးမှုများကို လိုအပ်သလို ပြင်ဆင်ဆောင် ရွက်သည်ဟု သိရသည်။ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး များမှလည်း ကဏ္ဍအလိုက် စီမံချက်များမှ CDF သို့မဟုတ် PRF များမှ ထောက်ပံ့ငွေ ရနိုင်စရာရှိသည့် အသေးစား စီမံကိန်းများကို တွေ့ရှိပါက ဖယ်ရှားလိုက်သည်။ ဥပမာ PRF အတွက် မည်သည့် စီမံကိန်း ဘဏ္ဍာငွေရရှိသင့်သည်ကို TPIC မှ ဆုံးဖြတ်ပေးရန် တာဝန်ရှိသည်။

TPIC များကြား စီမံကိန်းအကဲဖြတ်သည့် ချဉ်းကပ်ပုံမှာ ကွာခြားသည့် နည်းတူ အစည်းအဝေး ပြုလုပ်သည့် ကြာချိန်နှင့် အကြိမ်ရေလည်း ကွာခြားသည်။ မြို့နယ်အချို့တွင် အဆိုပြုထားသော ရင်းနှီးမြှုပ်နှံမှု များအားလုံးကို သုံးသပ်စစ်ဆေးရန်မှာ သုံးရက်ခန့်ထိ ကြာတတ်ပြီး အခြားမြို့နယ်များတွင်မူ နှစ်နာရီခန့်သာ ကြာမြင့်တတ်သည်။ ပုံမှန်ကြာမြင့်ချိန်မှာမူ တစ်ရက် (နံနက် ဆယ်နာရီမှ မွန်းလွဲ ၃ နာရီအတွင်းအစည်းအဝေးကို လွှတ်တော် ကိုယ်စားလှယ်များ၏ မိန့်ခွန်းဖြင့် စဖွင့်သည်)။ TPIC များအနေဖြင့် အဆိုပြုလွှာပေါင်း ၂၅၀ နှင့် ၆၀၀ ကြား အကဲဖြတ်ရန် တာဝန်ရှိသည်ဖြစ်ရာ ကော်မတီ အနေဖြင့် မိနစ်တိုင်းတွင် စီမံကိန်း မြောက်မြားစွာ အကဲဖြတ်ရန် လိုအပ်သည့် မြို့နယ်များတွင် စီမံကိန်း အကဲဖြတ်မှု မည်မျှထိရောက် သည်မှာ မေးခွန်းထုတ်ရန် လိုသောအချက်ဖြစ်သည်။ ဤသို့သော မြို့နယ်များတွင် အကောင်းဆုံး အနေအထားမှာ ထပ်နေသော စီမံကိန်းများကို ဖော်ထုတ်နိုင်ခြင်း၊ ထိပ်တန်းဦးစားပေး ကိစ္စရပ်များကို သုံးသပ်စစ်ဆေးခြင်းနှင့် အကဲဆတ်သော စီမံကိန်းများကိုလည်း ဆွေးနွေးနိုင်ခြင်းတို့ ပြုလုပ်နိုင်ကြသည်။ ဤနေရာတွင် TPIC အနေဖြင့် ညှိနှိုင်းဆောင်ရွက်ရေး အခန်းကဏ္ဍကို ပြုလုပ်ပေးနိုင် သော်လည်း စီမံကိန်းများ အကဲဖြတ်ခြင်းကိုမူ ထိရောက်စွာ မဆောင်ရွက်နိုင်ချေ။

လွှတ်တော် ကိုယ်စားလှယ်များ၏ ပါဝင်ဆောင်ရွက်မှုအဆင့်မှာလည်း မြို့နယ်အလိုက် ကွာခြားသည်။ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန အရာရှိများ၏ ပြောကြားချက်အရ မြို့နယ်ရှိ လွှတ်တော်အမတ်များ အစုံအညီ တက်ရောက်ရေးမှာ လွန်စွာခက်ခဲသည်ဟု ဆိုသည်။ ၎င်းကိုယ်စားလှယ်များသည် နေပြည်တော်တွင် အလုပ်လုပ် ကြရသည့်အတွက် ဤအချက်ကို နားလည်ပေး၍ ရနိုင်ပါသည်။ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်အချို့သည် မြို့နယ်ပေါင်း

များစွာကို တာဝန်ယူရပြီး၊ မြို့နယ်အချို့တွင် ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များ၏ တက်ရောက်မှုသည် ပြည်နယ်/ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များနှင့် နှိုင်းယှဉ်ပါက နည်းပါးသည်။ ဤကိစ္စရပ်များမှအပ လွှတ်တော် ကိုယ်စားလှယ် များသည် TPIC အစည်းအဝေးများတွင် တက်ကြွစွာ ပါဝင်ကြပြီး၊ မြို့နယ်အချို့တွင်မူ စီမံကိန်း အကဲဖြတ်ရာ၌ အဓိက အငြင်းအခုံ သည် မိမိအဆိုပြုလွှာ ဦးစားပေး ခံရရေးအတွက် ကြိုးပမ်း ကြသည့် ကိုယ်စားလှယ်များကြားတွင် ဖြစ်လေ့ရှိသည်။ အမှန်စင်စစ် တစ်ခုသော မြို့နယ်၌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကဏ္ဍအလိုက် စီမံကိန်းများကို ဦးစားပေးရွေးချယ်ထားသည့် စီမံကိန်းများကို TPIC အစည်းအဝေးပွဲတွင် ဖယ်ရှားလိုက်ပြီး၊ ၎င်းနှင့် စီမံကိန်း ရေးဆွဲရေး ဦးစီးဌာနကြားတွင်သာ သဘောတူညီမှုယူရန် ဆုံးဖြတ်ခဲ့သည်။ အကြောင်းမှာ လွှတ်တော် ကိုယ်စားလှယ်များကြားတွင် စီမံကိန်း များနှင့် စပ်လျဉ်း၍ သဘောတူညီမှု ရအောင် မဆောင်ရွက်နိုင်ကြ သောကြောင့်ဟု ဆိုသည်။ အခြားသော မြို့နယ်များ၌မူ လွှတ်တော် ကိုယ်စားလှယ်များ အဆိုပြုသည့် စီမံချက်များကို အထက်သို့ မတင်ပြမီ ၎င်းတို့၏ လက်မှတ်ရရှိရန် လိုအပ်သည်။

TPIC များတွင် လွှတ်တော် ကိုယ်စားလှယ်များအပြင် လယ်သမား များ၊ စက်ရုံအလုပ်ရုံနှင့် ဝန်ဆောင်မှုကဏ္ဍမှ ကိုယ်စားလှယ်များ၊ ရပ်ရွာလူကြီးသူမများ (အချို့မြို့နယ်များတွင် အများဆုံး ငါးဦးအထိ) အစရှိသည့် "ရပ်ရွာကိုယ်စားလှယ်များ" လည်း ပုဂ္ဂလိက ကဏ္ဍကို ကိုယ်စားပြု၍ ပါဝင်ကြသည်။ အခြားသော TPIC အဖွဲ့ဝင်များနှင့် ဆွေးနွေးတိုင်ပင်ပြီး သဘောတူညီချက်ရယူကာ အဆိုပါ နေရာ များအတွက် သင့်တော်သော ပုဂ္ဂိုလ်များ ရှာဖွေခန့်အပ်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးတွင် တာဝန်ရှိသည်။ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန အရာရှိများ၏ ပြောကြားချက်အရ မြို့နယ် အချို့ရှိ TPIC များတွင် တက်ကြွသော "ရပ်ရွာကိုယ်စားလှယ်များ" ပါဝင်ခြင်းမရှိဟု သိရသည်။ အခြားသော မြို့နယ်များ၌မူ ကိုယ်စားလှယ်များ အစည်း အဝေး တက်ရောက်ကြသော်လည်း ဆွေးနွေးရာ၌ တက်တက်ကြွကြွ မရှိကြပေ။ ထို့ကြောင့်ပင် လက်ရှိ အခြေအနေတွင် မြို့နယ်များစွာ၌ ရပ်ရွာ၏ လိုအပ်ချက်၊ လိုလားချက်များနှင့် စပ်လျဉ်း၍ ပြင်ပမှ လာ သည့် မတူညီသော အမြင်ရရှိရေးနှင့်၊ စီမံကိန်းများ ဦးစားပေးရာ၌ ရပ်ရွာအစုအဖွဲ့များကို တက်ကြွစွာ ကိုယ်စားပြုနိုင်ရေးတို့အတွက် အခွင့်အလမ်းကို လက်လွတ်လိုက်ရသည်။

TPIC မှ သုံးသပ်စစ်ဆေးပြီးသည့်နောက် အဆိုပြုထားသော စီမံကိန်းများကို ခရိုင်အဆင့် ကဏ္ဍအလိုက် ဦးစီးဌာနများနှင့် DPIC တို့မှ ထပ်မံစစ်ဆေးသည်။ DPIC အဖွဲ့ဝင်များ နှင့် (ခရိုင်အဆင့် ကဏ္ဍအလိုက် ဦးစီးဌာနများ) မှ ပြောကြားချက်အရ မြို့နယ်များမှ တင်ပြလာသည့် အဆိုပြုလွှာများကို အထူးအထွေ ပြင်ဆင်ချက် ပြုလုပ်လေ့မရှိဟု သိရသည်။[၁၀၁] ၎င်းတို့ အဓိက စစ်ဆေးသည်မှာ အဆိုပြုလွှာများသည် ဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ခြင်းရှိမရှိ၊ အဆိုပြုလွှာများတွင် သက်ဆိုင်ရာ သတင်း အချက်အလက်များ ပါဝင်ပြီး ရွေးချယ်သည့် စီမံကိန်းများသည် နည်းပညာပိုင်းအရ သင့်တင့်လျောက်ပတ်ခြင်း ရှိမရှိ ဟူသော အချက်ဖြစ်သည်။ အကယ်၍ ကိုက်ညီမှုမရှိပါက လိုအပ်သော သတင်းအချက်အလက်ကို မြို့နယ်ထံမှ ဆက်လက် တောင်းခံသည်။ ခရိုင်အဆင့်တွင် အဆိုပြုလွှာများကို ဘတ်ဂျက်လျှော့ရန်သော်လည်းကောင်း၊ ဦးစားပေးမှု အဆင့်ကို ပြန်လည်ပြင်ဆင်ရန်လည်းကောင်း မပြုလုပ်ပါ။ ပြည်နယ်/တိုင်းဒေသကြီး အဆင့်သို့ မတင်သွင်းမီ မြို့နယ်ပေါင်းစုံမှ အဆိုပြုလွှာများကို တစ်စု တစ်စုတည်း ပေါင်းစည်းခြင်းကိုသာ ပြုလုပ်ပါသည်။

TPIC များ၏ ကျယ်ပြန့်မြားမြောင်လှသည့် ကျင့်ထုံးများနှင့် မြို့နယ် အချို့ရှိ ကော်မတီအချို့၏ များစွာ မတက်ကြွလှသော အခန်းကဏ္ဍမှ နေ၍ သက်သေခံနေသည်မှာ အဆိုပြုလွှာများ သုံးသပ်စစ်ဆေး ခြင်းနှင့် ဦးစားပေးမှုများ ပြုလုပ်ရာတွင် TPIC ၏ အခန်းကဏ္ဍကို အားကောင်းအောင် ပြုလုပ်နိုင်မည့် အခွင့်အလမ်းများ ရှိနေသည့် သဘောဖြစ်သည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် ရပ်ရွာများ အပေါ် သက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက်များကို ပိုမိုကောင်းမွန်အောင် ပုံသွင်းလာနိုင်ပါလိမ့်မည်။ ထို့သို့ ဆောင်ရွက်ရန်အတွက် နည်းလမ်း မျိုးစုံကို အသုံးပြုနိုင်ပါသည်။ ဦးစွာပထမ ကဏ္ဍအလိုက် ဦးစီးဌာန များမှ အဆိုပြုလွှာများကို အထက်သို့ မတင်ပြရသေးမီ ၎င်းအဆိုပြု လွှာများနှင့် ပတ်သက်၍ ဆွေးနွေးရန်အတွက် TPIC အဖွဲ့ဝင်များ အနေဖြင့် တွေ့ဆုံဆွေးနွေးနိုင်ပါ (သင့်ပါ) သည်။ မြို့နယ်များစွာတွင် ဤကိစ္စအတွက် စောစီးစွာ အစည်းအဝေး ခေါ်ယူရန် လိုအပ်သည့် အတွက် ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု စီမံကိန်း ရေးဆွဲရေး ဦးစီးဌာနများမှနေ၍ ညွှန်ကြား ချက်များကို မြို့နယ် အဆင့်သို့ အချိန်အလုံလောက်ပေး၍ ပေးပို့ထားရန် လိုအပ်ပါသည်။ ထို့အပြင်လည်း TPIC ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ စည်းမျဉ်း၊ စည်းကမ်းနှင့် ညွှန်ကြားချက်များ ပိုမို ရှင်းလင်းစွာ ထုတ်ပြန်ပါမှ ၎င်းအနေဖြင့် ဆုံးဖြတ်ချက် ပြုလုပ်နိုင်သည့်

**"TPIC များ၏ ကျယ်ပြန့်မြားမြောင်လှစွာသော ကျင့်ထုံးများနှင့် မြို့နယ်အချို့ရှိ ကော်မတီအချို့၏ များစွာ မတက်ကြွလှသော အခန်းကဏ္ဍမှနေ၍ သက်သေခံနေသည်မှာ"**

အဖွဲ့အစည်းတစ်ခုအနေဖြင့် လွှဲအပ်အခွင့်အာဏာ တည်ဆောက်လာနိုင်မည် ဖြစ်သည်။ ၎င်း၏ အခန်းကဏ္ဍကို ခိုင်မာအားကောင်းအောင် ပြုလုပ်ရာ၌ ၎င်းအဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် တိုးတက်ရေးနှင့် တွဲဖက်ပေးသင့်ပြီး သို့မှသာလျှင် ၎င်းတို့၏ တာဝန်များကို နားလည်သိရှိပြီး ကျေပွန်အောင် ဆောင်ရွက်နိုင်ကြပေလိမ့်မည်။ ရပ်ရွာလိုအပ်ချက်များကို ကိုယ်စားပြုရာ၌ ရှုထောင့်ကွဲပြားစုံလင်စေရန်နှင့် အရာရှိများကို တာဝန်ခံစေရန် "ရပ်ရွာကိုယ်စားလှယ်များ" အတွက် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့် ၎င်းတို့၏ အခန်းကဏ္ဍကို ရေးဆွဲသင့်ပါသည်။ ဤတွင် မြို့နယ်ဦးစီးဌာနများမှ ထွက်ပေါ်လာသည့် အဆိုပြုလွှာအရေအတွက်အားဖြင့်ပင် ထိရောက်သော စီမံကိန်း အကဲဖြတ်မှု ပြုလုပ်နိုင်ကြလိမ့်မည်ဟု မျှော်မှန်း၍ ဖြစ်နိုင်မဖြစ်နိုင်ကိုလည်း သတိပြုမိရန် လိုအပ်သည်။ ဥပမာ တစ်ခုသော မြို့နယ်တွင် TPIC သည် ဌာနကွဲပေါင်း ၂၁ ခုမှ အဆိုပြုလွှာများကို သုံးသပ်စစ်ဆေးရပြီး ၎င်းတို့မှာ DBE မှ ၁၁၈ စောင်၊ လမ်းဦးစီးဌာနမှ အစောင် ၃၀၊ ESE မှ ၂၈ စောင်၊ DRD မှ ၂၂ စောင်၊ ကျေးလက်လမ်းမှ ၁၈ စောင်၊ ကျန်းမာရေးမှ ၁၄ စောင်၊ ဆည်မြောင်းမှ ၁၄ စောင်ဟူ၍ တွေ့ရသည်။

TPIC ၏ အကျိုးသက်ရောက်မှုအပေါ် အကန့်အသတ်ဖြစ်စေသည့် အဓိကအချက်မှာ ဘဏ္ဍာငွေ သတ်မှတ်ချက်များအတွင်းမှ ဦးစားပေးမှု မပြုလုပ်ခြင်းဖြစ်သည်။ ဘဏ္ဍာငွေ သတ်မှတ်ချက်မရှိပါက TPIC များအနေဖြင့် အဆိုပြုလွှာအရေအတွက်ကို ခြေနိုင်လက်နိုင် ပမာဏအထိ လျှော့ချစရာ အကြောင်းမရှိဘဲ အမှန်တကယ် ဆုံးဖြတ်ချက် ချမှတ်ပိုင်ခွင့်များကို အထက်အဆင့်မှ ပုဂ္ဂိုလ်များ သို့သော ပေးအပ်မိလျက်သား ဖြစ်သွားလိမ့်မည်။ နောက်ထပ် အကန့်အသတ်တစ်ခုမှာ ကဏ္ဍအလိုက် ဘဏ္ဍာငွေ ထောက်ပံ့မှု သဘောသဘာဝ ဖြစ်သည်။ ယင်းကြောင့်ပင် TPIC များနှင့် ၎င်းတို့ အပိုင်နယ်မြေအတွင်းမှ မြို့နယ်အရာရှိများအနေဖြင့် ကဏ္ဍအလိုက် ဦးစားပေးကိစ္စရပ်များထက် ကျော်လွန်စဉ်းစားရန်၊ မြို့နယ် ဦးစားပေးကိစ္စရပ်များကို တစ်ခုတည်းအဖြစ် ယူဆရန် နှင့် ငွေကြေးနှင့် ပတ်သက်၍ ၎င်းတို့ အချင်းချင်းကြားထက်စာလျှင် ကဏ္ဍများအကြား မည်သို့ ခွဲဝေသုံးစွဲမည်ကို ဆုံးဖြတ်ရန် စိတ်ဆန္ဒများစွာ မရှိတော့ချေ။ ကဏ္ဍပေါင်းစုံ ရန်ပုံငွေများကို မြို့နယ်အဆင့်တွင် စတင်အသုံးပြုလာခြင်းသည် ဒေသန္တရ လိုအပ်ချက်များကို ပိုမို၍ ဗဟာဗျူဟာကျကျ စဉ်းစားနိုင်စေရန် အလားအလာရှိသော ချဉ်းကပ်နည်းတစ်ရပ်ပင် ဖြစ်သည်။

ဖော်ပြပါ အချက်အလက်များကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အသိအမှတ်ပြုပြီး ယခုနှစ် (ဘဏ္ဍာနှစ် ၂၀၁၉/၂၀ အတွက် စီမံကိန်းရေးဆွဲရာတွင်) TPIC များအတွက် သက်ဆိုင်ရာ နယ်ပယ်များမှ ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ ပြုလုပ်နိုင်စေရန် ဘဏ္ဍာငွေ သတ်မှတ်ချက်တစ်ရပ် ထုတ်ပြန်ပေးထားသည်။ လမ်း၊ ကျေးလက်လမ်း၊ စည်ပင်အဖွဲ့အစည်းများနှင့် ESE တို့ အပါအဝင် များစွာသော ဦးစီးဌာနများအနက် ဌာနတစ်ခုခုမှ အကောင်အထည်ဖော်ရန် စီမံကိန်းများကို လွှတ်တော် ကိုယ်စားလှယ်များ အပါအဝင် TPIC များမှ ရွေးချယ်နိုင်သည်။ TPIC များမှ သုံးစွဲနိုင်သည့် ပမာဏမှာ ပဲခူးတိုင်းဒေသကြီး အစိုးရ၏ လာမည့်နှစ် ငွေလုံးငွေရင်း အသုံးရိတ် ၆၀ ရာခိုင်နှုန်း နီးပါးမျှရှိပြီး မြို့နယ်တစ်မြို့နယ်ချင်းစီအတွက် ခွဲဝေမှုကို ဖော်မြူလာအတိုင်း ဆောင်ရွက်သည်။[၁၀၂] ဖော်မြူလာနှင့် TPIC များ၏ စွမ်းဆောင်ရည် မြင့်မားရေးတို့ ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်လျက်ရှိရာ အဆိုပါ မြို့နယ်ရန်ပုံငွေ ခွဲဝေမှုအသုံးပြုပုံသည် အခြားသော ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေနှင့်လည်း လိုက်ပါ အကောင်အထည်ဖော်နိုင်မည့် နမူနာပုံစံတစ်ရပ် ဖြစ်လာနိုင်သည်။ အဆိုပါ ပဲခူးတိုင်းဒေသကြီးမှ ပြောင်းလဲတိုးတက်လာသော ဖြစ်စဉ် မြို့နယ်အဆင့် ငွေကြေးသုံးစွဲမှုအပေါ် ကြီးစွာသော ကိုယ်ပိုင် ဆုံးဖြတ်ခွင့် လွှဲအပ်ပေးသည့် သဘောဖြစ်ပြီး ပြည်ခိုင်ဖြိုးပါတီ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်ဆဲဖြစ်သော မြို့နယ်အဆင့် ဒီမိုကရေစီနည်းကျ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် စီမံချက် (TDLGP) နှင့် အတူတကွ လုပ်ဆောင်လျက်ရှိသည်။ TDLGP သည် ပဲခူးတိုင်းဒေသကြီးအပြင် မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များရှိ မြို့နယ်များမှ ဒေသန္တရ အုပ်ချုပ်ရေး အစုအဖွဲ့များ (အထူးသဖြင့် TPIC များ) ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်၊ ဒေသန္တရအဆင့် ဇာတ်ကောင်များအနေဖြင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ပြုလုပ်ရေးကို အားပေးကူညီရန်နှင့် ဒေသန္တရ အုပ်ချုပ်ရေးတွင် ပါဝင်သည့် ဇာတ်ကောင်များ၏ အမျိုးအစား စုံလင်ကျယ်ပြန့်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ (ဖြစ်စဉ်လေ့လာချက် ဃ တွင်ရှု)

## အဆိုပြုလွှာ ဆန်းစစ်ခြင်းနှင့် ဦးစားပေးခြင်းတို့တွင် ရပ်ရွာပြည်သူလူထု ပူးပေါင်းပါဝင်နိုင်မည့် အခွင့်အလမ်းများ

ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု ဘတ်ဂျက်များအတွက် "အောက်-အထက်" စီမံကိန်း ရေးဆွဲရေး လုပ်ငန်းစဉ်တွင် လျှောက်လွှာများ ဆန်းစစ်လေ့လာခြင်းနှင့် ဦးစားပေးခြင်းတို့တွင် ရပ်ရွာပြည်သူလူထု၏ ပူးပေါင်းပါဝင်နိုင်စရာ အခွင့်အလမ်းများ နည်းပါးသေးသည်ကို တွေ့ရသည်။ ကနဦး ဆန်းစစ်လေ့လာခြင်းနှင့် ဦးစားပေးခြင်း လုပ်ငန်းအများစုကို TPIC မှ သုံးသပ် စစ်ဆေးမှု မပြုမီ ကဏ္ဍအလိုက် ဦးစီးဌာနများတွင် လွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ၏ အကူအညီဖြင့် ဆောင်ရွက်ပြီး ဖြစ်လေ့ရှိသည်။ TPIC အတွင်းတွင် စီမံကိန်းများ၏ ဦးစားပေးမှုကို ပုံဖော်ရာ၌ ပြောဆိုဆွေးနွေးမှု အများဆုံးမှာ လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသည်။ TPIC တွင် ရပ်ရွာအစုအဖွဲ့များ၏ လိုလားချက်များနှင့် လိုအပ်ချက်များကို ထိရောက်စွာ ကိုယ်စားပြုနိုင်ရန် အဓိက အခွင့်အလမ်းသည် လွှတ်တော် ကိုယ်စားလှယ်များနှင့် သက်ဆိုင်နေသည်။ လျှောက် လွှာများ သတ်မှတ်ခြင်းနှင့် ရေးသားခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့ မဲဆန္ဒနယ်များ အတွင်းမှ လူအားလုံးကို ကိုယ်စားပြုနိုင်စေရေး၊ ၎င်းတို့၏ စွမ်းဆောင်ရည် ပိုမို အားကောင်းလာစေရေးနှင့် ၎င်းတို့ ပြုလုပ်သည့် ဆုံးဖြတ်ချက်များကို တာဝန်ခံနိုင်ရေးတို့တွင် မည်မျှထိရောက်စွာ ဆောင်ရွက်နိုင်လိမ့်မည်ကို နောင်လာမည့် နှစ်များတွင် စဉ်းစားစောင့်ကြည့်ရန် လိုသည်။

### ဖြစ်စဉ်လေ့လာချက် ဃ

### မြို့နယ်အဆင့်ဒီမိုကရေစီနည်းကျဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်စီမံချက် (TDLGP) [၁၀၃]

TDLGP တွင် ဖော်မြူလာအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ ပေးအပ်ခြင်းဖြင့် မြို့နယ်အဆင့် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း ပုံစံတစ်ရပ်ကို ချမှတ်ပေးပြီး၊ ပူးပေါင်းပါဝင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု ရှိသော မြို့နယ်အဆင့် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းကို ရှေးပြေးစမ်းသပ်ရန်နှင့် မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။ အရေးပါသည့်အချက်မှာ ဤစီမံချက်တွင် ဆုံးဖြတ်ချက် ချမှတ်ရာ၌ ဒေသန္တရအဆင့် အစုအဖွဲ့များ  ကျယ်ပြန့်စွာပါဝင်ပြီး ထောက်ပံ့ကြေးငွေကို မည်သို့သုံးစွဲမည်ကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်ပါသည်။ လက်ရှိတွင် ဤစီမံချက်ကို မြို့နယ်ပေါင်း ၂၀ တွင် ဆောင်ရွက်လျက်ရှိပါသည် (ပဲခူးတွင် ၅ မြို့နယ်၊ မွန်တွင် ၁၀ မြို့နယ်နှင့် ရခိုင်တွင် ၅ မြို့နယ်)။

စီမံချက်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် မြို့နယ်များအတွက် မြို့နယ်ရှိ နေထိုင်သူ လူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁ ဒေါ်လာ ကျစီဖြင့် တွက်ချက်၍ ထောက်ပံ့ကြေးငွေ ပေးအပ်လျက်ရှိရာ ပျမ်းမျှအားဖြင့် မြို့နယ်များသည် အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀ နှင့် ၂၀၀,၀၀၀ ကြား လက်ခံရရှိကြပြီး ထောက်ပံ့ငွေကို ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်တွင် ထည့်သွင်း၍ ကြိုတင်ကြေညာကြသည်။ မြို့နယ်အဆင့် တာဝန်ရှိသူများမှ သက်ဆိုင်ရာ ဒေသအတွင်းရှိ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါ ငွေကို မည်သို့ သုံးစွဲမည်ကို ဆုံးဖြတ်သည်။ အနည်းငယ်မျှသော ခွင့်ချက်အနေဖြင့်မူ မြို့နယ်အုပ်ချုပ်ရေး၏ အခွင့်အာဏာဖြင့် ထောက်ပံ့ငွေကို အစိုးရဝန်ဆောင်မှုနှင့် "ပြည်သူ့" အကျိုးစီးပွား အတွက် အသုံးပြုနိုင်သည်။ ပြည်သူလူထု၏ လိုအပ်ချက်များအပေါ် မြို့နယ်ဦးစီးဌာနများ၏ ပိုမိုကောင်းမွန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းကို ခိုင်မာအားကောင်းလာစေရန် စီမံကိန်း၏ ချဉ်းကပ်ဆောင်ရွက်မှုတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ဘက်ပေါင်းစုံ ပါဝင်မှုတို့ကို အထူးအလေးပေးပါသည်။ အထောက်အထားအခြေပြု စီမံကိန်း ရေးဆွဲခြင်း၊ ဒေတာ အချက်အလက် ကောက်ယူခြင်းနှင့် ဝယ်ယူခြင်းအစရှိသည့် နယ်ပယ်များအတွက် စွမ်းရည်တိုးတက်ရေး ဆိုင်ရာ အကူအညီများလည်း ပေးထားပါသည်။ ဒေသန္တရအဆင့် တာဝန်ရှိသူများ၏ ဦးစားပေး ရွေးချယ်မှုများသည် အစိုးရ၏ ကဏ္ဍအလိုက် သီးသန့် စံနှုန်းသတ်မှတ်ချက်များနှင့် အညီဖြစ်ရန် လိုအပ်ပြီး ကဏ္ဍအလိုက် ဦးစီးဌာနများမှ လုပ်ငန်းဆောင်ရွက်ရေးနှင့် ထိန်းသိမ်းရေးတို့ကို တာဝန်ယူရသည်။

မြို့နယ်အဆင့် သာမန် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် TDLGP ထိတွေ့ဆောင်ရွက်မှုတွင် လွှတ်တော် ကိုယ်စားလှယ်များ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ (အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်သည့် အနေဖြင့်) အမျိုးသမီး ဆယ်အိမ်ခေါင်း ရာအိမ်ခေါင်းများ၊ ဒေသန္တရ CSO များနှင့် TPIC တို့နှင့် အတူ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများပါ မကျန် ဇာတ်ကောင်အမျိုးအစား ကျယ်ပြန့်စွာ ပါဝင်မှုကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ အစုအဖွဲ့များ သည် အစည်းအဝေးများစွာနှင့် တိုင်ပင်ဆွေးနွေးမှုများစွာ ပြုလုပ်ပြီး သက်ဆိုင်ရာဒေသအတွင်းမှ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစားပေး ကိစ္စရပ်များကို အတူတကွ လက်တွဲ၍ သတ်မှတ်ဖော်ထုတ်ကြပါသည်။ လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ ရပ်ရွာအစုအဖွဲ့များနှင့် အဆက်မပြတ် ထိတွေ့ကာ ဒေသန္တရ ရပ်ရွာအစုအဖွဲ့များ၏ ကြားခံ ကိုယ်စားလှယ် အဖြစ် ဆောင်ရွက်ရင်း အတွေ့အကြုံများ ရယူပြီး၊ ၎င်းတို့၏ အခန်းကဏ္ဍ ခိုင်မာအောင် ပြုလုပ်ကြသည်။ စီမံကိန်းများ အဆင့်သတ်မှတ်ရာတွင် ဒေသန္တရ အစုအဖွဲ့များ မှ စုပေါင်းဆောင်ရွက်ကြပြီးနောက် လက်ရွေးစင် ရွေးချယ်ကြသည်။ စီမံကိန်းများအပေါ် ငွေကြေးထောက်ပံ့ရန် နောက်ဆုံးဆုံးဖြတ်ချက်မကျမီ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဦးစီးဌာနများမှ အဆိုပြုထားသော စီမံကိန်းများကို ဆောင်ရွက်နိုင်ခြေ ရှိမရှိကို စစ်ဆေးသည်။ စီမံချက်ပါ မြို့နယ်များသည်လည်း မြို့နယ်တစ်ခုလုံးစာအတွက် မြို့နယ်၏ ဦးစားပေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက်နှင့် ငွေကြေးထောက်ပံ့သည့် အရင်းမြစ်တို့ကို အများပြည်သူသိရှိစေရန် တင်ပြရသည်။

ဤစီမံချက်အတွက် ရွေးချယ်လေ့ရှိသည့် စီမံကိန်းများမှာ ကျေးရွာအုပ်စုများ၏ လမ်းများကို လမ်းမကြီးနှင့် ချိတ်ဆက်ပေးခြင်း၊ တံတားများ၊ မူလတန်းနှင့် အလယ်တန်း ကျောင်းများဖြစ်ကြပါသည်။ မြို့နယ်အများစုတွင် စီမံကိန်းရေးဆွဲရေး အစည်းအဝေးများတွင် သဘောတူညီခဲ့ကြသည့် မျှော်မှန်းချက်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဦးစားပေး ကိစ္စရပ်များကို အများဆုံး အကူအညီဖြစ်စေမည့် စီမံကိန်း ၁ ခုမှ ၅ ခုအထိ ရွေးချယ်တတ်ကြသည်။

ဤစီမံချက်နှင့်အတူ TDLGP ရှိ CSO များ၏ အခန်းကဏ္ဍကို ကူညီထောက်ပံ့ပေးရန်အတွက် Oxfam မှနေ၍ မွန်ပြည်နယ်ရှိ CSO များ အတွက် စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ကူညီဆောင်ရွက်ရင်း ဤလုပ်ငန်းစဉ်အတွင်း ခိုင်မာအားကောင်းသော ထိတွေ့ဆောင်ရွက်မှု ရရှိရန် ကြိုးပမ်းလျက်ရှိသည်။

**ဖြစ်စဉ်လေ့လာချက် ၄**
**လူထုဗဟိုပြုဖွံ့ဖြိုးရေးစီမံကိန်း (NCDDP)**[၁၀၄]

DRD မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကမ္ဘာ့ဘဏ်၏ ချေးငွေဖြင့်ဆောင်ရွက်သည့် NCDDP သည် ကျေးရွာအဆင့် အခြေခံ အဆောက်အအုံဆိုင်ရာ လုပ်ငန်းများကို ငွေကြေးထောက်ပံ့ရန် ကျေးရွာအုပ်စုများကို ရန်ပုံငွေပေးအပ်သည့်အပြင်၊ ရပ်ရွာအစုအဖွဲ့ များအနေဖြင့် ဘက်စုံပါဝင်ပြီး၊ အသိပေးမှုရှိသော ပွင့်လင်းမြင်သာသည့် ပုံစံတစ်ရပ်ဖြင့် ရွေးချယ်မှုများ ပြုလုပ်နိုင်စေရန် အလို့ငှာ လုပ်ငန်းစဉ် ချောမွေ့စေရန် ကူညီပေးခြင်းနှင့် စွမ်းဆောင်ရည်မြင့်မားရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအနှံ့ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးမှ မြို့နယ်ပေါင်း ၆၃ မြို့နယ်တွင် အဆိုပါ စီမံကိန်းကို ဆောင်ရွက်လျက် ရှိပါသည်။ စီမံကိန်းပါ မြို့နယ်များ ရွေးချယ်ရာတွင် ဆင်းရဲမွဲတေမှုအဆင့်ကို အခြေခံစံနှုန်းအဖြစ်ထားရှိ အသုံးပြုပြီး စီမံကိန်းပါ မြို့နယ်များ၏ ကျေးရွာအုပ်စုများအားလုံးလည်း ပါဝင်စေပါသည်။ စီမံကိန်းပါ ကျေးရွာအုပ်စုတစ်ခုချင်းစီ လက်ခံရရှိသည့် ထောက်ပံ့ငွေမှာ လူဦးရေပေါ် မူတည်၍ ကွာဟမှုရှိပြီး လူဦးရေ ၃,၀၀၀ အောက် ကျေးရွာအုပ်စုငယ်များအတွက် မြန်မာကျပ်ငွေ သန်း ၂၀ မှသည် လူဦးရေ ၉,၀၀၀ ကျော် ကျေးရွာအုပ်စုများအတွက် မြန်မာကျပ်ငွေ သန်း ၁၂၀ ကြား ရှိသည်။

NCDDP ၏ လက်အောက်တွင် စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်တစ်ရပ်ဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များနှင့် ဦးစားပေး ကိစ္စရပ်များကို ရှာဖွေပြီး အဆုံးသတ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) တစ်ရပ်အဖြစ် ရေးဆွဲသည်။ အဆိုပါ လုပ်ငန်းစဉ်သည် ရွာသူရွာသားများအတွက် ထင်သာမြင်သာရှိပြီး မြန်ဆန်သော အကဲဖြတ်မှုနှင့် ပူးပေါင်းပါဝင် စီမံကိန်းရေးဆွဲခြင်း ချဉ်းကပ်မှုများအပေါ် အားပြု တည်ဆောက်ထားသည်။ စီမံကိန်းရေးဆွဲခြင်းနှင့် အကော်အထည်ဖော်ခြင်း နှစ်မျိုးလုံးကို အကူအညီပေးရန် ကျေးရွာအဆင့်တွင် ရပ်ရွာရှိ စေတနာ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် ကော်မတီများစွာ ရှိသည်။ ယင်းတို့တွင် ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီ (VPSC)၊ ဝယ်ယူရေး၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် စီမံခန့်ခွဲမှုတို့အပြင် စာရင်းစစ်ကော်မတီများပါ ပါရှိသည်။

ကျေးရွာတစ်ခုချင်းစီအတွက် VDP များ ပြီးမြောက်အောင် ဆောင်ရွက်ပြီးပါက VPSC တစ်ခုချင်းစီမှ အမျိုးသား ကိုယ်စားလှယ်တစ်ဦး၊ အမျိုးသမီး ကိုယ်စားလှယ်တစ်ဦးဖြင့် ဖွဲ့စည်းပြီး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး (VTA) တစ်ဦးမှ အကြံပေးအဖြစ် ဆောင်ရွက်သည့် ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီ (VTPSC) မှနေ၍ အစီအမံများကို သုံးသပ်ပြီး ကျေးရွာအုပ်စုပါ ကျေးရွာများ အတွက် တိုက်ရိုက်ထောက်ပံ့ငွေ (block grant) အား မည်သို့ ခွဲဝေပေးရမည်ကို သတ်မှတ်ကာ "ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံချက်" တစ်ခုကို ရေးဆွဲသည်။ NCDDP မှ ငွေကြေးထောက်ပံ့မှုအတွက် TPIC ၏ ထောက်ခံချက်ရရှိရန် ထိုစီမံချက်ကို VTPSC မှ တင်သွင်း သည်ဖြစ်ရာ မြို့နယ်အရာရှိများနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစိုးရငွေကြေးသုံးစွဲမှုများနှင့် မထပ်စေရန် သုံးသပ်နိုင် ကြသည်။

ပုံမှန်အားဖြင့် NCDDP သည် ကျေးရွာအတွင်း၊ ကျေးရွာအချင်ချင်းကြားမှ လမ်းအသေးစားများ၊ လေ့ဆိပ်များနှင့် လမ်းသွယ်များ၊ ရေစနစ်များ၊ ကျောင်းအသစ်ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံမှုများ၊ ကျေးလက် လျှပ်စစ်မီးပေးဝေရေးနှင့် အခြားသော ရပ်ရွာ အခြေခံ အဆောက်အအုံများ အတွက်သာ ရန်ပုံငွေ ထောက်ပံ့သည်။

အဆိုပါ လုပ်ငန်းစဉ်ကို မြို့နယ် DRD အရာရှိများနှင့် ရပ်ရွာအပြင် ကော်မတီ အဖွဲ့ဝင်များနှင့် ရပ်ရွာအစုအဖွဲ့များ၏ စွမ်းဆောင်ရည် တည်ဆောက်ရာတွင် အကူအညီပေးမည့် နည်းပညာထောက်ပံ့ရေးမှူးများဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့ငယ်တစ်ခုမှ အဆင်ပြေချောမွေ့ အောင် ဆောင်ရွက်ပေးကြသည်။ DRD သည် အဓိက စီမံကိန်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် စာရွက်စာတမ်းများကို တိုင်းရင်းသား ဘာသာစကား တစ်ဒါဇင်ခန့်အထိ ပြန်ဆိုခြင်း၊  စီမံကိန်းခွဲများကို ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများအားလုံးတွင် နှစ်စဉ် လူမှုရေး စာရင်းစစ်ခြင်း၊ မကျေနပ်ချက်များ ဖြေရှင်းသည့် လုပ်ထုံးလုပ်နည်းတစ်ရပ်ကို ထူထောင်ကာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သည့် အဆင့်အားလုံးတွင် ဝေဖန်အကြံပြုချက်များရရှိရန် အားထုတ်ခြင်းတို့ဖြင့် စီမံကိန်း အကျိုးကျေးဇူးခံများနှင့် ထိတွေ့ဆောင်ရွက်မှုကို ပံ့ပိုးကူညီပါသည်။ အဆိုပါ လုပ်ထုံးလုပ်နည်းတွင် ရက်သတ္တပတ် နှစ်ပတ် မပြည့်မီအတွင်း မှတ်ချက်နှင့် တိုင်စာပေါင်း ၂၁,၀၀၀ ကို ၉၉ ရာခိုင်နှုန်းအထိ ကိုင်တွယ် ဖြေရှင်းပေးနိုင်သည့် စနစ်တစ်ရပ်ရှိသည်။

TPIC အတွင်း ရပ်ရွာပြည်သူလူထု ပူးပေါင်းပါဝင်နိုင်မည့် နောက်ထပ် အခွင့်အလမ်းတစ်ရပ်မှာ "ရပ်ရွာကိုယ်စားလှယ်များ" နှင့် သက်ဆိုင်ပြီး လက်ရှိတွင် မြို့နယ်ပေါင်းများစွာရှိ ကော်မတီများ အတွင်း ဆုံးဖြတ်ချက်များကို ပုံဖော်ရာ၌ ၎င်းတို့အနေဖြင့် တက်ကြွမှု မရှိပေ။

ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း ၎င်းတို့၏ အခန်းကဏ္ဍ ခိုင်မာအား ကောင်းရေးနှင့် ရပ်ရွာကို အမှန်တကယ် ကိုယ်စားပြုနိုင်ရေးတို့မှာ စဉ်းစားပေးရန်မှာ လွန်စွာအရေးကြီးလှသည်။  သို့သော်လည်း အရေးကြီးသည့် ခြွင်းချက်များ အနေဖြင့် စီမံကိန်းများ ဆန်းစစ်လေ့

လာခြင်းနှင့် ဦးစားပေးခြင်း တို့တွင် ရပ်ရွာကိုယ်စားလှယ်များ အမျိုးအစားစုံလင် ကျယ်ပြန့်စွာ ပါဝင်မှုကို NCDDP (ဖြစ်စဉ် လေ့လာချက် င)၊ ERLIP၊ နှင့် TDLGP (ဖြစ်စဉ်လေ့လာချက် ဃ) အစရှိသည့် အထူး အစီအစဉ်များနှင့် စီမံကိန်းများ၏ ပုံစံတွင် တွေ့ရပါသည်။ အဆိုပြုလွှာများ သတ်မှတ်ခြင်းနှင့် ရေးသားခြင်းတို့ကဲ့သို့ပင် အဆိုပြုလွှာများ ဆန်းစစ်လေ့လာခြင်းနှင့် ဦးစားပေးခြင်းတို့တွင်လည်း ရပ်ရွာ၏ ပူးပေါင်းပါဝင်မှုသည် ပဋိပက္ခဒဏ်ခံရသော နေရာများတွင် အထူးအရေးကြီးလှသည်။ အကြောင်းမှာ အဆိုပါ နေရာများတွင် အစိုးရအပေါ် ယုံကြည်မှု နည်းပါးပြီး ရပ်ရွာအနေဖြင့်လည်း ၎င်းတို့အပေါ် သက်ရောက်မည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အစဉ်အဆက် ပါဝင်ခဲ့ဖူးခြင်း မရှိပေ။ ဤတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) ကို သာမက ရပ်ရွာအခြေပြု သက်ဆိုင်သူများ နှင့် အဖွဲ့အစည်းများကိုလည်း ကျယ်ပြန့်စွာ ပါဝင်စေသင့်သည်။ ဆုံးဖြတ်ချက် ပြုလုပ်ရာတွင် ဘက်မစုံလင်ပါက ပဋိပက္ခဖြစ်လာနိုင်စရာရှိသည်။ ဥပမာ ၂၀၁၈ ခုနှစ် ဘားအံမြို့နယ်တွင် ကရင်အမျိုးသား အစည်းအရုံး (KNU) မှ ပြတ်ပြတ်သားသား ပယ်ချထားသည့် လမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းနှင့် စပ်လျဉ်း၍ တပ်မတော်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) တို့ကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ ရွာပေါင်း ၁၄ ရွာနှင့် လူပေါင်း ၂,၃၀၀ ပြောင်းရွှေ့ရပြီး၊ အရပ်သား တစ်ဦး သေဆုံးခဲ့သည်။[၁၀၅, ၁၀၆]

စီမံကိန်းအဆိုပြုလွှာ၏ အကောင်အထည် ဖော်နိုင်ခြေကို ဆန်းစစ်ရာတွင် (ဤတွင် ရပ်ရွာမှ ထိရောက်စွာ ပူးပေါင်းပါဝင်ရန် လိုအပ်) အရေးကြီးသော ကိစ္စရပ်မှာ အဆောက်အအုံသစ်များ၊ လမ်းသစ်များနှင့် ရေတွင်းသစ်များ အစရှိသဖြင့် အဆိုပြုထားသည့် အခြေခံ အဆောက်အအုံအတွက် မြေနေရာ ရရှိရေးပင် ဖြစ်သည်။ ဌာနအများစုမှာ မြေအတွက် လျော်ကြေးပေးလေ့မရှိသဖြင့် စီမံကိန်းများ အနေဖြင့် လူပုဂ္ဂိုလ် သို့မဟုတ် ရပ်ရွာအစုအဖွဲ့များမှ မြေရှာဖွေလှူဒါန်းပေးရန် လိုအပ်သည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ဦးစီးဌာနပေါင်းများစွာရှိ ဌာနဆိုင်ရာ အရာရှိများအား အဆိုပြုလွှာများ အထက်သို့ မတင်ပြမီ မြေရနိုင်မရနိုင် သေချာစွာ စစ်ဆေးရန် ညွှန်ကြားချက် ထုတ်ပြန်ထားရာ ယင်းအချက်သည် ဆန်းစစ်လေ့လာရေး လုပ်ငန်းစဉ်တွင် အခရာကျသော အဆင့်တစ်ခု ဖြစ်လာသည်။[၁၀၇] ရေပေးဝေရေးကဲ့သို့ စီမံကိန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြရသည့် DRD အရာရှိများကဲ့သို့သော ဌာနဆိုင်ရာ အရာရှိများစွာအတွက် မြေရရှိနိုင်ခြေနှင့် မြေလှူဒါန်းလိုသော စိတ်ဆန္ဒသည် အဆိုပြုလွှာရေးသားရန် ဖြစ်နိုင်မဖြစ်ဟူသော ကိစ္စအတွက် လွန်စွာ အရေးကြီးသည်။ ဤသည်မှာ လွန်စွာကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်ဟု ကဏ္ဍအားလုံးမှ ဌာနဆိုင်ရာ အရာရှိများက ပြောကြားကြသည်။ လတ်တလော မြေနေရာရှာမတွေ့သေးသည့် ဒေသများတွင် ဌာနဆိုင်ရာ အရာရှိများမှနေ၍ ဒေသခံ ရပ်ရွာခေါင်းဆောင်များနှင့် ချိတ်ဆက်၍ အလားအလာရှိသော မြေနေရာ ရှာဖွေရန် ကြိုးပမ်းကြသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် မြေနေရာပေးလိုစိတ် မရှိကြသော်လည်း ဌာနဆိုင်ရာ အရာရှိများ၊ ရပ်ရွာခေါင်းဆောင်များ အပါအဝင် အစုအဖွဲ့ပေါင်းစုံ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ ပါမကျန် ပူးပေါင်းဆောင်ရွက်လိုက်ကြသောအခါ မြေလှူဒါန်းမှုများ ထွက်ပေါ်လာခဲ့သည့် သာဓကများ မြို့နယ်အားလုံးနှင့် ကဏ္ဍအားလုံးတို့တွင်ရှိကြကြောင်း ဌာနဆိုင်ရာ အရာရှိများ၏ ပြောကြားချက်အရ သိရသည်။ ဌာနဆိုင်ရာ အရာရှိများ၏ ထုတ်ဖော်ပြောကြားချက်အရ ဖြစ်ရပ်အများစုတွင် တစ်ဦးချင်းစီမှ မြေလှူဒါန်းရန် နောက်ဆုံးတွင် သဘောတူလိုက်ကြသည်ဟု သိရသည်။ ဤသို့ ဆောင်ရွက်မှုသည် အတင်းအဓမ္မ ဖိအားပေးမှု မည်မျှဖြစ်စေသည်၊ မြေအလှူရှင်များသည် မြေလှူဒါန်းရခြင်းအတွက် မည်မျှအတိုင်း အတာထိ အမှန်တကယ် ဝမ်းသာပျော်ရွှင်ရသည်ကို နားလည်သိရှိရန် နောက်ထပ် သုတေသနများ ပြုလုပ်နိုင်ပါက အသုံးဝင်ပေလိမ့်မည်။

ဌာနဆိုင်ရာ အရာရှိများ၏ ထုတ်ဖော်ပြောကြားချက်အရ ဖြစ်ရပ်အများစုတွင် တစ်ဦးချင်းစီမှ မြေလှူဒါန်းရန် နောက်ဆုံးတွင် သဘောတူလိုက်ကြသည်ဟု သိရသည်။ ဤသို့ ဆောင်ရွက်မှုသည် အတင်းအဓမ္မ ဖိအားပေးမှု မည်မျှဖြစ်စေသည်၊ မြေအလှူရှင်များသည် မြေလှူဒါန်းရခြင်းအတွက် မည်မျှအတိုင်း အတာထိ အမှန်တကယ် ဝမ်းသာပျော်ရွှင်ရသည်ကို နားလည်သိရှိရန် နောက်ထပ် သုတေသနများ ပြုလုပ်နိုင်ပါက အသုံးဝင်ပေလိမ့်မည်။

## အခန်း - ၄

# ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အဆင့်များတွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို မည်သို့ ပြုလုပ်ကြသနည်း

ဤအခန်းတွင် ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အစိုးရများ၊ လွှတ်တော်များ၏ ဆုံးဖြတ်ချက် ချမှတ်ပုံကို ဖော်ပြထားပြီး ဒေသန္တရအဆင့် သတ်မှတ်ဖော်ထုတ်ထားသည့် လျော့ကျ လွှာများအနက် မည်သည်ကို ထောက်ပံ့ရန် ဆုံးဖြတ်ချက် ချမှတ်သူ များမှ မည်သို့ အဆုံးအဖြတ်ပြုပုံကိုပါ တင်ပြထားသည်။ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့်များသည် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲရေး လုပ်ငန်းစဉ်များအတွက် လွန်စွာ အရေး ပါလှသည်။ အကြောင်းမှာ ဤအဆင့်များတွင် အဆိုပါ လုပ်ငန်းစဉ် နှစ်ရပ်တွေ့ဆုံပြီး ဆုံးဖြတ်ချက်များ ချမှတ်သောကြောင့် ဖြစ်သည်။ အဆိုပါ ဆုံးဖြတ်ချက် ချမှတ်ရေး လုပ်ငန်းစဉ်ကို စိစစ်လေ့လာ ကြည့်သောအခါ အချို့သော နေရာများနှင့် ကဏ္ဍများ တွင်ရှိ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များကြား အချိတ် အဆက် ကင်းမဲ့နေသည့်အတွက် "အောက်ခြေမှအထက်သို့" စီမံကိန်းရေး ဆွဲရေး လုပ်ငန်းစဉ်၏ ထိရောက်မှုကို အကန့်အသတ် ဖြစ်စေသည်။

စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များတွင် ဆုံးဖြတ်ချက် များ ပြုလုပ်ပုံကို ဖော်ပြခဲ့ပြီး ဤအခန်းတွင် စီမံကိန်းနှင့် ဘတ်ဂျက် ရေးဆွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ၏ အကျိုးရလဒ်များကို စိစစ် လေ့လာထားပြီး ပြည်နယ်များ/တိုင်းဒေသကြီးများ၊ မြို့နယ်များနှင့် ကဏ္ဍများအကြားမှ ငွေကြေးသုံးစွဲသည့် ပုံသဏ္ဍာန်များကို တင်ပြ ထားပါသည်။

ပုံ ၄.၁ တွင် ဖော်ပြထားသည့်အတိုင်း ပြည်ထောင်စု အဆင့် ရသုံးခန့်မှန်းငွေစာရင်း ဦးစီးဌာနမှ ဘတ်ဂျက် လုပ်ငန်းစဉ်ဆိုင်ရာ ပြက္ခဒိန်နှင့် ညွှန်ကြားချက်များကို ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသို့ ထုတ်ပြန်ပေးသည့် ဒီဇင်ဘာလတွင် နောင်လာမည့် ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်ရေးဆွဲသည့် လုပ်ငန်းစဉ်ကို စတင်သည်။ ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် ကဏ္ဍအလိုက် ဦးစီးဌာနများသည် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများ၏ အရအသုံးခန့်မှန်းငွေစာရင်းများ အတွက် ၎င်းတို့၏ ဘတ်ဂျက်အဆိုပြုလွှာများကို ရေးဆွဲကြသည်။ ဇန်နဝါရီလအတွင်း ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့မှုလျာထားချက်ကို လက်ခံ ရရှိသည်နှင့် တစ်ပြိုင်နက် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ သည် (ပြည်နယ်/တိုင်းဒေသကြီးအဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ရသုံး ခန့်မှန်းငွေစာရင်း ဦးစီးဌာနတို့ အဓိက ဦးဆောင်သည့် လုပ်ငန်းစဉ် အကူအညီဖြင့်) ပြည်နယ်/တိုင်း ဒေသကြီး အစိုးရ ဘတ်ဂျက်များကို ဦးစီးဌာနများကြား၊ သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်ကြား မည်သို့ ခွဲဝေမည်ကို ဆုံးဖြတ် ကြသည်။ အဆိုပြုလွှာများကို ခြေနိုင်လက်နိုင်အဆင့်များအထိ လျှော့ချရန် ဦးစီးဌာနတစ်ခုချင်းစီနှင့် ဆွေးနွေးမှုများ ထက်စော၍ ဤကိစ္စကို ဆောင်ရွက်ရခြင်း ဖြစ်သည်။ အဆိုပြုထားသည့် ဘတ်ဂျက်များနှင့် စီမံကိန်းများကို ဧပြီနှင့် ဖွန်လများကြား ပြည်ထောင်စုအဆင့်သို့ တင်သွင်းခြင်းနှင့် သုံးသပ် စစ်ဆေးခြင်းတို့ မပြုလုပ်မီ ဖေဖော်ဝါရီလနှင့် မတ်လများတွင် ပြည်နယ်/တိုင်း ဒေသကြီး အစိုးရနှင့် လွှတ်တော်နှစ်ရပ်လုံးမှ ၎င်းတို့ကို သုံးသပ်ခြင်း၊ အတည်ပြုခြင်းတို့ ပြုလုပ်ကြသည်။ (အောက်တိုဘာလ) ဘဏ္ဍာရေး နှစ်သစ် မစတင်မီ စက်တင်ဘာလ ဥပဒေအဖြစ် မပြဋ္ဌာန်းသေးခင် အဆုံးသတ် ပြင်ဆင်ရေးဆွဲမှုများ ဇူလိုင်နှင့် ဩဂုတ်လများတွင် ပြုလုပ်ကြရသည်။

## ပုံ ၄.၁ ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်းနှင့် ဘတ်ဂျက်ပြင်ဆင်ရေးဆွဲရေး ပြက္ခဒိန်

အညွှန်း

- စီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်
- ဘတ်ဂျက်လုပ်ငန်းစဉ်
- စီမံကိန်းရေးဆွဲရေးနှင့် ဘတ်ဂျက်လုပ်ငန်းစဉ်

### ဒီဇင်ဘာ

- ပြည်ထောင်စု စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ "အောက်-အထက်" စီမံကိန်း ရေးဆွဲရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် ညွှန်ကြားချက်များ ထုတ်ပြန်။
- ကဏ္ဍအလိုက် မြို့နယ်ဦးစီးဌာနရုံးများမှ လာမည့်နှစ်အတွက် စီမံကိန်းများ စတင်ရေးဆွဲကြသည်။

- ပြည်ထောင်စုအဆင့် ဘတ်ဂျက် ဦးစီးဌာနမှ ဝန်ကြီးဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအတွက် ပြက္ခဒိန်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ပေးသည်။
- ကဏ္ဍအလိုက် ဦးစီးဌာနများမှ ဘတ်ဂျက် အဆိုပြုလွှာ စတင်ရေးဆွဲသည်။


### ဇန်နဝါရီ

- စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနှင့် TPIC တို့မှ သုံးသပ်စစ်ဆေးခြင်းမပြုမီ ကဏ္ဍအလိုက် မြို့နယ်ဦးစီးဌာနရုံးများမှ စီမံကိန်းများကို ဒေသန္တရ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနသို့ တင်ပြသည်။
- ကဏ္ဍအလိုက် မြို့နယ်ဦးစီးဌာနများနှင့် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနတို့မှ စီမံကိန်းများကို ခရိုင်နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်များသို့ တင်ပြသည်။
- ခရိုင်ကဏ္ဍအလိုက် ဦးစီးဌာနများ၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနှင့် DPIC တို့မှ စီမံကိန်းများကို သုံးသပ်စစ်ဆေးသည် (ဤအလုပ်ကို ဖေဖော်ဝါရီလ အထိ ဆက်လက်ဆောင်ရွက်ရတတ်သည်)

- ပြည်ထောင်စုအဆင့် ဘတ်ဂျက်ဦးစီးဌာနမှ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအတွက် ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့မှု လျာထားချက်များကို ထုတ်ပြန်သည်။
- ပြည်နယ်/တိုင်းဒေသကြီး ကဏ္ဍအလိုက် ဦးစီးဌာနများမှ သာမန်နှင့် ငွေလုံးငွေရင်း ဘတ်ဂျက်အဆိုပြုလွှာများကို ရေးဆွဲပြီး ဘတ်ဂျက်ဌာနသို့ တင်ပြသည်။

### ဒီဇင်ဘာ အကြို

- ကဏ္ဍအလိုက် မြို့နယ်ဦးစီးဌာနရုံးများမှ လာမည့်နှစ် အတွက် စီမံကိန်းများ စတင်ရေးဆွဲကြသည်။
- ရပ်/ကျေးအုပ်ချုပ်ရေးမှူး၊ လွှတ်တော် အမတ်များနှင့် ဝန်ကြီးများမှ လုပ်ရိုးလုပ်စဉ် အတိုင်း အဆိုပြုလွှာများ ရေးသားကြသည်။




ဘဏ္ဍာနှစ် အစ

### ဖေဖော်ဝါရီ

- ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲရေး ဦးစီးဌာနများမှ ကဏ္ဍအလိုက် ဦးစီးဌာန ဘတ်ဂျက်နှင့် စီမံကိန်း အဆိုပြုလွှာများကို သုံးသပ်စစ်ဆေးသည်။ SPIC နှင့် ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်း ကော်မရှင်လည်း ပါဝင်နိုင်သည်။
- ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနများမှ ဥပဒေကြမ်းများ မရေးဆွဲမီ ကဏ္ဍအလိုက် ဦးစီးဌာနများမှ ဦးဆောင်၍ ဘတ်ဂျက်လျှော့ချသည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်သည်။
- ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အဆိုပြုသည့် ဘတ်ဂျက်နှင့်စီမံကိန်းကို သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းတို့ ပြုလုပ်သည်။

### မတ်

ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်မှ စီမံကိန်းနှင့် ဘတ်ဂျက်အဆိုပြုလွှာများကို သုံးသပ်စစ်ဆေးသည်။ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များနှင့် အစိုးရတို့ကြား ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

### ဧပြီ

ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်းနှင့် ဘတ်ဂျက် အဆိုပြုလွှာများကို ပြည်ထောင်စု အဆင့်သို့ တင်သွင်းသည်။

### မေ

ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်းနှင့် ဘတ်ဂျက်ကို ပြည်ထောင်စုအစိုးရ၊ အမျိုးသားစီမံကိန်း ကော်မရှင်နှင့် ဘဏ္ဍာရေး ကော်မရှင်တို့ အပါအဝင် ပြည်ထောင်စုအဆင့်မှ သုံးသပ်စစ်ဆေးသည်။

### ဇွန်

ပြည်ထောင်စု လွှတ်တော်သို့ တင်ပြထားသည့် အဆိုပြုလွှာများကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရသို့ ပြန်လည် မပေးပို့မီ သုံးသပ်ခြင်း၊ လိုအပ်သလို ပြင်ဆင်ရေးဆွဲခြင်းနှင့် အတည်ပြုခြင်းတို့ ပြုလုပ်သည်။

### ဇူလိုင်နှင့်ဩဂုတ်

ပြည်နယ်/တိုင်းဒေသကြီး အစိုးရမှ လိုအပ်သော ပြင်ဆင်ရေးဆွဲမှုများ ပြုလုပ်ပြီး အဆုံးသတ် ဘတ်ဂျက်နှင့် စီမံကိန်း မူကြမ်းများကို ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်မှ အတည်ပြုပေးရန် တင်သွင်းသည်။

### စက်တင်ဘာ

ဝန်ကြီးချုပ်မှ လက်မှတ်ရေးထိုး ပြီးသည့်နောက် ဘတ်ဂျက်နှင့် စီမံကိန်းကို ဥပဒေအဖြစ် ပြဋ္ဌာန်းပေးသည်။

# ၄.၁။ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် စီမံကိန်းနှင့် ဘတ်ဂျက် ရေးဆွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို မည်သို့ ပြုလုပ်ကြသနည်း

ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်ကို ပြင်ဆင်ရေးဆွဲခြင်းနှင့် ပြည်ထောင်စု ဘတ်ဂျက်များကို ပုံဖော်ခြင်းတို့တွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၊ အရာရှိများနှင့် လွှတ်တော်များ၏ အလုပ်ကို ပုံဖော်ပေးသည့် အခြေခံကျသော တာဝန်များစွာကို ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင်တွေ့ရပြီး ၎င်းတို့တွင်

- ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်မှ ဦးစီးဌာနတစ်ခုချင်းစီအတွက် ငွေမည်မျှရရှိမည်ကို သတ်မှတ်ပေးခြင်း။
- မည်သည့် လုပ်ငန်းများကို ထောက်ပံ့ရန်နှင့် မြို့နယ်များအကြား ငွေမည်သို့ ခွဲဝေရန် ကိစ္စရပ်များ အပါအဝင် ဌာနတစ်ခုချင်းစီသည် ဌာနပိုင်ငွေကို မည်သို့ သုံးစွဲရမည်ကို သတ်မှတ်ပေးခြင်း။
- ပြည်ထောင်စု ဘတ်ဂျက်အတွက် အဆိုပြုလွှာများ စစ်ဆေးခြင်းတို့ ပါဝင်ပါသည်။

ဤသုတေသနပါ ပြည်နယ်သုံးခုတွင် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်ကို ပြင်ဆင်ရေးဆွဲသည့် လုပ်ငန်းစဉ် အတိအကျမှာ သိသာစွာ ခြားနားပြီး မူကြမ်း ထွက်ပေါ်ရေးအတွက် မတူညီသော အစုအဖွဲ့များ မှ ဦးဆောင်အခန်းကဏ္ဍကို ယူကြသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် ပြည်နယ်တစ်ခုတွင် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်လုပ်ငန်းစဉ်အကြား ချိတ်ဆက်မှု လုံးဝမရှိသည်ကို တွေ့ရသည်။ ပြည်နယ်များအားလုံးနည်းတူပင် မူကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်းမပြုမီ သုံးသပ်စစ်ဆေးခြင်းနှင့် သဘောတူညီခြင်းတို့ကို ပြုလုပ်ရာ၌ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့မှာ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြပါသည်။ အလားတူစွာပင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီအနေဖြင့် ၎င်းတို့၏ မြို့နယ်များ “မျှတ” သော ဘတ်ဂျက် ပမာဏ ရရှိစေရန် ၎င်းတို့ အဆိုပြုလွှာများ မူကြမ်းတွင် ပါဝင်ရေး အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ကြသည်ဖြစ်ရာ ပြည်နယ် သုံးခုလုံးမှ လွှတ်တော်များ အလွန်တရာ ဩဇာလွှမ်းမိုးမှု ပြုလုပ်နိုင် သည်ကိုလည်း တွေ့ရှိရပါသည်။

> “ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်ကို ပြင်ဆင်ရေးဆွဲသည့် လုပ်ငန်းစဉ် အတိအကျမှာ သိသာစွာ ခြားနားပြီး မူကြမ်း ထွက်ပေါ်ရေးအတွက် မတူညီသော ဇတ်ကောင်များမှ ဦးဆောင်အခန်းကဏ္ဍကို ယူကြသည်ကို တွေ့ရသည်။”

## ပြည်နယ်/တိုင်းဒေသကြီး အစိုးရများနှင့် ပြည်နယ်/တိုင်းဒေသကြီး အရာရှိများသည် မည်သည့် ဆုံးဖြတ်ချက်များအတွက် တာဝန်ရှိပြီး ယင်းဆုံးဖြတ်ချက်များကို မည်သို့ ပြုလုပ်ကြပါသနည်း

ဘတ်ဂျက်မူကြမ်းစတင်ရေးဆွဲခြင်း လုပ်ငန်းစဉ်၏ စမှတ်မှာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ ပြည်ထောင်စု အစိုးရထံမှ ဘဏ္ဍာငွေ သတ်မှတ်ချက်ကို စတင်လက်ခံရရှိသည့် အချိန်ဖြစ်သည်။ ပြည်ထောင်စု အစိုးရ၏ “စည်းမျဉ်းအခြေခံ” ဘဏ္ဍာရေးထောက်ပံ့ရေး ဖော်ဆောင်မှု၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ၂၀၁၅/၁၆ ခုနှစ်မှ စတင်၍ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ လက်ခံရရှိသည့် ပမာဏကို တစ်စိတ်တစ်ဒေသ ဖော်မြူလာတစ်ရပ်[၁၀၈] အသုံးပြု၍ သတ်မှတ်သည်။[၁၀၉] ဤနည်းဖြင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် နောင်နှစ် ၎င်းတို့ လက်ခံရရှိမည့် ဘတ်ဂျက်ကို ပိုမို ကောင်းမွန်စွာ ခန့်မှန်းလာနိုင်ပြီး ယခင် ဆောင်ရွက်နေကျ ပြည်နယ်/ တိုင်းဒေသကြီးများ ရရှိမည့် ပမာဏထက် များစွာကျော်လွန်၍ ဘတ်ဂျက်တင်သွင်းသည့်ပုံစံကို အဆုံးသတ်နိုင်ခဲ့သည်။ ပြည်ထောင်စု စီမံ/ဘဏ္ဍာ ဝန်ကြီးဌာနမှ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများကို လာမည့်နှစ်အတွက် ပြည်နယ်ဘတ်ဂျက်ပါ လွှဲပြောင်း ထောက်ပံ့ငွေများ (အထွေထွေ လွှဲပြောင်းထောက်ပံ့ငွေနှင့် အခွန်ဝေစုရငွေ နှစ်ရပ်လုံးစာ) မည်မျှ ပြုလုပ်မည်ကို ဘတ်ဂျက် ရေးဆွဲသည့် လုပ်ငန်းပြုလုပ်စဉ်အတွင်း စောစီးစွာ ကြိုတင်အသိ ပေးခြင်းကြောင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည်လည်း ဘတ်ဂျက်တင်သွင်းရာ၌ ပိုမိုထိရောက် ဆောင်ရွက်လာနိုင်ခဲ့ကြ သည်။ ပြည်ထောင်စုအဆင့်သို့ ဘတ်ဂျက်တင်သွင်းရန် တာဝန် ရှိသည့် သုံးလမတိုင်မီ ဇန်နဝါရီလ ၂၀၁၉ ခုနှစ်တွင် ပြည်နယ်/ တိုင်းဒေသကြီး ရသုံးခန့်မှန်းငွေစာရင်း ဦးစီးဌာနသည် ပြည်ထောင်စု အဆင့်မှ အဆိုပါ သတင်းကို လာမည့် ၂၀၁၉/၂၀ ဘဏ္ဍာနှစ်အတွက် လက်ခံရရှိခဲ့ခြင်း ဖြစ်သည်။ ဤနည်းဖြင့် ဘဏ္ဍာငွေ ခွဲဝေ

လွှဲပြောင်းမှုကို စောလျင်စွာ ကြိုတင် အသိပေးသည့် စနစ်သို့ ပြောင်းလဲစေခဲ့ရာ ဆုံးဖြတ်ချက် ချမှတ် ခြင်းနှင့် ဘတ်ဂျက် ပြင်ဆင်ရေးဆွဲခြင်းတို့အတွက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်မည့် အခွင့်ထူးများ ရရှိလာခဲ့ပြီး၊ အာဏာပိုင်များ အနေဖြင့်လည်း နှိုင်းယှဉ်ရွေးချယ်စရာ များပြားလွန်းလှစွာသော ဘတ်ဂျက်များကို အကဲဖြတ်ရန်နှင့် ဦးစားပေးရွေးချယ်နိုင်ရန် အချိန်ရရှိလာခဲ့သည်။

နောင်နှစ်အတွက် ရရှိမည့် ဘတ်ဂျက်လျာထားချက်ကို လက်ခံရရှိသည်နှင့် အရသုံးခန့်မှန်းငွေစာရင်း ဦးစီးဌာနသည် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဦးစီးဌာနတစ်ခုချင်းစီကို နောင်နှစ်အတွက် သာမန်နှင့် ငွေလုံးငွေရင်း နှစ်မျိုးလုံးစာ ဘတ်ဂျက်အဆိုပြုချက်များ တင်သွင်းပေးကြရန် တောင်းခံသည်။ တင်သွင်းလိုက်သော ဘတ်ဂျက်များအတွက် ရရှိနိုင်သည့် ရန်ပုံငွေများကို လျှော့ချပစ်သည်။[၁၁၀] ဥပမာ တစ်ခုသော ပြည်နယ်တွင် ငွေလုံးငွေရင်း ဘတ်ဂျက်အတွက် အဆိုပြုထားသည့် ပမာဏများမှာ ဘတ်ဂျက်၏ ငါးဆပင်မကဟု သိရသည်။ အရသုံးခန့်မှန်းငွေစာရင်း ဦးစီးဌာနသည် လုပ်ငန်းဆောင်ရွက်ရာ၌ ပြည်နယ်/တိုင်းဒေသကြီး ဦးစီးဌာနများမှ အဆိုပြုသည့် သာမန်ဘတ်ဂျက်များဖြင့် စတင်သည်ဟု သိရသည်။ ဤတွင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာရှိများသည် ယမန်နှစ် သာမန်ဘတ်ဂျက်မှ ကွာဟချက်ကို အဓိက ကြည့်ရှုစစ်ဆေးပြီး အထူးခိုင်လုံသည့် အကြောင်းပြချက်မှအပ မည်သည့်ဌာနကိုမှ ရာခိုင်နှုန်း အနည်းငယ်ထက်ပို၍ တိုးမပေးချေ။ သာမန်ဘတ်ဂျက် တိုး၍တင်ပြထားသည်ကို တွေ့ရှိပါက ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနသည် အဘယ့်ကြောင့် ဘတ်ဂျက်တိုး၍လိုအပ်သည်ကို သိရှိနားလည်ရန် သက်ဆိုင်ရာဌာနနှင့် စကားပြောပြီး၊ ဖြစ်နိုင်သမျှ အနည်းဆုံး ပမာဏသာ တိုးပေးသည်။ တစ်ခုသော ပြည်နယ်တွင် သာမန်ဘတ်ဂျက် အဆိုပြုလွှာများကို  စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးထံ ပေးပို့၍ ၎င်းမှတစ်ဆင့် ဝန်ကြီးချုပ်တို့ထံ အဆင့်ဆင့် တင်ပြကာ သဘောတူညီချက် တောင်းခံသည်။

ဦးစီးဌာနများအတွက် သာမန်ဘတ်ဂျက်များကို ဆွေးနွေးသဘောတူပြီးသည့်နှင့် တစ်ပြိုင်နက် ကျန်ရှိသော ဘတ်ဂျက်ကို ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုများအတွက် ရရှိနိုင်သော ပမာဏအဖြစ် သတ်မှတ်လိုက်သည်။ ထို့နောက်တွင် ပြည်နယ်/တိုင်းဒေသကြီး အရာရှိများနှင့် အစိုးရများသည် အဆိုပါ ငွေများကို ပြည်နယ်/တိုင်းဒေသကြီးများကြား မည်သို့ခွဲဝေမည်ကို ဆုံးဖြတ်ကြရသည်။

ယေဘုယျအားဖြင့် ဦးစီးဌာနများအကြား ငွေလုံးငွေရင်းဘတ်ဂျက်ကို မည်သို့ခွဲဝေရမည်မှာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရ မူဝါဒနှင့်သာ သက်ဆိုင်ပြီး၊ တစ်ဖန် ယင်းမူဝါဒသည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးစားပေး ကိစ္စရပ်များနှင့် ပြည်ထောင်စု အစိုးရ မူဝါဒ တို့မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။[၁၁၁] ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် လမ်း (အထူးသဖြင့် အမြန်လမ်း)၊ လျှပ်စစ်၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု၊ ရေရရှိရေးနှင့် မိလ္လာစနစ်တို့အပြင် အနည်းငယ် အားဖြင့် လယ်ယာနှင့်စက်မှု စသည့် ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးကို မောင်းနှင်နိုင်မည့် အခြေခံအဆောက်အအုံများ ဆောက်လုပ်ရေးကို အထူးဦးစားပေး လုပ်ကိုင်ကြသည်။[၁၁၂] အဆိုပါ ဦးစားပေး ကိစ္စရပ်များမှာ အလွန်တရာ အချိန်ယူရသော်လည်း ပြည်နယ်/တိုင်းဒေသကြီး အစိုးရ မူဝါဒသည် လုပ်ငန်းဆောင်ရွက်၍ ရနိုင်လောက်သည်အထိ အသေးစိတ် ဖော်ပြထားသည်။ ဥပမာပြရသော် ပြည်နယ် တစ်ခုမှ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးတစ်ဦးသည် ပြည်နယ် အစိုးရ၏ ဦးစားပေး နယ်ပယ်ကို ပြောကြားသည့်အခါ လမ်းကဏ္ဍ ဟုဆိုသည်။ အဆိုပါ ဝန်ကြီးသည် ပြည်နယ်အတွင်းရှိ လမ်းများ၏ သတ်မှတ်ချက် အဆင့်ဆင့်ကိုလည်း အကျဉ်းပြောကြားခဲ့ပြီး ဦးစွာပထမ ပြည်နယ်နှင့် မြန်မာနိုင်ငံလုံးကို သာမက ပြည်နယ် မြို့တော်နှင့် ပြည်နယ်၏ အထင်ကရ မြို့များစွာနှင့် ချိတ်ဆက်ပေးထားသည့် အမြန်လမ်းမကြီးနှစ်ခုကို အဆင့်မြှင့်တင်ပေးရန်၊ ဒုတိယ အားဖြင့် အမြန်လမ်းနှင့် မချိတ်ဆက်ရသေးသည့် ပြည်နယ်တွင်းအရှိ အရွယ်အစားကြီးမားသော မြို့များအတွက် အမြန်လမ်းမများကို အဆင့်မြှင့်တင်ပေးရန်နှင့် တိုးချဲ့ပေးရန်နှင့်၊ တတိယအားဖြင့် မြို့များနှင့် အနီးဆုံးတွင်ရှိ အကြီးဆုံး ကျေးရွာများကို အထူး ဦးစားပေးပြီး ပင်မ ကျေးလက်လမ်း ကွန်ယက် တိုးတက်ကောင်းမွန်စေရေးအတွက် ဘဏ္ဍာငွေ ထောက်ပံ့ပေးရန် ပြောကြားခဲ့သည်။

ငွေလုံးငွေရင်း ဘတ်ဂျက်ကို ခွဲဝေရာတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရ မူဝါဒအရ ဆောင်ရွက်သည်ဟု ဆိုသော်ငြား ယင်းမူဝါဒတွင် ပြည်နယ်/တိုင်းဒေသကြီးအား ကိန်းဂဏန်းအတိအကျ ပေးမထားချေ။ ထို့အပြင် လမ်းနှင့် လျှပ်စစ်အစရှိသည့် ကဏ္ဍများ အလိုက် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် ရန်ပုံငွေ ခွဲဝေဖြန့်ဖြူးပေးမည့် ပမာဏကိုလည်း ဖော်ပြမထားဘဲ၊ လမ်းကဏ္ဍအတွက် ပင်လျှင် (ဥပမာ) လမ်းဦးစီးဌာနနှင့် DRRD တို့ကြား မည်သည့် အချိုးအဆနှင့် ခွဲဝေ ရမည်လည်း မပါရှိပေ။ လက်တွေ့တွင်လည်း ပြည်နယ်များ/တိုင်း ဒေသကြီးများ အချင်းချင်းကြား၌ အဆိုပါ ပမာဏများကို ခွဲခြားပုံမှာ လွန်စွာကွာဟသည်။ သို့သော်လည်း ပြည်နယ်များအားလုံးကြားတွင် ဌာနအလိုက် ခွဲဝေပေးမှုများသည် အစဉ်အဆက် အသုံးစရိတ်ပေါ် မူတည်ပြီး၊ ဦးစီးဌာနများ ယမန်နှစ်တွင် လက်ခံရရှိခဲ့သော ပမာဏသည်သာ အရေးပါသော စမှတ်ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာရှိများ၏ ပြောကြားချက်အရ ဤသို့ပြုလုပ်ရခြင်းမှာ ဦးစီးဌာနများ ယမန်နှစ်ရရှိသည့် ပမာဏထက် အဆမတန် တိုး၍ မလာစေရန် ဖြစ်သည်ဟု ဆိုသည်။

ပြည်နယ်တစ်ခု၌မူ ဦးစီးဌာနများ မည်မျှ ရရှိမည်ဟူသော ကနဦး အဆိုပြုချက်ကို ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနမှနေ၍ ကဏ္ဍအလိုက် ဦးစီးဌာနများ၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနတို့နှင့် ခွဲဝေမည့် ပမာဏ ကို ရေးဆွဲရန် တိုင်ပင်ဆွေးနွေးသည်။ ဌာနအလိုက် ဘတ်ဂျက်ခွဲ ဝေရေး လျာထားချက်များကို စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဦးဆောင်သော SPIC အဖွဲ့ဝင်များနှင့် မျှဝေခြင်း၊ ဆွေးနွေးခြင်း၊ သဘောတူညီမှု ရယူခြင်းတို့ ပြုလုပ်ကြသည်ဟု သိရသည်။ ဌာနအလိုက် ခွဲဝေရန် ပမာဏများကို ပုံဖော်ရာတွင် ဝန်ကြီးချုပ်နှင့် လွှတ်တော် ဥက္ကဋ္ဌများ တွေ့ဆုံဆွေးနွေးကြသည်ဟု သတင်းရရှိပြီး၊ အဆိုပါ ဆွေးနွေးပွဲမှနေ၍ ပြည်နယ်တွင် တွေ့ကြုံနေရသည့် ပြဿနာရပ်များ၊ နောင်နှစ်အတွက် ဦးစားပေးကိစ္စရပ်များ စသည်တို့အပေါ် ၎င်းတို့အမြင်ကို အခြေခံသည်ဟုဆိုသည်။ အဆိုပြု

ထားသောခွဲဝေမှုများကိုလည်း အစိုးရအဖွဲ့နှင့် ဆွေးနွေးခြင်း၊ သဘောတူညီမှု ရယူခြင်းတို့ ပြုလုပ်ရသည့်အပြင် ဝန်ကြီးချုပ်မှ ဌာနတစ်ခုချင်းစီအလိုက် ရရှိမည့် ပမာဏကို အဆုံးသတ် ဆုံးဖြတ်ပေးသည်ဟု သိရသည်။

အခြားသော ပြည်နယ်တစ်ခု၌မူ ဌာနအလိုက်ရန်ပုံငွေ ခွဲဝေဖြန့်ဖြူး ပေးရန် အဆိုပြုလွှာများကို ရေးဆွဲရာ၌ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဦးဆောင်အခန်း ကဏ္ဍကို ယူထားပြီး၊ စီမံကိန်းရေးဆွဲရေးနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများမှာမူ ယင်းလုပ်ငန်းစဉ်တွင် ပါဝင်ခြင်းမရှိဟု သိရသည်။[၁၁၃] ၎င်းနောက် ဝန်ကြီးသည် အဆိုပြုလွှာများကို အစိုးရအဖွဲ့သို့ တင်ပြကာ သဘောတူညီချက်ရယူသည်။ နောက်ဆုံးဖြစ်သော တတိယမြောက် ပြည်နယ်တွင်မူ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနသည် ကဏ္ဍအလိုက် ဦးစီးဌာနများမှလာသည့် အဆိုပြုလွှာများကို သုံးသပ်စစ်ဆေးရာတွင် ဦးဆောင်လုပ်ကိုင်ပြီး၊ စီမံကိန်း ရေးဆွဲရေး ဦးစီးဌာနမှာမူ အခြားဆောင်ရွက်ရန် ရှိသည် များဖြင့် အလုပ်များ နေသည်။ ပြည်နယ် ဝန်ကြီးများမှ ဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးတို့အား ၎င်းတို့ ရရှိသည့် ပမာဏ များကို တိုးပေးရန် တောင်းဆိုလျက်ရှိသည်ဟုလည်း ပြောကြား ချက်များ ရှိသည်။

ဌာနတစ်ခုချင်းစီအလိုက် ရန်ပုံငွေမည်မျှခွဲဝေရရှိသည်ကို သတ်မှတ် အကဲဖြတ်ရာတွင် "အောက်ခြေမှအထက်သို့" စီမံကိန်းရေးဆွဲရေး လုပ်ငန်း စဉ်ကို အသုံးပြု၍ အဆိုပြုလွှာများ သုံးသပ်စစ်ဆေးသည့် လုပ်ငန်း စဉ်တစ်ရပ်ကိုလည်း ပြုလုပ်သည်။ ကဏ္ဍအလိုက် ဦးစီး ဌာနများ၊ ရသုံးမှန်းခြေငွေစာရင်းနှင့် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများ၏ အခန်း ကဏ္ဍများမှာ ကွာခြား ကြသည့်အလျောက် မည်သို့ပြုလုပ်သည်ဆိုသော အချက်မှာ ပြည်နယ်အလိုက် လွန်စွာကွာခြားသည်။ ဤတွင် အဆိုပြုလွှာများ၏ ပမာဏအားဖြင့်ပင် အဓိက စိန်ခေါ်မှုဖြစ်နေပါသည်။ မြို့နယ် ဦးစီးဌာနများမှ တင်ပြလာသည့် ထောင်နှင့်ချီသော အဆိုပြု လွှာများကို အချိန်တိုတွင်း အကဲဖြတ်ရန် လိုအပ်ပါသည်။ ထပ်မံ၍ ရှုပ်ထွေးစေသည့်အချက်မှာ PIC လမ်းကြောင်းနှင့် ကဏ္ဍအလိုက် ဦးစီးဌာနများ လမ်းကြောင်းဟူ၍ အဆိုပြုလွှာများလာရာ လမ်း ကြောင်းနှစ်ခုရှိပြီး ယင်းနှစ်ခုကြား ကွာခြားချက်များကိုလည်း ရှင်းထုတ်ရသေးသည်။

ကဏ္ဍအလိုက်ဌာနဆိုင်ရာ ခေါင်းဆောင်များသည် စီမံကိန်း အဆိုပြု လွှာများကို သုံးသပ်စစ်ဆေးရာ၌ ဦးဆောင် အခန်းကဏ္ဍကို ယူထား ကြသည်။ ပြည်နယ်/တိုင်းဒေသကြီး ဦးစီးဌာနများသည် အဆိုပြုလွှာများကို စစ်ဆေးရာ၌ ချမှတ်ထားသော မူဝါဒများ၊ နည်းပညာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန်၊ စီမံကိန်းများ မထပ်စေရန်နှင့် ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်များလည်း စီမံကိန်းများတွင် ပါဝင်စေရန် ဂရုစိုက်ကြ ရသည်။ ဌာနဆိုင်ရာ အကြီးအကဲများမှ ပြောကြားသည်မှာ ၎င်းတို့ အနေဖြင့် အောက်အဆင့်များမှလာသည့် အဆိုပြုလွှာများကို အလေးထားကြကြောင်း၊ အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ် များနှင့် ဝန်ကြီးများထံမှ လာသည့် အဆိုပြုလွှာများကို ဦးစီးဌာန ခေါင်းဆောင်များအားလုံးက အထူးဦးစားပေးကြသည်။ လျှောက် လွှာပါ ဘတ်ဂျက်ကို အကုန်အစင်လျှော့ပစ်ခြင်းမျိုးမှ ရှောင်ရှားရန် DOH တွင် ကျင့်သုံးသည့် မှတ်သားဖွယ် နည်းလမ်းတစ်ရပ်မှာ စီမံကိန်းတွင် အဆိုပြုထားသည့် ဖောက်လုပ်မည့် သို့မဟုတ် အဆင့် မြှင့်တင်မည့် လမ်း၏ အရှည်ကို လျှော့ချခြင်းဖြစ်ပြီး၊ ဤနည်းဖြင့် အဆိုပြုလွှာအရေအတွက် ပိုမိုတိုး၍ ထောက်ပံ့လာ နိုင်သည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီး အကဲများ မြို့နယ်နှင့် ခရိုင်အဆင့် အရာရှိများကို ရံဖန်ရံခါ ဆက်သွယ် လျှောက် လွှာပါ ကိစ္စရပ် အသေးစိတ်ကို ရှင်းပြ တတ်ကြသည်။ အချို့သော ဖြစ်ရပ်များတွင် မည်သည့် အဆိုပြုလွှာကို ဦးစားပေး၍ မည်သည် ကို ပယ်ဖျက်ရန်ပါ အကြံဉာဏ်တောင်း သည်ကို တွေ့ရသည်။

မြို့နယ်တစ်ခုချင်းစီ ဘတ်ဂျက်ရန်ပုံငွေမှ မည်မျှရရှိမည်ကို စဉ်းစား သည့် ဌာနဆိုင်ရာ အကြီးအကဲ အနည်းငယ်သာ ရှိကြသည်။ မြို့နယ်များသို့ ခွဲဝေပေးသည့် ပမာဏများမှာ အစဉ်အဆက် ခွဲဝေခဲ့ပုံ အတိုင်းသာ များသောအားဖြင့် ဖြစ်လေ့ရှိပြီး၊ လူဦးရေ၊ နိုင်းရ လိုအပ်ချက် စသည့်အချက်များအပေါ် ဂရုမထားဘဲ မြို့နယ်များ အားလုံး တစ်သမတ်တည်းသာ ရရှိကြသည့် "အညီအမျှ" နည်းဖြင့် လည်း ပြုလုပ်တတ်သည်။ အဆိုပါ "အညီအမျှ" နည်း၏ နောက်ကွယ် မှ အကြောင်းပြချက်မှာ မြို့နယ်များကြား အဓိက ကွာခြားချက်များကို ရှောင်ရှားခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဘတ်ဂျက် "ဝေမျှမှု" ကို မထိခိုက်စေရန် ဖြစ်သည်။ အချို့ဒေသများမှ ဦးစီး ဌာနအချို့ (ဥပမာ ပြည်နယ်နှစ်ခုမှ ESE) သည် ၎င်းတို့၏ ဘတ်ဂျက် ကို ခရိုင်နှင့် ခွဲဝေထားပြီး ခရိုင်အရာရှိ များအား ဘတ်ဂျက်စာအိတ် အတွင်းမှ ဒေသန္တရ အဆိုပြုလွှာများကို ဦးစားပေးရန် ပြောကြား လိုက်သည်။

ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်သူများ အနေဖြင့် အရင်းမြစ် များကို နေရာဒေသအလိုက် အညီအမျှခွဲဝေရန်ကိစ္စကို စဉ်းစားရ မည့်အပြင် ရပ်ရွာတွင်းနေထိုင်သူများအနက်မှ လူနည်းစု (အထူး သဖြင့် အပစ်ပယ်ခံထားရသော၊ ကိုယ်စားပြုခြင်းမခံရသော) အပေါ် ၎င်းတို့ ဘတ်ဂျက်၏ အကျိုးသက်ရောက်မှုကို စဉ်းစားရ ပေမည်။ ဥပမာ - အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ဘတ်ဂျက် အဆိုပြုလွှာ၏ သက်ရောက်မှု။ ကျား-မ တန်းတူညီမျှမှု ဖော်ဆောင်ရေး ဘတ်ဂျက်ရေးဆွဲမှု (GRB) ဟူသည် "ဘဏ္ဍာရေး မူဝါဒနှင့် အုပ်ချုပ်ရေးကို အသုံးပြု၍ ကျားမတန်းတူညီမျှရေးနှင့် မိန်းကလေးငယ်များနှင့် အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ဆောင်ရွက်သည့် ဘတ်ဂျက်ရေးဆွဲမှု ချဉ်းကပ်နည်းတစ်ရပ် ဖြစ်သည်။"[၁၁၄] လက်ရှိ ဖြစ်ပွားနေသည့် မညီမျှမှုများအပေါ် သဘော ပေါက် နားလည်မှုနှင့် အစိုးရ စီမံကိန်းများ၊ မူဝါဒများနှင့် ဝန်ဆောင်မှု များသည် အဆိုပါ မညီမျှမှုများအပေါ် မည်သို့ သက်ရောက်စေ သည်ကို စိစစ်လေ့လာ အကဲဖြတ်ချက်တို့အပေါ် အခြေခံ၍ GRB သည် မူဝါဒ ချမှတ်သူများအား ကျားမတန်းတူညီမျှမှုကို မြှင့်တင် အားကောင်းအောင် ပြုလုပ်ပေးရန် တောင်းဆိုထားသည်။ သို့သော် လည်း မည်သည့် ဌာနဆိုင်ရာ အကြီးအကဲကမှ လူနည်းစုအပေါ် ၎င်းတို့ ဘတ်ဂျက်များ၏ သက်ရောက်မှုအကြောင်း စဉ်းစားကြည့် ဖူးသည်ဟု မပြောကြားပေ။

ပြည်နယ်အားလုံးတွင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ကဏ္ဍအလိုက် ဦးစီးဌာနများကြား အစည်းအဝေး မြောက်မြားစွာ ကျင်းပပြုလုပ်ပြီး ကဏ္ဍအလိုက် ဦးစီးဌာနများ၏ စီမံကိန်းများပါ ဘဏ္ဍာငွေများ လျှော့ချခြင်းကို ဆောင်ရွက်သည်။ ဘဏ္ဍာငွေ လျှော့ချခြင်း၏ ဆောင်ရွက်ပုံမှာ အတိအကျအားဖြင့် ကောင်းစွာ မရှင်းလင်းပေ။ အဆိုပြုလွှာကို ဘဏ္ဍာငွေ လျှော့ချရာ၌ ကဏ္ဍဆိုင်ရာ ဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့ကြား မည်သူ့ထံတွင် ဘိတ်ဆုံး ဆုံးဖြတ်ခွင့်ရှိသည်ဟူသော ကိစ္စနှင့် ပတ်သက်၍ ဌာနဆိုင်ရာ အရာရှိများ၏ ယူဆချက်များမှာ ကွဲပြားလျက်ရှိသည်။

ဌာနဆိုင်ရာ အဆိုပြုလွှာများ သုံးသပ်စစ်ဆေးခြင်း၊ စီမံကိန်း ရေးဆွဲရေးနှင့် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနများနှင့် ညှိနှိုင်းခြင်း တို့ကို ဦးဆောင်ရာ၌ ဦးစီးဌာနများနှင့် သက်ဆိုင်ရာ ပြည်နယ် ဝန်ကြီးများ၏ ပါဝင်မှုမှာ ကွာခြားသည်။ ဦးစီးဌာနအချို့တွင် ဝန်ကြီးသည် အခြားသော ဦးစီးဌာနများ၏ အစည်းအဝေးပွဲများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးပါဝင်သော အစည်းအဝေးပွဲများတွင် တက်တက်ကြွကြွ တက်ရောက်ပြီး အဆိုပြုထားသည့် စီမံကိန်းများ အားလုံးကို ဂရုတစိုက် သုံးသပ်စစ်ဆေးသည်။ အခြားသော ဦးစီးဌာနများတွင်မူ ဝန်ကြီးသည် ဝတ်ကျေတန်းကျေသာ ဆောင်ရွက်တတ်သည်။ ဌာနဆိုင်ရာ အကြီးအကဲများမှ တင်ပြလာသည်များကိုသာ သုံးသပ်ခြင်း၊ လက်မှတ်ရေးထိုးခြင်း တို့ကိုသာ ပြုလုပ်ပြီး ဆုံးဖြတ်ချက် ချမှတ်ရာတွင် များစွာစိတ်ပါဝင်စားခြင်းမရှိလှဘဲ အဆိုပြုလွှာများတွင်လည်း ပြင်ဆင်ချက် အနည်းငယ်သာ ပြုလုပ်သည်။ တစ်ခုသော ပြည်နယ်၌ ဝန်ကြီးများသည် ဝန်ကြီးတာဝန်များ အပြင် ပြည်နယ်အတွင်းရှိ မြို့နယ်တစ်ခုခု အတွက်လည်း တာဝန်ရှိသည်။ ဤသို့သော ဝန်ကြီးများသည် သက်ဆိုင်ရာ ဦးစီးဌာနများမှ အဆိုပြုလွှာများအပြင် သက်ဆိုင်ရာ မြို့နယ်များမှ အဆိုပြုလွှာများ အားလုံးကိုပါ စစ်ဆေးရသည်။ ဝန်ကြီးတစ်ဦး၏ ပြောကြားချက်အရ မြို့နယ် အဆိုပြုလွှာများကို ဆန်းစစ်ရခြင်းကို ဌာနဆိုင်ရာ သုံးသပ်စစ်ဆေးမှုထက် များစွာပို၍ စိတ်ဝင်စားသည်ဟု သိရသည်။[၁၃၅]

ပြည်နယ်၏ ငွေလုံးငွေရင်း ဘတ်ဂျက်ဆိုင်ရာ အဆိုပြုလွှာများကို သုံးသပ်စစ်ဆေးရာ၌ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန နှင့် S/RPIC တို့၏ အခန်းကဏ္ဍမှာ ပြည်နယ်အလိုက် ကွာခြားသည်။ ပြည်နယ်တစ်ခုတွင် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနသည် ကဏ္ဍအလိုက် ဦးစီးဌာနများမှ စီမံကိန်း အဆိုပြုလွှာများ အားလုံးကို အားသွန်ခွန်စိုက် ဖတ်ရှုစဉ်းစားကာ အစိုးရမူဝါဒ၊ MSDP တို့နှင့် တိုက်ဆိုင်စစ်ဆေးပြီး၊ ဝန်ထမ်းအိမ်ယာနှင့် အခြားဒေသန္တရအဆင့်မဟုတ်သော ဖွံ့ဖြိုးမှု ဦးစားပေး အခြေခံအဆောက်အအုံ စီမံကိန်းများကို ပယ်ဖျက်ရန် အဆိုပြုခြင်းကဲ့သို့ ပြည်နယ်/တိုင်းဒေသကြီး အစိုးရ မူဝါဒဘောင် အတွင်းမှ ဦးစားပေးမှုများ ပြုလုပ်သည်။ ဤပြည်နယ်တွင် SPIC တွင် ပါဝင်ကြသည့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးနှင့် ပြည်နယ်ဌာနဆိုင်ရာ အကြီးအကဲများသည် ဘတ်ဂျက်ရေးဆွဲ၊ သုံးသပ်စိစစ်၊ အတည်ပြုရန် ပြင်ဆင်သည့် ကာလတွင် မကြာခဏ တွေ့ဆုံကြပြီး အဆိုပြုလွှာများကို အတူတကွ ဦးစားပေးရွေးချယ်ကြသည်။

အခြားသော ပြည်နယ်တစ်ခုတွင် "အောက်-အထက်" စီမံကိန်း လုပ်ငန်းစဉ်နှင့် (အထူးသဖြင့်) TPIC များနှင့် DPIC များ၏ အလုပ်မှာ ဘတ်ဂျက်လုပ်ငန်းစဉ်ထက် နောက်ကျလျက်ရှိရာ ဘတ်ဂျက်မူကြမ်းကို ရေးဆွဲပြီး ဖြစ်သည့်တိုင် DPIC များတွေ့ဆုံစည်းဝေးနေကြဆဲဖြစ်သည်။ ဤပြည်နယ်တွင် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနသည် ဌာနဆိုင်ရာ စီမံကိန်းရေးဆွဲရေး အဆိုပြုလွှာများကို သုံးသပ်စစ်ဆေးရန် အချိန်မပေးနိုင်လောက်အောင် အလုပ်များနေပြီး အဆိုပြုလွှာများ စစ်ဆေးရန်အတွက် SPIC ကိုပင် ခေါ်ယူစည်းဝေးနိုင်ခြင်း မရှိဟု သိရသည်။ ဦးစီးဌာနများသည် ဘဏ္ဍာရေးနှစ်သစ်နှင့် ပိုမိုအကျွမ်းတဝင် ရှိလာကြပြီဖြစ်ရာ နောင်လာမည့် နှစ်များတွင် စီမံကိန်းရေးဆွဲရေး ဦးစီးဌာန အနေဖြင့် ဘတ်ဂျက်လုပ်ငန်းစဉ်တွင် ပိုမိုကောင်းမွန်စွာ ညှိနှိုင်းဆောင်ရွက်လာနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်သို့ ဘတ်ဂျက် အဆိုပြုလွှာများ မတင်သွင်းမီ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ၎င်းတို့ကို ပြင်ဆင်ရေးဆွဲပေးရသည်။ ပြီးနောက် အစိုးရအဖွဲ့မှ လက်မှတ်မရေးထိုးမီ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးထံ တင်သွင်းရသည်။ ဘတ်ဂျက် သုံးသပ်စစ်ဆေးရာတွင် အစိုးရအဖွဲ့၏ အခန်းကဏ္ဍ လွန်စွာအရေးပါသည့် အဆင့်တစ်ခုဖြစ်ပြီး ဒေသစွဲ တစ်ခုတည်းဖြင့် ဘက်လိုက် တင်ပြလာမှုများ ဖယ်ရှားနိုင်မည့် နေရာလည်း ဖြစ်သည်။ ပြည်နယ် ဝန်ကြီးတစ်ဦးကမူ "မြို့နယ်များမှ ထွက်ပေါ်လာသည့် အဆိုပြုလွှာများသည် ရှုထောင့်တစ်ခုတည်းကိုသာကြည့်ပြီး ကျွန်ုပ်တို့ [အစိုးရအဖွဲ့] တွင် ဒေသန္တရ လိုအပ်ချက်များအတွက် မဟာဗျူဟာကျသည့် ရှုထောင့် တစ်ခုရှိသည်" [၁၃၆] ဟု ဆိုပါသည်။ မည်သည်ကို ဦးစားပေး အဆိုပြုလွှာ များအဖြစ် စဉ်းစားရမည်နှင့် ပတ်သက်၍ ဝန်ကြီးချုပ်၏ ရှုထောင့် များမှာ လွန်စွာထူးခြားလှသည်။

နိဂုံးချုပ်ဆိုရပါမူ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ပြည်ထောင်စု ဘတ်ဂျက်ဆိုင်ရာ အဆိုပြုလွှာများကို ပြည်ထောင်စုအဆင့်သို့ မတင်သွင်းမီ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများနှင့် ဦးစီးဌာနများ သုံးသပ်စစ်ဆေးရန် တာဝန်ရှိပြီး လုပ်ငန်းဆောင်ရွက်ပုံမှာ ကဏ္ဍအလိုက် ကွာခြားမှု ရှိသည်။ အချို့သော ကဏ္ဍများတွင် ဦးစီးဌာနများသည် အဆိုပြုလွှာများကို သုံးသပ်ခြင်း၊ ဆန်းစစ်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို တက်ကြွစွာ ဆောင်ရွက်ပြီး အခြားကဏ္ဍများတွင်မူ ပြည်နယ်အစိုးရသည်သာ အဆိုပြုလွှာများ သုံးသပ်စစ်ဆေးသည့် အခန်းကဏ္ဍကို အဓိက တာဝန်ယူထားသည်။ ဥပမာ ပြည်နယ် တစ်ခုတွင် DBE အတွက် အဆိုပြုလွှာများကို ဦးစီးဌာနများ၏ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိစေရန် ပြည်နယ် ပညာရေး ညွှန်မှူးမှ အထူးသုံးသပ် စစ်ဆေးသော်လည်း အထွေအထူး ပြင်ဆင်မှု မပြုလုပ်ပေ။ ပြည်နယ် အစိုးရအဖွဲ့အနေဖြင့်မူ အသေးစိတ် သုံးသပ် စစ်ဆေးမှု ပြုလုပ်ကြပြီး၊ ဦးစားပေးကိစ္စအချို့ကို ပြောင်းလဲကာ၊ ကျောင်းဆောင်သစ်များအတွက် ၎င်းတို့၏ အဆိုပြုလွှာများကို ထည့်သွင်းတတ်ကြသည်။ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအတွက် အဆိုပြုလွှာများကိုမူ ပြင်ဆင်မှု တစ်စုံတစ်ရာ မပြုလုပ်ဘဲ ပြည်နယ် အစိုးရမှ လက်မှတ်ရေးထိုးပေးသည်ကို ပြည်နယ်များ အားလုံးတွင် တွေ့ရသည်။ အဆိုပြုလွှာများ နေပြည်တော်သို့ မတင်ပြမီ ပြည်နယ်

ကျန်းမာရေး ညွှန်မှူးမှ သုံးသပ်ရန်နှင့် သင့်တော်သလို ဦးစားပေးရန် တာဝန်ရှိသည်။

## ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များ အနေဖြင့် မည်သည့်ဆုံးဖြတ်ချက်များအတွက် တာဝန်ရှိပြီး၊ မည်သို့ ချမှတ်ကြသနည်း

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ဘတ်ဂျက်ရေးဆွဲမှုနှင့် ဝန်ကြီး အဖွဲ့၏ လက်မှတ်ရေးထိုးမှုပြီးသည့်နောက်တွင် ဘတ်ဂျက်ကို လွှတ်တော်မှ သုံးသပ်စစ်ဆေးနိုင်ရန် တင်သွင်းသည်။ လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က မြန်မာတစ်နိုင်ငံလုံးရှိ လွှတ်တော်ကိုယ်စားလှယ်များမှ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ အဆိုပြု ဘတ်ဂျက်များနှင့် ဆုံးဖြတ်ချက်များကို မေးခွန်းထုတ်ရန် စိတ်အားထက်သန်လျက်ရှိသည်ဖြစ်ရာ ဤကိစ္စသည် လွန်စွာ တိုးတက်ပြီး အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်လာခဲ့သည်။[၁၁၇] ဤသုတေသနအတွက် သွားရောက်လေ့လာခဲ့သည့် ပြည်နယ် သုံးခုလုံးတွင် တွေ့ရှိခဲ့ရသည်မှာ အစိုးရသည် အဆိုပြု ဘတ်ဂျက် များနှင့် စပ်လျဉ်းသည့် လွှတ်တော်များ၏ မှတ်ချက်များနှင့် အကြံ ပြုချက်များကို ပိုမို၍ တုံ့ပြန်မှုရှိလာသည်ဟူသော အချက်ကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရများနှင့် လွှတ်တော်နှစ်ရပ်လုံးမှ အသိအမှတ်ပြု သဘောတူကြခြင်း ဖြစ်သည်။ ဘတ်ဂျက် သုံးသပ်စစ်ဆေးမှု ပြုလုပ်ရန် လွှတ်တော်ကို ပေးသည့်အချိန် ပမာဏသည် ပြည်နယ်/တိုင်းဒေသကြီးများကြား မတူညီဘဲ

---

**ဖြစ်စဉ်လေ့လာချက် ၈**

**အာရှဖောင်ဒေးရှင်း၏ လူမှုတာဝန်ယူမှုဆိုင်ရာ ထောက်ပံ့ကူညီပေးမှု**

၂၀၁၇ ခုနှစ်မှ စတင်၍ အာရှဖောင်ဒေးရှင်းသည် ရန်ပုံငွေ ခွဲဝေဖြန့်ဖြူးခြင်းဆိုင်ရာ ဆုံးဖြတ်မှုများတွင် အထောက်အထားအခြေပြု ထောက်ပံ့ကူညီမှုများပေးရန်နှင့် ပြည်သူ့ဘဏ္ဍာငွေ သုံးစွဲမှုတို့ကို စောင့်ကြည့်လေ့လာရန်တို့အတွက် အရပ်ဘက် အဖွဲ့အစည်း၏ စွမ်းရည်တိုးတက်စေရန် ဆောင်ရွက်ခဲ့သည်။ ပိုမိုကျယ်ပြန့်သည့် အုပ်ချုပ်ရေးအစီအစဉ်တစ်ရပ်တွင် အခြေစိုက် ထားသည့် ဖောင်ဒေးရှင်း၏ လူမှုရေးတာဝန်ယူမှုဆိုင်ရာ အစီအစဉ်သည် ဘတ်ဂျက်ဆိုင်ရာ အချက်အလက်များ ပိုမိုရရှိစေရေး၊ မြန်မာနိုင်ငံရှိ ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်ကို ပိုမိုနက်ရှိုင်းစွာ နားလည်ရေးနှင့် ဘဏ္ဍာရေး စက်ဝန်းတစ်ခုလုံးတွင် ပါဝင်နေသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရတို့၏ ကျွမ်းကျင်မှုဆိုင်ရာ ပင်မစွမ်းဆောင်ရည်များ တိုးတက်အားကောင်းစေရေးဟူသော တစ်ပြိုင်နက် ကြိုးပမ်းအားထုတ်မှုများအပေါ် တည်ဆောက်ထားပါသည်။

အစီအစဉ်၏ ပထမအဆင့်တွင် ဖောင်ဒေးရှင်းသည် ဘတ်ဂျက်ကိစ္စကို စိတ်ဝင်စားမှု ရှိလာစေရန်နှင့် အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်ရန် အရပ်ဘက်အဖွဲ့အစည်း၏ စွမ်းဆောင်ရည်များ တည်ဆောက်ရေးကို အာရုံစိုက်ဆောင်ရွက်သည်။ ဦးတည် ပစ်မှတ်ထားသည့် ပြည်နယ်/တိုင်းဒေသကြီး ခြောက်ခုတွင် ဘတ်ဂျက်အခြေခံအသိပညာနှင့် ပွင့်လင်းမြင်သာမှု အလုပ်ရုံ ဆွေးနွေးပွဲများကို အာရှဖောင် ဒေးရှင်းမှ ဦးဆောင်ကျင်းပပေးခဲ့ပြီး မြို့နယ်တစ်ခုချင်းစီမှ အရပ်ဘက် အဖွဲ့အစည်း ကိုယ်စားလှယ်များကိုလည်း ဖိတ်ကြားခဲ့သည်။ တက်ရောက်သူ အစိုးရအရာရှိများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ဘတ်ဂျက်လုပ်ငန်းစဉ်၊ ပါဝင်သည့် အစုအဖွဲ့များနှင့် ဘတ်ဂျက်ပြက္ခဒိန်တို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ မျှဝေလာစေရန် အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲများကို ပုံစံချထား သည်။ အာရှဖောင်ဒေးရှင်းအနေနှင့်မူ ကူညီဆောင်ရွက်ပေးသည့် အခန်းကဏ္ဍကိုသာ ယူထားပြီး ဆွေးနွေးရာ၌ အဆင်ပြေ ချောမွေ့မှု ရှိကြစေရန်၊ အစိုးရအဖွဲ့အတွင်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်တတ်စေရန်နှင့် ပြည်သူလူထုနှင့် ထိတွေ့ လာကြစေရေးအတွက် အားပေးကူညီရန် အဓိကပံ့ပိုးကူညီသည်။

တစ်ပြိုင်တည်းမှာပင် အာရှဖောင်ဒေးရှင်းသည် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ စာစောင်အပေါ် ဝေဖန်အကြံပြု သည့် အလုပ်ရုံ ဆွေးနွေးပွဲများမှတစ်ဆင့် အစိုးရကို တိုက်ရိုက်ဝေဖန်အကြံပြုနိုင်ရန် အရပ်ဘက်အဖွဲ့အစည်းအတွက် နေရာဖန်တီး ပေးပြီး၊ များမကြာသေးမီကဆိုလျှင် ဘတ်ဂျက်အကြိုထုတ်ပြန်ချက်စာစောင်နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် ဝေဖန် အကြံပြုနိုင်စေခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် အာရှဖောင်ဒေးရှင်းမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး ပွဲများ ကျင်းပပြုလုပ်ရာ မြို့နယ်တစ်ခုချင်းစီမှ ကိုယ်စားလှယ်များ လာရောက်စုဝေးပြီး ဒေသန္တရ လိုအပ်ချက်ပေါ်မူတည်၍ ဦးစားပေးကိစ္စရပ် များ ဖော်ထုတ်ကာ၊ စီမံကိန်းရေးဆွဲရေး ပြက္ခဒိန်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအရာရှိများနှင့် မျှဝေနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါသည်။

ပွင့်လင်းမြင်သာမှု တိုးပွားစေရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုအားကောင်းသော အုပ်ချုပ်ရေးကို မြှင့်တင်ဆောင်ရွက်နိုင်စေရေးအတွက် ရည်ရွယ်၍ ဒေသန္တရ လူမှုတာဝန်ယူမှုနှင့် အများပြည်သူအတွက် နည်းပညာဆိုင်ရာ ဆောင်ရွက်ချက်များကို လုပ်ဆောင်နေသည်။ Ananda Data နှင့် Open Hluttaw စသည်တို့ကို ငွေအား၊ နည်းပညာအား ပံ့ပိုးကူညီမှုများကိုလည်း အာရှဖောင်ဒေးရှင်းမှ ပြုလုပ်ခဲ့ပါသည်။

တစ်ပတ်မှ တစ်လအထိ ကွာဟမှုရှိသည်။ အချိန်များစွာ မရရှိကြသည့်အခါ လွှတ်တော်များနှင့် ကိုယ်စားလှယ်များသည် အဆိုပြုလွှာများကို ကျေလည်စွာ သုံးသပ်ခြင်းမပြုနိုင်ကြပေ။

ပြည်နယ်/တိုင်းဒေသကြီးအဆင့် လွှတ်တော်များအားလုံးတွင် ပြည်သူ့ငွေစာရင်းကော်မတီ (PAC) တစ်ရပ်သော်လည်းကောင်း၊ အလားတူ အဖွဲ့အစည်းတစ်ခုသော်လည်းကောင်း ရှိပြီး အစိုးရမှ ပေးပို့လာသည့် ဘတ်ဂျက်များကို သုံးသပ်စစ်ဆေးရာ၌ ဦးဆောင်လုပ်ကိုင်သည်။ PAC များသည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများနှင့် လွှတ်တော်များကြား ချိတ်ဆက်ဆောင်ရွက်မှုကို စီမံခန့်ခွဲပြီး၊ ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ကြားနာမှုများ ပြုလုပ်ခြင်း၊ ဘတ်ဂျက် သုံးသပ်စစ်ဆေးမှုများ ပြုလုပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသည်။ PAC များ ဖွဲ့စည်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များဖြင့်သာမက ကော်မတီများအား အကြံဉာဏ်ပေးခြင်းဖြင့် ပံ့ပိုးကူညီနိုင်မည့် ရွေးကောက်ခံ မဟုတ်သော ပညာရှင်များနှင့် စီးပွားရေး လုပ်ငန်းရှင်များလည်း ပါဝင်ကြပါသည်။

ဘတ်ဂျက်သုံးသပ်စစ်ဆေးရာတွင် PAC များ ဆောင်ရွက်သည့် စိစစ်လေ့လာမှုအဆင့်မှာ တစ်ခုနှင့်တစ်ခု ကွာခြားပြန်သည်။ ပြည်နယ်တစ်ခုတွင် စီမံကိန်းများ အဆိုပြုထားသည့် နေရာများ (အထူးသဖြင့် ကုန်ကျစရိတ် လွန်စွာကြီးမားသော စီမံကိန်းနေရာများ) သို့ PAC မှ ကွင်းဆင်း စစ်ဆေးမှုများ ပြုလုပ်သည် တွေ့ရသည်။ အခြား ပြည်နယ်တစ်ခုတွင်မူ မြို့နယ်တစ်ခုချင်းစီအလိုက် မည်မျှရရှိကြသည်ကိုသာ နှိုင်းယှဉ်သုံးသပ်ပြီး လွှတ်တော်ကိုယ်စားလှယ်များထံ ဝေမျှလိုက်ရာ၊ လွှတ်တော်ကိုယ်စားလှယ်များမှ "ညီတူညီမျှ ခွဲဝေရရှိရေး" အတွက် ရန်ပုံငွေများ တိုးမြှင့်တောင်း ဆိုကြတော့သည်။ မြို့နယ်များအလိုက် လိုအပ်ချက်များ မည်သို့ ကွာခြားသည်ကို နားလည်နိုင်စေရာ ရှင်းလင်းတိကျသော အညွှန်းကိန်းများ မရှိသည့်အတွက် PAC များအနေဖြင့် မြို့နယ်များ သို့မဟုတ် ကဏ္ဍများကြား ငွေကြေးခွဲဝေမှုအပေါ် ပို၍ယုတ္တိရှိသော စိစစ်လေ့လာမှု ပြုလုပ်ရန် အခက်အခဲရှိသည်။ တစ်ခုသော ပြည်နယ်၌မူ ဘတ်ဂျက်ပါ စီမံကိန်းအချို့မှ စီးပွားရေး အကျိုးအမြတ် ကောင်းစွာရရှိမည့် စီးပွားရေးသမားတစ်ဦးကို PAC အတွင်း ထည့်သွင်းထားသည်ကို တွေ့ရသည်။ ဤသည်ကို  အကျိုးစီးပွား ပဋိပက္ခအဖြစ် အခြားသော PAC အဖွဲ့ဝင်များမှ ယူဆကြခြင်းမရှိပေ။ PAC အဖွဲ့ဝင်ဖြစ်ရေးအတွက် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက် မရှိပေ။

ပြည်နယ်/တိုင်းဒေသကြီး အများစုတွင် လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် အဆိုပြုထားသည့် ဘတ်ဂျက်များကို သုံးသပ်စစ်ဆေးခွင့်ရကြသည်။ ၎င်းတို့အများစု အဓိက စစ်ဆေးသည်မှာ ၎င်းတို့၏ ဦးစားပေး အဆိုပြုလွှာများ ပါဝင်စေရန် သို့မဟုတ် ၎င်းတို့နှင့် သက်ဆိုင်ရာ မြို့နယ်များအတွက် အဆိုပြုထားသည့် စီမံကိန်းများကို သုံးသပ်စစ်ဆေးခြင်းတို့ကို ပြုလုပ်ကြသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ပြောကြားချက်အရ ၎င်းတို့၏ ဦးစားပေးလုပ်ငန်းများသည် မူကြမ်းများတွင် အများအားဖြင့် ပါဝင်လေ့ရှိသည်ဟု ဆိုသည်။[၁၁၈] PAC များအနေဖြင့် အစိုးရ အဆောက်အဦးများ၊ ယာဉ်ကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများအတွက် အလွန်တရာ ငွေကုန်ကြေးကျခံနေခြင်း၊ ဒေသန္တရ ဖွံ့ဖြိုးတိုးတက်မှုအပေါ် တိုက်ရိုက်အကျိုးပြုပုံပေါ်သည့် စီမံကိန်းများအတွက် ငွေအလုံအလောက် မသုံးစွဲခြင်း အစရှိသည့် အများပြည်သူ ထင်မြင်ချက်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များ ကိုလည်း ကိုင်တွယ် တတ်သည်။

အဆိုပါ စိစစ်သုံးသပ်မှုများသည် အစိုးရကို တာဝန်ခံမှုရှိအောင် တွန်းအားပေးရာ၌ အရေးကြီးသော အဆင့်များ ဖြစ်သော်လည်း လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍမှာ အများအားဖြင့် ဒေသစွဲ တစ်ခုတည်းဖြင့် မိမိဒေသ အတွက်သာ သီးသန့် အာရုံစိုက်နေကြသည်။ PAC များ အာရုံထား ဆောင်ရွက်နေကြရသည်များမှာလည်း စုစုပေါင်း ဘတ်ဂျက်များနှင့် နှိုင်းယှဉ်ပါက အနည်းငယ်သော ပမာဏသာ ဖြစ်သည်။

လက်ရှိတွင် လွှတ်တော်ကိုယ်စားလှယ်များ သို့မဟုတ် PAC မှ ဘတ်ဂျက်၏ မူဝါဒဆိုင်ရာ ရည်မှန်းချက်ကို သုံးသပ်စစ်ဆေးခြင်း၊ ဘတ်ဂျက်၏ မဟာဗျူဟာ ဦးတည်ရာလမ်းကြောင်းနှင့် ပတ်သက်၍ အစိုးရကို မေးခွန်းထုတ်ခြင်း ဥပမာ အမြန်လမ်းများအတွက် ငွေကြေးလျှော့သုံး၍ ကျေးလက် လမ်းများအတွက် ပိုမိုသုံးစွဲစေရန် အစိုးရအား ဖိအားပေးခြင်း စသည့် သာဓက အနည်းငယ်ကိုသာ တွေ့ရသည်။

## ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်တွင် ရပ်ရွာပြည်သူလူထုမှ ပူးပေါင်း ပါဝင်နိုင်စရာအခွင့်အလမ်းများ

အထက်တွင် အသေးစိတ် ဖော်ပြခဲ့သည့် လုပ်ငန်းစဉ်တွင် ဆုံးဖြတ်ချက် ချမှတ်ရန်မှာ ဌာနဆိုင်ရာ အရာရှိများ၊ အစိုးရဝန်ကြီးများနှင့် လွှတ်တော်အမတ်များနှင့်သာ သက်ဆိုင်သည့်အတွက် ရပ်ရွာမှ ပူးပေါင်းဆောင်ရွက်နိုင်စရာ အခွင့်အလမ်း အနည်းငယ်သာရှိသည်။ S/RPIC တွင် ရပ်ရွာကိုယ်စားလှယ်များ ပါရှိသော်လည်း အဆိုပါကော်မတီများသည် ပြည်နယ်/တိုင်းဒေသကြီးများအားလုံးတွင် တက်ကြွမှုရှိနေသည်မဟုတ်ဘဲ (အထက်တွင်ရှု)၊ တက်ကြွမှုရှိသည့် နေရာများတွင်လည်း အဖျားအနားနေရာမှသာ လုပ်ကိုင်ဆောင်ရွက်နေကြသည်ဟု သိရသည်။[၁၁၉] ပြည်ထောင်စုအဆင့်တွင်လည်း ထိုနည်းအတိုင်းသာ ဖြစ်ပြီး ပြည်ထောင်စု ဘတ်ဂျက်နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက် ပြုလုပ်ရာတွင် ရပ်ရွာမှ ပါဝင်ဆောင်ရွက်နိုင်စရာ အခွင့်အလမ်းများစွာ မရှိလှပေ။

အရပ်ဘက်အဖွဲ့အစည်းမှ စီမံကိန်းအဆိုပြုချက်အချို့ကို စုပေါင်း ဆန့်ကျင်နိုင်ခဲ့ကြသည့် သာဓကအချို့ကိုလည်း တွေ့ရပြန်ပါသည်။ ဥပမာ အားဖြင့် ကရင်ပြည်နယ်တွင် ကရင်အရပ်ဘက်အဖွဲ့အစည်း ၄၂ ဖွဲ့နှင့် အခြားအသင်းအဖွဲ့များစွာ စုပေါင်း၍ ဘားအံမြို့ရှိ အဆိုပြုထားသော ကျောက်မီးသွေး ဓါတ်အားပေးစက်ရုံကို ဆန့်ကျင်ခဲ့ကြသည်။ ဒေသခံ နေထိုင်သူ များမှ စီမံကိန်းကို ကန့်ကွက်ကြောင်း လက်မှတ်ပေါင်း ၃,၀၀၀ နီးပါး စုဆောင်း၍ ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြရာ နောက်ဆုံးတွင် စီမံကိန်း ဖျက်သိမ်းပေးခဲ့ရသည်။[၁၂၀]

အထက်ပါ ဖော်ပြချက်များအပြင် မိမိတို့၏ သက်ဆိုင်ရာ ဘတ်ဂျက်များရေးဆွဲရာ၌ အရပ်ဘက် အဖွဲ့အစည်းနှင့် ပြည်နယ်/တိုင်းဒေသကြီး၊ ပြည်ထောင်စုအစိုးရများကြား ပုံမှန်ဆက်ဆံ ဆောင်ရွက်မှုကို အဆင်ပြေချောမွေ့စေအောင် ပြုလုပ်ပေးသွားရန် လိုအပ်လျက်ရှိသည်။ ဤသည်မှာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ရှုထောင့်ပိုမိုစုံလင်စေရေးအတွက် ဖြစ်ပြီး အထူးသဖြင့် အပစ်ပယ်ခံနှင့် ကိုယ်စားပြုမခံရသော အုပ်စုများ၊ ရပ်ရွာအစုအဖွဲ့များအပေါ် ကြီးစွာသော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေမည့် အကဲဆတ်သော စီမံကိန်းတို့အတွက် ဖြစ်သည်။ အခြားအဖွဲ့အစည်းများ ရှိကြသည့်အနက် Oxfam နှင့် အာရှဖောင်ဒေးရှင်း (ဖြစ်စဉ် လေ့လာချက် စ) တို့သည် ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်ရာ၌ လူမှုရေးတာဝန်ခံမှုကို ခိုင်မာအားကောင်းလာစေရန် ဆောင်ရွက်လျက်ရှိကြသည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရ အများစုတို့သည် ဘတ်ဂျက်ပွင့်လင်းမြင်သာမှု ရှိစေခြင်းဖြင့် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များတွင် နောက်ထပ် လက်တွဲဆောင်ရွက်မှုများကို အဆင်ပြေချောမွေ့အောင် ပြုလုပ်လာနိုင်ခဲ့သည်။ ၂၀၁၈/၁၉ ခုနှစ်တွင် ပြည်ထောင်စု အစိုးရအပြင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရ ၁၃ ဖွဲ့တို့မှ ၎င်းတို့နှင့် သက်ဆိုင်ရာ Citizen’s Budgets (ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ) ကို ထုတ်ဝေခဲ့ကြသည်။ နှစ်ပေါင်းငါးဆယ်အတွင်း အစိုးရ၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များကို နိုင်ငံတော် လျှို့ဝှက်ချက်သဖွယ် သဘောထားခဲ့ကြပြီး အများပြည်သူမှ ကြည့်ရှုခွင့် မရခဲ့ပေ။ Citizen’s Budgets များကြောင့် ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများနှင့် နိုင်ငံသားများအနေဖြင့် အစိုးရဘတ်ဂျက်ကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆွေးနွေးနိုင်ရန် မကြုံစဖူး ထူးကဲလှသော အခွင့်အရေးတစ်ရပ်ကို ရရှိလာခဲ့ပြီး၊ ဘတ်ဂျက်ပွင့်လင်းမြင်သာမှု အားကောင်းလာသည်နှင့်အမျှ အရပ်ဘက်အဖွဲ့အစည်းများ၏ ဘတ်ဂျက်ရေးဆွဲခြင်းအပေါ် စိတ်ဝင်စားမှု မြင့်တက်လာခဲ့သည်။

## ၄.၂။ ပြည်ထောင်စုအဆင့်တွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို မည်သို့ ပြုလုပ်ကြသနည်း

ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်မူကြမ်း ရေးဆွဲခြင်း၊ လွှတ်တော်၏ ထောက်ခံချက် ရယူခြင်း၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ ပြည်ထောင်စု ဘတ်ဂျက် အဆိုပြုလွှာများကို သုံးသပ်စစ်ဆေးခြင်းတို့ ပြီးသည့်နောက် ပြည်ထောင်စု အဆင့်မှ ပြည်ထောင်စု အစိုးရ၏ ကိုယ်ပိုင်ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များအတွက် နောက်ဆုံးအတည်ပြုပေးခြင်း ကိစ္စနှစ်ရပ်လုံးနှင့် သက်ဆိုင်သည့် အဆုံးသတ် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း ဆုံးဖြတ်ချက်များ ပြုလုပ်ပေးရန် တာဝန်ရှိသည်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုအဆင့် ဦးစီးဌာနများနှင့် ဝန်ကြီးဌာနများ၊ ပြည်ထောင်စု လွှတ်တော်တို့မှာ ကိုယ့်အခန်းကဏ္ဍနှင့်ကိုယ် တာဝန်ယူကြသည်။

ပြည်ထောင်စုအဆင့်တွင် အဓိက ပြုလုပ်သည့် ဆုံးဖြတ်ချက်မှာ စုစုပေါင်း ပြည်ထောင်စု ဘတ်ဂျက်ကို ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများကြား မည်သို့ခွဲဝေရမည်ဟူသော ကိစ္စဖြစ်သည်။ ဝန်ကြီးဌာနနှင့် ဦးစီးဌာနကြား ဘဏ္ဍာငွေခွဲဝေသည့် လုပ်ငန်းစဉ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေး ပြည်ထောင်စု ဝန်ကြီးနှင့် MOPF တို့မှ ဦးဆောင်သည်။ ပြည်နယ်/တိုင်းဒေသကြီး အဆင့်ကဲ့သို့ပင် ဤသည်မှာ ပထမဆုံးနှင့် အရေးကြီးဆုံး အစိုးရမူဝါဒ ရေးရာကိစ္စဖြစ်ပြီး၊ ဦးစီးဌာနများကြားမှ နိုင်ငံရေးအရ အားပြိုင်မှုလည်း ဖြစ်သည်။

ပြည်ထောင်စုအဆင့် ဦးစီးဌာနက ပြည်နယ်/တိုင်းဒေသကြီးအဆင့်မှ တင်သွင်းသည့် သာမန်နှင့် ငွေလုံးငွေရင်း ဘတ်ဂျက် အဆိုပြုလွှာများဆိုင်ရာ ပဏာမသုံးသပ်ချက်တစ်ခု ကောက်ယူပြုလုပ်ပြီး၊ ပြည်ထောင်စုအဆင့် သာမန်အသုံးစရိတ်နှင့် နောက်တိုး စီမံကိန်း အဆိုပြုလွှာများ ပေါင်းစပ်ခြင်းဖြင့် လုပ်ငန်းစဉ်ကို စတင်သည်။ အဆိုပါ ပေါင်းစည်းထားသည့် ဘတ်ဂျက်များမှာ ဖြတ်တောက်ခြင်း၊ ဘဏ္ဍာငွေ သတ်မှတ်ချက်နှင့် ကိုက်အောင် လျှော့ချခြင်းတို့ မပြုလုပ်ရသေးဘဲ ဦးစီးဌာန၏ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဝန်ကြီးများမှ သုံးသပ်စစ်ဆေးပြီးသည်နှင့် MOPF ထံ တင်ပြသည်။ လာမည့် ဘဏ္ဍာရေးနှစ် (၂၀၁၉/၂၀) အတွက် အဆိုပါ အဆိုပြုလွှာများကို MOPF ထံ ဒီဇင်ဘာလနှောင်း/ဇန်နဝါရီလဆန်းပိုင်းတွင် တင်သွင်းရသည်။ ထိုကာလသည် ဦးစီးဌာနအချို့အတွက် အောက်အဆင့်များမှ အဆိုပြုလွှာများမရရှိသေးချိန်ဖြစ်၍ MOPF သို့ ပေးပို့လိုက်သော အဆိုပြုလွှာများမှာ လက်ခံရရှိသည်နှင့် ပြင်ဆင်မှု မြောက်မြားစွာ ပြုလုပ်ခြင်း ခံကြရသည်။ အဆိုပါ တင်သွင်းလိုက်သော အဆိုပြုလွှာများသည် ပြည်ထောင်စု အစိုးရ ဘတ်ဂျက်စုစုပေါင်းထက် အဆများစွာ ပိုများနေလေ့ရှိသည်။ ဥပမာ ဦးစီးဌာနတစ်ခု၏ တောင်းခံငွေသည် မူလတင်ပြသည်ထက် ဆယ်ဆပိုမိုနေတတ်သည်။[၁၂]

ပြည်ထောင်စု ဘတ်ဂျက်ကို ပြည်ထောင်စု ဝန်ကြီးဌာနများကြား မည်သို့ခွဲဝေမည်ကို မဆုံးဖြတ်မီ MOPF မှ အဆိုပါ အဆိုပြုလွှာများကို စစ်ဆေးမှုပြုလုပ်သည်။ ဆုံးဖြတ်ချက်အတွက် ပြင်ဆင်နေစဉ်အတွင်း ပြည်ထောင်စု ဝန်ကြီးများ၊ ၎င်းတို့၏ ဝန်ကြီးဌာနများ သို့မဟုတ် ဦးစီးဌာနများမှ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး၊ သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တစ်ဦးဦးထံ ဘဏ္ဍာငွေတိုးမြှင့်ပေးရန် ချဉ်းကပ်တောင်းဆိုနိုင်သည်။ ဘဏ္ဍာငွေ ခွဲဝေမှုများကို

မည်သည့် လုပ်ထုံးလုပ်နည်းဖြင့် ပြုလုပ်သည်ကို အတိအကျ မသိရှိရသော်လည်း ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန ရန်ပုံငွေ ခွဲဝေဖြန့်ဖြူးမှုများတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကဲ့သို့သော အခြားထိပ်သီး အစိုးရအဖွဲ့ဝင်များနှင့် ကြိုတင်သဘောတူညီမှု မရှိဘဲ သိသာသော ပြင်ဆင်ချက် ထွက်ပေါ်လာနိုင်စရာ နည်းပါးပါသည်။ ဥပမာ လာမည့်နှစ် (ဘဏ္ဍာနှစ် ၂၀၁၉/၂၀) လျှပ်စစ် စီမံကိန်းများတွင် ငွေကြေးသုံးစွဲမှု အမြောက်အမြားတိုးမြှင့်ပေးရန် အဆိုပြုထားသည်။ ယင်းနောက်တွင် ဘဏ္ဍာငွေ သတ်မှတ်ချက်များကို ဝန်ကြီးဌာနများသို့ ပေးပို့ကာ ၎င်းတို့မှ တစ်ဖန်ပြန်၍ သက်ဆိုင်ရာ ဦးစီးဌာနများကြား ငွေကြေးခွဲဝေမှုကို သတ်မှတ်ပေးရသည်။ အရာရှိများ၏ ပြောကြားချက်အရ ဤသည်မှာလည်း ယခင် အစဉ်အဆက် ခွဲဝေမှုများနှင့် ချိတ်ဆက်လျက် ရှိနေပြန်သည်ဟုသိရသည်။ ထို့နောက်မှသာ ဦးစီးဌာနများအနေဖြင့် နောင်လာမည့်နှစ်အတွက် ၎င်းတို့၏ ဘတ်ဂျက်များ၊ စီမံကိန်းများနှင့် စပ်လျဉ်း၍ အဓိပ္ပါယ်ပြည့်ဝသော ဆုံးဖြတ်ချက်များ ပြုလုပ်နိုင်ကြမည် ဖြစ်သည်။ လာမည့် ဘဏ္ဍာနှစ် (၂၀၁၉/၂၀) အတွက် ဦးစီးဌာနများသည် တောင်းခံရန် ငွေပမာဏ အကန့်အသတ်ကို မတ်လတွင် ရရှိပြီး ဖြစ်သည်။ တစ်ချိန်တည်း၌ပင် လာမည့်နှစ်အတွက် ငွေလုံးငွေရင်း ဘတ်ဂျက် မည်မျှ ရှိသည်ကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ စီမံကိန်း ရေးဆွဲရေးဦးစီးဌာနသို့ အကြောင်းကြားထားသည်။

ကဏ္ဍအလိုက် ဦးစီးဌာနတစ်ခုချင်းစီ မိမိကိုယ်ပိုင်လုပ်ငန်းစဉ်၊ ကိုယ်ပိုင် စံချိန်စံညွှန်းနှင့် မူဝါဒများရှိကြပြီး ၎င်းတို့မှနေ၍ ဘဏ္ဍာငွေ သတ်မှတ်ချက်နှင့် ကိုက်ညီစေရန် အဆိုပြုလွှာများပါ ငွေပမာဏများကို လျှော့ချပေးသည့်အတွက် ဘတ်ဂျက်ရေးဆွဲရာတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ပုံဖော်ပေးသည် (အောက်တွင် အသေးစိတ်ရှု)။ ဦးစီးဌာနပေါင်းများစွာတွင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများကြား ဘဏ္ဍာငွေခွဲဝေမှုကို ပုံဖော်ပေးသည့် သတ်မှတ်ချက်များရှိဟန်တူသော်လည်း၊ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီအတွင်းရှိ မြို့နယ်များကြား ဘဏ္ဍာငွေခွဲဝေမှုပြုရာတွင် ကူညီလမ်းညွှန်နိုင်မည့် သတ်မှတ်ချက် တစ်စုံတစ်ရာရှိကြောင်း မည်သည့် ဦးစီးဌာနကမှ မပြောကြားခဲ့ပေ။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန။** ဤဦးစီးဌာန လက်အောက်တွင် စီမံကိန်း အမျိုးအစားများ များပြားစုံလင်လှသည် ဖြစ်ရာ DRD အနေဖြင့် ဦးစွာပထမဆုံးဖြတ်ရသည်မှာ စီမံကိန်းများအတွက် ငွေမည်သို့ ခွဲဝေပေးရမည်နည်းဟူသော ကိစ္စဖြစ်သည်။ ဥပမာ နောင်နှစ်တွင် ရေပေးဝေရေး လုပ်ငန်းများအတွက် ဌာနရန်ပုံငွေမည်မျှကို အသုံးပြုမည်၊ VDP အတွက် မည်မျှ (စီမံကိန်းကို ကျေးရွာမည်မျှအထိ ဆက်လက်ချဲ့ထွင်မည်) သို့မဟုတ် မြစိမ်းရောင် စီမံကိန်းအတွက် မည်မျှဟူသော ပမာဏနှင့် နှိုင်းစာကြည့်သည်။ DRD အရာရှိများ၏ ပြောကြားချက်အရ အကြီးတန်း ခေါင်းဆောင်များသည် ပြည်နယ်များ/တိုင်းဒေသကြီးများနှင့် မြို့နယ်များကြား အသုံးစရိတ် မျှခြေကို ထည့်သွင်းစဉ်းစားပြီး မြို့နယ်များ အားလုံးအတွက် ရင်းနှီးမြှုပ်နှံမှုများ ခွဲဝေပေးရန် ကြိုးစားသည်ဟု သိရသည်။ အရာရှိများမှ ပြောကြားသေးသည်မှာ ၎င်းတို့အနေဖြင့် ပြည်ထောင်စု အစိုးရအတွင်းမှ အကြီးတန်းအဖွဲ့ဝင်များထံမှ မြစိမ်းရောင်ကဲ့သို့သော စီမံကိန်းများကို အချို့သော အရပ်ဒေသများတွင် တိုးချဲ့ပေးရန် တောင်းဆိုမှုများ လက်ခံရရှိတတ်သည်ဟု ဆိုသည်။ တင်ပြလာမည့် အဆိုပြုလွှာများကို ယမန်နှစ် ဘတ်ဂျက်၏ ၁၀ ရာခိုင်နှုန်းထက် မကျော်လွန်စေဟု ပြည်နယ်/တိုင်းဒေသကြီးများကို ညွှန်ကြားထားသဖြင့် DRD တွင် ထောက်ပံ့ငွေ လျှော့ချသည့် လုပ်ငန်းစဉ်မှာ လွန်စွာ "ရိုးရှင်း" သည်ဟု သိရသည်။ ပြည်နယ်/အဆင့်များ မှ သတ်မှတ်ပေးထားသည့် ဦးစားပေး အဆင့်နိမ့်သည့် စီမံကိန်းများကို လျှော့ချလိုက်ခြင်းဖြင့် ပြည်ထောင်စု အဆင့် အရာရှိများမှ ဘတ်ဂျက်ကို ညှိနှိုင်းပေးသည်။

**လမ်းဦးစီးဌာန။** အရာရှိများ၏ ပြောကြားချက်အရ လမ်းဦးစီးဌာနတွင် လမ်းများကို ဦးစားပေးရာ၌ ယာဉ်အသွားအလာအဆင့်၊ ကုန်စည် စီးဆင်းမှု၊ ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားလုံခြုံရေးတို့ကို စဉ်းစားပြီး (အမျိုးသား အမြန်လမ်း ပင်မစီမံကိန်း အရ) မဟာဗျူဟာမြောက် အမြန်လမ်းကွန်ယက်ရှိ လိုအပ်သော ချိတ်ဆက်မှုများ ဆောက်လုပ်ရန် အလေးထား ဆောင်ရွက်သည်။ ယခုလာမည့် ဘဏ္ဍာရေးနှစ် (ဘဏ္ဍာနှစ် ၂၀၁၉/၂၀) အတွက် အဓိက "လိုအပ်သော ချိတ်ဆက်မှု" သုံးရပ်ကို ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် တစ်ခု၊ ကချင်ပြည်နယ်တွင် နှစ်ခု သတ်မှတ်ထားပြီးဖြစ်သည်။ ထို့အပြင်လည်း ဦးစီးဌာနသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ တင်ပြလာသည့် အဆိုပြုလွှာများကိုလည်း စဉ်းစားပေးရသည်။ မြန်မာနိုင်ငံရှိ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးနီးပါးမှ တစ်ဦးလျှင် အနည်းဆုံး အဆိုပြုလွှာတစ်စောင်စီခန့် တင်ပြလာကြရာ ဦးစီးဌာနအနေဖြင့် အဆိုပြုလွှာအများစုကို ငွေကြေးထောက်ပံ့နိုင်စွမ်း မရှိသည့်အတွက် ဤသည်မှာ ဦးစီးဌာနအတွက် ကြီးစွာသော စိန်ခေါ်မှု ဖြစ်စေသည်။ အရာရှိများ၏ ပြောကြားချက်အရ ဦးစီးဌာနအနေဖြင့် "ပြည်သူ့အသံ" ဖြစ်သော လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်များကို ဌာန၏ မဟာဗျူဟာမြောက် စီမံကိန်းများနှင့် ထိန်းညှိနိုင်ရန် ကြိုးစားရသည်။ ဌာနအနေဖြင့် ချေးငွေနှင့် ထောက်ပံ့ငွေ အစရှိသည့် အခြားသော ဘဏ္ဍာငွေ အရင်းမြစ်များကို အသုံးပြုကာ မဟာဗျူဟာမြောက် လမ်းပန်းဆက်သွယ်ရေး ကွန်ရက်ကို တည်ဆောက်ရန် အလေးပေး ဆောင်ရွက်ပြီး ပြည်ထောင်စု ဘတ်ဂျက်ကိုမူ လွှတ်တော် ကိုယ်စားလှယ်များ၏ အဆိုပြုလွှာများအတွက် ချန်လှပ်ပေးထားသည်။ စီမံကိန်းများသည် ဌာနဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိသည်ကို တွေ့ရှိရပါက လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုပြုလွှာများမှာ ဦးစားပေးနေရာ ရောက်ရှိလာသည်။ သာမန်အသုံးစရိတ်တွင် ပြုပြင်ထိန်းသိမ်းမှုအတွက် ဦးစားပေး ကိစ္စကို ဒေသန္တရ ဦးစီးဌာန အရာရှိများမှ လာမည့်နှစ်အတွက် အဓိက ပြင်ဆင်ရမည့်အရေးကြီးသည်ဟု ယူဆပြီး အစီရင်ခံချက် ထားသည် များအပေါ် အခြေခံသည်။ ပြုပြင်ထိန်းသိမ်းရေးဘတ်ဂျက်မှာ အသုံးပြုခကောက်ခံသည့် လမ်းများနှင့် BOT တို့အပါအဝင် ဌာနဆိုင်ရာ ဝင်ငွေများအပေါ် မှီခိုနေရသည်။

**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန။** DRRD ၏ ဦးစားပေး ဆောင်ရွက်ချက်မှာ လမ်းဆောက်လုပ်ရေး သို့မဟုတ် လမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းများ ဖြစ်ပြီး၊ အကျိုးခံစားရမည့်သူဦးရေ၊ နေ့စဉ်ယာဉ်

အသွားအလာ၊ ဆင်းရဲမွဲတေမှုနှုန်း၊ ဆေးရုံများ၊ ကျောင်းများနှင့် အခြားသော အခြေခံအဆောက်အအုံများသို့ သွားရောက်နိုင်မှုနှင့် ဒေသခံများ ပြန်လည်နေရာချထားရေးကို ရှောင်ရှားခြင်း စသည်တို့ အပါအဝင် ကိစ္စရပ်များစွာပေါ် အခြေခံသည်။ သို့သော်လည်း ဌာန၏ ပထမဦးစားပေးမှာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးများမှ အဆိုပြုသည့် စီမံကိန်းများသာ ဖြစ်ကြသည်။ ပြည်ထောင်စု ဘတ်ဂျက်တွင် အကန့်အသတ်ရှိသည်ဖြစ်ရာ လွှတ်တော်ကိုယ်စား လှယ်များ၏ အဆိုပြုလွှာများအတွက် ဘတ်ဂျက်အများစုကို ဖဲ့ပေးလိုက်ရပြီး ဌာန၏ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် ချိန်ညှိရေးအပေါ် အခက်အခဲဖြစ်စေသည်။ ဥပမာ ယခင်နှစ် (၂၀၁၇/၁၈) အတွင်း ပြည်ထောင်စု လွှတ်တော်တွင် ကျေးလက် ဒေသလမ်းများနှင့် စပ်လျဉ်း၍ မေးခွန်းပေါင်း ၉၇၀ မေးမြန်းခဲ့ရာမှ ဝန်ကြီးမှ သက်ဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ပေးရန် ပြောကြားခဲ့သည့် ကတိကဝတ်ပေါင်း ၁၇၈ ခုရှိခဲ့သည်။ ထို့အပြင် လာမည့် ဘဏ္ဍာရေးနှစ် (၂၀၁၉/၂၀) အတွက် ဦးစီးဌာနမှ ပြည်နယ်များ/တိုင်းဒေသကြီး အချို့တွင် ရွေ့ပြေးစီမံကိန်းများ အတွက် ရင်းနှီးမြှုပ်နှံသွားရန် ရှိသည်။ အဆိုပါ စီမံကိန်းများတွင် "သာမန်" ကျေးလက်လမ်းများထက် ပိုမိုမြင့်မားသည့် သတ်မှတ် ချက်များဆောက်လုပ်သည့် ပိုမိုရှည်လျားသည့် (၆ မိုင်အထက်) လမ်းအသစ်များ ပါဝင်ပြီး အမြန်လမ်းကွန်ယက်များကြား မဟာဗျူဟာ ချိန်ဆက်မှုများ ဖြစ်လာမည်ဖြစ်သည်။ အဆိုပါ လမ်းများကို သတ်မှတ်ရာတွင် ဌာန၏ မိခင်ဝန်ကြီးဌာန ဖြစ်သော ဆောက် လုပ်ရေး ဝန်ကြီးဌာန (လမ်းဦးစီး ဌာနအတွက်လည်း တာဝန်ရှိ) နှင့် ပူးပေါင်းဆောင်ရွက်သည်။ ဦးစီးဌာနတွင် ပြည်နယ်များ/တိုင်းဒေ သကြီးများကြား ဘဏ္ဍာငွေ ခွဲဝေမှုများကို သတ်မှတ်ပေးသည့် ဖော်မြူလာတစ်ရပ်ရှိပြီး အကြောင်းရင်း သုံးချက်ကို ထည့်သွင်း တွက်ချက်သည်။ ၎င်းတို့မှာ အမျိုးသားမဟာဗျူဟာအရ အဓိကကျသော ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး တိုးတက်လာစေရန် ပြည်နယ်/တိုင်းဒေသ ကြီးတစ်ခုချင်းစီအတွက် ငွေမည်မျှ လိုအပ်သနည်း၊ လက်ရှိ ကျေးလက်ဒေသလမ်းများ၏ အရှည်နှင့် ကျေးလက်နေလူဦးရေ တို့ဖြစ်ကြသည်။

**လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်း။** ESE တွင် ဥပမာအားဖြင့် သုံးသပ်စစ်ဆေးမှု ပြုလုပ်ရာ၌ အဆင့် ငါးဆင့်ရှိသည်။ အဆိုပြုလွှာ သည် ရှိပြီးသား ဓါတ်အားလိုင်းနှင့်သော်လည်းကောင်း၊ အခြား တို့ချဲ့ရန် လျာထားသော ဓါတ်အားလိုင်းများ နှင့်သော်လည်းကောင်း ချိတ်ဆက်မှု ရှိမရှိဟူသည့် နည်းပညာပိုင်း သုံးသပ်ချက် မပြုလုပ်မီ ဦးစွာပထမ အဆိုပြုလွှာသည် အမှန်တကယ် လိုအပ်ခြင်း ရှိမရှိ ပဏာမ သုံးသပ်စစ်ဆေးရသည်။ ဤအဆင့်တွင် အဆိုပြုလွှာပါ စီမံချက်သည် နည်းပညာအရ ဖြစ်နိုင်မဖြစ်နိုင် သိရှိရန် DPTSC နှင့် ညှိနှိုင်းဆောင်ရန် လိုအပ်သည်။ တတိယအားဖြင့် ESE သည် အဆိုပြုလွှာများအား အဆင့်သတ်မှတ်ခြင်း၊ ဦးစားပေးခြင်းတို့ မပြုလုပ်မီ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တစ်နှစ်တာအတွင်း ပြုလုပ်ခဲ့သည့် အဆိုပြုချက်များကို စီမံကိန်းများတွင် ထည့်သွင်းသည်။ နောက်ဆုံးအနေဖြင့် ESE သည် ဥပမာ JICA သို့မဟုတ် ADB တို့မှရရှိသော ထောက်ပံ့ငွေများနှင့် ချေးငွေများကဲ့သို့ သီးသန့် စီမံကိန်းများအတွက် အသုံးပြုနိုင်သည့် အခြားသော ဘဏ္ဍာငွေရင်းမြစ်များကိုလည်း စဉ်းစားသည်။ ဘဏ္ဍာငွေ ထောက်ပံ့ခြင်းနှင့် ESE ကိုယ်ပိုင်ဝင်ငွေ လျာထားချက်မှ ESE တွင် အထူးအရေးပါလှသည်။ အကြောင်းမှ ၎င်းသည် ပုံမှန်အားဖြင့် ပြည်ထောင်စု ဘတ်ဂျက်မှ ဘဏ္ဍာငွေ ရရှိလေ့မရှိဘဲ ကိုယ်ပိုင်ရန်ပုံငွေပေါ်သာ မှီခိုရသောကြောင့် ဖြစ်သည်။ ESE အရာရှိများ၏ ပြောကြားချက်အရ ပြည်နယ်များ/တိုင်းဒေသကြီး များကြား ငွေကြေးသုံးစွဲမှု မျှတရေးကိုသာ လုံးဝ အသားပေး စဉ်းစားသည်မဟုတ်သော်လည်း လက်ရှိတွင် ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံရေးမှာ ဦးစားပေး ဖြစ်နေသည်။ ESE အင်ဂျင်နီယာချုပ်မှ သုံးသပ်စစ်ဆေးပြီးနောက် ဦးဆောင်ညွှန်ကြားရေးမှူးမှ သုံးသပ်ပြီး အဆိုပြုလွှာကို MOEE ဝန်ကြီးထံ တင်သွင်းသည်။

**အခြေခံပညာရေးဦးစီးဌာန။** ပြည်ထောင်စုအဆင့် DBE သည် ပြည်နယ်များ/တိုင်းဒေသကြီးများမှ စာသင်ကျောင်း အဆောက် အဦးများ (အသစ်၊ မွမ်းမံ၊ ချဲ့ထွင်) နှင့် သက်ဆိုင်ရာ ကျောင်းသုံး ပစ္စည်းများအတွက် အဆိုပြုလွှာများ လက်ခံရရှိရာ၌ အများအားဖြင့် စုစုပေါင်း ကုန်ကျမည့်စရိတ်သည် ရှိသမျှဘတ်ဂျက်ထက် ဆယ်ဆ ကျော် ပိုမိုများပြားနေတတ်သည်။ ထောက်ပံ့ငွေ ပေးအပ်မည့် သူများကို ရွေးချယ်ပုံမှာ နေရာဒေသနှင့် နည်းပညာပိုင်း ဦးစားပေး ကိစ္စရပ်များပါဝင်နေသည့် DBE ၏ မူဝါဒနှင့် သက်ဆိုင်သည်။ နေရာဒေသအလိုက် ဦးစားပေးရာတွင် ယခုအခါ DBE သည် ဖော်မြူလာတစ်ရပ်ကို အသုံးပြုလျက်ရှိသည်ဟု သိရပြီး ၎င်းအရ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ခွဲဝေရရှိနိုင်စရာ ပမာဏသည် အဆိုပါ ပြည်နယ်/တိုင်းဒေသကြီး အတွင်းရှိ ကျောင်းဝင်ခွင့် ရရှိ ထားသည့် ကျောင်းသားဦးရေနှင့် စာသင်ကျောင်း အရေအတွက်ကို ပေါင်း၍ တစ်နိုင်ငံလုံးရှိ စုစုပေါင်း ကျောင်းဝင်ခွင့်ရရှိထားသည့် ကျောင်းသားဦးရေနှင့် စာသင်ကျောင်းအရေအတွက်တို့နှင့် နှိုင်းရပမာဏရာခြင်းဖြစ်သည်။ ထို့ကြောင့် ကချင်ပြည်နယ်အတွက် ၎င်း၏ ကျောင်းသားဦးရေ ၃၄၅,၈၆၅ နှင့် စာသင်ကျောင်း ၁,၅၅၂ ကျောင်း၏ စုစုပေါင်း ရလဒ်(၃၄၇,၄၁၇)သည် အမျိုးသားအဆင့် ကျောင်းသား ဦးရေ ၉,၁၄၄,၄၆၉ ဦးနှင့် ၄၇,၀၀၄ ကျောင်းတို့ ပေါင်းလဒ် ('၉,၁၉၁,၄၇၃') ၏ ၃.၈ ရာခိုင်နှုန်းနှင့် ညီမျှသည့်အတွက် ငွေလုံး ငွေရင်းဘတ်ဂျက်၏ ၃.၈ ရာခိုင်နှုန်း လက်ခံရရှိမည် ဖြစ်သည်။ ဘတ်ဂျက်ဒေတာအရ ဤဖော်မြူလာကို အသုံးပြုကြ သော်လည်း အတိအကျမဟုတ်ချေ။ ဥပမာ ၂၀၁၈/၁၉ အတွက် ဖော်မြူလာ အခြေခံ ရန်ပုံငွေ ခွဲဝေမှုနှင့် နှိုင်းယှဉ်ကြည့်ပါက ချင်းပြည်နယ် အမှန်တကယ်ရရှိသည့် ပမာဏမှာ သုံးဆ၊ ရခိုင်ပြည် နယ်မှာမူ နှစ်ဆရှိပြီး၊ ကချင်ပြည်နယ် ရရှိသည့်ပမာဏမှာ ၁၄% မျှ ပိုမို များပြားနေပြီး စုစုပေါင်း ဘဏ္ဍာငွေ သတ်မှတ်ချက်အတွင်း ရှိနေစေရန် အခြားသော ပြည်နယ်/တိုင်းဒေသကြီး ရန်ပုံငွေများကို သင့်တော် သလို လျှော့ချ ထားသည်။ အဆိုပါ ပြည်နယ်/တိုင်းဒေ သကြီး ဘတ်ဂျက်ခွဲဝေမှု ပမာဏများအတွင်းမှ DBE သည် တင်ပြလာသည့် စာရင်းများမှ ကျောင်းများကို ရွေးချယ်ရာတွင် အဆိုပြုလွှာတစ်စောင် ချင်းစီကို ပြည်နယ်/တိုင်းဒေသကြီး၏ နည်းပညာဆိုင်ရာ သတ်မှတ် ချက်များ အတိုင်း အခြေတည်ပြီး၊ ရွေ့ဖော်ပြပါ သတ်မှတ်ချက်သုံးရပ် အတိုင်းနှင့်၊ ပြည်နယ်/တိုင်းဒေ သကြီးမှ သတ်မှတ်ထားသည့် ဦးစားပေးမှုအတိုင်းရွေးချယ်သည်။

အဆိုပါ ဦးစားပေးမှုများတွင် မည်သည့်အဆိုပြုလွှာများသည် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်များနှင့် အခြားသော "VIP များ" ၏ ထောက်ခံမှု မည်သည့် အတိုင်းအတာအထိ ရရှိထားသည် ဟူသောအချက်ကို ထင်ဟပ်စေလေသည်။

အဆိုပါ စည်းစားချက်များကိုမူတည်၍ DBE အနေဖြင့် ပြည်နယ်/တိုင်းဒေသကြီး ဘဏ္ဍာငွေ သတ်မှတ်ချက်အတွင်း ဝင်စေရန် အဆိုပြုလွှာများကို မည်သည့်လျှော့ချသည်ဟူသော အချက်မှာ မရှင်းလင်းပေ။ ပြည်နယ်များ/တိုင်းဒေသကြီးများ၏ ပြောကြားချက်အရ ထို့အဆင့်တွင် ၎င်းတို့အား တိုင်ပင်ခြင်းမရှိဘဲ ပြီးမှသာ အတည်ပြုချက်စာရင်းများ လက်ခံရရှိခြင်း ဖြစ်သည်ဟုဆိုသည် (အများပြောဆိုချက်အရ အမြဲမဟုတ်သည့်တိုင် ပုံမှန်အားဖြင့် ပြည်နယ်/တိုင်းဒေသကြီး DBE ၏ နိုင်းရ ဦးစားပေးကိစ္စရပ်များဆိုင်ရာ အမြင်နှင့် ကိုက်ညီနေလေ့ရှိသည်။)။

ဤလုပ်ငန်းစဉ်တွင် ပြည်ထောင်စု DBE သည် အခြားသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တောင်းဆိုချက်နှစ်မျိုးကိုလည်း ဖြည့်ဆည်းပေးနိုင်ရမည်။ ဦးစွာပထမ လွှတ်တော်ကိုယ်စားလှယ်များ နှင့် အခြားသော VIP များမှ ပြည်နယ်/တိုင်းဒေသကြီး DBE သို့ ပုံမှန် 'တင်သွင်းနေကျ' အဆိုပြုလွှာများအပြင် ပြည်ထောင်စု အဆင့်သို့ သီးသန့်အဆိုပြုလွှာများ တင်သွင်းကြဟန်တူသည်။ ဒုတိယအားဖြင့် ပြည်ထောင်စု DBE သည် လက်ရှိ ပြည်ထောင်စုအစိုးရ၏ ပညာရေးမူဝါဒဦးစားပေးကိစ္စရပ်များနှင့်အညီ ၎င်းကိုယ်ပိုင် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများ ဖြည့်စွက်တင်သွင်းသည် (ပုံမှန်အားဖြင့် သိပ္ပံဓာတ်ခွဲခန်းများ၊ စာကြည့်တိုက်များ၊ IT အသုံးအဆောင် ပစ္စည်း)။ အဆိုပါ ထပ်တိုးရင်းနှီးမြှုပ်နှံမှုနှစ်ရပ်လုံးကို ပြည်ထောင်စု DBE ၏ ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု ခွဲဝေရေး ဇယားတွင် ပြည်နယ်/တိုင်းဒေသကြီး အဆိုပြုလွှာများမှ ပေါ်ထွက်လာသည့် ရင်းနှီးမြှုပ်နှံမှုများနှင့် အတူတကွ မှတ်တမ်းတင်ထားသည်။ ထို့ကြောင့်ပင် ၂၀၁၈/၁၉ ခုနှစ် ပြည်ထောင်စု DBE ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြန်မာကျပ်ငွေ ၂၇၅ ဘီလီယံ အတည်ပြုရာတွင် ၄၅ ရာခိုင်နှုန်းခန့်မှာ အန္တရာယ်ရှိ ကျောင်းအဆောက်အအုံများ အတွက် ခွဲဝေပေးခဲ့ပြီး၊ နောက်ထပ် ၄၅ ရာခိုင်နှုန်းမှာ ကျောင်းချဲ့ထွင်ရေး၊ ၇ ရာခိုင်နှုန်းမှာ လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်ကို ဖြည့်ဆည်းပေးရန် ဖြစ်ကာ (မူလ ပြည်နယ်/တိုင်းဒေသကြီး အဆိုပြုလွှာတင်သွင်းမှုအပြီး ပြုလုပ်ခြင်း ဖြစ်ဟန်တူ)၊ ၃ ရာခိုင်နှုန်းခန့်မှာ မြောက်မြားစွာသော ပြည်ထောင်စု ဦးစားပေး ကိစ္စရပ်များကို ဖြည့်ဆည်းပေးရန် ဖြစ်သည်။

ဤလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ပြည်ထောင်စုအဆင့် ဦးစီးဌာနများနှင့် ဝန်ကြီးဌာနများသည် MOPF ၏ ရသုံးမှန်းခြေငွေစာရင်းနှင့် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနများနှင့် အစည်းအဝေးများပြုလုပ်ပြီး အဆိုပြုလွှာများနှင့် ဘတ်ဂျက်များကို ဆွေးနွေးကြသည်။ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ အဆိုပြုထားသော လုပ်ငန်းစဉ်များကို သုံးသပ်စစ်ဆေးပြီး ဝန်ထမ်းအိမ်ယာကဲ့သို့သော စီမံကိန်းများ ထက်စာလျှင် ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုများပါ အဆိုပြုလွှာများတွင် ပါရှိစေရေးအတွက် ဦးစားပေး ဆောင်ရွက်သည်။ ဌာနအနေဖြင့် မြေရရှိမှုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကဲ့သို့ လိုက်နာဆောင်ရွက်ရန် ရှိသည်များကိုလည်း မလစ်ဟင်းရလေအောင် ပြုလုပ်ရသည်။ စီမံကိန်း ရေးဆွဲရေး ဦးစီးဌာနသည် ဌာနများ၏ အစဉ်အဆက် ဘဏ္ဍာငွေ အသုံးပြုမှုကိုလည်း ကြည့်ရှုစစ်ဆေးရသည်။ အစဉ်အဆက်အားဖြင့် အသုံးနည်းသည့် ဌာနများကို တွေ့ရှိပါက ၎င်းတို့၏ ဘတ်ဂျက်များကို လျှော့ချရသည်။ ပြည်ထောင်စုအဆင့်တွင် (ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ဖွဲ့စည်းပေးထားသည့်) ဆောက်လုပ်ရေး ကော်မတီကဲ့သို့သော ကော်မတီများစွာရှိပြီး ၎င်းတို့မှနေ၍ DBE အပါအဝင် ဦးစီးဌာနများစွာမှ လာသည့် ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာများကို သုံးသပ်စစ်ဆေးသည်။ သို့တည်းမဟုတ် ဥပမာ စက်ယန္တရားပစ္စည်း၊ အသုံးအဆောင်နှင့် ယာဉ်များဝယ်ယူရေးဆိုင်ရာ အဆိုပြုလွှာများ အပြင် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနသို့ တင်သွင်းသည့် ငွေလုံးငွေရင်း အသုံးစရိတ်များကို စက်ပစ္စည်းကြီးကြပ်မှု ကော်မတီမှ စစ်ဆေးသည်။ နောက်ဆုံးအနေဖြင့် MOPF မှ ဖွဲ့စည်းပေးထားသည့် ဘတ်ဂျက်ရေးရာ ကော်မတီတစ်ရပ်လည်း ရှိပြီး သာမန်ဘတ်ဂျက်ဆိုင်ရာ အဆိုပြုလွှာများကို သုံးသပ်စစ်ဆေးသည်။

အထက်ဖော်ပြပါ ကော်မတီများ၏ အတည်ပြုခြင်း၊ ပြည်တွင်းဦးစီးဌာနနှင့် ဝန်ကြီးမှ စစ်ဆေး လက်မှတ်ရေးထိုးခြင်းတို့ ပြုလုပ်ပြီးသည်နှင့် ဘတ်ဂျက်အဆိုပြုလွှာများကို NPC နှင့် ဘဏ္ဍာရေးကော်မရှင် (UFC) တို့ကဲ့သို့ ပြည်ထောင်စုအဆင့် ကော်မရှင်များထံ မတင်သွင်းသေးမီ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး (နှင့် / သို့မဟုတ် ဒု-ဝန်ကြီး) ထံ တင်သွင်းရသည်။ UFC မှာ ဘတ်ဂျက်ကို လွှတ်တော်သို့ မတင်သွင်းမီ သုံးသပ်စစ်ဆေးရန်နှင့် လက်မှတ်ရေး ထိုးရန် တာဝန်ရှိပြီး၊ NPC မှာမူ လွှတ်တော်သို့ မတင်သွင်းမီ ပြည်ထောင်စု စီမံကိန်းရေးဆွဲရေး ဥပဒေကို သုံးသပ် စစ်ဆေးရမည့် တာဝန်ရှိသည်။ အခန်း ၂ တွင် အသေးစိတ် တင်ပြ ထားသည့်အတိုင်း စီမံကိန်းဘဏ်၏ လက်အောက်တွင် မြန်မာကျပ်ငွေ ၂ ဘီလီယံတန်ဖိုးနှင့် အထက်ရှိ ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ စီမံကိန်းများအတွက် လုပ်ငန်းစဉ်အသစ်တရပ် ပေါ်ထွန်းလာပြီ ဖြစ်သည်။ NECC မှာ စီမံကိန်းဘဏ်ဆိုင်ရာ အဆိုပြုလွှာ များအတွက် ဦးဆောင် စစ်ဆေးရေးအဖွဲ့အစည်း ဖြစ်သည်။


ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်မှ ဘဏ္ဍာငွေ လက်ခံရရှိသည့် ဦးစီးဌာနများအားလုံးအနက် တစ်ခုမှလွဲ၍ ကျန်အားလုံးသည် ပြည်ထောင်စု ဝန်ကြီးဌာနများလက်အောက်ရှိ ပြည်ထောင်စု ဦးစီးဌာနများ၏ အစိတ်အပိုင်းဖြစ်ကြသည့်အတွက် ပြည်ထောင်စုအဆင့်တွင်လည်း ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်အောက်ရှိ အဆိုပြုလွှာများကို စစ်ဆေးရန်၊ စိစစ်ရန်နှင့် ပြင်ဆင်ရန် အခွင့်အလမ်းရရှိကြသည်။ ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များအောက်တွင် ငွေအသုံးပြုခွင့်ရရှိရေးအတွက် တင်သွင်းသော အဆိုပြုလွှာများကို သုံးသပ်ပုံမှာ ဦးစီးဌာနအလိုက် ကွာခြားသည်။ ဥပမာ DOH နှင့် DRRD တို့သည် အဆိုပြုလွှာကို ဌာနဆိုင်ရာ လမ်းညွှန်ချက်များ၊ မူဝါဒများနှင့် ကိုက်ညီအောင် ပြုလုပ်ပြီး၊ ထပ်ခြင်းတူခြင်းမရှိစေရန် ၎င်းတို့ ကိုယ်ပိုင် စီမံကိန်းများနှင့် တိုက်ဆိုင်

စစ်ဆေးကြသော်လည်း ထူးထူးခြားခြား ပြောင်းလဲမှု ပြုလုပ်လေ့မရှိဟု သိရပြန်သည်။[၁၂၂] သို့သော်လည်း ESE မှာမူ ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များအောက်မှ ကျေးရွာ လျှပ်စစ်ဓာတ်အား ပေးရေးဆိုင်ရာ အဆိုပြုလွှာများကို လက်မှတ်ထိုးခြင်း သို့မဟုတ် သုံးသပ်စစ်ဆေးခြင်း မပြုလုပ်ဘဲ ပြည်နယ်/တိုင်းဒေသကြီး အင်ဂျင်နီယာများထံတွင်သာ အပြည့်အဝ ဆုံးဖြတ်ခွင့် ပေးထားသည်ဟု သိရသည်။[၁၂၃]

UFC နှင့် NPC တို့၏ သုံးသပ်စစ်ဆေးမှုများအပြီး ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာနှင့် စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ဥပဒေကြမ်းများကို ပြည်ထောင်စု လွှတ်တော်မှ စစ်ဆေးအတည်ပြုနိုင်စေရန် တင်သွင်းသည်။ ပြည်ထောင်စု လွှတ်တော်၏ ပြည်ထောင်စုအစိုးရနှင့် ထိတွေ့ဆောင်ရွက်မှုအပေါ် စီမံခန့်ခွဲသည့် လုပ်ငန်းစဉ်ကို ဦးဆောင်ရန် ပြည်သူ့ငွေစာရင်းပူးပေါင်းမှုကော်မတီ (JPAC) မှ တာဝန်ယူရသည်။ နောင်လာမည့် ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများထံ ပေးအပ်မည့် အထွေထွေ လွှဲပြောင်းထောက်ပံ့ငွေ အဆုံးသတ် ပမာဏ ပါဝင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း ထွက်ပေါ်လာပြီးသည်နှင့် နောက်ဆုံးပိတ် ပြည်နယ်/တိုင်းဒေသကြီး ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေကြမ်းကို ပြည်နယ်/တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ရေးဆွဲပြီး ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များ သို့ တင်သွင်းသည်။ ဤအဆင့်တွင် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ပြောကြားချက်အရ မူကြမ်း မထွက်ပေါ်လာမီ ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များတွင် ပြင်ဆင်မှု တစ်စုံတစ်ရာ ပြုလုပ်ရန် အခွင့်အလမ်း အနည်းငယ်သော ရှိတော့သည်ဟု ဆိုသော်လည်း အဆိုပါ အနည်းငယ်မျှသော ပြင်ဆင်မှုများကို ပြည်ထောင်စုအဆင့်တွင် ပြုလုပ်နိုင်ပေသည်။[၁၂၄]

## ၄.၃။ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ၏ အကျိုးဆက်များမှာ အဘယ်နည်း

**ပုံ ၄.၂ မြို့နယ်တစ်ခုချင်းစီအလိုက် ငွေလုံးငွေရင်း အသုံးစရိတ်**
(တစ်ဦးချင်းစီအလိုက်၊ အစိုးရ ဦးစီးဌာနများအားလုံးအတွက်၊ ဘဏ္ဍာနှစ် ၂၀၁၈/၁၉ အတွင်း)




မည်သည့် စီမံကိန်းမှ ဘဏ္ဍာငွေရရှိရန် ဆုံးဖြတ်ချက်များမည်သို့ ပြုလုပ်ကြသည်ဟူသော လုပ်ငန်းစဉ်ကို အသေးစိတ် တင်ပြပြီးသည့် နောက် ဤခေါင်းစဉ်ခွဲတွင် ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အစိုးရဘတ်ဂျက်များအောက်မှ မြို့နယ်အဆင့် ငွေကြေးအသုံးပြုသည့် ပုံစံများကို လေ့လာထားပြီး၊ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲရေး လုပ်ငန်းစဉ်များမှ အကျိုးရလဒ်များ၏ ထိရောက်မှု၊ လျင်မြန်မှုနှင့် မျှတမှုတို့ကို ဆန်းစစ်လေ့လာထား ပါသည်။

ရှေ့တွင်အထူးပြု တင်ပြခဲ့သည့်အတိုင်း မြို့နယ်ဘတ်ဂျက်ဟူ၍ သီးသန့်မရှိသော်လည်း မြို့နယ်အဆင့်သည် ပုံမှန်အားဖြင့် အစိုးရ ငွေစာရင်းများကို ပိုင်းခြား၍ ရနိုင်စရာ မြေမျက်နှာသွင်ပြင် အားဖြင့် အနိမ့်ဆုံးယူနစ်ဖြစ်သည်။ ဤသို့ဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရ ဘတ်ဂျက်နှစ်မျိုးလုံးမှနေ၍ လက်ရှိ ဘဏ္ဍာရေးနှစ် (၂၀၁၈/၁၉) အစိုးရဦးစီးဌာနများအားလုံးအတွက် အသုံးစရိတ်များရှိ ငွေလုံးငွေရင်း ဘတ်ဂျက်ခွဲဝေမှုတန်ဖိုးများ ပါဝင်သည့် "မြို့နယ်စီမံကိန်းများ"ကို ရရှိရန်နှင့် စိစစ်လေ့လာရန် ဖြစ်နိုင်လာသည်။ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများ၊ ကရင်နှင့် ချင်းပြည်နယ်များမှ မြို့နယ် ၆ ခုစီကို ပေါင်း၍ မြို့နယ်စီမံကိန်း ၂၄ ခုကို စိစစ်လေ့လာကာ ဒေသန္တရ ဖွံ့ဖြိုးရေး ငွေကြေးသုံးစွဲမှုဆိုင်ရာ ပုံစံများ၏ အရေးပါသော အတွေးအမြင်များကို တင်ပြထားပါသည်။


ဦးစွာပထမ ပြည်နယ်/တိုင်းဒေသကြီး အစိုးရဘတ်ဂျက်များသည် စုစုပေါင်း အစိုးရငွေကြေးသုံးစွဲမှု၏ ၁၁.၈ ရာခိုင်နှုန်း[၁၂၅] သာရှိသော်လည်း ကျွန်ုပ်တို့ နမူနာကောက်ယူထားသည့် မြို့နယ် ၂၄ ခုတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရ၏ အသုံးစရိတ်သည် ငွေလုံးငွေရင်း ရင်းနှီး မြှုပ်နှံမှုများအတွက် အစိုးရ၏ စုစုပေါင်း အသုံးစရိတ်၏ ၅၆ ရာခိုင်နှုန်း ရှိပြီး၊ ဖာပွန်မြို့နယ် ငွေလုံးငွေရင်း အသုံးစရိတ်၏ ၈၈ ရာခိုင်နှုန်းအထိ ရှိသည်။[၁၂၆] ဤသည်မှာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ၎င်းတို့ မြို့နယ်များရှိ ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများကို သတ်မှတ်ပေးရာ၌ ပုံမှန်နားလည်ထားကြသည်ထက်ပို၍ ကြီးမားသော သက်ရောက်မှု ဖြစ်စေသည့် အထောက်အထား ပင်ဖြစ်သည်။

ပုံ ၄.၂ တွင် လူတစ်ဦးချင်းစီ၏ ငွေလုံးငွေရင်း အသုံးစရိတ် ကွာဟချက်ကို မြို့နယ်အလိုက်နှင့် ပြည်နယ်များ/တိုင်းဒေသကြီးများ အလိုက် တင်ပြထားပါသည်။ လူတစ်ဦးချင်းစီအလိုက် ပျမ်းမျှ ငွေကြေးသုံးစွဲမှုမှာ မန္တလေးတိုင်းဒေသကြီးတွင် အနိမ့်ဆုံးဖြစ်ပြီး၊

**ပုံ ၄.၃** မြို့နယ်များအကြား ငွေကြေးသုံးစွဲမှု ကွာဟချက်
(တစ်ဦးချင်းစီအလိုက်၊ ရွေးချယ်ထားသော ဦးစီးဌာနများ၊ ဘဏ္ဍာနှစ် ၂၀၁၈/၁၉ အတွင်း)




**ပုံ ၄.၄ မြို့နယ်များအကြား ငွေကြေးသုံးစွဲမှု ကွာဟချက်**
(တစ်ဦးချင်းစီအလိုက်၊ ရွေးချယ်ထားသော ဦးစီးဌာနများ၊ ဘဏ္ဍာနှစ် ၂၀၁၈/၁၉ အတွင်း)




ချင်းပြည်နယ်ရှိ လူတစ်ဦးချင်းစီအလိုက် ပျမ်းမျှ ငွေကြေးသုံးစွဲမှုမှာ ဆယ်ဆပိုများသည်။ ချင်းပြည်နယ်ရှိ မတူပီမြို့နယ်သည် ၂၀၁၈/၁၉ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်ထက်စာလျှင် ငွေလုံးငွေရင်းသုံးစွဲမှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အဆ ၄၀ ကျော် ပိုမိုရရှိသည်။ ပြည်နယ်များ/တိုင်းဒေသကြီး တစ်ခုတည်း၌ပင် သိသာသော ကွာဟချက်ရှိသည်။ ဥပမာ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ကျွန်းလှမြို့နယ်သည် ကန့်ဘလူမြို့နယ်ထက် ဆယ်ဆပိုမို၍ ငွေလုံးငွေရင်းသုံးစွဲမှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ရရှိသည်။ ပြည်နယ်များ/တိုင်းဒေသကြီးများကြားမှ ပျမ်းမျှ ကွာခြားချက်သည် အဓိကအားဖြင့် ပြည်ထောင်စုအစိုးရမှ ပြည်နယ်/တိုင်းဒေသကြီး အစိုးရထံ လွှဲပြောင်းပေးအပ်သည့် ဘဏ္ဍာရန်ပုံငွေကွာခြားချက်များ၏ အကျိုးဆက်ပင်ဖြစ်ပြီး ဤနည်းဖြင့် ချင်းပြည်နယ်သည် (ဥပမာ အားဖြင့်) အဆမတန်မြင့်မားလှသည့် ဝင်ငွေပမာဏရရှိလျက် ရှိနေသည်။ မြို့နယ်များကြားမှ ကွာခြားချက်များမှာမူ ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအစိုးရများမှ မည်သည့် စီမံကိန်းကို ဘဏ္ဍာငွေ ထောက်ပံ့မည်ဟူသော ဆုံးဖြတ်ချက်များ၏ အကျိုးဆက်ပင် ဖြစ်သည်။

ကဏ္ဍတစ်ခုချင်းစီအလိုက်[၁၂၇] သုံးစွဲသည့် ပုံစံများကို လေ့လာကြည့်ပါက ကဏ္ဍများကြား ငွေလုံးငွေရင်း သုံးစွဲမှုမညီမျှမှုများကို တွေ့မြင်ရပါလိမ့်မည်။ ပုံ ၄.၃ တွင် ပြထားသည့်အတိုင်းနှင့် ပုံ ၄.၄ တွင် ပိုမိုအသေးစိတ် သရုပ်ပြထားသည့်အတိုင်း ဦးစီးဌာနများနှင့် ဝန်ကြီးဌာနများစွာအတွက် အလယ်ကိန်းနှင့် ပျမ်းမျှကိန်း ဌာနဆိုင်ရာ အသုံးစရိတ်ကြား ထင်ရှားသော ကွာဟချက်ရှိပြီး၊ ပြည်နယ်များ/တိုင်းဒေသကြီး လေးခုအနက် တစ်ခုချင်းစီမှ မြို့နယ်ခြောက်ခုကြား လူတစ်ဦးချင်းစီစာ ငွေကြေးသုံးစွဲမှာလည်း သိသာစွာ ကွာခြားသည်။ (အထူးသဖြင့်) ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လူတစ်ဦးချင်းစီအလိုက် ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များ၏ ကွာဟချက်များ တွေ့ရလိမ့်မည်ဟု မျှော်လင့်မထားသည့် ကဏ္ဍများတွင် အလယ်ကိန်း/ပျမ်းမျှကိန်း ကွာဟချက် အလွန်မြင့်မားသည်ကို တွေ့ရသည်။ MOALI အတွက် အများ : အနည်း အချိုးအဆများတွင် ၅၂:၁ နှင့် ၇:၁၊ ပညာရေးအတွက် ၄၆:၁ နှင့် ၁၁:၁ ကျန်းမာရေးအတွက် ၆၁:၁ နှင့် ၂၄:၁ စည်ပင်အဖွဲ့များအတွက် ၁၄:၁ နှင့် ၉:၁ ဟူ၍ ကရင်နှင့် ချင်းပြည်နယ်များတွင် အသီးသီး ရှိကြသည်

**ပုံ ၄.၅ မြို့နယ်တစ်ခုချင်းစီအလိုက် ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ဖွံ့ဖြိုးတိုးတက်ရေး အညွှန်းကိန်း**
(တစ်ဦးချင်းစီအလိုက်၊ အစိုးရ ဦးစီးဌာနများအားလုံးအတွက်၊ ဘဏ္ဍာနှစ် ၂၀၁၈/၁၉ အတွင်း)





(စည်ပင်အဖွဲ့၏ အသုံးစရိတ် ကွာဟချက်မှာ မန္တလေးနှင့် စစ်ကိုင်း တိုင်းဒေသကြီးများလောက်ပင် ကွာခြားသည်ကို တွေ့ရသည်။) ပုံ ၄.၃ တွင် ပြထားသည့်အတိုင်း ဤသုတေသနအတွက် အထူးပြုလေ့လာသည့် ဦးစီးဌာနများအနက် ကွာဟချက် အကြီးမားဆုံးကို DOH နှင့် ESE တို့တွင် တွေ့ရသည်။ အဆိုပါ ဦးစီးဌာနများအတွက် ရင်းနှီးမြှုပ်နှံမှုများမှာ ပိုမိုများပြားသည့်အတွက် မြို့နယ်များအကြား တစ်နှစ်ပြီးတစ်နှစ် အလှည့်ပေးရန် လိုအပ်နိုင်သည့်အလျောက် ဤသည်မှာ မမျှော်လင့်သည့် ကိစ္စမျိုးမဟုတ်ပေ။ ဥပမာ လျှပ်စစ်ဓါတ်အားလိုင်း ကွန်ယက် တည်ဆောက်ရာတွင် ဓါတ်အားလိုင်းသည် အခြားသော မြို့နယ်များသို့ ဝေးဝေးသွားနိုင်လောက်သည့် အနေအထား မရောက်မချင်း ဦးစီးဌာနအနေဖြင့် တစ်ခုသော ဒေသရှိ မြို့နယ်တစ်ခုတည်းတွင်သာ နှစ်အတော်ကြာအထိ ဦးစားပေး ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် လိုအပ်နိုင်ပါသည်။ DRRD နှင့် DBE တို့အတွက် လူတစ်ဦးချင်းစီအလိုက် ငွေကြေးသုံးစွဲမှု ကွာခြားချက်ကို မြို့နယ်များ၏ မတူညီသည့် လိုအပ်ချက်များကြောင့်ဖြစ်သည်ဟု ရှင်းပြနိုင်စရာရှိသည်။ ဆိုလိုသည်မှာ ကျေးလက်လမ်းများ ပိုမိုလိုအပ်သည့် မြို့နယ်များတွင် ကျေးလက်လမ်းများအတွက် ဘဏ္ဍာငွေ ပိုမိုရရှိလိမ့်မည်ဖြစ်သည် (အောက်တွင် အသေးစိတ် စဉ်းစားပြထားသည်။)

မြန်မာနိုင်ငံတွင် ယနေ့အချိန်ထိ အစိုးရအသုံးစရိတ်နှင့် ဒေသန္တရ လိုအပ်ချက်များကြား ဆက်နွယ်ချက်ကို စဉ်းစားသည့် သုတေသန အနည်းငယ်မျှသာရှိသည့်အတွက် လိုအပ်ချက်အများဆုံး ရှိသည့်နေရာတွင် အစိုးရအသုံးစရိတ်သည် မည်သည့်အတိုင်း အတာအထိ ရောက်အောင်ပစ်မှတ်ထား ဆောင်ရွက်သည်ကိုလည်း အနည်းငယ်သာ စဉ်းစားသည်။ ဤနေရာတွင် မြို့နယ်နှင့် ဖွံ့ဖြိုးတိုးတက်ရေး အညွှန်းကိန်း[၃၈] များကြား ချိတ်ဆက်မှုကို လိုအပ်ချက်နှင့် အသုံးစရိတ်၏ ကြားခံအဖြစ် စဉ်းစားသည်။[၃၉]

ပုံ ၄.၅ တွင် အာရှဖောင်ဒေးရှင်း၏ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း (TDI)[၄၀] နှင့် မြို့နယ်အဆင့် အစိုးရ၏ လူတစ်ဦးစီ အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ကြား ဆက်နွယ်မှုကို

**ပုံ ၄.၆ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တစ်ခုချင်းစီအလိုက် ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ဖွံ့ဖြိုးတိုးတက်ရေး အညွှန်းကိန်း (ကျေးလက်နေသူ တစ်ဦးချင်းစီအလိုက်၊ ဘဏ္ဍာနှစ် ၂၀၁၈/၁၉)**





တင်ပြထားသည်။ ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင် အသုံးစရိတ်နှင့် ဖွံ့ဖြိုးတိုးတက်မှုကြား ဆက်နွယ်ချက်အချို့ရှိပြီး ချင်းပြည်နယ်တွင် နမူနာ ပြည်နယ်/တိုင်းဒေသကြီး လေးခုအနက် ဖွံ့ဖြိုးတိုးတက်မှုအနိမ့်ဆုံး အဆင့်များ ပါရှိနေပြီး (TDI အရ) အသုံးစရိတ် အမြင့်ဆုံး အဆင့်များကိုလည်း တွေ့ရသည်။

သို့သော်လည်း မြို့နယ်အဆင့်တွင် ထင်ရှားသော ဆက်နွယ်ချက် မရှိဘဲ အစိုးရအသုံးစရိတ်ကို အလိုအပ်ဆုံးသော နေရာဒေသများတွင် သုံးစွဲနေခြင်းဟုတ်မဟုတ် မသေချာပေ။ မန္တလေးတွင် အသုံးစရိတ် အများဆုံးသော မြို့နယ်သည် လူနေမှုအဆင့်အနိမ့်ဆုံးဖြစ်ပြီး အခြားသော ပြည်နယ်များ/တိုင်းဒေသကြီးများတွင်မူ အတော်အတန် လူနေမှု အဆင့်အတန်း မြင့်သော မြို့နယ်များ ဖြစ်နေတတ်သည်။ ကျွန်ုပ်တို့၏ နမူနာအတွင်း TDI ရမှတ် အနိမ့်ဆုံးသော မြို့နယ် ဖြစ်သည့် ချင်းပြည်နယ် ပလက်ဝမြို့သည် ဒုတိယမြောက် အနည်းဆုံး ငွေပမာဏကိုသာ ရရှိသည်။ မြို့နယ်တွင်း လက်ရှိ ဖြစ်ပွားနေသည့် ပဋိပက္ခ၏ အကျိုးဆက်ကြောင့်ဖြစ်နိုင်သော်လည်း နောက်ထပ် စဉ်းစားကြည့်ရန် လိုသေးသည်။ အလားတူစွာပင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့သည် ဖွံ့ဖြိုးတိုးတက်မှု အဆင့်အနိမ့်ဆုံး ဖြစ်ပြီး အသုံးစရိတ် အနည်းဆုံးလည်း ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုအဆင့်များနှင့် အသုံးစရိတ်ကြား ဆက်စပ်မှုကို ကဏ္ဍအခြေခံဖြင့်လည်း စဉ်းစားနိုင်သည်။ ပုံ ၄.၆ တွင် ဖော်ပြထားသည်မှာ DRRD အတွက် တစ်ဦးချင်းစီ ငွေလုံးငွေရင်း အသုံးစရိတ်ကို ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းနှင့် နှိုင်းယှဉ်ပြထားသည်။ မန္တလေးတွင် ငွေကြေးသုံးစွဲမှုကို မှတ်တမ်းပြုစုထားခြင်းမရှိဘဲ စစ်ကိုင်းတွင် အနည်းငယ်သာရှိသည့်အတွက် ကောက်ချက်ဆွဲရန် ခက်ခဲသည်။ ဖြစ်နိုင်သည်မှာ DRRD ၏ ငွေကြေးသုံးစွဲမှုကို အခြားသော ဘတ်ဂျက်ခေါင်းစဉ်အောက်တွင် ထည့်သွင်းထားခြင်း ကြောင့် ဖြစ်နိုင်ပြီး၊ ၎င်းမှာ အစိုးရ မည်သို့ ငွေကြေးသုံးစွဲသည်ကို ပွင့်လင်းမြင်သာမှုရှိစေရန် ဆက်လက်ကြိုးပမ်းအားထုတ်လျက် ရှိသည့် အထောက်အထားပင် ဖြစ်သည်။ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် အစိုးရ၏ စုစုပေါင်း အသုံးစရိတ်ကို ကြည့်ပါက လိုအပ်ချက်နှင့် အသုံးစရိတ်ကြား ထင်ရှားသော ဆက်နွယ်မှု မရှိပေ။

**ပုံ ၄.၇ အခြေခံပညာရေးဦးစီးဌာန မြို့နယ်တစ်ခုချင်းစီအလိုက် ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ပညာရေး အညွှန်းကိန်း (လူတစ်ဦးချင်းစီအလိုက်၊ ဘဏ္ဍာနှစ် ၂၀၁၈/၁၉)**




နောက်ဆုံးအနေဖြင့် ပုံ ၄.၇ တွင် DBE ၏ လူတစ်ဦးချင်းစီ အသုံးစရိတ်ကို ပညာရေးအညွှန်းကိန်း[၃၈] ဖြင့် ယှဉ်ပြထားသည်။ ဤတွင်လည်း 'မြင့်မားသော ငွေကြေးသုံးစွဲမှု နိမ့်ပါးသော အညွှန်းကိန်း တန်ဖိုး' ဆက်စပ်ချက်ကို ပြည်နယ်များ/တိုင်းဒေသကြီးလေးခု ကြားတွင်လည်းကောင်း၊ တစ်ခုချင်းစီအတွင်း၌လည်းကောင်း မတွေ့ရချေ။

မန္တလေးတွင် "ဖြန့်ကျက်" သည့် သက်သေသာဓကကို တွေ့ရပြီး မြို့နယ်များလိုအပ်ချက်များ ကွာခြားသည့်ပုံပေါ်နေစေကာမူ ငွေပမာဏ အတူတူသာ ရရှိကြသည်။ ကရင်ပြည်နယ် လှိုင်းဘွဲ့ မြို့နယ်တွင် အဆိုးဆုံး အညွှန်းကိန်းတန်ဖိုးရှိ၍ အမြင့်ဆုံး အသုံးစရိတ်အဆင့်ကို တွေ့ရသည်။ ချင်းပြည်နယ် ပလက်ဝတွင် အဆိုးဆုံး အညွှန်းကိန်းတန်ဖိုးနှင့်အတူ အနိမ့်ဆုံး အသုံးစရိတ် တန်ဖိုးကို တွေ့ရသည်။

ဤစိစစ်လေ့လာမှုတွင် အစိုးရအသုံးစရိတ်သည် အများဆုံး လိုအပ်သည့်နေရာသို့ ပစ်မှတ်ထားခြင်းမရှိဟု ပြည့်ပြည့်စုံစုံပြောနိုင်သည့် သက်သေအထောက်အထား မရှိပါ။ သို့သော်လည်း ဤနမူနာ မြို့နယ်များမှ အထောက်အထားအချို့ပေးနိုင်ပြီး၊ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် မည်သည့် ဒေတာများသည် လိုအပ်ချက်များကို စနစ်တကျ ဖော်ထုတ်ရာတွင် ပို၍ အသုံးဝင်နိုင်မည်၊ ဝင်လိမ့်မည်ကို တွေးဆခြင်းဖြင့် သင့်တော်သလို ပစ်မှတ်ထားပြီး ငွေကြေးအသုံးပြုနိုင်လာစေရန် သတိပေးလိမ့်မည်။ လက်ရှိတွင် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနက် မည်သူမှ သက်ဆိုင်ရာ ဘတ်ဂျက်ခွဲဝေမှုကို လမ်းကြောင်းသတ်မှတ်ရန် မည်သည့် မြို့နယ်အညွှန်းကိန်းကိုမှ အသုံးပြုကြဟန်မတူချေ။ ဤကိစ္စကို အသေးစိတ် လေ့လာနိုင်ရန် နောက်ထပ် သုတေသန ပြုလုပ်ဖို့ လိုအပ်ပါသည်။

# အခန်း ၅

# နိဂုံး

အစိုးရ၏ ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များသည် ပြုပြင်ပြောင်းလဲခြင်း အပေါ် သက်ရောက်နိုင်သည့် ကိရိယာ တစ်ခုလည်း ဖြစ်သည့်အတွက် လွန်စွာ အရေးကြီးပါသည်။ လူမှု စီးပွား ဖွံ့ဖြိုးမှု နှေးကွေးခြင်း၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်း အားနည်းခြင်းနှင့် ပဋိပက္ခများ ဖြစ်ပွားနေခြင်း များရှိနေသည့် မြန်မာနိုင်ငံ အတွက် ပို၍ပင် အရေးကြီးပါသည်။ လွန်ခဲ့သော နှစ် အနည်းငယ် အတွင်း ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အစိုးရများသည် စီမံကိန်း နှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ် တို့တွင် အရေးကြီးသော ပြုပြင်ပြောင်းလဲမှုများစွာ ဖော်ဆောင်ခဲ့ ပါသည်။ အဆိုပါ ပြုပြင်ပြောင်းလဲမှု များတွင် 'အောက်ခြေမှ အထက်သို့' စီမံကိန်းရေးဆွဲတင်ပြစေ၍ ဒေသမှတင်ပြသော စီမံကိန်း အဆိုပြုလွှာများ ထွက်ပေါ်နိုင်ရန် လုပ်ဆောင်ခြင်း၊ နှစ်လတ် ဘဏ္ဍာရေးဆိုင်ရာ မူဘောင်အောက်ရှိ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲခြင်း၊ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ် တွင် ပူးပေါင်းပါဝင်မှု နှင့် တုံ့ပြန်ဖြည့်ဆည်းမှု အားကောင်းစေရန် လုပ်ဆောင်ထားသည့် စီမံကိန်း နှင့် အစီအစဉ်များစွာ ပေါ်ထွက်လာခြင်း တို့လည်း အပါအဝင် ဖြစ်သည်။ အထက်ပါ ဖြစ်ရပ်များကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံတွင် စီမံကိန်း နှင့် ဘတ်ဂျက် ရေးဆွဲခြင်း ဖြစ်စဉ် အားကောင်းစေရန် လုပ်ဆောင်နေမှုကို တွေ့ရပြီး ယခုထက်ပိုမို ခိုင်မာအောင် လုပ်ဆောင်နိုင်သည့် အခြေခံလည်း ရှိနေပြီး ဖြစ်သည်။

ယခုအခန်းတွင် ယခင်အခန်းများမှ အဓိကတွေ့ရှိချက်များကို အကျဉ်းချုပ် တင်ပြထားပြီး မြန်မာနိုင်ငံရှိ စီမံကိန်းနှင့် ဘတ်ဂျက် ရေးဆွဲခြင်း လုပ်ငန်းစဉ်၏ အဓိက အစိတ်အပိုင်းများ ဖော်ထုတ်ရန် နှင့် လက်ရှိ လုပ်ဆောင်နေမှု၏ အားနည်းချက်နှင့် အားသာချက် များကို ဖော်ထုတ်ရာတွင် ကူညီပေးမည် ဖြစ်သည်။ ယခုအခန်း၏ ဒုတိယအပိုင်းတွင် မြန်မာနိုင်ငံ၏ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ် အားကောင်းအောင် လုပ်ဆောင်ရာ၌ အစိုးရ၊ လွှတ်တော်၊ အရပ်ဘက်အဖွဲ့အစည်း နှင့် အလှူရှင်များ အသီးသီး တို့အနေဖြင့် မည်သည့်နေရာမှ ပူးပေါင်းပါဝင်နိုင်သည် ကို အကြံပြုတင်ပြထားပါသည်။

## ၅.၁။ အဓိကတွေ့ရှိချက်များ

### စီမံကိန်း နှင့် ဘတ်ဂျက်ရေးဆွဲခြင်း ဆိုင်ရာ မူဘောင်

**၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ဘတ်ဂျက် နှစ်မျိုး (ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီး) ခွဲခြားထားပြီး ယင်းဘတ်ဂျက်နှစ်မျိုးအကြား တာဝန်ခွဲဝေခြင်း ကိုလည်း ပုံဖော်သတ်မှတ်သည်။** မြန်မာနိုင်ငံရှိ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း ဖြစ်စဉ်အတွက် သိသာထင်ရှားသော ခြေလှမ်းတစ်ရပ်မှာ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများ အတွက် ဘတ်ဂျက် ၁၄ခု ပေါ်ထွက် လာခဲ့ခြင်း ဖြစ်သည်။ မြန်မာ့အုပ်ချုပ်ရေး စနစ်အတွင်းရှိ အခြားသော အဆင့်များဖြစ်သည့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက် နှင့် ကျေးရွာအုပ်စုများ တွင် ကိုယ်ပိုင်ဘတ်ဂျက်များ မရှိသည့်အတွက် ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီး တို့၏ ရန်ပုံငွေကို မှီခိုနေရသည့် အချက်မှာ လည်း အရေးကြီးပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား (၂) တွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ အတွက် ဥပဒေပြုစာရင်း နှင့် ဇယား (၁) တွင် ပြည်ထောင်စုအစိုးရ အတွက် ဥပဒေပြုစာရင်းကို ဖော်ပြထားပြီး အသုံးစရိတ် တာဝန်ခွဲဝေမှုကို ရှင်းလင်းတိကျစွာ သတ်မှတ်ထားခြင်း မရှိချေ။

**၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အစိုးရ ဥပဒေ[၁၃၂] နှင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဆိုင်ရာ စည်းမျဉ်း[၁၃၃] တို့သည် ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များ အကောင်အထည်ဖော်နိုင်ရန်အတွက် မူဘောင်ချမှတ် ပေးသည်။** ပြည်ထောင်စု အစိုးရသည် နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေမူကြမ်းကို ပြင်ဆင်ရေးဆွဲ၍ ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းရသည်။ ပြည်နယ်/တိုင်းဒေ သကြီး အစိုးရများသည်လည်း ပြည်နယ်/တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေမူကြမ်းကို ပြင်ဆင်ရေးဆွဲ၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အသီးသီးသို့ တင်သွင်းရန် တာဝန်ရှိသည်။ ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များသည် ပြည်ထောင်စု ဘဏ္ဍာရေး ကောင်မရှင်၏ စိစစ်ခြင်းကိုလည်း ခံယူရ ပါသည်။ ၂၀၁၇ ခုနှစ်မှစ၍ ဘဏ္ဍာနှစ် ကာလကို ဧပြီ မှ အောက်တို ဘာအထိ သတ်မှတ်ခဲ့သည်။

**ငွေလုံးငွေရင်း ရင်းနှီးမြုပ်နှံမှုများ အတွက် စီမံကိန်း ရေးဆွဲသည့် လုပ်ငန်းစဉ်ကို ပံ့ပိုးရန်အတွက် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး အဆင့်တိုင်းတွင် ကော်မတီနှင့် ကော်မရှင်များ ရှိပါသည်။** ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည်

လာမည့် ဘဏ္ဍာနှစ်အတွက် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုများကို အသေးစိတ် ဖော်ပြထားသည့် နှစ်စဉ် စီမံကိန်း ဥပဒေကို ထုတ်ဝေရန် တာဝန်ရှိပါသည်။ စီမံကိန်း ရေးဆွဲသည့် လုပ်ငန်းစဉ်ကို ပံ့ပိုးရန် ကော်မတီနှင့် ကော်မရှင်များစွာ ရှိပါသည်။ မြို့နယ်အဆင့်တွင် မြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီ (TPICs) သည် ကဏ္ဍအလိုက် ဌာနများမှ တင်သွင်းသည့် စီမံကိန်း အဆိုပြုလွှာ များကို ပြည်နယ်/တိုင်းဒေသကြီး နှင့် ခရိုင်အဆင့် ကော်မတီသို့ မတင်သွင်းမီ ဒေသဦးစားပေးများနှင့် ကိုက်ညီစေရန် စိစစ်ခြင်းကို လုပ်ဆောင်သည်။ ပြည်ထောင်စုအဆင့် တွင်မူ စီမံကိန်းအဆိုပြုလွှာများ ကို ပြန်လည်သုံးသပ်ခြင်း နှင့် စိစစ်ခြင်း အတွက် အမျိုးသားစီမံကိန်း ကော်မရှင်တွင်သာ အခွင့်အာဏာ ရှိသည်။

**ပြည်ခိုင်ဖြိုးနှင့် ဒီချုပ်အစိုးရ နှစ်ရပ်လုံးသည် လူမှုစီးပွား ဖွံ့ဖြိုးရန် နှင့် လူထုဆန္ဒကို ဖြည့်ဆည်းနိုင်ရန် အတွက် စီမံကိန်းနှင့် ဘတ်ဂျက် ရေးဆွဲခြင်း ဖြစ်စဉ် အားကောင်းရန် လိုအပ်နေမှုအပေါ် အသိအမှတ်ပြု ခဲ့ကြသည်။** ပြည်ခိုင်ဖြိုး အစိုးရလက်ထက်တွင် 'လူထုဗဟိုပြု ဖွံ့ဖြိုးမှု' ရည်မှန်းချက်ဖြင့် ဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု များစွာ ဖော်ဆောင်ခဲ့ရာ စီမံကိန်းနှင့် ဘတ်ဂျက် ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင်လည်း ပြုပြင်ပြောင်းလဲမှု လုပ်ဆောင် ခဲ့သည်။ ၎င်းတို့တွင် ဒေသဆိုင်ရာ ကော်မတီများ ဖွဲ့စည်းခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍကို ပြုပြင်ပြောင်းလဲခြင်း နှင့် ဒေသန္တရ ဖွံ့ဖြိုးရေးရန်ပုံငွေ ဖန်တီးခြင်း အစရှိသည့် ပြုပြင်ပြောင်းလဲမှုများ ပါဝင်ခဲ့သည်။ ဒီချုပ်အစိုးရ လက်ထက်တွင်လည်း ပြုပြင်ပြောင်းလဲရေးများ ဆက်လက် လုပ်ဆောင်ခဲ့ပြီး အစိုးရဘတ်ဂျက်များ လူထုလိုအပ်ချက် အပေါ် တုံ့ပြန်ဖြည့်ဆည်းခြင်း ပိုမိုရှိစေရန် 'အောက်ခြေမှ အထက်သို့' စီမံကိန်းရေးဆွဲခြင်း ဖြစ်စဉ် ကို ဖော်ဆောင်ခဲ့သည်။ ထို့ပြင် ဒီချုပ် အစိုးရသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) ကိုလည်း ရေးဆွဲခဲ့ပြီး စီမံကိန်း နှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်ကို ပံ့ဖော်မည့် မဟာဗျူဟာကျ ဦးစားပေး အစီအစဉ်များ နှင့် လုပ်ငန်း ဆောင်ရွက်ချက်များ ကို ထည့်သွင်းရေးဆွဲထားသည်။ အစိုးရသည် လက်ရှိတွင်လည်း စီမံကိန်းဘဏ် (Project Bank) ကို အကောင် အထည်ဖော်နေပြီး၊ ၎င်းအားဖြင့် အကြီးစား ရင်းနှီးမြှုပ်နှံမှု စီမံကိန်း များ ထုတ်ဖော်ခြင်း၊ ဦးစားပေး သတ်မှတ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် စိစစ်ခြင်း တို့ လုပ်ဆောင်နိုင်မည် ဖြစ်သည်။ ပြည်ထောင်စုအစိုးရ အပြင် ကဏ္ဍအလိုက် ဌာနများနှင့် ဝန်ကြီးဌာနများတွင်လည်း ၎င်းတို့၏ ဌာနရည်မှန်းချက်နှင့် ဦးစားပေးမှုများ အတိုင်း စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း ကို ပံ့ဖော်ရန် အတွက် ကိုယ်ပိုင် မူဝါဒများ ချမှတ်ထားသည်။

## အဆိုပြုလွှာများ ထုတ်ဖော်ခြင်းနှင့် တင်သွင်းခြင်း

**'အောက်ခြေမှ အထက်သို့' စီမံကိန်းရေးဆွဲ တင်ပြခြင်း ဖြစ်စဉ်အရ မြို့နယ်အဆင့် တွင် ထုတ်ဖော်ရေးဆွဲသည့် စီမံကိန်းအဆိုပြုလွှာ (ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီး တို့မှ ရန်ပုံငွေရယူမည့် စီမံကိန်းများ) အရေအတွက် ပိုမိုများပြား လာသည်။** မြို့နယ်နှင့် ကဏ္ဍအားလုံးရှိ မြို့နယ်အရာရှိများ ၏ ပြောဆိုချက်အရ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ၎င်းတို့၏ မြို့နယ်များမှ ထုတ်ဖော်တင်ပြ လိုက်သည့် စီမံကိန်း အဆိုပြုချက်များအတွက် ရန်ပုံငွေချထားမှုများ တိုးမြှင့်လာကြောင်း သိရပါသည်။ ထိုအချက်မှာ အရေးကြီးသော တိုးတက်မှု တစ်ခုဖြစ်ပြီး ဒေသလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်း နိုင်သော၊ နယ်ပယ်စုံမှ ပူးပေါင်း ပါဝင်မှု ရှိသည့် ဆုံးဖြတ်ချက် ချမှတ် ခြင်းများ ထွက်ပေါ်လာနိုင်သည့် အခွင့်အလမ်းလည်း ဖြစ်ပါသည်။

**ယေဘုယျအားဖြင့် မြို့နယ် ဌာနဆိုင်ရာ အရာရှိများသည် သာမန် ဘတ်ဂျက်ထက် ငွေလုံးငွေရင်း ဘတ်ဂျက်အတွက် အဆိုပြုလွှာများ ရေးဆွဲ ရာတွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် နှင့် ပြုပြင်ပြောင်းလဲလွယ်မှု ပိုမို ရှိကြသည်။** 'အောက်ခြေမှ အထက်သို့' စီမံကိန်းရေးဆွဲ တင်ပြခြင်း ဖြစ်စဉ်သည် ငွေလုံးငွေရင်းဘတ်ဂျက်အောက်ရှိ ရင်းနှီးမြှုပ်နှံမှုများ (ဥပမာ-လမ်းများ၊ တံတားများ၊ ကျောင်းအသစ်များ၊ ကျန်းမာရေး ဌာနများ နှင့် လျှပ်စစ်ဓါတ်အားလိုင်းကဲ့သို့ ဒေသတွင်း အခြေခံ အဆောက်အအုံများ အတွက် ရင်းနှီးမြှုပ်နှံခြင်း) ဖြင့်သာ ကြီးမားစွာ ဆက်စပ်လျက် ရှိနေသည်။ နှိုင်းယှဉ်ပါက သာမန်ဘတ်ဂျက် ဖြစ်သော ဝန်ထမ်းလစာ နှင့် လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ် များကို လက်ရှိ ဝန်ထမ်းဆိုင်ရာ အစီအမံ၊ ဝန်ကြီးဌာန၏ မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများ၊ ယခင်က ကုန်ကျခဲ့ဖူးသော သမိုင်းကြောင်း အရ သာဆုံးဖြတ်နေခြင်း ဖြစ်သည်။

**ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များ ကို ထုတ်ဖော်သည့်နည်းလမ်းမှာ ကဏ္ဍအလိုက် ဌာနတစ်ခုနှင့်တစ်ခု အကြား သိသိသာသာ ကွဲပြားမှုများ ရှိနေသည်** (ပုံ ၅.၁တွင် ရှု)။ ကျေးလက်ဖွံ့ဖြိုးရေး ဌာန နှင့် ကျေးလက်လမ်း ဦးစီးဌာနကဲ့သို့ ဌာနအချို့မှာမူ ဌာန၏ ဦးစားပေးလုပ်ငန်း နှင့် မူဝါဒအရ သော်လည်းကောင်း၊ ဌာနအရာရှိ များ၏ ရပ်ရွာတစ်ခုခုဖြင့် သိကျွမ်းဝင်မှုအရ သော်လည်းကောင်း စီမံကိန်း အဆိုပြုချက်များ ဖော်ထုတ်ပါသည်။ ယင်းဌာနများသည် ရပ်ရွာပြည်သူများဖြင့် ချိတ်ဆက်မှု ပိုမိုရှိနိုင်ပြီး (အခြေခံ အဆောက် အအုံများ တည်ဆောက်ထားခဲ့မှု အတိုင်းအတာအရ)၊ ယင်းဌာန များမှတဆင့် ရပ်ရွာပြည်သူများက ၎င်းတို့၏ စီမံကိန်းအဆိုပြုလွှာကို တင်သွင်းနိုင်သည်။ ဥပမာဆိုရပါက လယ်သမားများက ၎င်းတို့ လယ်နှင့် လမ်းမကြီး ကို ဆက်သွယ်နိုင်မည့်လမ်း တည်ဆောက် ပေးရန် ကျေးလက်ဖွံ့ဖြိုးရေးဌာနထံသို့ အဆိုပြုလွှာ တင်ပြခြင်းမျိုး ဖြစ်သည်။ လျှပ်စစ်နှင့် အမြန်လမ်းဌာနများကဲ့သို့ အခြားသော ဌာနများ အတွက်မူ ရေရှည် စီမံကိန်းအဆိုပြုလွှာများသာ တင်သွင်း ကြပြီး လျှပ်စစ်ဓါတ်အားလိုင်း သို့မဟုတ် အမြန်လမ်း ကွန်ရက် တိုးချဲ့ခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်းကဲ့သို့ လုပ်ငန်း အများစု ဖြစ်သည်။ ကျန်းမာရေးနှင့် ပညာရေး ဌာနများတွင်မူ ဒေသန္တရ ဌာနဝန်ထမ်း မှတဆင့် မြို့နယ်အရာရှိ ထံသို့တင်ပြစေ၍ စီမံကိန်း များကို ထုတ်ဖော်သည်။ ပညာရေးဌာနကို ကြည့်ပါက ကျောင်း အဆောက်အအုံအသစ် ဆောက်လုပ်ခြင်း နှင့် မွမ်းမံခြင်း တို့အတွက် စီမံကိန်းအဆိုပြုခြင်းမှာ ကျောင်းအုပ်ဆရာများ၊ ဒေသရှိ မိဘဆရာ အဖွဲ့အစည်းများဖြင့် ညှိနှိုင်းခြင်း တို့မှ စတင်အခြေခံခြင်း ဖြစ်သည်။

## ပုံ ၅.၁ အဆိုပြုလွှာသတ်မှတ် ဖော်ထုတ်သည့် ယေဘုယျပုံစံလေးရပ်

**၁**
**ရပ်ရွာအခြေပြု**
ပိုမိုတွေ့ရှိရသည်မှာ
- ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး
- ကျေးလက်လမ်း





**၂**
**VIP ဦးဆောင်**
ကဏ္ဍများနှင့် ဌာနများအားလုံးတို့တွင် မြင်တွေ့နိုင်သည်။




**၃**
**မဟာဗျူဟာကျသည့် ရေရှည်စီမံကိန်း ရေးဆွဲခြင်း**
ပိုမိုတွေ့ရှိရသည်မှာ
- အမြန်လမ်း
- လျှပ်စစ်




**၄**
**လက်တွေ့ဆောင်ရွက်သူ ဦးဆောင်**
ပိုမိုတွေ့ရှိရသည်မှာ
- ပညာရေး
- ကျန်းမာရေး




**ဌာနဆိုင်ရာ အရာရှိများ၏ ပြောကြားချက်အရ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးများသည် ကဏ္ဍနှင့်ဌာန အားလုံးတို့ရှိ ရင်းနှီးမြှုပ်နှံမှု စီမံကိန်း ထုတ်ဖော်ရာတွင် ပိုမို၍ တက်ကြွစွာ ပါဝင်လာကြပြီး၊ ယင်းစီမံကိန်း များမှာ အဆိုပြုလွှာများ၏ ရာခိုင်နှုန်း အတော်များများ ဖြစ်နေသည်။** အမျိုးသား လွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ ဒေသအတွက် ရင်းနှီးမြှုပ်နှံမှု ရရှိရန် စီမံကိန်း အဆိုပြုချက်များ တက်ကြွစွာ ထုတ်ဖော်ကြသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် အစိုးရဌာနများနှင့် တိုက်ရိုက် ချိတ်ဆက်ပြီး ဌာနဆိုင်ရာ အရာရှိများနှင့် အတူတကွ ရပ်ရွာသို့ ကွင်းဆင်း လေ့လာကာ စီမံကိန်း ဖော်ထုတ်ခြင်း သို့မဟုတ် လွှတ်တော်တွင် ပြန်လည်တင်ပြခြင်းအားဖြင့် အစိုးရကို စီမံကိန်း အကောင်အထည် ဖော်စေခြင်း စသည်တို့ကို လုပ်ဆောင်သည်။ ဝန်ကြီးများမှာမူ တစ်နှစ်ပတ်လုံး ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ပြီး ထိုအတော အတွင်း ဌာနဆိုင်ရာ အရာရှိများကို စီမံကိန်း အဆိုပြုခြင်း ပြုလုပ်တတ်သည်။

**ရပ်ကွက် နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် မြို့နယ်နှင့် ကဏ္ဍများစွာတွင် စီမံကိန်းအဆိုပြုလွှာများ အတွက် အဓိက အရင်းအမြစ်ဖြစ်နေသည်။** မြို့နယ်များစွာတွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည် ရပ်ရွာပြည်သူတို့၏ လိုအပ်ချက်နှင့်အညီ စီမံကိန်း အဆိုပြုပေးရန် တာဝန်ရှိပါသည်။ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည် ရပ်ရွာ၏ လိုအပ်ချက် နှင့် ဆန္ဒရှိမှု တို့ကို ခွဲခြားထုတ်ဖော်ရန် လိုအပ်ပြီး ပုံမှန်အားဖြင့် ကျေးရွာခေါင်းဆောင်၊ ဆယ်အိမ်မှူးနှင့် ရာအိမ်မှူးများ၊ ရပ်မိရပ်ဖများ နှင့် ဘာသာရေးခေါင်းဆောင်တို့ဖြင့် တိုင်ပင်ဆွေးနွေး ရပါသည်။ သို့သော်လည်း အချို့သော ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ မှာ စီမံကိန်းအဆိုပြုခြင်း အကြောင်း သိရှိမှု နည်းပါးသလို တက်ကြွမှုလည်း နည်းပါးသည်ကို တွေ့ရသည်။ ထိုသို့သော ရပ်/ကျေး အုပ်ချုပ်ရေးမှူးများမှာ ဆင်းရဲပြီး ဝေးလံခေါင်းပါးသော ဒေသများမှ သူများ ဖြစ်ကြသလို မြန်မာစကား ကျွမ်းကျင်မှုလည်း အားနည်းသည်။

**‘အောက်ခြေမှ အထက်သို့’ စီမံကိန်းရေးဆွဲ တင်ပြခြင်း ဖြစ်စဉ်တွင် ရပ်ရွာမှ အကန့်အသတ်ဖြင့်သာ ပါဝင်နိုင်သည်။ ဌာနဆိုင်ရာ အရာရှိများသည် အစိုးရနှင့် ရပ်ရွာလူထု အကြား ချိတ်ဆက်လုပ်ဆောင်ရာ၌  လွှတ်တော်ကိုယ်စားလှယ်များ နှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူး အပေါ် မှီခိုနေသည်။** စီမံကိန်းအဆိုပြုလွှာ များ၏ ရပ်ရွာ လိုအပ်ချက် နှင့် ဆန္ဒများကို ကိုယ်စားပြုနိုင်သည့် အတိုင်းအတာနှင့် လူထုပါဝင်မှု အတိုင်းအတာတို့မှာ လွှတ်တော်ကိုယ်စားလှယ်များ နှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ အပေါ်တွင် မူတည်နေပါသည်။ လူထုပါဝင်နိုင်သော အဆိုပြုလွှာများကို မည်ကဲ့သို့ ရေးဆွဲရန် လမ်းညွှန်မှု နှင့် သင်တန်းပေးမှု မရှိခြင်းကြောင့် ဒေသအလိုက် အလေ့အထများ ကွဲပြားနေကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် ဘက်လိုက်မှုရှိနေသည်ဟု ဌာနအရာရှိ အချို့က ပြောဆိုသည်များ ရှိနေခြင်းကြောင့် ပိုမိုကောင်းမွန်သော အလေ့အထများ လိုအပ်နေပါသည်။

**စီမံကိန်းထုတ်ဖော်ရာတွင် သက်ဆိုင်သူများကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ခွင့် ပေးသည့် အထူးစီမံကိန်းများ နှင့် အစီအစဉ် အချို့လည်း ရှိနေပါသည်။** ကျေးလက်ဖွံ့ဖြိုးရေး ဌာန လက်အောက်ရှိ လူထုဗဟိုပြု စီမံကိန်း (NCDDP)၊ ကျေးလက် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေး စီမံကိန်း (ERLIP) နှင့် ကျေးလက်ဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲခြင်း (VDP) စီမံကိန်းတို့သည် ကျေးရွာအဆင့် လူထုပူးပေါင်းပါဝင်သည့် စီမံကိန်း ရေးဆွဲမှု လုပ်ငန်းစဉ် များကို အသုံးပြု၍ ရပ်ရွာ၏ လိုအပ်ချက်များ ကို ထုတ်ဖော်နိုင်ရန် ရပ်ရွာသားများ၏ စွမ်းရည်နှင့် အခန်းကဏ္ဍကို မြှင့်တင်ပေးပါသည်။ UNDP မှ ပံ့ပိုးသည် ဒီမိုကရေစီနည်းကျသော ဒေသန္တရ အုပ်ချုပ်ရေး လုပ်ငန်းစဉ် စီမံကိန်း (TDLGP) သည် မြို့နယ်အဆင့်၌ မြို့နယ် အရာရှိများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသမီး ရာအိမ်မှူး နှင့် ဆယ်အိမ်မှူးများ၊ နှင့် အရပ်ဘက် အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပြီး ရပ်ရွာ၏ လိုအပ်ချက်များကို ထုတ်ဖော်နိုင်ရန် လုပ်ဆောင်ပါသည်။ ယင်းဖြစ်ရပ်များကို ကြည့်၍ လက်ရှိ အုပ်ချုပ်ရေး လုပ်ငန်းစဉ်များကို အားကောင်းစေမည့် ပုံစံများကို လေ့လာနိုင်ပါသည်။

## စီမံကိန်း အဆိုပြုလွှာများကို စိစစ်ခြင်းနှင့် ဦးစားပေး သတ်မှတ်ခြင်း

**ပြည်နယ်/တိုင်းဒေသကြီး နှင့် ပြည်ထောင်စု ဘတ်ဂျက်မှ မည်သည့် စီမံကိန်းအဆိုပြုလွှာကို ထောက်ပံ့ငွေ ပေးမည်နှင့် စပ်လျဉ်း၍ မြို့နယ်အဆင့်တွင် ဆုံးဖြတ်ခြင်း မရှိပါ။** ပြည်ထောင်စု နှင့် ပြည်နယ်/ တိုင်းဒေသကြီး အဆင့်အောက်တွင် ဘတ်ဂျက် မရှိသောကြောင့် စီမံကိန်းအဆိုပြုလွှာ များကို ထုတ်ဖော်ခြင်း၊ စိစစ်ခြင်းနှင့် ဦးစားပေး သတ်မှတ်ရာ၌ မြို့နယ်အဆင့် ဆက်နွယ်ပါဝင်သူများ၏ အခန်း ကဏ္ဍမှာ အကန့်အသတ် ရှိနေပါသည်။ မြို့နယ်ဌာန အရာရှိများ နှင့် မြို့နယ်အဆင့် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီများ သည် စီမံကိန်း အဆိုပြုလွှာများကို နောက်ထပ် အဆင့်သို့ မတင်ပြမီ ပြန်လည်သုံးသပ်ပြီး ဦးစားပေး သတ်မှတ်ရ ပါသည်။ စီမံကိန်းအဆိုပြုလွှာ များကို ပထမ၊ ဒုတိယနှင့် တတိယ အဆင့်တို့ဖြင့် ဦးစားပေး အဆင့် သုံးဆင့် သတ်မှတ်ထားပါသည်။ ဦးစားပေးနိမ့်သော စီမံကိန်းအဆိုပြုလွှာသည် ရန်ပုံငွေရရှိနိုင်ရန် အခွင့်အလမ်းနည်းသည်ဟု ယူဆပြီး ဌာနအရာရှိများသည် ၎င်းတို့၏ အဆိုပြုလွှာ အများစုကို ပထမဦးစားပေး အဆင့်သတ်မှတ်ကြသောကြောင့် ဦးစားပေးသတ်မှတ်ခြင်း လုပ်ငန်းစဉ်၏ အသုံးဝင်မှုမှာ အားနည်းနေသည်။

**ကဏ္ဍများအလိုက် ကြည့်ပါက မြို့နယ်ဌာန အသီးသီးသည် စီမံကိန်း အဆိုပြုလွှာ များကို ဦးစားပေး သတ်မှတ်ရာတွင် ကိုယ်ပိုင် စံသတ်မှတ်ချက် နှင့် ချဉ်းကပ်နည်း များ ရှိကြသည်။** ဦးစားပေး ခွဲခြားရာ၌ စံသတ်မှတ်ချက်များ အဖြစ် တည်ဆောက်ရန် အဆိုပြုထားသည့် အဆောက်အအုံကြောင့် အကျိုးခံစားရမည့် လူဦးရေ သို့မဟုတ် ကျေးရွာအရေအတွက်နှင့် သဘာဝ ဘေးအန္တရာယ်ကို တုံ့ပြန်ရန် အရေးပေါ် စီမံကိန်း ဖြစ်မှု စသည်တို့ကို စိစစ်ပါသည်။ စီမံကိန်းဖြစ်နိုင်ချေ ရှိမရှိ စိစစ်ရာတွင် အဆောက်အအုံအတွက် မြေရရှိနိုင်ခြင်း ရှိမရှိကို အဓိက သုံးသပ်ပါသည်။ လမ်းကဏ္ဍတွင်မူ ကျေးလက်လမ်း ဦးစီးဌာနနှင့် လမ်းဦးစီးဌာန တို့သည် ၎င်းတို့၏ လမ်းကွန်ရက်များ တည်ဆောက်ရန်နှင့် တိုးချဲ့ရန် အတွက်သာ အဓိကထားပါသည်။ ပညာရေးကဏ္ဍတွင် ကျောင်းအသစ် ဆောက်လုပ်ရန် လိုအပ်ချက်အဖြစ် ရှိပြီးသား အဆောက်အအုံသည် အန္တရာယ် အခြေအနေ ဖြစ်နေခြင်း နှင့် ကျောင်းသားများ အတွက် အဆောက်အဦ မလုံလောက်ခြင်း စသည့်တို့ကို စိစစ်သည်။ ကျေးရွာများကို လျှပ်စစ်ပေးဝေရန် ဆုံးဖြတ်ရာတွင် မဟာဓါတ်အား လိုင်းဖြင့် နီးကပ်သော ကျေးရွာများကို အဓိကထား ဦးစားပေး ပါသည်။ မည်သည့်ကဏ္ဍတွင်မှ စီမံကိန်း အဆိုပြုလွှာ၏ စီမံကိန်း ကုန်ကျစရိတ် ဆီလျော်မှု ရှိမရှိကို ထည့်သွင်းစဉ်းစားခြင်း မရှိပါ။

**ဌာနဆိုင်ရာ အရာရှိများ၏ ပြောကြားချက်အရ ကဏ္ဍစုံနှင့် မြို့နယ်အားလုံးတို့တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ၏ စီမံကိန်းအဆိုပြုလွှာ များသည် ဦးစားပေးမှု အမြင့်ဆုံး ရရှိပြီး ဘဏ္ဍာငွေသတ်မှတ်ချက်ဖြင့် ကိုက်ညီရန်သာ အနည်းငယ် ဖြတ်တောက်မှု ခံရသည်။** လွှတ်တော်ကိုယ်စားလှယ်များနှင့်

ဝန်ကြီးများ၏ စီမံကိန်းအဆိုပြုလွှာများကို ဦးစားပေးသတ်မှတ်ရန် အတွက် ပြောစရာ မလိုပဲ သိရှိရန် လိုအပ်ကြောင်း မဟုတ်ပါက တိုက်ရိုက်ညွှန်ကြားချက် ရောက်ရှိလာနိုင်ကြောင်း ဌာနဆိုင်ရာ အရာရှိများက ပြောပါသည်။ ထိုသို့ ဦးစားပေးခြင်းကြောင့် စီမံကိန်း ဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ခြင်း လုပ်ငန်းစဉ် ထိရောက်မှု အားနည်း သွားသည်ဟု သတ်မှတ်ရန် ခက်ခဲပါသည်။ ရပ်ရွာလိုအပ်ချက်ကို မထင်ဟပ်ပဲ ဘက်လိုက်သည့် ဆုံးဖြတ်ချက် ချမှတ်နေခြင်း ရှိသည်ဟု ဌာနဆိုင်ရာ အရာရှိများက သက်သေအထောက်အထားဖြင့် တင်ပြနိုင်ခြင်း မရှိပါ။ အခြားသော ဌာနဆိုင်ရာ အရာရှိများကမူ လွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်မှုကြောင့် ရပ်ရွာ၏လိုအပ်ချက် ကို ပိုမိုထုတ်ဖော်နိုင်သည့် ဟု ပြောကြပါသည်။ ကဏ္ဍအားလုံးနှင့် မြို့နယ်အားလုံးရှိ ဌာနအရာရှိများသည် အမှန်တကယ် ရန်ပုံငွေ ရရှိနိုင်သည့် အရေအတွက် ရောက်ရှိရန် ၎င်းတို့ လက်ခံရရှိသည့် စီမံကိန်း အဆိုပြုလွှာ များကို လျှော့ချခြင်း မရှိပဲ အားလုံးနီးပါးကို အထက်သို့ တင်သွင်းပါသည်။ ထိုသို့ ဖြစ်ရခြင်း အကြောင်းရင်း တစ်စိတ်တစ်ပိုင်းမှာ ဌာနအရာရှိများ အနေဖြင့် လာမည့်နှစ်အတွက် ရရှိမည့် ဘတ်ဂျက်ခန့်မှန်းခြေကို တွက်ဆနိုင်ခြင်း မရှိသောကြောင့် ဖြစ်သည်။ ဘဏ္ဍာငွေသတ်မှတ်ချက် ကို မသိရှိသောကြောင့် ဦးစားပေးသတ်မှတ်ရာတွင် များစွာ လုပ်ဆောင်နိုင်ခြင်း မရှိပါ။ မြို့နယ်ဌာနအရာရှိ အများစုက ဌာနများ နှင့် ရပ်ရွာ၏ လိုအပ်ချက် များကို အထက်အရာရှိကြီးများ သိရှိရန် အရေးကြီးပြီး စီမံကိန်း အဆိုပြုလွှာ များများတင်ပါက ရန်ပုံငွေများများ ရရှိမည်ဟု ၎င်းတို့ အမြင်ကို ပြောကြားခဲ့ကြသည်။

**မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီများ (TPICs) မှ စီမံကိန်း အဆိုပြုလွှာ များကို အထက်အဆင့်သို့ မတင်သွင်းခင် ပြန်လည် သုံးသပ်ခြင်း လုပ်ဆောင်ရာ၌ မြို့နယ်အလိုက် ကွဲပြားခြားနားမှု ရှိနေသည်။** မြို့နယ်အချို့တွင် ဌာနအရာရှိများသည် ၎င်းတို့၏ စီမံကိန်း အဆိုပြုလွှာကို တင်သွင်းရာ၌ အဖွဲ့ဝင်များကို အချက်အလက် ဝေမျှသည့် ပုံစံဖြင့် တင်သွင်းပြီး ဆွေးနွေးတိုင်ပင်ခြင်း နည်းပါးသည့်အတွက် TPIC မှ စီမံကိန်း အဆိုပြုလွှာများကို ပြန်လည် စိစစ်သုံးသပ်ခြင်း အနည်း အကျဉ်းသာ လုပ်ဆောင်ပါသည်။ အချို့သော မြို့နယ်များတွင်မူ TPIC သည် ဆွေးနွေးသုံးသပ်မှုများ ခြေခြေမြစ်မြစ် လုပ်ဆောင်ရပြီး အထူးသဖြင့် ဦးစားပေးသတ်မှတ်သည့် အချိန်တွင် ဖြစ်သည်။ ဆွေးနွေးငြင်းခုံမှုများသည် မတူညီသော လွှတ်တော်ကိုယ်စားလှယ် များအကြား ၎င်းတို့၏ စီမံကိန်းအဆိုပြုလွှာကို အခြားသူ၏ အဆိုပြုလွှာထက် ဦးစားပေးစေ လိုသောကြောင့် ဖြစ်သည်။ သို့သော်လည်း အချိန်နှင့် အရင်းအမြစ် အကန့်အသတ် ရှိခြင်းကြောင့် TPIC တို့သည် အခြားနိုင်ငံရှိ ဒေသန္တရ စီမံကိန်းရေးဆွဲရေး ကော်မတီများလို စီမံကိန်းများကို ထဲထဲဝင်ဝင် အကဲဖြတ် ဆွေးနွေးသုံးသပ်ခြင်း မရှိကြပါ။

**မြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီများ ၏ အကျိုးသက်ရောက်မှုကို အကြောင်းရင်းများစွာက ကန့်သတ်လျက် ရှိနေပြီး အထက်အဆင့်များ၌သာ ဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်ပေါ်နေသည်။** TPIC များသည် ၎င်းတို့၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ရှင်းလင်းစွာ ညွှန်ကြားခံရခြင်း မရှိပါ။ ထို့ကြောင့် မြို့နယ်အချို့ရှိ ကော်မတီများသည် စီမံကိန်းအဆိုပြုလွှာကို အနည်းအကျဉ်းသာ စိစစ်သုံးသပ်ခြင်း လုပ်ဆောင်သည်။ ပြည်နယ်/ တိုင်းဒေသကြီး အချို့ရှိ မြို့နယ်များတွင် ဌာနအချို့က အထက်အဆင့်များသို့ စီမံကိန်းတင်သွင်းရန် လိုအပ်ချိန်မှသာ TPIC များက အဆိုပြုလွှာများ အကြောင်း ဆွေးနွေးရသောကြောင့် အဓိပ္ပာယ်ရှိသော အပြောင်းအလဲ လုပ်ဆောင်ရန် အခွင့်မသာချေ။ ဌာန သို့မဟုတ် မြို့နယ် အတွက် ဘဏ္ဍာငွေ သတ်မှတ်ချက် မရှိသောကြောင့် ကော်မတီများသည် စီမံကိန်း အဆိုပြုလွှာများကို လက်တွေ့ကျကျ စိစစ်ဖြတ်တောက်နိုင်ခြင်း မရှိပဲ အထက်အဆင့် များတွင်သာ ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။ အချိန်တို အတွင်းတွင် အဆိုပြုလွှာများစွာကို အကဲဖြတ် စိစစ်ရခြင်းသည်လည်း နောက်ထပ် အခက်အခဲ တစ်ခုဖြစ်သည်။ အခြေခံအကျဆုံးမှာ မြို့နယ်အဆင့် ရန်ပုံငွေပေးအပ်နိုင်သည့် အာဏာ သို့မဟုတ် မြို့နယ်အဆင့် ဘတ်ဂျက် မရှိခြင်းကြောင့် မြို့နယ်တစ်ခုလုံး၏ ကဏ္ဍစုံ လိုအပ်ချက် များကို ခြုံငုံ၍ ဗျူဟာကျစွာ စဉ်းစားရန် အခက်အခဲဖြစ်ပေါ် စေသည်။ ထို့ကြောင့် လက်ရှိ ရန်ပုံငွေ အစီအစဉ်များသည် ကဏ္ဍစုံခြုံငုံ၍ မဟာဗျူဟာကျ စဉ်စားခြင်းထက် ကဏ္ဍတစ်ခုချင်းစီ၏ လိုအပ်ချက်ကိုသာ စဉ်းစားနေခြင်း ဖြစ်သည်။

**ခရိုင်အဆင့်ဌာနများနှင့် ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည် ဖော်ရေး ကော်မတီများသည် မြို့နယ်အဆင့်မှ တင်ပြလာသည့် စီမံကိန်းများကို ကြီးကြီးမားမား ပြုပြင်ပြောင်းလဲခြင်း မရှိပါ။** ခရိုင်အဆင့် ဌာနအရာရှိများ နှင့် ခရိုင် စီမံကိန်းရေးဆွဲ အကောင် အထည်ဖော်ရေး ကော်မတီဝင် များက ၎င်းတို့၏ အခန်းကဏ္ဍသည် စီမံကိန်း အဆိုပြုလွှာများ ဘဏ္ဍာရေး ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ နှင့် ဌာနဆိုင်ရာ မူဝါဒများဖြင့် ညီညွတ်ခြင်း ရှိမရှိ စိစစ်ရန် ဖြစ်သည် ဟု ဆိုပါသည်။ သို့သော်လည်း ၎င်းတို့သည် စီမံကိန်း အဆိုပြုလွှာ အသစ် ပေါင်းထည့်ခြင်း၊ ၎င်းတို့ မထောက်ခံလိုသော စီမံကိန်းများကို ဖယ်ထုတ်ခြင်း သို့မဟုတ် ဦးစားပေး ပြောင်းလဲသတ်မှတ်ခြင်း စသည့် ကြီးကြီးမားမား အပြောင်းအလဲများ လုပ်ဆောင်ခြင်း မရှိပါ။

**စီမံကိန်း စိစစ်ခြင်း နှင့် ဦးစားပေးသတ်မှတ်ခြင်း တွင် ရပ်ရွာမှ ပါဝင်ပတ်သတ်နိုင်သည့် အခွင့်အလမ်း အနည်းငယ်သာ ရှိပါသည်။** TPIC မှ ပြန်လည်သုံးသပ်ခြင်း မလုပ်ဆောင်ခင် စီမံကိန်း စိစစ်ခြင်း နှင့် ဦးစားပေးသတ်မှတ်ခြင်း ကို ဝန်ကြီးများနှင့် လွှတ်တော် ကိုယ်စားလှယ်များ၏ အကြံဉာဏ် ထည့်သွင်းမှုဖြင့် ကဏ္ဍအလိုက် ဌာနများ အတွင်းသာ လုပ်ဆောင်ကြပါသည်။ TPIC တွင်လည်း စီမံကိန်းများကို ဦးစားပေး သတ်မှတ်မှု လုပ်ဆောင်ရာ၌ လွှတ်တော် ကိုယ်စားလှယ်များသည် လွှမ်းမိုးနိုင်မှု အရှိဆုံး ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်များ ၎င်းတို့၏ မဲဆန္ဒနယ်ကို ကိုယ်စားပြု၍ စီမံကိန်းများ ထုတ်ဖော်တင်ပြ နိုင်ခြင်း ရှိစေရန်၊ ထို့ကဲ့သို့ လုပ်ဆောင်နိုင်မည့် စွမ်းရည်ကို တည်ဆောက်ပေးရန် နှင့် ၎င်းတို့၏ ဆုံးဖြတ်ချက်များ အပေါ် တာဝန်ခံယူမှု ရှိရန် တို့အတွက်မူ ရှေ့ဆက်၍ ပံ့ပိုးနေရဦးမည် ဖြစ်သည်။

**ဒေသခံပြည်သူများကို စီမံကိန်းဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့်ပေးသည့် အထူးစီမံကိန်းများ နှင့် အစီအစဉ်များစွာ ရှိပြီး ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း ကို ပံ့ပိုးပေးနိုင်မည့် စံပုံစံများ အဖြစ် အနာဂါတ်တွင် အသုံးချနိုင်ပါသည်။** ကျေးလက်ဖွံ့ဖြိုးရေးဌာနမှ အကောင်အထည်ဖော်သည့် လူထုဗဟိုပြု စီမံကိန်းသည် TPIC ၏ အတည်ပြုချက်ဖြင့် ဒေသမှ ရွေးချယ်ဖော်ထုတ်သည့် ဦးစားပေးမှုများကို ရွေးချယ်၍ ဘဏ္ဍာငွေ ထောက်ပံ့ပေးကာ ကျေးရွာအဆင့်တွင် အကောင်အထည် ဖော်ပါသည်။ UNDP ၏ အစီအစဉ် တစ်ခုတွင်လည်း ရင်းနှီးမြုပ်နှံမှု စီမံကိန်းအတွက် နောက်ဆုံး ဆုံးဖြတ်ချက် မချခင် ရပ်ရွာရှိ နယ်ပယ်စုံမှ ပတ်သတ်ဆက်နွယ်သူများ အတူတကွ ဦးစားပေးသတ်မှတ်ခြင်း နှင့် စီမံကိန်းအဆိုပြုခြင်းတို့ ပြုလုပ်ကြသည်။ ဒေသအတွက် စီမံကိန်းများကို သုံးသပ်ရွေးချယ်ရာတွင် ဒေသခံပြည်သူများ ပါဝင်နိုင်မည့် အခွင့်အလမ်း ရရှိသင့်ပါသည်။

**ပဋိပက္ခ သက်ရောက်မှုရှိရာ ဒေသများအတွက်မှု လူထု ထိထိရောက်ရောက် ပါဝင်နိုင်စေရေး စီစဉ်ပေးရန် လွန်စွာအရေးကြီးသည်။** ပဋိပက္ခသက်ရောက်မှု ခံရသော ရပ်ရွာများတွင် အစိုးရအပေါ် ယုံကြည်မှု နည်းပါးနိုင်သလို၊ အစိုးရသည် ရပ်ရွာ၏ လိုအပ်ချက်များ နှင့် ဦးစားပေးမှု များကို ဖြည့်ဆည်းတုံ့ပြန် လိမ့်မည်ဟု ယုံကြည်မှု လည်း နည်းပါးနိုင်ပါသည်။ ရပ်ရွာနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ကဲ့သို့ အခြားအုပ်ချုပ်ရေး အဖွဲ့ များ ပါဝင်နိုင်မှု မရှိသော ဆုံးဖြတ်ချက်များကို ချမှတ်ပါက အခြေခံအဆောက်အအုံ ရင်းနှီးမြုပ်နှံမှုများသည် ရှိနေဆဲတင်းမာမှုကို ပိုမိုတိုးစေနိုင်သလို ပဋိပက္ခဖြစ်ခြင်း သို့ ဦးတည်နိုင်သည်။ ပဋိပက္ခသက်ရောက်မှု ခံရသော ရပ်ရွာ ဒေသများရှိ လူထုအတွက် စီမံကိန်း ရွေးချယ်ခြင်းနှင့် ဦးစားပေး ကဏ္ဍများ ဖော်ထုတ်နိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန် အလွန် အရေးကြီးပါသည်။

## ပြည်နယ်/တိုင်းဒေသကြီး အဆင့်ရှိ ဆုံးဖြတ်ချမှတ်ခြင်း ဖြစ်စဉ်

**ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း ဖြစ်စဉ်တွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၊ ၎င်းတို့၏ ဌာနဆိုင်ရာ အရာရှိများ နှင့် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များသည် လွန်စွာအရေးပါသော ဇာတ်ဆောင်ပါဝင်သူများ ဖြစ်သည်။** ဌာနအလိုက် ရရှိမည့် ဘတ်ဂျက် သတ်မှတ်ခြင်း၊ ရရှိမည့် ဘတ်ဂျက်ကို ဌာနများက မည်ကဲ့သို့ အသုံးချရန်၊ မည်သည့် စီမံကိန်းကို ရံပုံငွေ မည်မျှပေးရန် နှင့် မြို့နယ်များအကြား ရန်ပုံငွေ ခွဲဝေမှု တို့အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အတွက် ဘတ်ဂျက် မူကြမ်း ရေးဆွဲခြင်း ကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရများက ဦးဆောင်ရပါသည်။ ပြည်ထောင်စုဘတ်ဂျက်ထံမှ ဘတ်ဂျက် တောင်းဆိုထားသည့် စီမံကိန်း အဆိုပြုလွှာများကိုလည်း ပြည်နယ်/တိုင်းဒေသကြီး အစိုးရမှ စိစစ်ပေးရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့ မြို့နယ်များအတွက် ဘတ်ဂျက် မျှတစွာ ရရှိစေရန် ကြိုးစားလာကြပြီး ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များသည် ဘတ်ဂျက်ကို စိစစ်သုံးသပ်ရာတွင် ပိုမို၍ ခိုင်မာအားကောင်းလာပါသည်။

**ပြည်ထောင်စုအစိုးရသည် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ဘဏ္ဍာငွေလွှဲပြောင်းမှု ဖြစ်စဉ်ကို ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ပေးခြင်းဖြင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ ဘတ်ဂျက် ဆုံးဖြတ်ချက်ချမှတ်ခြင်း ဖြစ်စဉ် ပိုမို ကောင်းမွန်စေရန် ပံ့ပိုးပေးခဲ့သည်။** ၂၀၁၅/၁၆ မှစတင်၍ ပြည်ထောင်စုအစိုးရ ထံမှ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ လက်ခံရရှိသည့် ဘဏ္ဍာငွေ ပမာဏကို ပုံသေနည်း (ဖော်မြူလာ) တစ်ခုဖြင့် သတ်မှတ်ပါသည်။ ၎င်းဖော်မြူလာကြောင့် ပြည်နယ်/တိုင်းဒေသကြီး များသည် ၎င်းတို့ လွှဲပြောင်းငွေ မည်မျှရမည်ကို ပိုမို၍ တိကျစွာ မှန်းဆနိုင်လာပြီး ဆုံးဖြတ်ချက် ချမှတ်ခြင်း ပိုမိုအားကောင်း လာသည်။ ပြည်နယ်/တိုင်းဒေသကြီး တို့သည် ၎င်းတို့ ဘဏ္ဍာငွေ မည်မျှရရှိမည်ကို ယခင်ကထက်စော၍ ကြိုတင် သိရှိလာပြီး ဘဏ္ဍာငွေများကို မည်ကဲ့သို့ အသုံးချရန် စဉ်းစားချိန် ပိုမို၍ ရရှိလာခဲ့သည်။

**ပြည်နယ်/တိုင်းဒေသကြီး အစိုးရ ဘတ်ဂျက်ထံမှ ဌာနအလိုက် မည်မျှရရှိမည်နည်း ကို ဆုံးဖြတ်ရာတွင် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရမူဝါဒ အားဖြင့် အဓိက ပုံဖော်ပါသည်။** ငွေလုံးငွေရင်း ရင်းနှီးမြုပ်နှံမှု အတွက် စုစုပေါင်း ပမာဏသည် စုစုပေါင်း ဘဏ္ဍာငွေရရှိမှု (ကိုယ်ပိုင်ရင်းမြစ် ရငွေ နှင့် ဘဏ္ဍာလွှဲပြောင်း ရငွေ) မှ အဓိကရရှိခြင်း ဖြစ်ပြီး၊ သာမန်အသုံးစရိတ် အနည်းငယ်သာ ရှိပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ် အဆိုပြုလွှာ မစိစစ်မီ သာမန်အသုံးစရိတ် အဆိုပြုလွှာကို ဘတ်ဂျက်ဌာနမှ စိစစ်၍ အတည်ပြုပြီး ဌာနဆိုင်ရာများ၏ သာမန်အသုံးစရိတ် တိုးမြှင့်ရန်မှာ အကန့်အသတ်ကြီးစွာ ရှိပါသည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရ၏ မူဝါဒအားဖြင့် ဌာနဆိုင်ရာ များ၏ ငွေလုံးငွေရင်း အသုံးစရိတ် ကို သတ်မှတ်ပြီး အစိုးရများသည် လမ်း၊ လျှပ်စစ် နှင့် သောက်သုံးရေ အထောက်အပံ့ စသည့် ဒေသဖွံ့ဖြိုးရေး အတွက် အခြေခံ အဆောက်အအုံ တည်ဆောက်ခြင်း တို့တွင် အဓိကထား အသုံးပြုကြသည်။ မဟာဗျူဟာကျသည့် အမြန်လမ်းကို ကျေးရွာလမ်းထက် ဦးစားပေးသည် ကဏ္ဍအလိုက် ဦးစားပေးရမှု များလည်း ရှိသည်။ ဘဏ္ဍာငွေခွဲဝေမှု ဖြစ်စဉ်ကို လုပ်ဆောင်ရသည့် ဌာနမှာ ပြည်နယ်/တိုင်းဒေသကြီး အလိုက် ကွဲပြားမှု ရှိနေပါသည်။ ပုံမှန်အားဖြင့် ပြည်နယ်/တိုင်းဒေသကြီး ဘဏ္ဍာရေး ဝန်ကြီးနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန မှ ဘဏ္ဍာငွေခွဲဝေမှု ဖြစ်စဉ်ကို ဦးဆောင်လေ့ရှိပြီး ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် ဝန်ကြီးချုပ် ထံမှ နောက်ဆုံး စိစစ်ခြင်း သို့မဟုတ် အတည်ပြုခြင်း ခံယူရပါသည်။

**'အောက်ခြေမှ အထက်သို့' စီမံကိန်းရေးဆွဲတင်ပြခြင်း ဖြစ်စဉ်ဖြင့် ဖော်ထုတ်ထားသည် စီမံကိန်းများကို ရန်ပုံငွေပေးရန် ရွေးချယ်ခြင်းအား ပြည်နယ်/တိုင်းဒေသကြီး ကဏ္ဍအလိုက် အကြီးအကဲများမှ ဦးဆောင်ပါသည်။ ၎င်းတို့သည် အောက်ခြေအဆင့်မှ ဦးစားပေး သတ်မှတ်မှု များအပေါ် အလေးအနက်ထားသည်ဟုလည်း ဆိုကြသည်။** ခွဲဝေရရှိသည် ဘဏ္ဍာငွေ သတ်မှတ်ချက်အတွင်း ပြည်နယ်/တိုင်း ဒေသကြီး ဌာန အရာရှိများသည် စီမံကိန်း အဆိုပြုလွှာများ မူဝါဒ နှင့် နည်းပညာဆိုင်ရာ သတ်မှတ်ချက်ဖြင့် ကိုက်ညီမှု ရှိရန်၊ စီမံကိန်းများ မထပ်ရန်နှင့် ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်များကို စီမံကိန်းတွင်

ထည့်သွင်းရန် တို့ကို စိစစ်ရပါသည်။ ဌာနဆိုင်ရာ အကြီးအကဲများက ၎င်းတို့သည် ဦးစားပေး အဆိုပြုလွှာများ အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ်များ နှင့် ဝန်ကြီးများထံမှ အဆိုပြုလွှာများကို အလေးအနက်ထားကြောင်း ပြောကြားသည်။ ယခင်ခွဲဝေမှု ပမာဏ အပေါ်တွင် အခြေခံသည့် မြို့နယ်အလိုက် ရန်ပုံငွေ ခွဲဝေမှုစနစ် နှင့် လိုအပ်ချက် မည်သို့ပင်ဖြစ်စေ မြို့နယ်များ တူညီသော ပမာဏကို ရရှိသည့် 'ဖြန့်ချိရေး' ကို အဓိကထားသော အလေ့အကျင့် တို့နှင့် စပ်လျဉ်း၍ ဌာနအကြီးအကဲ အနည်းငယ်ကသာ ထည့်သွင်းစဉ်းစားကြပါသည်။

**ငွေလုံးငွေရင်း ရင်းနှီးမြုပ်နှံမှု စီမံကိန်း အဆိုပြုလွှာ များကို စိစစ်ရာ၌ စီမံကိန်းဌာန နှင့် ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်း ကော်မတီနှင့် ကော်မရှင်များ၏ အခန်းကဏ္ဍမှာ ပြည်နယ်/တိုင်းဒေသကြီးများ အလိုက် သိသိသာသာ ကွဲပြားခြားနားနေသည်။** ပြည်နယ်တစ်ခု၌ စီမံကိန်း ဌာနက ကဏ္ဍအလိုက် ဌာနများ၏ စီမံကိန်း အဆိုပြုလွှာများသည် ပြည်နယ်အစိုးရ မူဝါဒနှင့် MSDP တို့ဖြင့် ဆီလျော်မှု ရှိမရှိ စိစစ်ခြင်း နှင့် ဦးစားပေး သတ်မှတ်ခြင်း တို့ကို တက်ကြွစွာ လုပ်ဆောင်ပါသည်။ ၎င်းပြည်နယ်၏ ပြည်နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီသည် ဘတ်ဂျက်ဆိုင်ရာ မူကြမ်း ပြင်ဆင်ရန် မကြာခဏ အစည်းအဝေး ပြုလုပ်ပြီး ကဏ္ဍစုံ ညှိနှိုင်းလုပ်ဆောင်ခြင်း နှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း အတွက် တွေ့ဆုံမှုလည်း ဖြစ်လာသည်။ အခြားသော ပြည်နယ်တစ်ခုတွင်မူ ဘတ်ဂျက်မူကြမ်း ပြင်ဆင်ရေးဆွဲခြင်း ဖြစ်စဉ်၌ စီမံကိန်းဌာန က ပါဝင်မှု မရှိသလောက်ပင် ဖြစ်သည်။

**ဘတ်ဂျက် နှင့် စီမံကိန်း ဥပဒေကြမ်း တို့နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက် ချမှတ်ရန် နှင့် နောက်ဆုံးအတည်ပြုရန် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ နှင့် ဝန်ကြီးချုပ်များက တာဝန်ယူရပါသည်။** ဘတ်ဂျက်ဌာနသည် ဘတ်ဂျက်မူကြမ်း ရေးဆွဲပြီး ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းရသည်။ ထို့နောက် အစိုးရအဖွဲ့ထံမှ အတည်ပြုချက် မရယူခင် စီမံကိန်း နှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှ စိစစ်ရသည်။ မည်သည့် အဆိုပြုလွှာကို ဦးစားပေးသင့်ကြောင်း ဝန်ကြီးချုပ်၏ မှတ်ချက်ပေးမှု သည် အထူး အရေးကြီးပါသည်။

**ပြည်ထောင်စုဘတ်ဂျက် အတွက် စီမံကိန်း အဆိုပြုလွှာများကို စိစစ်ရာတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရ နှင့် ပြည်နယ်/တိုင်းဒေသကြီး ဌာနအရာရှိများ၏ အခန်းကဏ္ဍသည် သိသိသာသာ ကွဲပြားမှုများ ရှိနေသည်။** ဥပမာအနေဖြင့် ပြည်နယ်တစ်ခု၌ အခြေခံပညာရေး ဦးစီးဌာနမှ အရာရှိများသည် ကျောင်းအသစ် ဆောက်လုပ်မှု အတွက် စီမံကိန်း အဆိုပြုလွှာကို စိစစ်ရာတွင် အကန့်အသတ်ရှိနေပြီး ပြည်နယ်အစိုးရသည် စီမံကိန်း အဆိုပြုလွှာ အသစ် ထပ်မံထည့်သွင်းခြင်း အပါအဝင် စီမံကိန်းကို ပြောင်းလဲနိုင်သည်။ ယင်းပြည်နယ်မှာပင် ပြည်နယ် ကျန်းမာရေးဌာန အရာရှိများမှ အကဲဖြတ်ခြင်း နှင့် ဦးစားပေး သတ်မှတ်ခြင်း ပြုလုပ်ပြီး တင်သွင်းသည့် ပြည်သူ့ကျန်းမာရေး စီမံကိန်းကို ပြည်နယ်အစိုးရမှ အတည်ပြုခွင့်ပြုလိုက်သည်။

**ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များ နှင့် ၎င်းတို့၏ ပြည်သူ့ငွေစာရင်း ကော်မတီများ (PAC) သည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရ ဘတ်ဂျက်အဆိုပြုချက် နှင့် ဆုံးဖြတ်ချက်များ အပေါ် ပိုမို၍ စိစစ်ဝေဖန် လာကြသည်။ သို့သော်လည်း ကိုယ်စားလှယ်အများစုသည် ၎င်းတို့၏ ဒေသအကျိုးအမြတ် အပေါ်အခြေခံ၍သာ ဝေဖန်သုံးသပ်နေကြခြင်း ဖြစ်သည်။** ပြည်သူ့ငွေစာရင်း ကော်မတီများ နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် အဆိုပြုဘတ်ဂျက်များကို စိစစ်သုံးသပ် လာကြသော်လည်း ကိုယ်စားလှယ် အများစုမှာ ၎င်းတို့၏ ဦးစားပေး အဆိုပြုလွှာများ ပါဝင်ရေး၊ နှင့် ၎င်းတို့မြို့နယ် အတွက် စီမံကိန်း အဆိုပြုလွှာများ ကို စိစစ်ခြင်း တို့တွင်သာ အဓိကထား နေကြပါသည်။ လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ပြည်သူ့ငွေစာရင်း ကော်မတီ တို့မှ အဆိုပြု ဘတ်ဂျက်များ၏ မူဝါဒ ရည်ရွယ်ချက်ကို စိစစ်ခြင်း နှင့် အစိုးရ အသုံးစရိတ်၏ ရည်ရွယ်ချက် တို့ကို မေးခွန်းထုတ်သည့် ဖြစ်ရပ်အနည်းငယ်လည်း ရှိခဲ့ပါသည်။

**ပြည်နယ်/တိုင်းဒေသကြီး နှင့် ပြည်ထောင်စု အဆင့်ရှိ ဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်စဉ်တွင် ရပ်ရွာလူထုမှ ပါဝင်နိုင်မည့် အခွင့်အလမ်း အနည်းငယ်သာ ရှိပါသည်။** စီမံကိန်း တစ်ခုခုကို လက်မခံပဲ ဆန့်ကျင်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများက အောင်မြင်စွာ စည်းရုံးလှုံ့ဆော် နိုင်သော်လည်း ဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်စဉ်တွင်မူ အရပ်ဘက် အဖွဲ့အစည်းများ ပါဝင်နိုင်မည့် လမ်းကြောင်း မရှိသလောက် နည်းပါးပါသည်။ မတူကွဲပြားသော အမြင်များ အထူးသဖြင့် ကိုယ်စားပြုခံရမှု နည်းပါးသော သို့မဟုတ် ဖယ်ကျဉ်ထားခြင်း ခံရသော အုပ်စုများ သဘောထားအမြင် များကို ဆုံးဖြတ်ချက်ချမှတ်ခြင်း ဖြစ်စဉ်တွင် ထည့်သွင်းစဉ်းစား ခြင်းရှိရန် ပြည်နယ်/တိုင်းဒေသကြီး၊ ပြည်ထောင်စု အစိုးရများ နှင့် အရပ်ဘက် အဖွဲ့အစည်းများ အကြား ထိတွေ့ချိတ်ဆက်မှု အတွက် ဆက်လက်၍ ပံ့ပိုးပေးရဒုံးမည် ဖြစ်သည်။

## ပြည်ထောင်စုအဆင့်ရှိ ဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်စဉ်

**ပြည်ထောင်စုဘတ်ဂျက် အတွက် စီမံကိန်း နှင့် ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပြည်ထောင်စု အစိုးရ၊ ဝန်ကြီးဌာန နှင့် ဌာနဆိုင်ရာ အရာရှိများ နှင့် ပြည်ထောင်စု လွှတ်တော် တို့တွင် တာဝန်ရှိပါသည်။** ပြည်ထောင်စုအဆင့်ရှိ ဌာနဆိုင်ရာ အဖွဲ့အစည်း အသီးသီးသည် ပြည်ထောင်စု ဘတ်ဂျက်အသုံးစရိတ် ကို အကဲဖြတ် စိစစ်ရပါသည်။ ထို့ပြင် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များ အောက်ရှိ အသုံးစရိတ်များကိုလည်း ပြည်ထောင်စုအဆင့်မှ စိစစ် အတည်ပြုရသည့် အခွင့်အလမ်း ရှိပါသည်။

**ပြည်ထောင်စု ဘတ်ဂျက်အောက်ရှိ ဝန်ကြီးဌာန နှင့် ဌာနဆိုင်ရာ ဘတ်ဂျက်များ၏ ပမာဏကို ဆုံးဖြတ်ရာတွင် ပြည်ထောင်စုအစိုးရ၏ မူဝါဒဖြင့် အဓိကပုံဖော်ပါသည်။** စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန သည် ပြည်ထောင်စုဘတ်ဂျက်ကို ဝန်ကြီးဌာနများ အကြား မည်သို့ခွဲဝေပေးမည် မဆုံးဖြတ်ခင် ပြည်ထောင်စု ဝန်ကြီးဌာန နှင့်

ဌာနဆိုင်ရာများ၏ အဆိုပြုလွှာများကို ကနဦး စိစစ်ပါသည်။ ထိုသို့ စိစစ်ရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရ၏ မူဝါဒများ နှင့် MSDP ကဲ့သို့ လက်ရှိ ဦးစားပေး စီမံကိန်းများကို အကိုးအကား ယူပါသည်။ ဆုံးဖြတ်ချက်ချမှတ်ခြင်း ဖြစ်စဉ်အတောအတွင်း ပြည်ထောင်စုဝန်ကြီးများ၊ ၎င်းတို့၏ ဝန်ကြီးဌာနများ နှင့် ဌာနဆိုင်ရာများသည် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး၊ သမ္မတ သို့မဟုတ် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် တို့ကို အကြံဉာဏ်ပေးခြင်း ပြုလုပ်နိုင်ပါသည်။ ဝန်ကြီးဌာန နှင့် ဌာနဆိုင်ရာများအတွက် ဘတ်ဂျက်ခွဲဝေမှု ကို ကြီးကြီးမားမား ပြောင်းလဲမည်ဆိုပါက နိုင်ငံတော် အတိုင်ပင်ခံ ကဲ့သို့ အစိုးရအဖွဲ့မှ အကြီးတန်း အရာရှိများဖြင့် ကြိုတင်သဘောတူညီမှု ယူထားရန် လိုအပ်နိုင်ပါသည်။ ဝန်ကြီးဌာနများသည် ဘဏ္ဍာငွေသတ်မှတ်ချက်ကို ရရှိပြီးနောက် ၎င်းတို့၏ သက်ဆိုင်ရာ ဌာနများအတွက် ဘတ်ဂျက်ခွဲဝေမှု ကို ဆုံးဖြတ်ရသည်၊ ယင်းခွဲဝေမှု များသည် ယခင်က ရရှိခဲ့သည့် ခွဲဝေမှုများဖြင့် ဆက်စပ် အခြေခံပါသည်။

**ကဏ္ဍအလိုက် ဌာနများ နှင့် ဝန်ကြီးဌာနများသည် စီမံကိန်း အဆိုပြုလွှာများကို ဘဏ္ဍာငွေသတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်း နှင့် ဖြတ်တောက်ခြင်း တို့ လုပ်ဆောင်ရာတွင် ၎င်းတို့၏ ကိုယ်ပိုင် လုပ်ငန်းစဉ်၊ သတ်မှတ်ချက် နှင့် မူဝါဒများ ရှိပါသည်။** ဌာနများသည် စီမံကိန်းအဆိုပြုလွှာပေါင်း မြောက်များစွာကို စိစစ်ရာ၌ နည်းပညာဆိုင်ရာ သတ်မှတ်ချက်နှင့် ဌာနမူဝါဒများကို ကိုင်စွဲပါသည်။ သို့သော်လည်း အဆိုပြုလွှာ တစ်ခုချင်းစီ၏ နောက်ခံ အကြောင်းအရာ နှင့်စပ်လျဉ်းသော သတင်းအချက်အလက် အနည်းငယ်သာကိုသာ ရရှိပါသည်။ ကျေးလက်ဖွံ့ဖြိုးရေး ဌာနကဲ့သို့ ဌာနအချို့သည် ၎င်းတို့၏ မဟာဗျူဟာ ရည်မှန်းချက်များနှင့် ကိုက်ညီသည့် စီမံကိန်းများ ဖော်ဆောင်ရန် ကိုယ်တိုင် အဆိုပြုလွှာ ပြင်ဆင်ရေးဆွဲပါသည်။ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများမှ တင်သွင်းသော သို့မဟုတ် ပံ့ပိုးသော အဆိုပြုလွှာများသည်  ဝန်ကြီးဌာန နှင့် ဌာနအားလုံး တို့တွင် အထူးအာရုံစိုက်မှု နှင့် ဦးစားပေးမှု ရရှိပါသည်။ လွှတ်တော် ကိုယ်စားလှယ်များ သို့မဟုတ် ဝန်ကြီးများထံမှလာသော အဆိုပြုချက်များ နှင့် ဌာန၏ မဟာဗျူဟာ ဦးစားပေးမှုများကို ချိန်ညှိရခြင်းသည် စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်ဟု ဌာနအရာရှိများက ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် အချို့ဌာနများ၏ ဘတ်ဂျက်များသည် လွှတ်တော်ကိုယ်စားလှယ်များထံမှ လာသည့် အဆိုပြုလွှာ အားလုံးကို ထောက်ပံ့ရန် မလုံလောက်သောကြောင့် ဖြစ်သည်။ အချို့ဌာနများသည် ပြည်နယ်/တိုင်းဒေသကြီးများအကြား အသုံးစရိတ် ခွဲဝေမှုကို ဆုံးဖြတ်ရန်အတွက် ဖော်မြူလာများ သို့မဟုတ် မူဝါဒများ ရှိပါသည်။ သို့သော်လည်း ၎င်းဖော်မြူလာ အတိုင်း လုပ်ဆောင်ခြင်း ရှိမရှိမှာ ရှင်းလင်းမှု မရှိချေ။ ထို့ပြင် အချို့ဌာနများသည် ပြည်ထောင်စု အစိုးရမူဝါဒပေါ် အခြေခံ၍ ပြည်နယ်/တိုင်းဒေသကြီး အလိုက် ဦးစားပေး ရင်းနှီးမြှုပ်နှံမှုများ အတွက် ခွဲဝေခြင်းများလည်း ရှိပါသည်။ သို့သော်လည်း မြို့နယ်အသုံးစရိတ် ခွဲဝေပေးခြင်းများ အတွက်မူ အထက်ပါကဲ့သို့ ထည့်သွင်းစဉ်းစားခြင်း မရှိပါ။

**ပြည်ထောင်စုအဆင့်သည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ ဆုံးဖြတ်ပိုင်ခွင့်ကို ကန့်သတ်ခြင်း မရှိသော်လည်း ပြည်နယ်/ တိုင်းဒေသကြီး ဘတ်ဂျက်အောက်ရှိ ပြည်နယ်/တိုင်းဒေကြီး ဌာနအသုံးစရိတ် အဆိုပြုလွှာ များကို စိစစ်ရာတွင် ပြည်ထောင်စု ဝန်ကြီးဌာန နှင့် ဌာနများ၏ အခန်းကဏ္ဍသည် သိသိသာသာ ကွဲပြားမှုများ ရှိနေသည်။** ဥပမာအနေဖြင့် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်အောက် ကျရောက်သည့် လျှပ်စစ်ဓါတ်အားပေး လုပ်ငန်း အတွက် အသုံးစရိတ် အဆိုပြုလွှာကို ပြည်ထောင်စု အဆင့်မှ စိစစ်ရန် သို့မဟုတ် အတည်ပြုရန် လိုအပ်ခြင်း မရှိပဲ ဆုံးဖြတ်ပိုင်ခွင့်မှာ ပြည်နယ်/တိုင်းဒေသကြီး ဌာနအရာရှိများ တွင်သာ ရှိသည်။ သို့သော်လည်း လမ်းကဏ္ဍ ဆိုင်ရာ အသုံးစရိတ် တွင်မူ ဌာနဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက် များဖြင့် သော်လည်းကောင်း ပြည်ထောင်စု စီမံကိန်းများနှင့် တူညီနေခြင်း မရှိစေရန် လည်းကောင်း ပြည်ထောင်စုအဆင့်မှ စိစစ်သည်။ အပြောင်းအလဲ ကြီးကြီးမားမား ပြုလုပ်သည်ဟု ကြားသိရခြင်း မရှိပါ။

## ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်ရှိ ဆုံးဖြတ်ချက်ချမှတ်ခြင်းမှ ထွက်ပေါ်လာသည့် ရလဒ်များ

**ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ဒေသတွင်းရှိ အခြေခံ အဆောက်အအုံ ဆိုင်ရာ ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အတော်များများ အတွက် တာဝန်ရှိပါသည်။** ပြည်နယ်/တိုင်း ဒေသကြီး အစိုးရ ဘတ်ဂျက်များသည် အစိုးရအသုံးစရိတ် စုစုပေါင်း၏ ၁၁.၈%[၁၃၄] သာ ရှိသော်လည်း မြို့နယ် ၂၄ ခုကို နမူနာ တွက်ချက်မှုအရ အစိုးရ၏ စုစုပေါင်း ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်တွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရ၏ အသုံးစရိတ် ပါဝင်မှုသည် ၅၆% ရှိပါသည်။ အမြင့်ဆုံးအဖြစ် ဖာပွန်မြို့နယ်၌ စုစုပေါင်း အသုံးစရိတ်တွင် ငွေလုံးငွေရင်း အသုံးစရိတ် ပါဝင်မှုသည် ၈၈% ရှိခဲ့သည်။[၁၃၅]

**ပြည်နယ်/တိုင်းဒေသကြီးများအကြားနှင့် မြို့နယ်များ အကြား ငွေလုံးငွေရင်း အသုံးစရိတ် မမျှတမှုများ ရှိနေသည်။ ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီး အသုံးစရိတ်တို့ကို အလိုအပ်ဆုံး နေရာတွင် အသုံးပြုခြင်း ရှိမရှိမှာလည်း ရှင်းလင်းမှု မရှိပါ။** စစ်ကိုင်းနှင့် မန္တလေး တိုင်းဒေသကြီး၊ ချင်းနှင့် ကရင် ပြည်နယ်တို့ရှိ မြို့နယ် ၂၄ ခုကို နမူနာကောက်ယူခဲ့မှု အရ ပျမ်းမျှတစ်ဦးချင်း အသုံးစရိတ် အနည်းဆုံးမှာ မန္တလေးတိုင်းဒေသကြီးတွင် ဖြစ်ပြီး ချင်းပြည်နယ်၏ ပျမ်းမျှတစ်ဦးချင်း အသုံးစရိတ်သည် မန္တလေး တိုင်းဒေသကြီးထက် ၁၀ ဆ ပိုမိုများပြားသည်။ ၂၀၁၈/၂၀၁၉ ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုတွင် ချင်းပြည်နယ်ရှိ မတူပီမြို့နယ်သည် မန္တလေးတိုင်းရှိ မိုးကုတ်မြို့နယ်ထက် အဆ ၄၀ ကျော် များပြားသည်။ ပြည်နယ်/တိုင်းဒေသကြီး များကြားတွင်လည်း သိသိသာသာ ကွာခြားမှုများ ရှိနေသည်။ ပြည်နယ်/တိုင်းဒေသကြီး အကြား ကွာခြားမှု များပြားရခြင်း အဓိကအကြောင်းမှာ ပြည်ထောင်စု လွှဲပြောင်းထောက်ပံ့ငွေ ပမာဏ မတူညီခြင်းကြောင့် ဖြစ်သည်။

ကဏ္ဍအလိုက် ငွေလုံးငွေရင်း အသုံးစရိတ်တွင်လည်း မညီမျှမှုများစွာ ရှိနေပြီး ပြည်နယ်/တိုင်းဒေသကြီး နှင့် မြို့နယ်များ အကြား ဌာန အလိုက် ပျမ်းမျှအသုံးစရိတ်တွင် သိသိသာသာ ကွဲပြားခြားနားမှု ရှိနေသည်။ လိုအပ်ချက်များကို တိုင်းတာနိုင်သည့် ညွှန်ကိန်းဖြစ်သော ဖွံ့ဖြိုးမှု အညွှန်းကိန်း နှင့် အသုံးစရိတ် ခွဲဝေသည့်ပုံစံများကို နှိုင်းယှဉ်ရာတွင် ရှင်းလင်းသော အပြန်အလှန် ဆက်စပ်မှု တွေ့ရခြင်း မရှိပါ။

ထိုအချက်ကို ကြည့်ခြင်းဖြင့် ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရတို့သည် လိုအပ်ချက်များကို စနစ်တကျ ထုတ်ဖော်နိုင်ရန် နှင့် လိုအပ်ချက်ဖြင့် ကိုက်ညီစွာ အသုံးစရိတ် ခွဲဝေနိုင်ရန် မည်သည့် သတင်းအချက်အလက်များ လိုအပ်သည်ကို ဂရုတစိုက် စဉ်းစားရမည် ဖြစ်သည်။

**ကောက်နုတ်ချက် (ဆ)**
**'အောက်ခြေမှ အထက်သို့' စီမံကိန်း ရေးဆွဲတင်ပြခြင်း နှင့် 'အထက်မှ အောက်သို့' စီမံကိန်းချမှတ်ခြင်း တို့ ဆုံချက်**

ယခုစာတမ်းသည် ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲခြင်း ဖြစ်စဉ်များ အကြား ချိတ်ဆက်မှုကို လေ့လာပြီး 'အောက်ခြေမှ အထက်သို့' စီမံကိန်းရေးဆွဲ တင်ပြခြင်း နှင့် 'အထက်မှ အောက်သို့' စီမံကိန်း ချမှတ်ခြင်း ဖြစ်စဉ်နှစ်ခုတို့ ဆုံတွေ့ကြရာ ဆုံချက်နှစ်ခု ကို တင်ပြထားပါသည်။ ပထမဆုံချက်မှာ မြို့နယ်အဆင့်တွင် ဖြစ်ပြီး 'အောက်ခြေမှ အထက်သို့' စီမံကိန်း ရေးဆွဲတင်ပြခြင်း ဖြစ်စဉ်ကို အဓိကမောင်းနှင်ရာ နေရာလည်း ဖြစ်သည်။ ဒုတိယဆုံချက်မှာ ဘတ်ဂျက်ဆုံးဖြတ်ချက်များ ချမှတ်ရာနေရာ ဖြစ်သည့် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ အဆင့်တွင် ဖြစ်သည်။ ယင်း ဆုံချက် နှစ်နေရာလုံးတွင် 'အောက်ခြေမှ အထက်သို့' စီမံကိန်း ရေးဆွဲတင်ပြခြင်း နှင့် 'အထက်မှ အောက်သို့' စီမံကိန်းချမှတ်ခြင်း ဖြစ်စဉ်နှစ်ခု အကြား တင်းမာမှုများကို လျှော့ချရန် နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများ ရှိနေပါသည် (အသေးစိတ်ကို အကြံပြုတင်ပြချက်တွင် ကြည့်ပါ)။

မြို့နယ်အဆင့်၌ မြို့နယ်အဆင့်အစိုးရနှင့် ဘတ်ဂျက်မရှိခြင်းကြောင့် စိန်ခေါ်မှုများ ထွက်ပေါ်စေပြီး 'အောက်ခြေမှ အထက်သို့' စီမံကိန်း ရေးဆွဲတင်ပြခြင်း ဖြစ်စဉ်မှာ ဆုံးဖြတ်ချက် ချမှတ်ခြင်း မပါဝင်သည့် ဖြစ်စဉ်မျိုး ဖြစ်နေခဲ့သည်။ ဒေသ၏ လိုအပ်ချက်ကို အကောင်းဆုံး တုံ့ပြန်ဖြည့်ဆည်းနိုင်ရန် 'အောက်ခြေမှ အထက်သို့' နှင့် 'အထက်မှ အောက်သို့' ဖြစ်စဉ်နှစ်ခုအကြား ညှိနှိုင်းချိတ်ဆက်မှုများ လိုအပ်နေပြီး လုပ်ဆောင်နိုင်မည့် နည်းလမ်းနှစ်ခု ရှိပါသည်။ ပထမဆုံး အနေဖြင့် မြို့နယ်များသို့ စီမံကိန်းရေးဆွဲရန် အချိန်နှင့် ညွှန်ကြားချက်များ ကို တိကျ ရှင်းလင်းစွာ ပေးခြင်း နှင့် အစိုးရမှ ၎င်းတို့၏ ဦးစားပေးကဏ္ဍများကို ရှင်းလင်းစွာ ဖော်ပြထားခြင်း တို့ အပါအဝင် မြို့နယ်အဆင့် စီမံကိန်းရေးဆွဲခြင်း ဖြစ်စဉ်များ အထိရောက်ဆုံးဖြစ်ရန် အဆင့်လိုက် လုပ်ဆောင်ရမည် ဖြစ်သည်။ ဘဏ္ဍာငွေသတ်မှတ်ချက် ကို ဖော်ပြထားခြင်းအားဖြင့် မြို့နယ်များ၏ 'ဆန္ဒရှိသည့် စီမံကိန်း စာရင်း' များကို လျှော့ချနိုင်မည် ဖြစ်ပြီး အကဲဖြတ် စိစစ်ခြင်း နှင့် ဦးစားပေး သတ်မှတ်ခြင်း ကို ပိုမို ထိရောက်စွာ လုပ်ဆောင်လာနိုင်မည် ဖြစ်သည်။ ဒုတိယအနေဖြင့် ပိုမိုကြီးမားသော ခြေလှမ်းတစ်ရပ် အဖြစ် မြို့နယ်ဘတ်ဂျက်များ ချပေးနိုင် ပါသည်။ ထို့မှသာ 'အောက်ခြေမှ အထက်သို့' နှင့် 'အထက်မှ အောက်သို့' ဖြစ်စဉ်နှစ်ခုအကြား ပိုမို တိုက်ရိုက်ကျသော ချိတ်ဆက်မှု ဖန်တီးနိုင်မည် ဖြစ်သည်။ ဥပမာ- မြို့နယ်အဆင့်တွင် ကဏ္ဍစုံ ဘတ်ဂျက်တစ်ခု ဖန်တီးပေးပါက လက်ရှိ တစ်ကွဲတစ်ပြား ဖြစ်နေသည့် ကဏ္ဍအလိုက် ဦးစားပေးမှု ပုံစံထက် တစ်မြို့နယ်လုံး၏ လိုအပ်ချက်များ အတွက် မဟာဗျူဟာကျစွာ စဉ်းစားခြင်းကို အားပေးနိုင်မည် ဖြစ်သည်။ ဘဏ္ဍာငွေသတ်မှတ်ချက် ထားရှိခြင်း ဖြစ်စေ မြို့နယ်အဆင့် ဘတ်ဂျက်များ ချပေးသည် ဖြစ်စေ မြို့နယ်များ ခွဲဝေရရှိမည့် အရင်းအမြစ်များ ပမာဏကို ပိုမိုသေချာစေခြင်းဖြင့် ဘတ်ဂျက် ကန့်သတ်ထားသော ဦးစားပေးသတ်မှတ်ခြင်းများ ပိုမိုထွက်ပေါ်လာနိုင်သလို လူထုအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ဖြစ်စဉ်တွင် အဓိပ္ပာယ်ရှိစွာ ပါဝင်လာနိုင်မည် ဖြစ်သည်။

ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်၌ အချို့ ပြည်နယ်/တိုင်းဒေသကြီး နှင့် ကဏ္ဍအလိုက် ဘတ်ဂျက်နှင့် စီမံကိန်းများ ရေးဆွဲခြင်း ဖြစ်စဉ်များသည် ကောင်းစွာ ညှိနှိုင်း ချိတ်ဆက်ထားခြင်း မရှိပါ။ စီမံကိန်းဖြစ်စဉ်သည် ဘတ်ဂျက် ရရှိနိုင်မှု (သို့မဟုတ်) အစိုးရ၏ ဦးစားပေး ဘတ်ဂျက်များ ကို မစဉ်းစားခြင်း သို့မဟုတ် စီမံကိန်းဖြစ်စဉ်တွင် ထည့်သွင်းစဉ်းစားရန် နောက်ကျမှုကြောင့် ဘတ်ဂျက်ဆုံးဖြတ်ချက်အပေါ် သက်ရောက်မှု မရှိတော့ခြင်းတို့ဖြစ်သည်။ ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များ ကောင်းမွန်စွာ ချမှတ်နိုင်ရန် စီမံကိန်းဖြစ်စဉ်မှ ပံ့ပိုးကူညီရမည် ဖြစ်ပြီး အစိုးရများ၊ ဝန်ကြီးများ နှင့် ဌာနများ အတူတကွ ပူးပေါင်း၍ ဘတ်ဂျက်ဖြစ်စဉ်နှင့် စီမံကိန်းဖြစ်စဉ် အကြား ညှိနှိုင်းချိတ်ဆက်မှု ရှိရေး လုပ်ဆောင်ရန် အရေးကြီးပါသည်။ အစိုးရနှင့် ဌာနဆိုင်ရာ အရာရှိများသည် ဘတ်ဂျက်နှင့် စီမံကိန်း ရေးဆွဲခြင်းဖြစ်စဉ်ကို မတူညီသော သီးခြားဖြစ်စဉ် နှစ်ခုအဖြစ် မမြင်ပဲ တစ်ခုတည်းသော ဖြစ်စဉ်အဖြစ် မြင်ရန်မှာ အဓိကအကျဆုံး ဖြစ်ပါသည်။

# ၅.၂။ အကြံပြု တင်ပြချက်များ

## အစိုးရအတွက် အကြံပြုတင်ပြချက်များ

*'အောက်ခြေမှ အထက်သို့' စီမံကိန်းရေးဆွဲ တင်ပြခြင်း ဖြစ်စဉ်ကို ဆက်လက်အားကောင်းစေရန် လုပ်ဆောင်ပါ*

**စီမံကိန်းဖြစ်စဉ်၏ အချိန်ဇယား နှင့် လုပ်ငန်း ဆိုင်ရာ ညွှန်ကြားချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်း အားလုံးတို့ အချိန်မီ ရှင်းလင်းစွာ ရရှိနိုင်စေရန် လုပ်ဆောင်ပေးပါ။** ဌာနဆိုင်ရာ အရာရှိများ က ၎င်းတို့သည် ၎င်းတို့၏ ဌာန သို့မဟုတ် ဝန်ကြီးဌာန၊ သို့မဟုတ် စီမံကိန်းဦးစီးဌာန ထံမှ စီမံကိန်း နှင့် ဘတ်ဂျက်ရေးဆွဲခြင်း ဖြစ်စဉ် ဆိုင်ရာ ညွှန်ကြားချက်များကို မကြာခဏ ရရှိသည်ဟု ပြောပါသည်။ သို့သော်လည်း ညွှန်ကြားချက်များ မရှင်းလင်းမှု၊ အခြားသော သတင်းအချက်အလက် သို့မဟုတ် အချိန်သတ်မှတ်ချက် များဖြင့် မတူညီခြင်း သို့မဟုတ် တိုက်နေခြင်း၊ ညွှန်ကြားချက်များ နောက်ကျခြင်း စသည့်တို့ ရှိနေသည်ဟု ဌာနအရာရှိများက ပြောကြားသည်။ စီမံကိန်းနှင့် ဘတ်ဂျက် ဌာနများသည် ညွှန်ကြားချက်နှင့် အချိန် သတ်မှတ်ချက်များ ရှင်းလင်းမှုရှိစေရန် ကဏ္ဍအလိုက်ဌာနများနှင့် အတူတွဲ၍ လုပ်ဆောင်သင့်ပြီး ထပ်မံ၍ လိုအပ်နိုင်သည့် အချက် အလက်များ အတွက် တာဝန်ခံနိုင်သည့် ပုဂ္ဂိုလ်များစာရင်းကိုလည်း ပြုစုထားသင့်သည်။

**စီမံကိန်းနှင့် ဘတ်ဂျက် ရေးဆွဲခြင်း ဖြစ်စဉ်နှစ်ခုအကြား ညှိနှိုင်းချိတ်ဆက်မှု ရှိစေရန် လုပ်ဆောင်ပါ။** ဌာနအရာရှိများက စီမံကိန်း နှင့် ဘတ်ဂျက် ဖြစ်စဉ်နှစ်ခုကို လုံးဝသီးခြားဖြစ်သော ဖြစ်စဉ်များ အဖြစ် ပြောဆိုကြပြီး စီမံကိန်းအရာရှိများ ဆိုလျှင် ၎င်းတို့သည် "ဘတ်ဂျက် ဖြစ်စဉ် အကြောင်း မည်သည့်အခါမှ စဉ်းစားခြင်းမရှိ" ဟု ပြောဆိုခဲ့သည်။ သို့သော်လည်း ဘတ်ဂျက်ဖြစ်စဉ်တွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းများ ပိုမိုကောင်းမွန်လာ စေရန် စီမံကိန်း ဖြစ်စဉ်မှ ထောက်ပံ့နိုင်ရမည် ဖြစ်သည်။ ထို့ကြောင့် ယင်းဖြစ်စဉ်နှစ်ခု ချိတ်ဆက်မှု ရှိရန် လိုအပ်နေပြီး ချိတ်ဆက်မှုရှိစေရန် လုပ်ဆောင် နိုင်မည့် နည်းလမ်းများစွာ ရှိပါသည်။

- **အချိန်ကာလ** - ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီးတို့နှင့် ကဏ္ဍအလိုက် ဌာနအားလုံး တို့အတွက် ဘတ်ဂျက်ပြက္ခဒိန်နှင့် စီမံကိန်းပြက္ခဒိန် နှစ်ခုအကြား ညှိနှိုင်းချိတ်ဆက်မှု ရှိစေရန် လုပ်ဆောင်ပါ။ ထိုသို့လုပ်ဆောင်ရန် ပြည်နယ်/တိုင်း ဒေသကြီး နှင့် မြို့နယ်များတွင် စီမံကိန်းဖြစ်စဉ်ကို စောစော စတင်ရန် လိုအပ်ပါသည်။
- **ဘတ်ဂျက်များ သို့မဟုတ် ဘဏ္ဍာငွေသတ်မှတ်ချက်များ** - ဘတ်ဂျက်ကို ထည့်သွင်းစဉ်းစားခြင်း မရှိပဲ စီမံကိန်းများ ရေးဆွဲနေသည့် အထူးသဖြင့် မြို့နယ်များတွင် ဖြစ်ပေါ်နေသည့် လက်ရှိဖြစ်စဉ်ကြောင့် ရှည်လျားသည့် "လိုအပ်ချက်များ စာရင်း" များထွက်ပေါ်လာကာ ၎င်းစာရင်းသည် ဘတ်ဂျက်ပေးနိုင်သည် ထက် ၁၀ ဆခန့်ပင် များပြားနိုင်ပါသည်။ ဘဏ္ဍာငွေ သတ်မှတ်ချက် မရှိခြင်းက လူထုပူးပေါင်း ပါဝင်မှုကို လျော့နည်းစေသလို ဦးစားပေးသတ်မှတ်မှု စနစ်၏ ထိရောက်မှုကို အားနည်း စေနိုင်သည်။ စီမံကိန်းအဆိုပြုလွှာ အရေအတွက် နည်းပါးပါက အကဲဖြတ်စိစစ်ခြင်း ကို ပိုမို၍ ထဲထဲဝင်ဝင် လုပ်ဆောင်နိုင်မည် ဖြစ်ကာ ရင်းနှီးမြှုပ်နှံရန် ပိုမို၍ ကောင်းမွန်သော စီမံကိန်းများကို ဖော်ထုတ်နိုင်မည် ဖြစ်သည်။ မြို့နယ်အဆင့်တွင် လုပ်ဆောင်နိုင် သည့် နည်းလမ်းတစ်ခုမှာ ဒေသန္တရ ဆုံးဖြတ်ပိုင်ခွင့် ရှိသော မြို့နယ်အဆင့်ဘတ်ဂျက် ဖန်တီးပေးခြင်း ဖြစ်သည်။ ဥပမာ အနေဖြင့် ကဏ္ဍအလိုက် ဦးစားပေးသတ်မှတ်မှု လုပ်ဆောင် ခြင်းထက် မြို့နယ်တစ်ခု လိုအပ်နိုင်သည့် ကဏ္ဍစုံဘတ်ဂျက် တစ်ခုဖန်တီးပေးနိုင်ပါသည်။
- **စီမံကိန်း အဆိုပြုလွှာများ** - အကဲဖြတ်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း ထိရောက်စေရန် အုပ်ချုပ်ရေး အဆင့်အသီးသီးမှ ဌာနဆိုင်ရာ အရာရှိများ နှင့် ဘတ်ဂျက်ဌာနတို့ လိုအပ်မည့် အချက်အလက်များကို စီမံကိန်းဌာနနှင့် ကဏ္ဍအလိုက် ဌာနများမှ ပေးအပ်ရန် စဉ်းစားသင့်သည်။ လက်ရှိအချိန်၌ ဌာနအချို့၏ စီမံကိန်းအဆိုပြုလွှာ များသည် ရိုးရှင်းလွန်းလှပြီး စီမံကိန်းအခြေခံ အချက်အလက် အနည်းငယ်ကိုသာ ထည့်သွင်း ထားသည်။ တစ်ချို့ အဆိုပြုလွှာများတွင် အကျိုးရလဒ် ရရှိနိုင်မှုကို ထည့်သွင်းထားသော်လည်း အကျိုးရလဒ်-ကုန်ကျ စရိတ် နှိုင်းယှဉ်စိစစ်နိုင်ရန် သော်လည်းကောင်း အခြားသော စီမံကိန်းများဖြင့် နှိုင်းယှဉ်နိုင်ရန် သော်လည်းကောင်း အချက်အလက် ပြည့်စုံခြင်း မရှိပါ။
- **အစိုးရ မူဝါဒ နှင့် မဟာဗျူဟာ** - စီမံကိန်း ဖြစ်စဉ်သည် အစိုးရ၏ မူဝါဒဦးစားပေး နှင့် မဟာဗျူဟာ များကို အကောင်အထည် ဖော်သည့် နည်းလမ်းတစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့် စီမံကိန်းများသည် ပြည်သူလူထု ၏ လိုအပ်ချက်ကို ဖြည့်ဆည်းခြင်း သာမက အစိုးရမှ ရန်ပုံငွေအသုံးပြု လိုသည့် နေရာများကို ဖော်ပြလျှက် ရှိသည်။

**စီမံကိန်းများကို အကဲဖြတ်ခြင်း နှင့် စီမံကိန်းလုပ်ငန်းစဉ် ကို ပံ့ပိုးရာ၌ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီများ (TPICs) ၏ အခန်းကဏ္ဍနှင့် အစွမ်းအစကို အားကောင်းစေရန် လုပ်ဆောင်ပါ။** မြန်မာနိုင်ငံတွင် ဒေသန္တရ အစိုးရ မရှိသည့်အတွက် TPIC များသည် အရပ်ဘက် အဖွဲ့အစည်းများ အပါအဝင် ဒေသန္တရ အုပ်ချုပ်ရေးတွင် ပါဝင်သူများတို့ကို စုစည်း၍ မြို့နယ်များ၏ လိုအပ်ချက်များကို စဉ်းစားဆုံးဖြတ် ကြပါသည်။ ယခုအစီရင်ခံစာ အခန်း (၃) တွင်ဖော်ပြထားသည့် အတိုင်း TPIC တစ်ခုနှင့်တစ်ခု အလေ့အထချင်း တူညီမှုမရှိပဲ တစ်ချို့မြို့နယ်များ၏ TPIC တို့သည် စီမံကိန်းများကို အကဲဖြတ်ရာ၌ တက်ကြွမှု အားနည်းပါသည်။ ဒေသန္တရအဆင့်၌ စီမံကိန်းများ ထုတ်ဖော်ခြင်း နှင့် ဆွေးနွေးခြင်း တို့တွင် TPIC သည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခြင်း

အားဖြင့် လူထုလိုအပ်ချက် ဖြည့်ဆည်းနိုင်ပြီး အကျိုးအမြတ် ဖြစ်ထွန်းသော စီမံကိန်းများ ထွက်ပေါ်လာနိုင်စေပါသည်။ သို့သော်လည်း ထိုသို့ဖြစ်ရန် အထက်တွင် ဆိုခဲ့သည့်အတိုင်း ဘဏ္ဍာငွေ သတ်မှတ်ချက် ရှိရန် သို့မဟုတ် ဒေသန္တရဘတ်ဂျက် ရှိရန် လိုအပ်မည်ဖြစ်သည်။ အချို့သော မြို့နယ်ကော်မတီများတွင် လူထုကို ကိုယ်စားပြုသည့် အဓိပ္ပာယ်ပြည့်ဝသော ပါဝင်မှုများရှိရန် လုပ်ဆောင် သင့်ပါသည်။ TPIC များကို အားကောင်းစေရန် စွမ်းရည် တည်ဆောက်ပေးခြင်း၊ ရှင်းလင်းသော ညွှန်ကြားချက်နှင့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပေးခြင်း၊ ၎င်းတို့ကို ဆုံးဖြတ်ချက်ချနိုင်ခွင့် ပိုမိုပေးခြင်း စသည်တို့ကို လုပ်ဆောင်ပေးရန် လိုအပ်မည်ဖြစ်သည်။

**ရပ်ရွာလူထုကို ပိုမို ကိုယ်စားပြုနိုင်ရန် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၏ စွမ်းရည်ကို မြှင့်တင်ပေးပါ။**
လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနအရာရှိများက ရပ်/ကျေး အုပ်ချုပ်ရေးမှူးများကို လိုအပ်သလို တိုင်ပင်ဆွေးနွေးကြသည့် အပြင် လက်ရှိ 'အောက်ခြေမှအထက်သို့' စီမံကိန်းရေးဆွဲတင်ပြခြင်း ဖြစ်စဉ်အောက်တွင် ရပ်/ကျေး အုပ်ချုပ် ရေးမှူးများသည် အစိုးရ နှင့် လူထုအကြား အရေးပါသော ချိတ်ဆက်မှုလမ်းကြောင်း ဖြစ်နေသည်။ လူထုဖြင့်ချိတ်ဆက်ခြင်းနှင့် ဦးစားပေးလိုအပ်ချက်များကို ထုတ်ဖော်ခြင်း တို့ကို လုပ်ဆောင်ရန်နိုင်ရန် ရပ်/ကျေး အုပ်ချုပ်ရေးမှူး များ အတွက် စွမ်းရည်ဆိုင်ရာ ပံ့ပိုးမှု အနည်းငယ်သာ ရှိပါသည်။ ဝေးလံခေါင်းပါးပြီး ဗမာစကား အသုံးပြုမှုနည်းပါသည့် ဒေသများရှိ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည် စီမံကိန်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်မှု ပိုမိုနည်းပါသည်ဟု ဌာနအရာရှိများက ဆိုသည်။ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ ၎င်းတို့၏ ရပ်ရွာအသိုင်းအဝန်း အကျိုးရှိစေမည့် စီမံကိန်း အဆိုပြုလွှာများ ဖော်ထုတ်နိုင်ရန် သင်တန်းများ ပေးသင့်ပါသည်။

**အရပ်ဘက် အဖွဲ့အစည်းများကို စီမံကိန်းဖြစ်စဉ်တွင် ပါဝင်နိုင်မည့် နေရာဖန်တီးပေး ရမည် ဖြစ်သလို စီမံကိန်းဖြစ်စဉ်တွင် လူထုကိုလည်း အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်ခွင့်ပေးရမည်။** လူထုပူးပေါင်း ပါဝင်မှု ရှိသော အထူးစီမံကိန်း နှင့် အစီအစဉ် တစ်ချို့မှလွဲ၍ 'အောက်ခြေမှ အထက်သို့' စီမံကိန်းရေးဆွဲ တင်ပြခြင်းဖြစ်စဉ်တွင် အရပ်ဘက် အဖွဲ့အစည်းများ ပါဝင်နိုင်ရန် အခွင့်အလမ်း အနည်းငယ်သာ ရှိပါသည်။ ဒေသ အစိုးရ နှင့် ဌာနအရာရှိ များသည် ၎င်းတို့ဒေသရှိ အရပ်ဘက် အဖွဲ့အစည်းများ အားဖြင့် လူထုလိုအပ်ချက်ကို ပိုမိုနားလည်နိုင်ခြင်း နှင့် ဒေသတွင်းမှ စီမံကိန်း အဆိုပြုလွှာများ ဖော်ထုတ်ခြင်း စသည်တို့ကို ဂရုတစိုက် စဉ်းစားသင့်သည်။ ထို့ပြင် အရပ်ဘက် အဖွဲ့အစည်းများ သို့မဟုတ် လူထု ပါဝင်မှုရှိစေရန် လုပ်ဆောင်ရာတွင်လည်း အဓိပ္ပာယ်ရှိစွာ ပါဝင်နိုင်ခွင့် ပေးရမည်။ 'အဓိပ္ပာယ်ရှိစွာ' ဆိုသည်မှာ ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် လူထုနှင့် အရပ်ဘက် အဖွဲ့အစည်းကို ပါဝင်လွှမ်းမိုးခွင့် ပေးခြင်း ဖြစ်ပါသည်။ ရပ်ရွာပြည်သူများကို စီမံကိန်း ဖြစ်စဉ်ထဲ ပါဝင်ခွင့် ပေးသော်လည်း ပြည်သူတို့၏ အသံကို အမှန်တကယ် နားထောင်မှု မရှိခြင်းကြောင့် 'လူထုပူးပေါင်း ပါဝင်မှု' လုပ်ငန်းများ အပေါ် ပြည်သူများ တက်တက်ကြွကြွပါဝင်ရန် စိတ်ပင်ပန်းကြလာပြီး ရပ်ရွာပြည်သူနှင့် အစိုးရ အကြား ယုံကြည်မှု ကျဆင်းနေကြောင်း ဌာနအရာရှိများက ဆိုပါသည်။ ဥပမာ- ရပ်ရွာလူထုအား ဒေသအတွက် ဦးစားပေးလုပ်ငန်းများ ကို ဖော်ထုတ်စေသော်လည်း ၎င်းဦးစားပေး လုပ်ငန်းများမှာ နှစ်စဉ်နှစ်တိုင်း ရန်ပုံငွေထောက်ပံ့နိုင်မှု မရရှိခြင်း ဖြစ်သည်။

**ရပ်ရွာ သို့မဟုတ် တစ်သီးပုဂ္ဂလ တို့ထံမှ မြေလှူဒါန်းခြင်းသည် ဆန္ဒအလျောက်သာ ဖြစ်ရမည်ဖြစ်ပြီး ဖိအားပေးခြင်း မလုပ်ဆောင်သင့်ပါ။** စီမံကိန်းတစ်ခုခုအတွက် တစ်စုံတစ်ဦး သို့မဟုတ် ရပ်ရွာကို မြေလှူဒါန်းရန် ဖိအားပေးခြင်းသည်လည်း စိုးရိမ်ရမည့် အချက်တစ်ခု ဖြစ်ပါသည်။ လှူဒါန်းမှု အများစုသည် ဆန္ဒအလျောက်သာ ဖြစ်နိုင်သော်လည်း ကဏ္ဍအလိုက် ဌာနများသည် အုပ်ချုပ်ရေးမှူးများ နှင့် ရပ်ရွာတို့ဖြင့် ညှိနှိုင်းရာတွင် ဖိအားပေးသည့် ပုံစံမျိုး မဖြစ်စေရန်၊ အစိုးရနှင့် ရပ်ရွာများ အကြား ယုံကြည်မှု မပျက်ယွင်းစေရန် သတိမူ လုပ်ဆောင် ရမည် ဖြစ်သည်။ အစိုးရသည် မြေယာအတွက် လျော်ကြေးပေးခြင်း ကိုလည်း ရေရှည်အတွက် စဉ်းစားသင့်ပါသည်။

***ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု အစိုးရများ၏ ဘတ်ဂျက်ရေးဆွဲခြင်း ဖြစ်စဉ်ကို အားကောင်းစေရန် လုပ်ဆောင်ခြင်း***

**ပြည်နယ်/တိုင်းဒေသကြီး နှင့် ပြည်ထောင်စု အစိုးရများသည် လာမည့် ဘဏ္ဍာနှစ် အတွက် ၎င်းတို့၏ မဟာဗျူဟာကျ ဦးစားပေးကဏ္ဍများ ကို ထုတ်ပြန်ကြေငြာရမည် ဖြစ်သည်။**
စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း ဖြစ်စဉ်များ မစတင်ခင် အစိုးရနှင့် ဝန်ကြီးဌာန/ဌာနများ၏ လာမည့် ဘဏ္ဍာနှစ် အတွက်မဟာဗျူဟာကျ ဦးစားပေးကဏ္ဍများကို ထုတ်ပြန်ကြေငြာထားပါက ဌာနဆိုင်ရာ အရာရှိများနှင့် အုပ်ချုပ်ရေးစနစ်တွင်း ဆက်နွယ်ပါဝင်သူများ အတွက် အကျိုးကျေးဇူးရှိမည် ဖြစ်သည်။ ထို့နောက် စီမံကိန်းဖြစ်စဉ် စတင်ရန် နှစ်ပတ်လည်း လမ်းညွှန်ချက် သို့မဟုတ် ညွှန်ကြားချက်တို့ကို မြို့နယ်အဆင့်တွင် ထုတ်ပြန်နိုင်သည်။ ဤနည်းအားဖြင့် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲမှု များသည် အစိုးရ၏ မူဝါဒများနှင့် ပိုမို၍ ကိုက်ညီလာနိုင်မည်။ ဦးစားပေးကဏ္ဍများကို လူသိရှင်ကြား ထုတ်ပြန်ကြေငြာထားပါက အရပ်ဘက် အဖွဲ့အစည်းများ အနေဖြင့် အစိုးရအား ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များ အပေါ် တာဝန်ခံမှု ရှိရန် ပိုမို အရေးဆိုနိုင်မည် ဖြစ်သည်။

**အောက်ခြေ ဒေသန္တရ အဆင့် အုပ်ချုပ်ရေးပိုင်းကို ဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်စဉ်၌ ပိုမို၍ လွှမ်းမိုးပါဝင်နိုင်ခွင့် ပေးအပ်ပါ။** အစိုးရ၏ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် ဒေသန္တရ အဆင့်အုပ်ချုပ်ရေးပိုင်း၏ ဆုံးဖြတ်ပိုင်ခွင့်နှင့် အစွမ်းအစကို အားကောင်းရန် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များ မှတဆင့် လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများ ရှိပါသည်။ ဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်စဉ်၌ အောက်ခြေ ဒေသန္တရ အဆင့် အုပ်ချုပ်ရေးပိုင်းမှ ပါဝင်နိုင်မှု အားကောင်းရန် လုပ်ဆောင်နိုင်မည့် နည်းလမ်းတစ်ခုမှာ စီမံကိန်း နှင့် ဘတ်ဂျက်ရေးဆွဲခြင်း ဖြစ်စဉ်များ အကြား ပိုမို ညှိနှိုင်း ချိတ်ဆက်ခြင်း ဖြစ်သည်။ ညှိနှိုင်းချိတ်ဆက်ခြင်း ပိုမို ကောင်းမွန်ပါက ဒေသန္တရအုပ်ချုပ်ရေးပိုင်းသည် အထက်အဆင့်မှ ဆုံးဖြတ်ချက်

ချမှတ်နေခြင်းများ အပေါ် ပိုမိုလွှမ်းမိုးမှု ရှိလာနိုင်မည် ဖြစ်သည်။ ဥပမာ - ဒေသန္တရအုပ်ချုပ်ရေးပိုင်းမှ ဘဏ္ဍာငွေသတ်မှတ်ချက်နှင့် ကိုက်ညီသည့် စီမံကိန်းများ ဖော်ထုတ်တင်ပြလာပါက  အထက် အဆင့်များ အနေဖြင့် ဒေသန္တရမှ ဦးစားပေးမှုနည်းသော စီမံကိန်း များကို ရွေးချယ်နိုင်ချေ ပိုမိုနည်းသွားမည် ဖြစ်သည်။ နောက်နည်း လမ်းတစ်ခုမှာ ဒေသတွင်း ဘဏ္ဍာငွေ အသုံးပြုခြင်းဆိုင်ရာ ဆုံးဖြတ်ချက် ချပိုင်ခွင့်ကို ဒေသန္တရအဆင့်သို့ ပေးအပ်ခြင်း ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး အစိုးရသည် မြို့နယ်များကို ၎င်းတို့မြို့အတွက် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု အတိုင်းအတာ ပမာဏတစ်ခု အထိ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ပေးထားခြင်းသည် နမူနာကောင်းတစ်ခု ဖြစ်သည်။ ဒေသန္တရအုပ်ချုပ်ရေးပိုင်းသို့ ကိုယ်ပိုင် ဆုံးဖြတ်ခွင့် ပိုမိုပေးအပ်ခြင်း နှင့်အတူ တာဝန်ခံမှုကို ပြန်လည်စိစစ် ထိန်းကျောင်းမည့် ထိရောက်သော စနစ်တစ်ခု ရှိရန်မှာလည်း အရေးကြီးပါသည်။

**ပြည်နယ်/တိုင်းဒေသကြီး နှင့် ပြည်ထောင်စု အစိုးရတို့၏ ဘတ်ဂျက်များသည် လိုအပ်ချက်များကို တုံ့ပြန်နိုင်မှု နှင့် သာတူညီမျှမှု ရှိရမည်။** ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရဘတ်ဂျက်များဖြင့် ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအတွက် လက်ရှိအသုံးစရိတ် ခွဲဝေမှုများသည် သာတူညီမျှခြင်း ရှိမရှိ မရှင်းလင်းပါ။ ယခင် ခွဲဝေမှု အစဉ်အလာအတိုင်း သတ်မှတ်ခြင်းနှင့် ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် မြို့နယ်များ သို့ ပြန့်နှံ့ရောက်ရှိခြင်း ကိုဖောင်းပေးသည် လက်ရှိဘတ်ဂျက်ဖြစ်စဉ်သည် မညီမျှမှုကို ပိုမိုထွက်ပေါ်စေပါသည်။ ထို့ပြင် စီမံကိန်း နှင့် ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များ ချရာတွင် ဘက်လိုက်ပြီး ၎င်းတို့ ရပ်ရွာကိုသာ အသားပေးသည်ဟု ဌာန အရာရှိများ၊ ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များက အချင်းချင်း အပြန်အလှန် စွပ်စွဲနေကြပါသည်။[၁၃၆] စီမံကိန်းများကို ပွင့်လင်းမြင်သာပြီး ထိရောက်စွာ အကဲဖြတ်ခြင်းနှင့် နှိုင်းယှဉ်နိုင်ခြင်း မရှိသောကြောင့် ဆက်နွယ်ပါဝင်သူများသည် ဘက်လိုက်မှုကို သက်သေပြရန် သို့မဟုတ် ၎င်းတို့ရပ်ရွာအတွက် မည်သည့် စီမံကိန်းက အကောင်းဆုံးဖြစ်သည် ကို တင်ပြရန် ခက်ခဲနေပါသည်။ စနစ်ကျသော ဒေတာများ ရှိပါက အစိုးရနှင့် အရာရှိများသည် ရပ်ရွာဒေသ၏ လိုအပ်ချက်များကို ပိုမို နားလည်သဘောပေါက် နိုင်မည်ဖြစ်ကာ သက်ရောက်မှု အများဆုံး ရှိမည့် ဒေသများအတွက် အသုံးစရိတ် ခွဲဝေနိုင်မည် ဖြစ်သည်။ လူဦးရေ နှင့် မြေအကျယ်အဝန်း ကဲ့သို့ ကိန်းရှင်များ ပါဝင်သည့် အရင်းအမြစ် ခွဲဝေမှု ဖော်မြူလာ ထားရှိခြင်းကလည်း အစိုးရ အသုံးစရိတ်ကို တွက်ချက်ရ ပိုမိုလွယ်ကူ စေမည် ဖြစ်ပြီး သာတူညီမျှခြင်း ရှိမရှိ ဆုံးဖြတ်နိုင်မည်။ ဘက်လိုက်မှု ရှိသည်ဟု စွပ်စွဲချက်များကို စိစစ်နိုင်မည့် အထောက်အထားများ ရရှိရန် ဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်စဉ်ကို ပွင့်လင်းမြင်သာမှု ရှိအောင် ပြုလုပ်နိုင်ပါသည်။

*ပဋိပက္ခသက်ရောက်မှု ရှိသည့် ဒေသများအတွက် စီမံကိန်း နှင့် ဘတ်ဂျက်များ ရေးဆွဲ အကောင်အထည် ဖော်ရာတွင် ပဋိပက္ခ ဖြစ်ပေါ်နိုင်မှု ရှိခြင်းကို အလေးထားသတိပြုပါ။*

**စီမံကိန်းနှင့် ဘတ်ဂျက် ရေးဆွဲ အကောင်အထည်ဖော်ခြင်းဖြင့် ပဋိပက္ခသက်ရောက်မှု ရှိသည့် ဒေသများမှ ပြည်သူများ အမှန်တကယ် အကျိုးခံစားရစေပြီး အစိုးရအပေါ် ယုံကြည်မှုပိုမို ရှိလာစေရန် ပံ့ပိုးပေးပါ။** လူထုနှင့် ဆွေးနွေးတိုင်ပင်မှု၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်ခွင့်ပေးမှုနှင့် ဒေသန္တရ ဖွံ့ဖြိုးရေးစီမံကိန်းများကို ပံ့ပိုးမှု စသည်တို့သည် ရပ်ရွာအားလုံး အတွက် အရေးကြီးသလို အစိုးရအပေါ် ယုံကြည်မှု ပိုမိုနည်းပါး နိုင်သည့် ပဋိပက္ခသက်ရောက်မှုရှိရာ ဒေသများအတွက်ဆိုပါက ပို၍ အရေးကြီးပါသည်။ အစိုးရ အနေဖြင့် အဆိုပါ ဒေသများတွင် ယုံကြည်မှုနှင့် နားလည်မှု တည်ဆောက်နိုင်ရန် ရပ်ရွာလူထုနှင့် ချိတ်ဆက်ခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်စဉ်တွင် လူထုကို ပါဝင်ခွင့်ပေးခြင်းတို့ကို အားကောင်းစေရန် လုပ်ဆောင်သင့်သည်။

**တွဲဘက်အုပ်ချုပ်ရေး ရှိသည့် ဒေသများတွင် စီမံကိန်း နှင့် ဘတ်ဂျက် ဆိုင်ရာ အစီအမံများ ကို မည်ကဲ့သို့ အကောင်းဆုံး ဖန်တီးနိုင်ရန် စဉ်းစားပါ။** တွဲဘက်အုပ်ချုပ်ရေး ရှိသည့် ဒေသများ၌ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ (EAO) ကဲ့သို့ အခြား အုပ်ချုပ်ရေးအဖွဲ့များ သည်လည်း ၎င်းတို့ ကိုယ်ပိုင် ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲရန် စွမ်းရည်တည်ဆောက်မှု လိုအပ်ပါသည်။ အားလုံးပါဝင်သည့် နိုင်ငံရေးအဖြေ (political settlement) အတွက် သဘောတူညီပြီး အကောင်အထည်ဖော်ခြင်း မတိုင်ခင်ထိ အစိုးရသည် မည်ကဲ့သို့ အစီအမံများဖြင့် ပံ့ပိုးမှုပေးနိုင်ခြင်း ကိုသာ စဉ်းစားရန် လိုအပ် မည်ဖြစ်သည်။ ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ စီမံကိန်း နှင့် ဘတ်ဂျက်ရေးဆွဲခြင်း ဖြစ်စဉ်သည် အခြား အုပ်ချုပ်ရေးအဖွဲ့များ ၏ ကိုယ်ပိုင် အစီအမံများဖြင့် မည်ကဲ့သို့ ညှိနှိုင်းချိတ်ဆက် နိုင်မည်ကိုလည်း စဉ်းစားရမည် ဖြစ်သည်။

## လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ အတွက် အကြံပြုတင်ပြချက်

*ဘတ်ဂျက်နှင့် စီမံကိန်း ရေးဆွဲခြင်းဖြစ်စဉ်၌ လွှတ်တော် ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍကို အားကောင်းစေပါ။*

**ရပ်ရွာ၏ လိုအပ်ချက်များကို နားလည်သဘောပေါက်ရန်နှင့် ရပ်ရွာလူထုဖြင့် ချိတ်ဆက်မှု အားကောင်းစေရန် လွှတ်တော် ကိုယ်စားလှယ်များ ကို ပံ့ပိုးပေးပါ**

'အောက်ခြေမှ အထက်သို့' စီမံကိန်းရေးဆွဲ တင်ပြခြင်း ဖြစ်စဉ်တွင် လွှတ်တော်ကိုယ်စားလှယ်များသည် ရပ်ရွာလူထု နှင့် အစိုးရအကြား ချိတ်ဆက်မှု တစ်ခုအဖြစ် အရေးပါသော တာဝန်ကို ယူရပါသည်။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်များ ထိုသို့ ရပ်ရွာလူထုဖြင့် ထိတွေ့ဆက်ဆံခြင်း လုပ်ဆောင်ရာတွင် လွှတ်တော်ရုံးထံမှ

သို့မဟုတ် ၎င်းတို့၏ ပါတီထံမှ ပံ့ပိုးမှု အနည်းငယ်သာ ရရှိပါသည်။ ရပ်ရွာ လိုအပ်ချက်ကို နားလည် သဘောပေါက်ရန် နှင့် စီမံကိန်း အဆိုပြုလွှာ အမျိုးမျိုးကို စိစစ်နိုင်ရန် အတွက် လွှတ်တော်ကိုယ်စားလှယ်များကို ထိုက်သင့်သော ပံ့ပိုးမှုနှင့် သင်တန်းပေးရန် လိုအပ်ပါသည်။

**အစိုးရတာဝန်ခံမှု ရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များမှ လုပ်ဆောင်ရမည်။** ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ရွေးချယ်ရာ၌ လွှတ်တော်ကိုယ်စားလှယ်များ၏ လွှမ်းမိုးမှု ပိုမိုများပြားလာခြင်းကို ကောင်းမွန်သော အချက်ဟု ဆိုနိုင်ပါသည်။ ဒေသ၏ လိုအပ်ချက်နှင့်ဆန္ဒ ကို အနည်းငယ်သာသိသော သူများကို ဆုံးဖြတ်ပိုင်ခွင့် ပေးခြင်းထက် ဒေသအကြောင်းလည်း သိပြီး မဲဆန္ဒရှင်များကို တာဝန်ခံယူရမည့် သူများက ဆုံးဖြတ်ချက် ချမှတ်ခြင်းကို ဦးဆောင်လာပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ ဖော်ထုတ်ထားသည် စီမံကိန်းသည် ရပ်ရွာ၏ အရေးကြီးဆုံး လိုအပ်ချက်များကို ထည့်သွင်းနိုင်သောကြောင့် ၎င်းတို့၏ ပါဝင်မှုသည် အသုံးဝင်သည်ဟု ဌာနအရာရှိများက ဆိုပါသည်။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက်သည် ယင်းကဲ့သို့ စီမံကိန်းရေးဆွဲခြင်း ဖြစ်စဉ်တွင် ပါဝင်ရခြင်းကြောင့် ၎င်းသည် ဥပဒေပြု တာဝန် ထမ်းဆောင်မှု၊ အစိုးရ တာဝန်ခံမှု ရှိရန် လုပ်ဆောင်ရမှု နှင့် ဘတ်ဂျက်မူကြမ်းကို စစ်ဆေးရမှု တို့တွင် အားနည်းလာပြီး ဘတ်ဂျက်မူကြမ်း အတည်ပြုချက် ရရှိရန်သာ စိတ်ဝင်စား နေပါသည်။ လွှတ်တော် နှင့် လွှတ်တော်ကိုယ်စားလှယ်များမှ ဘတ်ဂျက်ကို မည်သည့်နည်းလမ်းဖြင့် အကောင်းဆုံး စိစစ်နိုင်မည်ကိုလည်း စဉ်းစားသင့်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ဌာနအရာရှိများ၏ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို ဖြည့်စွက်ထောက်ပြနိုင်သည့် အခန်းကဏ္ဍရှိရမည်။ သို့မှသာ မြို့နယ်ဦးစားပေးကဏ္ဍများကို ပုံဖော်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်မည် ဖြစ်သည်။

***ဘတ်ဂျက်ကို စိစစ်ရာတွင် လွှတ်တော်၏ ပြည်သူ့ငွေစာရင်း ကော်မတီကို အားကောင်းစေရန် လုပ်ဆောင်ပါ။***

**ပြည်သူ့ငွေစာရင်း ကော်မတီ၏ ဘတ်ဂျက်စိစစ်လေ့လာမှု စွမ်းရည် အားကောင်းစေရန် လုပ်ဆောင်ပေးပါ။** လက်ရှိအခြေအနေ၌ လုပ်ဆောင်နိုင်စွမ်း အကန့်အသတ်ရှိခြင်း၊ မူဝါဒရည်ရွယ်ချက်များကို မဟာဗျူဟာကျ စဉ်းစားရန် အားနည်းခြင်း နှင့် ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များ၏ အကျိုးသက်ရောက်မှုကို မတွက်ချက်နိုင်ခြင်း စသည့် အချက်များကြောင့် ပြည်သူ့ငွေစာရင်း ကော်မတီသည် ဘတ်ဂျက်စိစစ်လေ့လာမှု အကျဉ်းချုပ်သာ ပြုလုပ်နိုင်ပါသည်။ ပြည်သူ့ငွေစာရင်း ကော်မတီသည် မြို့နယ်အသီးသီး၏ လိုအပ်ချက်များကို စဉ်းစား၍ မျှတသော ခွဲဝေမှုများ ဖြစ်စေရန် လုပ်ဆောင်ရာ၌ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။ ပြည်သူ့ငွေစာရင်း ကော်မတီဝင်များအား ရွေးချယ်သည့် စည်းကမ်းကိုလည်း ပြန်လည်စဉ်းစားရန် လိုအပ်ပါသည်။ ပြည်နယ်တစ်ခုရှိ ပြည်သူ့ငွေစာရင်း ကော်မတီဝင် စီးပွားရေးလုပ်ငန်းရှင် တစ်ဦးသည် ၎င်း၏ စီးပွားရေးနှင့် စပ်ဆိုင်သည့် စီမံကိန်းများကို ပြန်လည်၍ စိစစ်ရပါသည်။ ယင်းဖြစ်ရပ်မှာ အကျိုးစီးပွား ပဋိပက္ခဖြစ်မှု ရှိနေကြောင်း အထောက်အထားပင် ဖြစ်သည်။ ပြည်သူ့ငွေစာရင်း ကော်မတီဝင် ရွေးချယ်ရာ၌ ရှင်းလင်းသော စည်းမျဉ်းစည်းကမ်းများ ထားရှိခြင်းဖြင့် ကော်မတီဝင် ရာထူးအသုံးပြုကာ ကိုယ်ကျိုးစီးပွား ရှာဖွေခြင်းကို လျော့ပါးစေမည် ဖြစ်သည်။

## အရပ်ဘက် အဖွဲ့အစည်းများ အတွက် အကြံပြုတင်ပြချက်များ

***ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲခြင်း ဖြစ်စဉ်၌ အရပ်ဘက် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အားကောင်းစေပါ***

**လက်ရှိ ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲခြင်း ဖြစ်စဉ် အပေါ် နားလည်မှု ရှိစေရန် လုပ်ဆောင်ပါ။** ဘတ်ဂျက်နှင့် စီမံကိန်းဆိုင်ရာ ဆုံးဖြတ်ချက် ချရန် မည်သူ့တွင် တာဝန်ရှိသည်၊ မည်ကဲ့သို့နှင့် မည်သည့်အချိန်တွင် ချမှတ်သည် တို့ကို အရပ်ဘက် အဖွဲ့အစည်းများမှ ရှင်းရှင်းလင်းလင်း နားမလည်ကြပါ။ ထို့ကြောင့် ၎င်းတို့သည် ဆုံးဖြတ်ချက် ချမှတ်ခြင်းအပေါ် လွှမ်းမိုးမှုရှိရန် အကန့်အသတ်ရှိ နိုင်ပါသည်။ ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲခြင်း ဖြစ်စဉ်ကို နားလည်ရန် အရေးကြီးကြောင်းကို အမြဲ အလေးထား ပြောကြားနေရမည် ဖြစ်သည်။ ထို့မှသာ အရပ်ဘက် အဖွဲ့အစည်းများသည် အစိုးရ၏ ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်ရန် နည်းလည်း ရှာဖွေလာကြမည် ဖြစ်ပြီး မဟာဗျူဟာကျ ထိတွေ့ချိတ်ဆက်ခြင်း လုပ်ဆောင်လာမည် ဖြစ်သည်။

**အစိုးရ၏ ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲခြင်း ဖြစ်စဉ်ကို အရပ်ဘက် အဖွဲ့အစည်းများမှ မည်ကဲ့သို့ ပံ့ပိုးနိုင်ကြောင်း နှင့် ပံ့ပိုးသင့်သည့် အကြောင်းကို အစိုးရအား အရေးဆိုပြောပြပါ။** လက်ရှိဖြစ်စဉ်များဖြင့် ရပ်ရွာ၏လိုအပ်ချက်များကို ထိရောက်စွာ ကိုယ်စားပြုနိုင်သောကြောင့် အရပ်ဘက် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုကို လိုအပ်မည်ဟု မထင်ကြောင်း အစိုးရ အဖွဲ့အစည်းများစွာက ပြောပါသည်။[၁၇၇] အရပ်ဘက် အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့၏ အခန်းကဏ္ဍနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ် ထိရောက်ရန် ၎င်းတို့ မည်ကဲ့သို့ ပါဝင်နိုင်ကြောင်းကို သက်သေပြရန် လိုအပ်မည်ဖြစ်သည်။ ယင်းသို့ လုပ်ဆောင်ရာတွင် အစိုးရ၏ ဆုံးဖြတ်ချက် အားနည်းချက်များကို အသားပေးပြောခြင်းမျိုး မလုပ်ဆောင်ပဲ အစိုးရနှင့် ယုံကြည်မှု တည်ဆောက်နိုင်မည့် နည်းလမ်းမျိုးသာ ရှာဖွေသင့်ပါသည်။

**ကိုယ်စားပြုခံရခြင်း နည်းပါးပြီး ချန်လုပ်ထားခံရသည့် အုပ်စုများ အတွက် ကိုယ်စားပြု အရေးဆိုခြင်း ဆက်လက်လုပ်ဆောင်ပါ။** လက်ရှိအချိန်တွင် အစိုးရ၏ ဆုံးဖြတ်ချက် ချမှတ်ခြင်းသည် လူ့အဖွဲ့အစည်းအတွင်းမှ ကျဉ်းမြောင်းသော အုပ်စုတစ်ခု၏ ရှုထောင့်အမြင်

နှင့် ရည်ရွယ်ချက်များကိုသာ ကိုယ်စားပြုနိုင်သည့် အခြေအနေမျိုး ဖြစ်နေသည် (ဥပမာ - ဗုဒ္ဓဘာသာ၊ ဗမာ အမျိုးသား အများစုဖြစ်သည့် နိုင်ငံရေးအရ အသာစီးရထားသူများ)။ ကိုယ်စားပြုခံရခြင်း နည်းပါး သည့် အုပ်စုများ၏ သဘောထားအမြင် နှင့် လိုအပ်ချက်များကို ထင်ဟပ်နိုင်အောင် ကြိုးစားခြင်းဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ဖြစ်စဉ် ပိုမိုကောင်းမွန်စေရန် အရပ်ဘက် အဖွဲ့အစည်းများမှ ပံ့ပိုးနိုင်ပါသည်။

## အလှူရှင်နှင့် မိတ်ဖက်အဖွဲ့အစည်းများအတွက် အကြံပြုတင်ပြချက်များ

***ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲခြင်း ဖြစ်စဉ်ကို ပံ့ပိုးရာတွင် လက်ရှိ အစိုးရ၏ လုပ်ငန်းစဉ်များ နှင့် မူဝါဒများကို အားကောင်းစေရန် လုပ်ဆောင်ရခြင်း ဖြစ်သောကြောင့် သိမ်မွေ့ညင်သာစွာ ဖြင့်လုပ်ဆောင်ရန် လိုအပ်ပါသည်။***

**လက်ရှိ ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲခြင်း ဖြစ်စဉ်ကို နားလည်သဘောပေါက် ရမည်။** မတူညီသော အစိုးရ အဆင့်နှစ်ဆင့် နှင့် အပြန်အလှန် ဆက်စပ်နေသော ဘတ်ဂျက်များ၊ မတူညီသော အုပ်ချုပ်ရေး အဆင့်ဆင့်အလိုက် နှင့် ကဏ္ဍအလိုက် တာဝန်ခွဲဝေ ထားမှု စသည့်တို့သည် ရှုပ်ထွေးသလို အပြောင်းအလဲလည်း များပါသည်။ ထို့ကြောင့် အလှူရှင်များ နှင့် မိတ်ဖက်အဖွဲ့များ အနေဖြင့် မိမိတို့ ပံ့ပိုးလိုသည့် လုပ်ငန်းစဉ် နှင့် မူဝါဒများ အကြောင်း ကို နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။ အလှူရှင်များမှ မြန်မာနိုင်ငံ၏ ဘတ်ဂျက်နှင့် စီမံကိန်း ရေးဆွဲခြင်းဖြစ်စဉ်၏ အခြေခံ အမှန်တရားကို အသိအမှတ်ပြု နားလည်ခြင်း မရှိပါက စီမံချက် အကျိုးသက်ရောက်မှုတွင် အားနည်းနိုင်ပါသည်။ မြို့နယ်အဆင့်တွင် ကိုယ်ပိုင်ဘတ်ဂျက် မရှိခြင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ အရာရှိများတွင် ဆုံးဖြတ်ချက်ချပိုင်ခွင့် အကန့်အသတ်ရှိခြင်း စသည့် အချက်တို့ကို သဘောပေါက် နားလည်ထားရမည် ဖြစ်သည်။

**လက်ရှိ ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲခြင်း ဖြစ်စဉ်၏ အားနည်းချက် များကို ဖြေရှင်းနိုင်မည့် ဆီလျော်သော စီမံကိန်း ပုံစံများ ရေးဆွဲပါ။** စီမံချက်များသည် လက်ရှိ ပကတိ အမှန်တရားကို ထင်ဟပ်ရမည် ဖြစ်ပြီး လက်ရှိ အုပ်ချုပ်ရေး အဖွဲ့အစည်းများ နှင့် လုပ်ငန်းစဉ်များ အားကောင်းစေရန် ဖြစ်နိုင်သမျှ လုပ်ဆောင်ရမည်။လက်ရှိ မြန်မာနိုင်ငံရှိ စီမံချက် အများစုသည် ဘတ်ဂျက်နှင့် စီမံကိန်း ရေးဆွဲခြင်း ဖြစ်စဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်မှု အားကောင်းရေး လုပ်ဆောင်နေ ကြပါသည်။ သို့သော်လည်း စီမံချက်တွင် အစိုးရနှင့် ချိတ်ဆက်ခြင်း အတွက် ရှင်းလင်းသော မဟာဗျူဟာ မရှိပါက၊ အကျိုးသက်ရောက်မှုတွင် အားနည်းနိုင်ပါသည်။

**အရပ်ဘက် အဖွဲ့အစည်းများကို ဆက်လက်၍ ပံ့ပိုးပေးပါ။** အစိုးရ၏ ဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်စဉ်တွင်း အရပ်ဘက်အဖွဲ့ အစည်းများ အခန်းကဏ္ဍ ခိုင်မာအားကောင်းရေး အတွက် အလှူရှင်းများ နှင့် မိတ်ဖက် အဖွဲ့အစည်းများမှ စဉ်ဆက်မပြတ် ပံ့ပိုးရန် တာဝန်ရှိပါသည်။ အရပ်ဘက် အဖွဲ့အစည်းများ နှင့် ရပ်ရွာပြည်သူများ အစိုးရဖြင့် ထိတွေ့ချိတ်ဆက်နိုင်ရန် ပံ့ပိုးပေး ရမည်။ အရပ်ဘက် အဖွဲ့အစည်းနှင့် ရပ်ရွာလူထုသည် ဆုံးဖြတ် ချက်ချမှတ်ခြင်း ဖြစ်စဉ်တွင် အဓိပ္ပာယ်ရှိစွာ ပါဝင်နိုင်ရမည် ဖြစ်ပြီး ဆုံးဖြတ်ချက် ချမှတ်ခြင်းများကိုလည်း လွှမ်းမိုးနိုင်ရမည် ဖြစ်သည်။ အကယ်၍ အစိုးရအနေဖြင့် တောင်းဆိုချက် များကို ထိရောက်စွာ တုံ့ပြန်နိုင်ခြင်း မရှိပါက အရပ်ဘက်အဖွဲ့အစည်းများ၊ ရပ်ရွာ နှင့် အစိုးရ တို့အကြား ယုံကြည်မှု နည်းပါးခြင်း ဖြစ်ပေါ်လာနိုင်သည်။ 'အဓိပ္ပာယ်ရှိစွာ ပါဝင်မှု' ဟု ပြောရာတွင် နယ်မြေဒေသ အလိုက်၊ ကဏ္ဍအလိုက် နှင့် စီမံကိန်းအလိုက် ကွာခြားနိုင်ပါသည်။ ဥပမာ- လမ်းကဏ္ဍ အတွက်ဆိုပါက လမ်းအတိုင်းအတာ ပမာဏနှင့် ဆက်စပ်ခြင်း ဖြစ်သည်။ ကျေးလက်လမ်း တည်ဆောက်မှုသည် အမြန်လမ်း တည်ဆောက်မှုထက် ရပ်ရွာ၏ ပါဝင်မှု အဆင့်ဆင့် လိုအပ်မည် ဖြစ်သည်။ အလှူရှင် နှင့် မိတ်ဖက် အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့စီမံချက် ဒေသများရှိ အရပ်ဘက်အဖွဲ့အစည်းများကို သိကျွမ်းနားလည် ထားရမည်ဖြစ်ပြီး လိုအပ်ပါက ချိတ်ဆက်မှု လုပ်ဆောင်ရပါမည်။

***စီမံချက် အကောင်အထည်ဖော်ခြင်း၏ ထိရောက်မှုကို ကောင်းစွာ ပြန်လည်သုံးသပ် အကဲဖြတ်ပါ။***

**စီမံချက်များ၏ အကျိုးသက်ရောက်မှု ကို ထိရောက်စွာ အကဲဖြတ် သုံးသပ်၍ လိုအပ်ပါက လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲပါ။** စီမံချက်များ အကောင်အထည်ဖော်နေသည့် အချိန်တွင်း အလှူရှင် နှင့် အကောင်အထည်ဖော်သည့် အဖွဲ့တို့သည် စီမံချက်မှ အပြု သဘောဆောင်သော သက်ရောက်မှုများ ရှိမရှိ ပုံမှန် အကဲဖြတ် သုံးသပ်ရမည်။ ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်နှင့် မူဝါဒများ ထွက်ပေါ်လာသည်မှာ ကြာမြင့်ခြင်း မရှိသေးသည့်အတွက် စီမံချက်များကိုလည်း လိုက်လျောညီထွေစွာ အကောင်အထည် ဖော်ရန် နှင့် လိုအပ်ပါက ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။ စီမံကိန်းများကြောင့် မရည်ရွယ်သည့် သက်ရောက်မှုများလည်း ရရှိတတ်ပါသည်။ ဥပမာ- လူထုပါဝင်သော စီမံကိန်းရေးဆွဲခြင်း ဖြစ်ရန် လုပ်ဆောင်ရာမှ ဒေသခံ အင်အားကြီးသူတစ်စုသာ လွှမ်းမိုးမှု ရရှိရန် အားပေးသလို ဖြစ်သွားတတ်သည်။ ထိရောက်သော စဉ်ဆက်မပြက် အကဲဖြတ် သုံးသပ်ခြင်း ရှိမှသာ ထိုကဲ့သို့ ဖြစ်ရပ် များကို ထုတ်ဖော် နိုင်မည် ဖြစ်သည်။

**စီမံချက်၏ အောင်မြင်မှု၊ စိန်ခေါ်မှုနှင့် သင်ယူမှုများကို အစိုးရ၊ အခြားအလှူရှင်နှင့် မိတ်ဖက်အဖွဲ့အစည်းများဖြင့် ဝေမျှပါ။** အဓိပ္ပာယ်ပြည့်ဝပြီး ကြီးမားသော အပြောင်းအလဲ ဖြစ်ပေါ်ရန်မှာ အချိန်ယူရသလို စိန်ခေါ်မှုများစွာကိုလည်း ဖြတ်သန်းရပါသည်။ အလှူရှင်များ နှင့် အကောင်အထည်ဖော်သည့် အဖွဲ့အစည်း တို့သည် စီမံချက် အကောင်အထည် ဖော်ခြင်းမှ ရရှိလာသည့် အောင်မြင်မှု နှင့် စိန်ခေါ်မှုများကို အစိုးရ အပါအဝင် အခြားသူများဖြင့် ဝေမျှရန် တာဝန် ရှိပါသည်။ ထိုမှသာ 'အလုပ်ဖြစ်သည့် နည်းလမ်းများ' ကို ဖော်ထုတ်နိုင်မည် ဖြစ်ပါသည်။

*ပဋိပက္ခသက်ရောက်မှု ခံရသည့် ဒေသများရှိ ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲခြင်း ဖြစ်စဉ်ကို ပံ့ပိုးပေးရာတွင် ပဋိပက္ခ ဖြစ်ပေါ်နိုင်မှု ရှိခြင်းကို အလေးထားသတိပြု၍ ငြိမ်းချမ်းရေး သက်သက်ကိုသာ ပံ့ပိုးခြင်း ဖြစ်စေပါ။*[၁၃၈]

**စီမံချက် ဒီဇိုင်းနှင့် အကောင်အထည်ဖော်ချက်သည် ပဋိပက္ခ ဖြစ်နိုင်မှုကို အလေးထား သတိပြုရမည်။** အလှူရှင်နှင့် မိတ်ဖက် အဖွဲ့အစည်းများမှ ရန်ပုံငွေ ပံ့ပိုးပေးသော စီမံချက်များနှင့် အစိုးရ၏ ဘတ်ဂျက် တို့သည် တင်းမာမှုများကိုလည်း ဖြစ်ပေါ်စေတတ်ကြောင်း အလှူရှင်နှင့် မိတ်ဖက်အဖွဲ့အစည်းများ သိမှတ်ထားသင့် ပါသည်။ ပဋိပက္ခ ဒဏ်ခံစားရသည့် ဒေသများတွင် စီမံချက်လုပ်ဆောင်ပါက ရပ်ရွာလူထုသည် ဖွံ့ဖြိုးရေးလုပ်ငန်း ခံစားရမည့် အကျိုးအမြတ်ကို သေချာတွက်ချက်သင့်၍ ညင်သာသိမ်မွေ့စွာ အကောင်အထည်ဖော် ရမည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့် ငြိမ်းချမ်းရေးနှင့် ယုံကြည်မှု တည်ဆောက်ခြင်းကို ဦးစားပေးသင့်သည်။ လုပ်ငန်းစီမံချက် မစတင်ခင် ဒေသတွင်းရှိ အုပ်ချုပ်ရေး အခြေအနေ၊ မည်သည့် အဖွဲ့အစည်းက တရားဝင်မှု ပိုမိုရှိသည်၊ အခြေခံ အဆောက်အအုံနှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ၏ အခြေအနေ စသည်တို့ကို ဂရုတစိုက် စိစစ်လေ့လာသင့်သည်။ အချို့သော အခြေခံ အဆောက်အအုံ တည်ဆောက်မှုများသည် တင်းမာမှုကိုပင် ပိုမို ဖြစ်ပေါ်စေသောကြောင့် ထိုသို့ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်သင့်သည်။ ရပ်ရွာ နှင့် ဆက်နွယ်ပါဝင်သူ အားလုံးတို့ဖြင့် အဓိပ္ပာယ်ရှိစွာ ဆွေးနွေးတိုင်ပင်ရမည် ဖြစ်သည်။ ဖြစ်နိုင်သမျှ စီမံချက်များတွင် အစိုးရ၊ ဒေသန္တရ အုပ်ချုပ်ရေး နှင့် ပြည်သူ့ဝန်ဆောင်မှု စနစ်များ ပူးပေါင်းဆောင်ရွက်မှုကို အားပေးရမည်။[၁၃၉] ဒေသ၏ အခြေအနေနှင့် နောက်ခံ အကြောင်းအရာ အပေါ် မူတည်၍ တရားဝင်မှုရှိသော၊ ဒေသမှ အသိအမှတ်ပြုသော နိုင်ငံရေး အင်အားစုများကို စီမံချက် ထဲတွင် ပါဝင်နိုင်ရန် ဒီဇိုင်းရေးဆွဲထား သင့်သည်။ စီမံချက်တွင် မြေပိုင်ဆိုင်မှု ကိစ္စနှင့် စပ်လျဉ်း၍ အထူးအလေးထား သတိပြုရမည် ဖြစ်ပြီး မြေယာကိစ္စကြောင့် ယင်းဒေသများတွင် တင်းမာမှုများ တိုးမြှင့်လာနိုင်သည်။

**ရှုပ်ထွေးသည့် အုပ်ချုပ်ရေးဆိုင်ရာ အစီအမံများ ရှိနေသည်ကို အသိအမှတ်ပြုပါ။ အသွင်ကူးပြောင်းမှု ဆိုင်ရာ အစီအမံများကို ပံ့ပိုးရန် လိုအပ်ပါသည်။**[၁၄၀] မြန်မာနိုင်ငံ၏ အချို့သော ဒေသများတွင် တွဲဖက် သို့မဟုတ် စပ်ကြား အုပ်ချုပ်ရေးများ ဆက်လက်၍ ရှိနေအုံးမည် ဖြစ်ပြီး ယင်းဒေသများတွင် တရားဝင်မှုလည်းရှိ အစွမ်းအစလည်း ရှိသည့် မတူညီသော အုပ်ချုပ်ရေးပုံစံများ ရှိနေမည် ဖြစ်သည်။ ထိုသို့ ဒေသများတွင် တိုင်းရင်းသား လက်နက်ကိုင်များကို ပံ့ပိုးခြင်းသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအတွက် အရေးကြီးပြီး အားနည်းချိနဲ့သော မြန်မာ့ရပ်ရွာပေါင်းများစွာ ကို အထောက်အပံ့ ဖြစ်စေမည်။ ထို့သို့ပံ့ပိုးခြင်းတွင် ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရတို့၏ ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲခြင်း ဖြစ်စဉ်က အခြား အုပ်ချုပ်ရေးပုံစံများ နှင့် အစုအဖွဲ့များ၏ အစီအမံ များကို ညှိနှိုင်းချိတ်ဆက်နိုင်ရန် နှင့် အားပေးထောက်ပံ့နိုင်ရန် ပံ့ပိုးခြင်းလည်း ပါဝင်ပါသည်။

# နောက်ဆက်တွဲ - က
## သုတေသနအတွက် တွေ့ဆုံမေးမြန်းမှုများနှင့် မူဝါဒရေးရာ ဆွေးနွေးပွဲများ လုပ်ဆောင်ခဲ့မှု


### တွေ့ဆုံမေးမြန်းမှုများ

| ပြည်နယ်/ တိုင်းဒေသကြီး | နေ့စွဲ | အင်တာဗျူး | တွေ့ဆုံခဲ့သည့် လူဦးရေ | | | | |
|---|---|---|---|---|---|---|---|
| | | | ပြည်နယ်/ တိုင်းဒေသကြီး အစိုးရ | ပြည်နယ်/ တိုင်းဒေသကြီး လွှတ်တော်[၁၄၁] | ဌာနဆိုင်ရာ အရာရှိများ | ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ[၁၄၂] | အခြား [၁၄၃] |
| ကရင် | ဇန်နဝါရီ ၂၀၁၉ | ၂၇ | ၄ | ၅ | ၂၆ | ၂ | ၃ |
| ရခိုင် | ဖေဖော်ဝါရီ ၂၀၁၉ | ၃၅ | ၃ | ၅ | ၄၂ | ၁၁ | ၄ |
| ချင်း | ဖေဖော်ဝါရီ - မတ် ၂၀၁၉ | ၈ | ၃ | ၃ | ၃၃ | ၄ | ၀ |
| ရန်ကုန် | ဖေဖော်ဝါရီ - ဧပြီ ၂၀၁၉ | ၆ | | | 2 | | ၁၄ |
| နေပြည်တော် | ဧပြီ ၂၀၁၉ | ၁၁ | | | ၂၈ | | |
| စုစုပေါင်း | | ၁၉၂ ဦး | ၁၀ | ၁၃ | ၁၃၁ | ၁၇ | ၂၁ |

### မူဝါဒရေးရာ ဆွေးနွေးပွဲများ


| ပြည်နယ်/ တိုင်းဒေသကြီး | နေ့စွဲ | မူဝါဒရေးရာ ဆွေးနွေးပွဲများ | ပါဝင်သူဦးရေ | | | |
|---|---|---|---|---|---|---|
| | | | ပြည်နယ်/ တိုင်းဒေသကြီး အစိုးရ | ပြည်နယ်/ တိုင်းဒေသကြီး လွှတ်တော် | ဌာနဆိုင်ရာ အရာရှိများ | ရပ်/ကျေး အုပ်ချုပ် ရေးမှူးများ |
| ကရင် | ဇန်နဝါရီ ၂၀၁၉ | ၁ | ၂ | ၃ | ၂၄ | ၈ |
| ရခိုင် | ဖေဖော်ဝါရီ ၂၀၁၉ | ၁ | ၂ | ၀ | ၄၂ | ၁၀ |
| ချင်း | ဖေဖော်ဝါရီ ၂၀၁၉ | ၁ | ၁ | ၂ | ၃၂ | ၁ |
| စုစုပေါင်း | | ၁၂၇ ဦး | ၅ | ၅ | ၉၈ | ၁၉ |

# နောက်ဆက်တွဲ - ခ
# ကျေးလက်လမ်းကွန်ရက် ဥပမာတစ်ခု။ မတူပီ၊ ချင်းပြည်နယ်



# နောက်ဆက်တွဲ - ဂ
# လျှပ်စစ်ဓါတ်အား စီမံကိန်းများ - ချင်းပြည်နယ်

ချင်းပြည်နယ် အတွင်း လက်ရှိလျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားရှိမှု အခြေအနေနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းများ



# အခန်းဆုံးမှတ်စု

1/ အဆိုပါ ကြိုးပမ်းမှုများတွင် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု မဟာဗျူဟာသစ်တစ်ရပ်ကို ဖန်တီးခြင်းနှင့် နှစ်ဘတ် ဘဏ္ဍာရေး မူဘောင် (MTFF) ဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းတို့ ပါဝင်ပြီး ယခုအခါ ပြည်ထောင်စု အစိုးရသည် အဆိုပါ ဆောင်ရွက်ချက်များမှ တစ်ဆင့် နိုင်ငံတကာမှ အကောင်ဆုံး ကျင့်ထုံးများကို အခြေခံထားသည့် စည်းမျဉ်း အခြေပြု ဘဏ္ဍာငွေ ထောက်ပံ့ရေး ပုံစံသို့ ဦးတည်လျက်ရှိသည်။

2/ Batcheler ၂၀၁၈။

3/ Ibid.

4/ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အမိက သတင်းအချက်အလက်ပေးသူနှင့် လူတွေ့မေးမြန်းချက်၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ။

5/ International Budget Partnership (n.d.).

6/ Batcheler ၂၀၁၈။

7/ သုတေသနကို ချင်းပြည်နယ်ရှိ ဟားခါး၊ မတူပီနှင့် တွန်းဇံ မြို့နယ်များ၊ ကရင်ပြည်နယ်ရှိ လှိုင်းဘွဲ့၊ ဘားအံနှင့် ကော့ကရိတ်မြို့နယ်များ၊ ရခိုင်ပြည်နယ်ရှိ ဂွ၊ ပုဏ္ဏားကျွန်း၊ စစ်တွေနှင့် သံတွဲမြို့နယ်များတွင် ပြုလုပ်ခဲ့ပါသည်။

8/ DRRD ကို ၂၀၁၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကျေးလက်လမ်းများနှင့် ပတ်သက်သည့် တာဝန်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ DRD မှနေ၍ ဆောက်လုပ်ရေး ဝန်ကြီးဌာနလက်အောက်တွင် အသစ်ဖွဲ့စည်းလိုက်သည့် အဆိုပါ ဦးစီးဌာနထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

9/ လွှတ်တော်ဟူသည်မှာ ကောင်စီ သို့မဟုတ် အစည်းအဝေးကို ဆိုလိုသည်။ သမိုင်းအစဉ်အလာအားဖြင့် ဝန်ကြီးများပါဝင်သည့် ကောင်စီတစ်ရပ်ကို ဆိုလိုပြီး ယခုအခါ ယင်းဝေါဟာရသည် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်များမှ ဥပဒေပြု အဖွဲ့အစည်းများကို ရည်ညွှန်းသည်။ ပြည်ထောင်စု လွှတ်တော် သို့မဟုတ် ပြည်ထောင်စုအဆင့် ဥပဒေပြုရေး အဖွဲ့အစည်းသည် အထက်နှင့် အောက် လွှတ်တော်များကို ပေါင်းစည်းထားခြင်းဖြစ်သည်။ ပြည်သူ့လွှတ်တော်သည် ပြည်ထောင်စု လွှတ်တော်၏ အောက်လွှတ်တော်ဖြစ်ပြီး၊ အမျိုးသားလွှတ်တော် သို့မဟုတ် တိုင်းရင်းသား လူမျိုးများ လွှတ်တော်သည် ပြည်ထောင်စု လွှတ်တော်၏ အထက်လွှတ်တော် ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များမှာမူ ပြည်နယ်/တိုင်းဒေသကြီး ပါလီမန်များကို ဖြစ်ကြသည်။

10/ မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးများ အုပ်ချုပ်ရေးနှင့် ပတ်သက်သည့် အာရှဖောင်ဒေးရှင်း၏ အစီရင်ခံစာ ကတ်တလောက် အပြည့်အစုံကို ဖော်ပြပါ လင့်တွင် တွေ့နိုင်ပါသည်။ https://asiafoundation.org./tag/myanmar-governance-discussion-paper-series/.

11/ Burke နှင့် အခြားသူများ ၂၀၁၇။

12/ Jolliffe ၂၀၁၅။

13/ South နှင့် အခြားသူများ ၂၀၁၈။

14/ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ မြန်မာနိုင်ငံတော် အစိုးရ ဖွဲ့စည်းပုံဆိုင်ရာ အသေးစိတ် ရှင်းလင်းချက်ကို ခေါင်းစဉ်ခွဲ ၂.၁၊ Batcheler ၂၀၁၈ တို့တွင် ဖတ်ရှုနိုင်ပါသည်။

15/ မြန်မာနိုင်ငံ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းပုံ အသေးစိတ် ရှင်းလင်းချက်ကို ခေါင်းစဉ်ခွဲ ၂.၂၊ Batcheler ၂၀၁၈ တို့တွင် ဖတ်ရှုနိုင်ပါသည်။

16/ နိုဝင်ဘာလမှ မေလအထိ ခြောက်သွေ့သောလများတွင် ဝယ်ယူရေးနှင့် အခြေခံအဆောက်အအုံ ဘတ်ဂျက်ရေးဆွဲရေးတို့ကို ချောမွေ့စွာ ဆောင်ရွက်နိုင်စေရန် ဤအပြောင်းအလဲကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိ စီစဉ်ပြောင်းလဲမှုများအရ ဘတ်ဂျက်နှစ်တစ်ခုမှ တစ်ခုသို့ ပြောင်းလဲသည့်အတွက် ခြောက်သွေ့ရာသီမှာ တိုတောင်းသွားသည်။ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ အထိ ကြားကာလအတွက် ခြောက်လစာ ဘတ်ဂျက်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၀၁၈/၁၉ ဘဏ္ဍာနှစ် မတိုင်မီအထိ ပေးထားသည်။

17/ ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်း ဥပဒေများတွင် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်နှင့် ပြည်ထောင်စုဘတ်ဂျက်မှ ရင်းနှီးမြှုပ်နှံမှုများကို အသေးစိတ် ဖော်ပြထားသည်။

18/ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား ၂ ကို ၂၀၁၅ ခုနှစ် ဥပဒေပြင်ဆင်ချက်ဖြင့် ချဲ့ထွင်ပေးခဲ့သည်။ နောက်ဆက်တွဲ ဃ၊ Batcheler ၂၀၁၈ တွင် တရားဝင် မဟုတ်သည့် ဘာသာပြန်ဆိုချက်ကို ဖတ်ရှုနိုင်ပါသည်။

19/ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၁၆/၂၀၁၀။

20/ ပြည်ထောင်စု လွှတ်တော် ဥပဒေ အမှတ် ၁၄/၂၀၁၄

21/ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေဟု အမည်ပေးထားသည့် ပြည်ထောင်စု ဥပဒေ မူကြမ်း (အမှတ်စဉ်မပါ)/၂၀၁၉။ ဥပဒေ မူကြမ်းကို မြန်မာဘာသာဖြင့် ဤတွင် ဖတ်ရှုနိုင်ပါသည်။ https://pyidaungsu.hluttaw.mm/uploads/pdf/R8KPAZ_2018.12.27%20Rural%20Draft%20PyidaungsuHluttaw.pdf

22/ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာ ၃၅/၂၀၁၇။

23/ စည်းမျဉ်းပါ အခန်း ၇ တွင် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ပြည်နယ်/တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးအပ်မှုများ အကြောင်းကို အသေးစိတ် တင်ပြထားသည်။ နှစ်စဉ် လိုငွေဖြည့်လွှဲပြောင်းထောက်ပံ့ငွေ သို့မဟုတ် ယေဘုယျ လွှဲပြောင်းထောက်ပံ့ငွေ သည် ပြည်ထောင်စု အစိုးရမှ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသို့ မဖြစ်မနေ ပေးအပ်ရသည့် ဘဏ္ဍာငွေ လွှဲပြောင်းမှုဖြစ်ပြီး ပြည်နယ်/တိုင်းဒေသကြီး အစိုးရ၏ ရငွေ အများစုကို အပြောင်းအလဲ ဖြစ်စေနိုင်သည်။ ဘဏ္ဍာနှစ် ၂၀၁၇/၁၈ တွင် လိုငွေဖြည့် လွှဲပြောင်းထောက်ပံ့ငွေသည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရ ရငွေ၏ ၆၉ ရာခိုင်နှုန်းနှင့် ညီမျှသည်။

24/ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတရုံး (၂၀၁၆က). အမိန့် ၁၁/၂၀၁၆။

25/ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတရုံး (၂၀၁၆ခ). အမိန့် ၁၂/ ၂၀၁၆။

26/ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတရုံး (၂၀၁၆ဂ). အမိန့် ၁၃/ ၂၀၁၆။

27/ ပြည်နယ်/တိုင်းဒေသကြီး အများစုတွင် ဤနေရာ၌ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဖြစ်သည်။

28/ စီမံကိန်းများကို မြန်မာကျပ်ငွေ ငါးသန်းအထိသာ ခွင့်ပြုပေးထားသည်။

29/ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၄၊ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေ။

30/ အမိန့် ၈၂၊ ၈၆/၂၀၁၃ နှင့် အမိန့်ကြော်ငြာစာ ၉၂/၂၀၁၄

31/ ကြည်ပြာချစ်စော နှင့် Arnold ၂၀၁၄၊ ၃၅။

32/ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်, နိုင်ငံတော် သမ္မတရုံး ၂၀၁၃၊ အမိန့်ကြော်ငြာစာ ၂၇/၂၀၁၃။

33/ UNDP Myanmar ၂၀၁၅က။

34/ UNDP Myanmar ၂၀၁၅ခ။

35/ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်, နိုင်ငံတော် သမ္မတရုံး ၂၀၁၆ဃ။ အမိန့် ၃၇/၂၀၁၆။

36/ ကော်မတီအဖွဲ့ဝင်များသည် ပြည်ခိုင်ဖြိုးပါတီအပေါ် သစ္စာခံသည်ဟု ယူဆသည့်အတွက် ပြည်ခိုင်ဖြိုး၏ ဩဇာကို ဖယ်ရှားရန်အလို့ငှာ ကော်မတီများကို ဖျက်သိမ်းပစ်သည်ဟူသော ထင်မြင်ချက်များလည်း ရှိသည်။

37/ ကော်မတီများကို ပြည်သူ့အဖွဲ့ဝင်လေးမျိုးဖြင့် ဖွဲ့စည်းထားပြီး ၎င်းတို့မှာ ဥက္ကဋ္ဌ၊ မြူနီစီပယ် နယ်နိမိတ်အတွင်း နေထိုင်ကြသည့် ပြည်သူများမှ ရွေးကောက်တင်မြှောက်သည့် ပြည်သူ့ ကိုယ်စားလှယ်များ၊ အခြားသော ပြည်သူ့ ကိုယ်စားလှယ်များ (အများအားဖြင့် စီးပွားရေး လုပ်ငန်းရှင် သို့တည်းမဟုတ် အင်ဂျင်နီယာနှင့် မြူနီစီပယ် အတွေ့အကြုံရှိသူ တစ်ဦး) နှင့် စည်ပင်မှ အမှုဆောင် အရာရှိနှင့် ထွေအုပ်မှ ဒု-အုပ်ချုပ်ရေးမှူးတို့ အပါအဝင် အစိုးရ ဝန်ထမ်းသုံးဦး။

38/ Arnold နှင့် အခြားသူများ ၂၀၁၅။

39/ New Myanmar Foundation ၂၀၀၈။

40/ UNDP Myanmar ၂၀၁၅ခ။

41/ ပိုမို၍ အသေးစိတ် သိရှိလိုပါက Robertson ၊ Joelene နှင့် Dunn ၂၀၁၅ ကို ရှု။

42/ CDF လက်အောက်ရှိ စီမံကိန်းများထက်ကြီးမားသော စီမံကိန်းများကို PRF မှ ဘဏ္ဍာငွေ ထောက်ပံ့နိုင်သည်။ PRF လက်အောက်တွင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ ဘဏ္ဍာရန်ပုံငွေ ခွဲဝေပုံမှာ ကွာခြားသည်။ အချို့သော ပြည်နယ်များ/တိုင်းဒေသကြီးများတွင် ကျေးလက်ဒေသ မြို့နယ်များသာ ဘဏ္ဍာငွေ ရရှိပြီး အခြားတွင်မူ ရန်ပုံငွေ ခွဲဝေမှုများတွင် ဖော်မြူလာတစ်ရပ်ကို အသုံးပြုပြီး၊ နောက်ထပ် အခြားသော ပြည်နယ်များ/တိုင်းဒေသကြီးများတွင်မူ မည်သည့်ဒေသများတွင် ရန်ပုံငွေ အလိုအပ်ဆုံး ဖြစ်သည်ကို အရာရှိများမှ ဆုံးဖြတ်ပေးသည်။

43/ UNDP Myanmar ၂၀၁၅ခ။

44/ ယခင်ကမူ မည်သည့် ရွေးကောက်ပွဲမှ ကျင်းပခြင်းမရှိဘဲ ထွေအုပ်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများမှ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများကို တိုက်ရိုက် ခန့်အပ်တာဝန်ပေးသည်။

45/ လက်ရှိစနစ်တွင် အိမ်ထောင်စုတစ်ခုချင်းစီရှိ ကိုယ်စားလှယ်များမှနေ၍ ဆယ်အိမ်မှူးများကို ရွေးကောက် တင်မြှောက်သည်။ ထို့နောက် အိမ်ထောင်စု ကိုယ်စားလှယ်များသည် ဆယ်အိမ်မှူးများအနက်မှပြန်၍ ရာအိမ်မှူးတစ်ဦးကို ရွေးကောက်တင်မြှောက်သည်။ အကယ်၍ ရွေးကောက်ခံ ရာအိမ်မှူး တစ်ဦးတည်းသာ ရှိပါက ၎င်းအနေဖြင့် အလိုလျောက် ရပ်/ကျေး အုပ်ချုပ်ရေးမှူးရာထူးကို ရရှိသည်။ ရာအိမ်မှူးများစွာ ဝင်ရောက်အရွေးခံပါက အိမ်ထောင်စု ကိုယ်စားလှယ်များမှ တစ်ဖန်ပြန်၍ ရပ်/ကျေး အုပ်ချုပ်ရေးမှူး တစ်ဦးကို မဲပေးရွေးချယ်သည်။ မြို့နယ်အုပ်ချုပ်ရေးမှူးမှ ခန့်အပ်သည့် ရပ်မိရပ်ဖ ငါးဦးဖြင့် ဖွဲ့စည်းထားသည့် ကြီးကြပ်ရေး ဘုတ်အဖွဲ့များ အဆိုပါ လုပ်ငန်းစဉ်ကို ကြပ်မတ်သည်။

46/ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ၂၀၁၈က။

47/ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ၂၀၁၈ခ။

48/ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ၂၀၁၈ခ၊ ၁၇ဃ။

49/ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ၂၀၁၈ခ၊ ၁၉ခ။

50/ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန ၂၀၁၆။

51/ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန ၂၀၁၆၊ ၄။

52/ Ibid.

53/ ပညာရေး ဝန်ကြီးဌာန ၂၀၁၆။

54/ ခေါင်းစဉ်ခွဲ ၁.၂.၅.၊ ပညာရေး ဝန်ကြီးဌာန ၂၀၁၆ တွင်ရှု။

55/ ပညာရေး ဝန်ကြီးဌာန ၂၀၁၆၊ ၅၆။

56/ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၁၇။

57/ လမ်းဦးစီးဌာန ၂၀၁၆။

58/ ၂၀၁၇ ခုနှစ်တွင် ကျေးလက်လမ်းကဏ္ဍနှင့် သက်ဆိုင်သည့် တာဝန်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ DRD မှနေ၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန လက်အောက်တွင် အသစ်ဖွဲ့စည်းလိုက်သည့် DRRD သို့ လွှဲပြောင်းပေးအပ်လိုက်သည်။

59/ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၁၇၊ ၂။

60/ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၁၇။

61/ ဤတွင် သတိပြုရန် အရေးကြီးသည်မှာ အစိုးရစာရင်းပါ ကျေးရွာများသာ မဟာဗျူဟာတွင် ပါဝင်ခွင့်ရကြခြင်း ဖြစ်သည်။ သို့ဖြစ်ရာ အဆိုပါ စာရင်းမပေါက်သော ကျေးရွာများသည် ဝေးလံခေါင်သီပြီး ပဋိပက္ခဒဏ်ခံရသော ဒေသများတွင် အများဆုံး တည်ရှိနေသည့်အတွက် ယင်းတွင်နေထိုင်ကြသူများအတွက် ကြီးလေးသော အကျိုးဆက်များဖြစ်ပေါ်စေသည်။

62/ သတိပြုရန် အရေးကြီးသည်မှာ အစိုးရ၏ ကျေးလက်လမ်း မဟာဗျူဟာတွင် ကျေးရွာများသို့ သွားသည့် လမ်းများကိုချဲ့ထွင်ရေးကိုသာ အလေးထားဆောင်ရွက်ခြင်းဖြစ်ပြီး ရွာတွင်းရှိလမ်းများ မပါဝင်ချေ။

63/ အဆိုပါ မူဝါဒကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် အမျိုးသားစွမ်းအင်ပင်မစီမံကိန်းတွင် ထည့်သွင်းဖော်ပြထားသည်။ မြန်မာ့ စွမ်းအင်နှင့် လျှပ်စစ်ဓါတ်အားပေးဝေရေး မူဝါဒနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပိုမိုသိရှိလိုပါက du Pont ၂၀၁၉ တွင် ကြည့်ပါ။

64/ Du Pont ၂၀၁၉။

65/ Du Pont ၂၀၁၉။

66/ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ ၂၀၁၆။

67/ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ ၂၀၁၆၊ ၈။

68/ မြို့နယ်အဆင့်ဟူသည်မှာ မြို့နယ်ဦးစီးဌာနအရာရှိများ၊ ၎င်းတို့အချင်းချင်းကြား သာမက ၎င်းတို့နှင့် ရပ်ရွာအစုအဖွဲ့များ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်များမှ အခြားသော အရာရှိများ ပူးပေါင်းမှုနှင့် ညှိနှိုင်းဆောင်ရွက်မှုကို ရည်ညွှန်းပါသည်။

69/ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရဘတ်ဂျက်များပါ ပြဋ္ဌာန်းချက် ထွက်ပေါ်ပြီးသည့်နောက်တွင် "မြို့နယ်စီမံကိန်း" ဟူသော စာတမ်းတစ်စောင်ကို စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ ရေးဆွဲပြီး ဖော်ပြပါ ဘတ်ဂျက်နှစ်မျိုးလုံးနှင့် သက်ဆိုင်သည့် ဦးစီးဌာနများအားလုံး အတွက် ငွေလုံးငွေရင်းအသုံးစရိတ်များအားလုံးကို ပေါင်းစပ်ထည့်သွင်းပြထားသည်။

70/ ရန်ပုံငွေ၏ ရည်ရွယ်ချက်မှာ ရပ်ရွာတွင်းနေထိုင်ကြသူများအတွက် စွန့်ဦးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးအတွက် ချေးငွေများ ထုတ်ပေးရန် ဖြစ်သည်။ ချေးငွေမှ ပြန်လည်ရရှိလာသည့်ငွေများကိုမူ ဒေသခံ ရပ်ရွာပြည်သူများအတွက် ပြန်လည်၍ ရင်းနှီးမြှုပ်နှံပေးသည်။ ပိုမို၍ အသေးစိတ် သိရှိလိုပါက Robertson ၊ Joelene နှင့် Dunn ၂၀၁၅ ကို ရှု။

71/ ERLIP aims to support participating villages in three townships to increase incomes and reduce poverty by helping communities to identify, prioritize and plan their development needs and produce plans. It provides block grants to construct or improve priority infrastructure and implement initiatives to improve livelihoods. https://www.cardno.com/projects/enhancing-rural-livelihoods-and-incomes-project-erlip/

72/ http://vdp.drdmyanmar.org/en/about-vdp

73/ https://www.lift-fund.org/news/village-development-planning-workshop

74/ VDP နှင့် ပတ်သက်၍ သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက မြန်မာနိုင်ငံ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်း လုပ်ငန်းစဉ် ပါ လမ်းညွှန်ချက်များ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၅က) နှင့် မြန်မာနိုင်ငံ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးလက်စွဲ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၅ခ) တို့တွင် ဖတ်ရှုနိုင်ပါသည်။

75/ TRDSP နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ပိုမိုသိရှိလိုပါက မြန်မာနိုင်ငံ မြို့နယ်အဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး နည်းဗျူဟာနှင့် အစီအစဉ် (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇) တွင်ကြည့်ပါ။

76/ မြို့နယ်ပညာရေးမှူးများနှင့် လူတွေ့မေးမြန်းချက်များ။

77/ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများထံမှလာသည့် အဆိုပြုလွှာများတွင် ဖော်ပြပါ သတင်းအချက်အလက်များ ပါရှိရပါမည်။ ၁) ကျေးရွာ သို့ ရပ်ကွက် အမည်၊ ၂) အဆိုပြုမည့် လုပ်ငန်းစဉ်၊ ၃) လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်၊ ၄) အဆင့် (ရပ်/ကျေးအုပ်ချုပ်ရေးမှူးတင်ပြထားသည့် အခြားသော အဆိုပြုလွှာများနှင့် နှိုင်းယှဉ်ချက်)၊ ၅) ကုန်ကျစရိတ် (သက်ဆိုင်ရာ ဦးစီးဌာနမှ ဖြည့်ပေးရန်)၊ ၆) ဘတ်ဂျက်၊ ဆိုလိုသည်မှာ ပြည်နယ်/ တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စု ဘတ်ဂျက်များအနက် မည်သူ ငွေထောက်ပံ့မည်နည်းဟူသောကိစ္စ နှင့် ၇) အခြားသော မှတ်ချက် သို့ ဖြည့်စွက်ပြောလိုသောအချက်။

78/ မြို့နယ်အရာရှိများနှင့် လူတွေ့မေးမြန်းချက်များ။

79/ ပြည်ထောင်စုလွှတ်တော် ၂၀၁၉။

80/ The Ananda ၂၀၁၉။

81/ မြို့နယ်အရာရှိများနှင့် လူတွေ့မေးမြန်းချက်များ။

82/ Van Zyl ၂၀၁၀။

83/ အသေးစိတ် ပိုမိုသိရှိလိုပါက Batcheler ၂၀၁၈ တွင်ရှု။

84/ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် လူတွေ့မေးမြန်းချက်များ။

85/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် လူတွေ့မေးမြန်းချက်။

86/ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ရပ်/ကျေးအုပ်ချုပ်ရေးမှူး ၁၆,၈၂၉ ဦးအနက် အမျိုးသမီး ၁၀၉ ဦးသာ ပါဝင်သည်။ မထုတ်ပြန်ထားသော ထွေအုပ် ဒေတာများ။

87/ မြို့နယ်အရာရှိများနှင့် လူတွေ့မေးမြန်းချက်များ။

88/ အာရှဖောင်ဒေးရှင်း ၂၀၁၄။

89/ အာရှဖောင်ဒေးရှင်း ၂၀၁၈။

90/ MyJustice ၂၀၁၈။

91/ MDR နှင့် Kempel ၂၀၁၂။

92/ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် လူတွေ့မေးမြန်းချက်များ။

93/ A4EA (ထွက်ရှိရန်).

94/ Hossain နှင့် အခြားသူများ ၂၀၁၈။

95/ South နှင့် အခြားသူများ ၂၀၁၈။

96/ Ibid.

97/ မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များရှိ အစိုးရအရာရှိများနှင့် လူတွေ့မေးမြန်းချက်များ။

98/ မြို့နယ် DRD အရာရှိများနှင့် လူတွေ့မေးမြန်းချက်များ။

99/ အဆိုပြုလွှာပါ ပမာဏကို မူတည်၍ ရပ်ရွာအစုအဖွဲ့များမှ ပေးရသည့် ပမာဏမှာလည်း ကွာခြားသည်။

100/ မြို့နယ်ပညာရေးမှူးများနှင့် လူတွေ့မေးမြန်းချက်များ။

101/ DPIC အဖွဲ့ဝင်များ၊ ခရိုင်အဆင့်အရာရှိများနှင့် လူတွေ့မေးမြန်းချက်များ။

102/ စုစုပေါင်း ရရှိနိုင်သည့် ပမာဏအနက် ၆၀ ရာခိုင်နှုန်းသော မြို့နယ်ရန်ပုံငွေ ခွဲဝေမှုကို ပုံသေပြုလုပ်သည် (ဆိုလိုသည်မှာ မြို့နယ်များအားလုံး တသမတ်တည်း ရရှိခြင်းဖြစ်သည်)၊ ၁၅ ရာခိုင်နှုန်းကိုမူ လူဦးရေအရ ခွဲဝေမှုပြုသည်၊ ၁၀ ရာခိုင်နှုန်းကိုမူ ကျေးလက်ဒေသ လမ်းလိုအပ်ချက်အရ ခွဲဝေပြီး၊ ၁၀ ရာခိုင်နှုန်းကိုမူ ကျေးလက်ဒေသ တံတားလိုအပ်ချက်အရခွဲဝေကာ၊ ၅ ရာခိုင်နှုန်းကိုမူ မြို့နယ်၏ ဧရိယာကိုလိုက်၍ ခွဲဝေသည်။ ဖော်မြူလာ၏ လူတစ်ဦးချင်းစီအလိုက် ခွဲဝေမှု ရလဒ်များကို စီစဉ်ပြရသော် ပဲခူးမြို့နယ်အတွက် ၅,၆၅၇ ကျပ်မှ ဇီးကုန်းမြို့နယ်အတွက် ၂၂,၉၆၁ ကျပ်အထိ ရှိသည်။ ပုံသေခွဲဝေမှု ပမာဏရှိသည့်အတွက် မြို့နယ်များ၏ စုစုပေါင်း ခွဲဝေရရှိမှုမှာ အလွန်တရာ ဆင်တူလျက်ရှိသည်ဖြစ်ရာ အမြဲတစေ မမျှတသော်လည်း တသမတ်တည်းဖြစ်သည့် အရင်းမြစ် "အညီအမျှ" ခွဲဝေခြင်း၏ ဘက်လိုက်မှုကို ထင်ဟပ်လျက်ရှိသည်။

103/ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ ၂၀၁၈က။

104/ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ ၂၀၁၈ခ။

105/ South နှင့် အခြားသူများ ၂၀၁၈။

106/ ငြိမ်းငြိမ်း ၂၀၁၈။

107/ ဘတ်ဂျက် အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် ပြဿနာများကို ဖြေရှင်းသည့်အနေဖြင့် အဆိုပါ ညွှန်ကြားချက်များကို ထုတ်ပြန်ထားခြင်းဖြစ်သည်။ အစိုးရဘတ်ဂျက်မှ ဘဏ္ဍာငွေ အထောက်အပံ့ရရှိသော်လည်း မြေမရှိသည့်အတွက် စီမံကိန်းများ အကောင်အထည်မဖော်နိုင်သော ဖြစ်ရပ်များ ရှိခဲ့သည်။

108/ ဖော်မြူလာတွင် ဖော်ပြပါ စံနှုန်းများ ပါဝင်ပြီး အကုန်လုံးကို ညီတူညီမျှ ချိန်ဆထားပါသည်။ ၎င်းတို့မှာ ၂၀၁၄ ခုနှစ် နိုင်ငံလုံးကျွတ် သန်းခေါင်စာရင်းအပေါ် အခြေခံသည့် ပြည်နယ်/တိုင်းဒေသကြီး လူဦးရေ၊ ၂၀၀၉/၁၀ ခုနှစ် မြန်မာနိုင်ငံအိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်းကို အခြေခံသည့် ပြည်နယ်/တိုင်းဒေသကြီး ဆင်းရဲမှုညွှန်းကိန်း၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၏ ခန့်မှန်းချက်များကို အခြေခံသည့် ပြည်နယ်/တိုင်းဒေသကြီး လူတစ်ဦးချင်း၏ ပျမ်းမျှအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (per capita GDP)၊ ၂၀၁၄ ခုနှစ် နိုင်ငံလုံးကျွတ် သန်းခေါင်စာရင်းအပေါ် အခြေခံသည့် ပြည်နယ်/တိုင်းဒေသကြီး မြေဧရိယာ အကျယ်အဝန်း၊ ၂၀၁၄ ခုနှစ် နိုင်ငံလုံးကျွတ် သန်းခေါင်စာရင်းအပေါ် အခြေခံသည့် ပြည်နယ်/တိုင်းဒေသကြီး စုစုပေါင်း လူဦးရေအနက် မြို့နေလူဦးရေ ရာခိုင်နှုန်း၊ ယခင် ဘဏ္ဍာရေးနှစ်အတွင်း အမှန်တကယ် ကောက်ခံရရှိသည့် အခွန်ဝင်ငွေပေါ် အခြေခံသည့် လူတစ်ဦးချင်းစီအလိုက် အခွန်ကောက်ခံရရှိမှု တို့ ဖြစ်ကြပါသည်။ ဖော်မြူလာ၏ လက်တွေ့အသုံးပြုပုံနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက (ဆက်လက်ထုတ်ဝေမည့်) Shotton တွင် ကြည့်ပါ။

109/ နှစ်လတ် ဘဏ္ဍာရေး မူဘောင် (MTFF)၊ ပြည်ထောင်စု အစိုးရသည် နိုင်ငံတကာမှ အကောင်းဆုံး ကျင့်ထုံးများကို အခြေခံထားသည့် "စည်းမျဉ်း အခြေပြု" ဘဏ္ဍာငွေ ထောက်ပံ့ရေး ပုံစံသို့ ဦးတည်ပြောင်းလဲလျက်ရှိသည်။ ဘဏ္ဍာရန်ပုံငွေ လွှဲပြောင်းထောက်ပံ့သည့် လုပ်ထုံးလုပ်နည်းကိုလည်း MTFF ပြုပြင်ပြောင်းလဲမှုများ၏ အစိတ်အပိုင်းအနေဖြင့် ပြောင်းလဲခဲ့ပါသည်။ ၂၀၁၅/၁၆ ခုနှစ်မှ စတင်၍ ပြည်နယ်များနှင့် တိုင်းဒေသကြီးများသို့ ရန်ပုံငွေ ခွဲဝေပေးအပ်မှုများကို စည်းမျဉ်းအခြေခံဖြင့် ပြုလုပ်ခဲ့ပြီး ဖော်မြူလာတစ်ရပ်ကို အသုံးပြု၍ အရင်းမြစ်များ ခွဲဝေမှုကို ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

110/ ပြည်နယ် ဘတ်ဂျက်ဦးစီးဌာန အကြီးအကဲနှင့် အစည်းအဝေး။

111/ Batcheler ၂၀၁၈။

112/ Ibid.

113/ ဤပြည်နယ်တွင် ဌာနဆိုင်ရာ ရန်ပုံငွေ ခွဲဝေမှုများနှင့် ပတ်သက်၍ သဘောတူညီမှု ပြုလုပ်ပြီးဖြစ်ကြောင်းကိုလည်းကောင်း၊ လာမည့်နှစ်အတွင်း လက်ခံရရှိမည့် ပမာဏကို ဌာနတစ်ခုချင်းစီအား အကြောင်းကြားထားပြီး ဖြစ်သည့်အကြောင်းကိုလည်းကောင်း ဘတ်ဂျက်ဦးစီးဌာန မသိရှိပေ။

114/ Stotsky ၂၀၁၆။

115/ ပြည်နယ်ဝန်ကြီးနှင့် လူတွေ့မေးမြန်းချက်။

116/ ပြည်နယ်ဝန်ကြီးနှင့် လူတွေ့မေးမြန်းချက်။

117/ Batcheler ၂၀၁၈။
118/ လွှတ်တော်အမတ်များနှင့် လူတွေ့မေးမြန်းချက်။
119/ စီမံကိန်း ရေးဆွဲရေး ဦးစီးဌာနအရာရှိများနှင့် လူတွေ့မေးမြန်းချက်။
120/ နော်ဘတ်တီဟန် ၂၀၁၈။
121/ ပြည်ထောင်စုအဆင့် အရာရှိများနှင့် လူတွေ့မေးမြန်းချက်များ။
122/ ပြည်ထောင်စုအဆင့် အရာရှိများနှင့် လူတွေ့မေးမြန်းချက်။
123/ Ibid.
124/ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ PAC အဖွဲ့ဝင်များနှင့် လူတွေ့မေးမြန်းချက်များ။
125/ Batcheler ၂၀၁၈။
126/ ဤကိန်းဂဏန်းများတွင် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ၏ ငွေကြေးသုံးစွဲမှုများ မပါဝင်ချေ။
127/ ဦးစီးဌာနတစ်ခုချင်းစီ၏ လူတစ်ဦးချင်းစီအတွက် ငွေကြေးသုံးစွဲမှုအဆင့်ကို တွက်ချက်ရာတွင် "စုစုပေါင်း" လူဦးရေသည် ကဏ္ဍပေါ် မူတည်၍ ကွာဟသွားသည်။ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ MOALI ၊ MONREC နှင့် DRRD တို့၏ ငွေကြေးသုံးစွဲမှုများတွင် "စုစုပေါင်း" လူဦးရေသည် မြို့နယ်ရှိ ကျေးလက်လူဦးရေကို တွက်ချက်ခြင်းဖြစ်သည်။ စည်ပင်အဖွဲ့များ၏ ငွေကြေးသုံးစွဲမှုများတွင် "စုစုပေါင်း" လူဦးရေသည် မြို့နယ်ရှိ မြို့နေလူဦးရေကို တွက်ချက်ခြင်းဖြစ်သည်။ ကျန်ဦးစီးဌာနအားလုံး၏ ငွေကြေးသုံးစွဲမှုများတွင် "စုစုပေါင်း" လူဦးရေသည် မြို့နယ်ရှိ စုစုပေါင်း လူဦးရေကို တွက်ချက်ခြင်းဖြစ်သည်။
128/ ဤစိစစ်လေ့လာမှုတွင် အာရှဖောင်ဒေးရှင်း၏ မြို့နယ်တိုးတက်ဖွံ့ဖြိုးရေးတိုင်းတာချက် (TDI) ဒေတာဘေ့စ်ကို အသုံးပြုထားသည်။ ယင်း ဒေတာဘေ့စ်တွင် မြို့နယ်အဆင့် မြောက်မြားလှစွာသော ဒေတာများကို စုစည်းထားပြီး အခန်းကဏ္ဍ ၁၁ မျိုးမှ တိုင်းတာချက်ပေါင်း ၆,၅၀၀ ကျော်ကို ပေါင်းစပ်ထားသည်။
129/ အသုံးစရိတ်နှင့် ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာချက်များကြားရှိ ဆက်နွယ်ချက်ဆိုင်ရာ ပိုမိုအသေးစိတ်သည့် စိစစ်လေ့လာချက်ကို (ဆက်လက်ထုတ်ဝေမည့်) Shotton တွင် အသေးစိတ် ထည့်သွင်းပေးထားပါသည်။
130/ TDI သည် ပညာရေး၊ လူနေမှု အဆင့်အတန်းနှင့် ကျန်းမာရေးဟူသည့် အညွှန်းကိန်းသုံးရပ်ကို ပေါင်းစည်းထားခြင်းဖြစ်ပြီး ၎င်းတို့တွင် TDI မှ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တိုင်းတာချက်များစွာ ပါဝင်နေပါသည်။ ဤအညွှန်းကိန်းတွင် မြန်မာနိုင်ငံရှိ မြို့နယ်များအားလုံး၏ ပျမ်းမျှရမှတ်နှင့် နှိုင်းယှဉ်ပြထားသည့် မြို့နယ်တစ်ခုချင်းစီ၏ ရမှတ်ကို ဖော်ပြထားပါသည်။
131/ ပညာရေး အညွှန်းကိန်းသည် စာတတ်မြောက်မှု၊ ကျောင်းဝင်ခွင့်၊ အခြေခံပညာရေးရရှိမှုနှင့် အလယ်တန်းပညာရေးရရှိမှုတို့ကို ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။ ဤတွင် မြန်မာနိုင်ငံရှိ မြို့နယ်များအားလုံး၏ ပျမ်းမျှရမှတ်နှင့် နှိုင်းယှဉ်ပြထားသည့် မြို့နယ်တစ်ခုချင်းစီ၏ ရမှတ်ကို ဖော်ပြထားပါသည်။
132/ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၁၆/၂၀၁၀
133/ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန၊ ညွှန်ကြားလွှာ ၃၅/၂၀၁၇
134/ Batcheler ၂၀၁၈
135/ ယခုပုံတွင် နိုင်ငံပိုင်လုပ်ငန်းများ၏ အသုံးစရိတ် ပါဝင်ခြင်း မရှိပါ
136/ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ နှင့် ဌာနဆိုင်ရာ အရာရှိများဖြင့် တွေ့ဆုံမေးမြန်းခြင်း
137/ အစိုးရ ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အရာရှိ များဖြင့် တွေ့ဆုံမေးမြန်းခြင်း
138/ အလှူရှင်များ၏ ပံ့ပိုးမှုလုပ်ငန်းများမှ ပဋိပက္ခ ဖြစ်ပေါ်နိုင်မှု ကို မည်ကဲ့သို့ အလေးထား ရှောင်ကြဉ်သင့်ကြောင်း ပိုမိုသိရှိလိုပါက Burke et al. ၂၀၁၇ တွင်ရှု
139/ South et al. ၂၀၁၈
140/ ကြားဖြတ်ကာလ အစီအမံများ အကြောင်း ပိုမိုသိရှိလိုပါက South et al. ၂၀၁၈ တွင်ရှုပါ။
141/ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များမှ တွေ့ဆုံမေးမြန်းခဲ့သူများတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်း အနည်းငယ် နှင့် ပြည်သူ့ငွေစာရင်း ကော်မတီမှ ပညာရှင် အဖွဲ့ဝင်များ ပါဝင်ပါသည်
142/ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများတွင် ဆယ်အိမ်မှူးနှင့် ရာအိမ်မှူး အနည်းငယ်၊ ကျေးရွာနှင့် ကျေးရွာအုပ်စု ကော်မတီဝင်များလည်း ပါဝင်ပါသည်။
143/ အခြားသူများတွင် အရပ်ဘက် အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် နိုင်ငံတကာ စီမံကိန်းနှင့် ဘတ်ဂျက် ကျွမ်းကျင်ပညာရှင်များ ပါဝင်ပါသည်။

# ကျမ်းကိုးစာရင်း


A4EA. Forthcoming. ***Political Trust in Fragile and Conflict-affected Areas of Myanmar: Implications for Good Governance and Peace-building.*** Brighton: Action for Empowerment and Accountability Research Programme.

The Ananda. 2019. Spending of Constituency Development Fund requires more citizen participation. https://theananda.org/en/blog/view/constituency-fund.

Arnold, M., Ye Thu Aung, Kempel, S., and Kyi Pyar Chit Saw. 2015. ***Municipal Governance in Myanmar: An Overview of Development Affairs Organizations.*** Yangon: The Asia Foundation. https://asiafoundation.org/publication/municipal-governance-in-myanmar/.

The Asia Foundation. 2014. ***Myanmar 2014: Civic Knowledge and Values in a Changing Society.*** https://asiafoundation.org/resources/pdfs/ MyanmarSurvey20141.pdf.

The Asia Foundation. 2018. ***City Life Survey: Myanmar 2017 Pilot Initiative.*** https://asiafoundation.org/wp-content/uploads/2018/06/CityLife-Survey-2017-English_27-June-2018.pdf.

Batcheler, R. 2018. ***State and Region Governments in Myanmar. New edition.*** Yangon: The Asia Foundation.

Burke, A., Williams, N., Barron P., Jolliffe, K., and Carr, T. 2017. ***The Contested Areas of Myanmar: Subnational Conflict, Aid, and Development.*** Yangon: The Asia Foundation..

Department of Highways. 2016. "Current Situation and Future Plan of Infra Development in Myanmar." http://solutions.ait.ac.th/wp-content/uploads/2016/06/ZAW_Dev-Plan-in-Myanmar.pdf.

Du Pont, P. 2019. ***Decentralizing Power: The Role of State and Region Governments in Myanmar's Energy Sector.*** Yangon: The Asia Foundation.

Government of the Republic of the Union of Myanmar. 2016. National Strategy for Rural Water Supply, Sanitation and Hygiene (WASH), WASH in Schools and WASH in Health Facilities. https://www.unicef.org/myanmar/media/1916/file/National%20Strategy%20for%20Rural%20Water%20Supply,%20Sanitation%20and%20Hygiene%20.pdf.

Government of the Republic of the Union of Myanmar. 2018a. UNDP Local Governance Programme, Township Development Grant, Standard Operating Procedures / Grant Manual.

Government of the Republic of the Union of Myanmar. 2018b. National Community Driven Development Project, Operations Manual 2017/18. https://cdd.drdmyanmar.org/sites/cdd.drdmyanmar.org/files/documents/operation_manual_2017_18.pdf.

Hossain, N., Khurana, N., Mohmand, S., Nazneen, S., Oosterom, M., Roberts, T., Santos, R., Shankland, A., and Schröder, P. 2018. ***What Does Closing Civic Space Mean for Development? A Literature Review and Proposed Conceptual Framework.*** IDS Working Paper 515, Brighton: IDS. https://www.ids.ac.uk/publications/what-does-closing-civic-space-mean-for-development-a-literature-review-and-proposed-conceptual-framework-2/

International Budget Partnership. n.d. Why Budget Work. https://www.internationalbudget.org/why-budget-work/.

Jolliffe, K. 2015. ***Ethnic Armed Conflict and Territorial Administration in Myanmar.*** Yangon: The Asia Foundation. https://asiafoundation.org/resources/pdfs/ConflictTerritorialAdministrationfullreportENG.pdf.

Kyi Pyar Chit Saw and Arnold, M. 2014. ***Administering the State in Myanmar: An Overview of the General Administration Department.*** Yangon: The Asia Foundation. https://asiafoundation.org/wp-content/uploads/2014/10/Administering-the-State-in-Myanmar.pdf.

Ministry of Agriculture, Livestock and Irrigation. 2017. "National Strategy for Rural Roads and Access."

Ministry of Agriculture, Livestock and Irrigation, Department of Rural Development. 2017. Township Rural Development Strategy and Programme, Myanmar. http://www.vdp.drdmyanmar.org/sites/default/files/Guidelines-TRDSP-10Aug17-v4.pdf

Ministry of Education. 2016. National Education Strategic Plan 2016-21: Summary. http://www.moe-st.gov.mm/wp-content/uploads/2018/01/NESP_20Summary_20-_20English_20-_20Final_20-_20Feb_2023.pdf.

Ministry of Health and Sports. 2016. "Myanmar National Health Plan 2017-2021." http://www.nationalplanningcycles.org/sites/default/files/planning_cycle_repository/myanmar/myanmar_national_health_plan_2017-2021_eng_.pdf.

Ministry of Livestock, Fisheries and Rural Development, Department of Rural Development. 2015a. "Guidelines on Village Development Planning Process, Myanmar." http://www.vdp.drdmyanmar.org/sites/default/files/VDP%20Guideline%20%28Eng%29%202015.pdf

Ministry of Livestock, Fisheries and Rural Development, Department of Rural Development. 2015b. "Manual for Formulation of a Village Development Plan, Myanmar." http://drdmyanmar.org/documents/VDP%20Manual%20(Eng).pdf.

Ministry of Planning and Finance. 2017. Regulations on Financial Management of Myanmar. Notification No. 35/2017. https://myanmar.gov.mm/documents/20143/9099620/Financial+Rules+and+Regulations_+English.pdf/4bc6f550-1328-0cd6-6eb1-298a427353a4.

Ministry of Planning and Finance. 2018a. "Myanmar Sustainable Development Plan (2018 – 2030)." http://themimu.info/sites/themimu.info/files/documents/Core_Doc_Myanmar_Sustainable_Development_Plan_2018_-_2030_Aug2018.pdf.

Ministry of Planning and Finance. 2018b. "Public Financial Management Reform Strategy."

Myanmar Development Research and Kempel, S. 2012. ***Village Institutions and Leadership in Myanmar: A View from Below.*** Yangon: Enlightened Myanmar Research Foundation. https://emref.org/en/publication/village-institutions-and-leadership-myanmar-view-below.

MyJustice. 2018. ***Searching for Justice in the Law. Policy Brief.*** https://www.myjusticemyanmar.org/sites/default/files/Policy%20Brief%20Final_English_0.pdf.

Naw Betty Han. 2018. "Kayin residents fear coal plant may go ahead." *Myanmar Times*, April 9. https://www.mmtimes.com/news/kayin-residents-fear-coal-plant-may-go-ahead.html.

New Myanmar Foundation. 2018. ***Mandalay Municipal Election Report: Analysis on local municipal elections.***

Nyein Nyein. 2018. "Tatmadaw Kills Indigenous Karen Community Leader, Local Groups Say." *The Irrawaddy*, April 9. https://www.irrawaddy.com/news/burma/tatmadaw-kills-indigenous-karen-community-leader-local-groups-say.html

Pyidaungsu Hluttaw Law No. 9/2014. Development Fund Law.

Pyidaungsu Hluttaw Law No. 14/2014. National Education Law.

Pyidaungsu Hluttaw Joint Public Accounts Committee. 2019. The Joint Public Accounts Committee report on findings from the Office of the Union Auditor General's constituency development fund audit report for fiscal year 2017-18.

Republic of the Union of Myanmar. 2010. Region or State Government Law. State Peace and Development Council Law No 16/2010 [English translation]. http://asianlii.org/mm/legis/laws/rosglpadcln162010660.pdf.

Republic of the Union of Myanmar, Office of the President. 2013. Assignment of duty to form Township and Ward and Village Tract Development Support Committees. Presidential Notification No. 27/2013.

Republic of the Union of Myanmar, Office of the President. 2016a. Order 11/2016.

Republic of the Union of Myanmar, Office of the President. 2016b. Order 12/2016.

Republic of the Union of Myanmar, Office of the President. 2016c. Order 13/2016.

Republic of the Union of Myanmar, Office of the President. 2016d. Order 37/2016.

Robertson, B., Joelene, C., and Dunn, L. 2015. ***Local Development Funds in Myanmar: An Initial Review.*** Subnational Government in Myanmar Discussion Paper No. 9. Yangon: MDRI CESD, Action Aid, and The Asia Foundation. https://asiafoundation.org/wp-content/uploads/2015/10/Local-Development-Funds-in-Myanmar_ENG.pdf.

South, A., Schroeder, T., Jolliffe, K., Mi Kun Chan Non, Sa Shine, Kempel, S., Schroeder, A., and Naw Wah Shee Mu. 2018. ***Between Ceasefires and Federalism: Exploring Interim Arrangements in the Myanmar Peace Process. Yangon:*** Joint Peace Fund and Covenant Consult. https://www.themimu.info/sites/themimu.info/files/documents/Report_Between_Ceasefires_Federalism_-_Exploring_Interim_Arrangements_in_Peace_Process.pdf.

Stotsky, J. 2016. ***Gender Budgeting: Fiscal Context and Current Outcomes.*** IMF Working Paper. Washington DC. International Monetary Fund.

UNDP Myanmar. 2015a. ***The State of Local Governance: Trends in Shan.*** Yangon: United Nations Development Programme. http://www. mm.undp.org/content/myanmar/en/home/library/poverty/TheStateofLocalGovernanceChin/The_State

UNDP Myanmar. 2015b. ***The State of Local Governance: Trends in Myanmar; A Synthesis of People's Perspectives Across all States and Regions.*** Yangon: United Nations Development Programme. https://www.mm.undp.org/content/dam/myanmar/docs/Publications/PovRedu/Local%20Governance%20Mapping/UNDP_MM%20State%20of%20Local%20Governance%20-%20Synthesis%20Report.pdf.

Van Zyl, A. 2010. ***What is Wrong with the Constituency Development Funds?*** International Budget Partmentship. Budget Brief Year 03 No.10. https://www.internationalbudget.org/wp-content/uploads/2011/04/brief10.pdf.

**The Asia Foundation**

အာရှဖောင်ဒေးရှင်း (The Asia Foundation) သည် အကျိုးအမြတ်မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသနေ ပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံပေါင်း ၁၈ နိုင်ငံတွင် လုပ်ဆောင်နေပြီး ဆယ်စုနှစ်ခြောက်ခုကြာ ကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့်ဒေသတွင်းအတွေ့အကြုံများအပေါ် အခြေခံ၍ ၂၁ ရာစုတွင် အာရှဒေသတွင်း တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် စီမံအုပ်ချုပ်မှု အားကောင်းစေရေး၊ စီးပွားရေးအခွင့်အလမ်းများ ကျယ်ပြန့်စေရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခံနိုင်ရည်မြှင့်တင်ရေး၊ အမျိုးသမီးစွမ်းဆောင်ရည် မြင့်မားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့အတွက် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုသုတေစာတမ်းကို ရယူလိုပါက country.myanmar.general@asiafoundation.org သို့ ဆက်သွယ်နိုင်ပါသည်။
အကြံပြုသဘောထား မှတ်ချက်များကိုလည်း လိုက်လှဲစွာကြိုဆိုပါသည်။